www.burmeseclassic.com




# ရင်မိုး

(ဆေးတက္ကသိုလ်)

အချစ်ကိုတော့မညှာခဲ့ဘူးပါ

www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး
## (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

# အချစ်ကိုတော့ မညာခဲ့ဖူးပါ

စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







ဒ်ိုင်နေ့တုန်းက)

အမှန်စင်စစ်တော့ ဥာဏာသည် ထိုသို့သော လူများ များ လူရှုပ်ရှုပ် ဆူဆူညံညံ ပွဲများကို စိတ်မပါလှခဲ့ပါ။ အရောင်စုံ ပြီး လူတိုင်း ခေတ်ရှေ့ပြေးသော အဝတ်များ ဝတ်ထားတတ်သည့် များကိုလည်း ဥာဏာ မဝင်ဆန့်လှပါ။ ဥာဏာသည် အေးဆေး တိတ်ဆိတ်သော နေရာတစ်နေရာမှာ နေရဖို့ကို ပိုပြီးတောင့်တ သူလည်း ဖြစ်သည်။ အေးဆေးတိတ်ဆိတ်မည်။ စိတ်ဝင်တစား တ်လို့ကောင်းသော စာအုပ်မျိုး (ဗဟုသုတလည်း ရစေရမည်) ဘက်ထဲမှာ ရှိမည်။ ဥာဏာ နှစ်သက်လှသော Lipton Tea ကို ခါက်ကျကျ အိုးလေးထဲ နှပ်ဖျော်ထားတာလည်း ရှိမည်ဆိုလျှင် သောကကြီးကို မေ့ပြီးတော့တောင် နေလို့ရပါသည်။

---

စေတနာ[illegible]ပေ

www.burmeseclassic.com



ထိုသို့သော လူစားမျိုးဖြစ်သည့် ဉာဏမှာ မိုးအိမ်ခန့်ဟူသော အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကို ပိုင်ဆိုင်ထားပြီး ထိုသူငယ်ချင်းကတော့ ဉာဏနှင့် များစွာဆန့်ကျင်လှသော အချက်တွေနဲ့လည်း ပြည့်စုံသူ ဖြစ်ပြန်သေးသည်။ ထို မိုးအိမ်ခန့်(ဉာဏကတော့ အိမ်ခန့်ဟု ခေါ်ပါသည်)ဟာ ဆတ်ဆတ်ဆော့ဆော့ စီးရီးတစ်ခွသွင်း၊ ကိုယ့်ဘာသာ မီဘပိုက်ဆံနဲ့ထုတ်၊ အတော်အတန်လေး နာမည်ရ အောင်မြင်စပြုလာသောအခါ ဉာဏအတွက် အတော်ကို ဒုက္ခရောက်ရသော အချက်တွေနှင့် ရင်ဆိုင်ရတော့သည်။

မိုးအိမ်ခန့် သီချင်းဆိုသော ပွဲတွေကို လာကြည့်ဖို့ ဆယ်ခါ၊ ခါလျှင် ဆယ်ခါလုံး မလိုက်သောအခါ သူငယ်ချင်းနှစ်ယောက်ကြား အစာမကြေတာတွေ ဘာတွေပင် ရှိလာသည်။

"ဘာလဲကွ၊ မင်းက ငါ့အောင်မြင်မှုကို မမြင်ချင်လို့လား"

... တွေ ဘာတွေ မိုးအိမ်ခန့် ပါးစပ်က ထွက်ပေါ်မေးယူရတဲ့အထိ ဖြစ်လာသည်။ ဟုတ်သည်လေ၊ တကယ့် ငယ်ပေါင်းကြီးဖော် လက်တွဲမဖြုတ်ခဲ့သော၊ ဘယ်နေရာသွားသွားမခွဲမခွာ ရှိတတ်သော သူငယ်ချင်းနှစ်ယောက်တို့မှာ နှစ်ယောက်ထဲမှ တစ်ယောက်ဟာ အောင်မြင်လာချိန်မှာ ကျန်တစ်ယောက်ကအားက မပါဘူးဆိုတော့ အားပတ်ဝန်းကျင်မှာ အထင်လွဲစရာတွေ ဖြစ်လာသည်။





ဒါနဲ့ပဲ ဉာဏသည် အေးအေးဆေးဆေးနေလိုသည်မှန်ပါသော်လည်း နောက်ဆုံးမှာတော့ အိမ်ခန့် ခေါ်လွန်းမက ခေါ်လျှင် အိမ်ခန့်ရဲ့ Live Show ရိုက်ကူးရေး ပွဲတစ်ပွဲကို လိုက်ကြည့်ပါမည်ဟု ကတိပေး သဘောတူလိုက်ရပါတော့သည်။ အောင်မြင်နာမည်ရစ အဆိုတော်လေးပီပီ ဟိုလူ့ Live Show ဒီလူ့ Live Show စသဖြင့်သော Live Show VCD ရိုက်ကူးရေးတိုင်း အနည်းဆုံး နှစ်ပုဒ်တော့ ဝင်ဆိုရလေ့ရှိသည့် အိမ်ခန့်ရဲ့ပွဲကို ဉာဏ ရောက်ခဲ့ရလေပြီတည်း။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၁)

(ဉာဏ နှင့် မိုးအိမ်ခန့်)

တို့နဲ့

ဝတ်ဆံညို

www.burmeseclassic.com



## ၂

ဉာဏသည် ဉဒေါင်းတို့အလယ်က တောကျီးကန်း ပုံစံများ ပေါက်နေပြီလားရယ်လို့ ကိုယ့်ကိုယ်ကိုယ်ပင် ထင်မိသွားပါသည်။ Live Show VCD ရိုက်ကူးရေးကို လာကြသော၊ အထူး ဖိတ်ကြားထားသည့် Celebrities များသည် အဝတ်အစား အပြင်အဆင်မှာ တစ်မျိုးကို ထူးခြားလျက် ထင်ပေါ်နေတာထားတော့။ ဉာဏ မမြင်ဘူးသော ပရိသတ်တချို့ကျတော့ ဝတ်စားထားတာတွေဟာ အမေရိကန်ရုပ်ရှင်ကားတွေထဲက ဆယ်ကျော်သက် လူငယ်လူရွယ်လေးတွေလိုပဲ ဖြစ်နေတာတော့ ဉာဏ အံ့သြနေသည်။

ယောက်ျားလေးတွေဆိုလည်း စင်ပေါ်က အဆိုတော် ထက်ပင် သာအောင် ဝတ်စားထားသလား ထင်ရသည်။ မိန်းက





လေးတွေ ဆိုတာလည်း အင်္ကျီပုံစံဒီဇိုင်းက အမျိုးစုံ လည်ပင်းမှာ ဆွဲကြိုးတွေ၊ ပုတီးတွေ၊ လက်ကောက်၊ ဟန်းချိန်း၊ နားဆွဲနားကွင်း၊ ကျောပိုးအိတ် စသဖြင့် ဖက်ရှင်အရောင်းဆိုင် ကြော်ငြာသလား ထင်ရစေသည်။

မိန်းကလေးတွေရဲ့ အဝတ်အစားတွေ အများစုက ပခုံးမှာ သိုင်းကြိုးမပါဘဲ ရှေ့ရင်ဘတ်မှာရှိသောကြိုးက လည်ပင်း နောက် လည်ကုပ်မှာသွားပြီး ကြိုးစည်းထားတာမျိုးတွေမို့ ကျောပြင် ပြောင်ပြောင်လေးတွေကို မြင်နေရသည်။ တချို့က အင်္ကျီကျတော့ ပခုံးတစ်ဖက်မှာ လွတ်ပြီးကျန် ပခုံးတစ်ဖက်မှာ သိုင်းကြိုးပါသော အင်္ကျီပုံစံမျိုး။ တချို့ကျ လုံးဝပင် ပခုံးရော လည်ပင်းတွေမှာပါ သိုင်းကြိုးမပါသော အဝတ်ပုံစံမျိုး၊ စကတ်တွေဟာ ဒူးဖုံးရုံတိုသည့် သူကတို၊ တချို့ မီနီစကတ် ဖြစ်လိုဖြစ်၊ ဘောင်းဘီသရီးကွာတားဝတ်သူဝတ်၊ ဒီ့ထက်ပိုတိုသော ဘောင်းဘီဝတ်သူဝတ်၊ ဂါဝန်ရှည်ဆိုလည်း ဒူးဖုံးပေမဲ့ အချွန်တွေ အစာက်တွေနဲ့ တိုတဲ့နေရာကတို၊ ရှည်တဲ့နေရာကရှည်။ ဖိနပ်တွေကလည်း ကြိုးသိုင်းဒေါက်မြင့်ချွန် ချွန်လေးတွေ အသည်းယားစဖွယ် ဖြစ်နေသည်။

ယောက်ျားလေးတွေလည်း ဆံပင်ကို အရောင်အကုန် ဆိုးသူဆိုး၊ တစ်ဝက်စီ ဆိုးသူဆိုး၊ ကွက်တိ ကွက်ကျား ဆိုးသူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုး၊ မိန်းကလေးတွေကျတော့ ငယ်ထိပ်တစ်လွှာပဲ ဆိုးသူ၊ ရှေ့နဖူးဆံစပ်လေးပဲ ဆိုးသူ၊ တစ်ခေါင်းလုံး အရောင်ဆိုးသူတွေနှင့်။

ကြည့်ရတာ ရှုပ်ထွေးပြီး အမွှေးနံ့ပေါင်းစုံ အရောင်စုံ၊ ဖက်ရှင်စုံတို့ဖြင့် လူက မျက်စိမူးလာပါသည်။ ဉာဏ လုံးဝနေလို့မရတော့။ စိတ်ထဲမှာ ပွဲမစခင် ပြန်ချင်နေပြီ။ ထိုအချိန်တွင် ဉာဏရဲ့ Wallet လေးနဲ့ အတူတွဲထည့်ထားသော Hand Phone အသံမြည်လာသည်။ တီးလုံးသံလေးမှာ တယ်လီဖုန်းခေါ်သံ ကလင် ကလင် ဟူသော အသံမျိုး၊ ခပ်ရိုးရိုးကိုသာ ထည့်ထားပါသည်။ သတ္တုရောင် ဖုန်းပြားလေးကို ဖွင့်ကြည့်လိုက်တော့ အိမ်ခန်းရဲ့ နံပါတ် ပေါ်နေသည်။

သူ ဘာပြောမလို့ ခေါ်တာလဲ။ ဉာဏ သိချင်ပြီး တွေးရင်း ဖုန်းကို လက်ခံပြောလိုက်သည်။

"ဉာဏ"

"အေး ... ဘာလဲ"

"မင်း ပရိသတ်ထဲမှာ ရှိသေးရဲ့လား သိချင်လို့"

"ရှိပါတယ်၊ မယုံရင် မင်းဆိုတဲ့ အလှည့်ကျ ငါထိုင်တဲ့နေရာကို ကြည့်လိုက်"





"မင်းက အထူးဧည့်သည်တော်နေရာမှာ ငါသိပါတယ်၊ ဒါနဲ့ ဘယ်လိုလဲ၊ မင်းအတွက် relax ဖြစ်ရဲ့လား"

"မဖြစ်ပါဘူးကွာ"

"ဟာ"

"မဟာနဲ့၊ ငါ မျက်စိရှုပ်ပြီး စိတ်ပါရှုပ်လာတယ်ကွ"

"အလှအပလေးတွေ ကြည့်လေကွာ"

"အဲဒီ အလှအပလေးတွေကို ကြည့်ရင်း အဲဒီလို ဖြစ်လာတာ"

"အင်း ... ဒီပုံအတိုင်းဆို မင်း ဒီတစ်သက် စွံပါ့မလား။ ဒါမှမဟုတ် မင်းမားသား အန်တီဒေါ်စန်းသီတာ မကြည့်ရက်လို့ မိန်းမရှာပေးစားမှပဲ စွံမယ် ထင်တယ်"

"ဟေ့ကောင် ... မင်း ပြောနေတာတွေ ငါ သိပ်မကြားရတော့ဘူး။ ဒီမှာ မင်းတို့တီးဝိုင်းက အသံစဆူနေပြီ"

"အေး ... ဟုတ်တယ်ကွ၊ ပွဲစတော့မယ်၊ ဘာပဲဖြစ်ဖြစ် မင်း ရောက်နေတာ ငါ ပျော်တယ် ဟေ့ကောင်၊ ပွဲပြီးပြီးချင်း မပြန်နဲ့ဦးနော်၊ မင်းနဲ့ငါ သာကေတဘက်က ရွှေပုစွန်မှာ မုန့်သွားစားမယ်"

"အေး ... ငါသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ သူငယ်ချင်း မိုးအိမ်ခန့်သည် ကိုယ်တိုင်က အသံဖြင့် လုပ်စားရသော အဆိုတော် ဖြစ်ပေမဲ့ အဲဒီလိုမျိုး အအေးစာတွေ သိပ်ကြိုက်သူပင်။ တစ်ပွဲမဆိုခင် ရက်ပိုင်းမှာ ထို အအေးစာတွေ ခဏရှောင်ရသည်ကိုပင် သူ့မှာ ဝဋ်ကြီးတစ်ပါးကို ခံစားရကာ တညည်းညည်း တညူညူ ရှိလှသည်။ တစ်ပွဲဆိုပြီး သွားတာနဲ့ စိတ်လွတ်ကိုယ်လွတ် စားချင်တာတွေ စားပစ်တတ် သေးသည်။ ဉာဏနဲ့ အိမ်ခန့် ဒီနေရာမှာတော့ အကြိုက်တူသည်။ ရွှေပုစွန်ဆိုင်မှာ အမြဲသွားစားတတ်သည်။ အအေးတစ်မျိုးမဟုတ် တစ်မျိုး စားတတ်သည်။ ညနေစာ မစားဘဲနဲ့ကို ထိုအအေးစာ တွေကို ထမင်းလွတ် စားပစ်တာမျိုး လုပ်တတ်လေသည်။

ပွဲစသောအခါ အခမ်းအနားမှူး လုပ်သူက တစ် ယောက်ခေါ်လိုက် ဆိုမဲ့သီချင်း ပြောလိုက် ဆိုလိုက်။ အောက်က ပရိသတ်ကလည်း အငြိမ်မနေ။ လိုက်ဆိုလိုက် လှုပ်ရှားထကြွသူ ထကြွလိုက်၊ ဉာဏ တစ်ယောက်တည်းသာ ထီးထီးကြီး ငုတ်တုတ် ငေါင်တောင်တောင် လိုက်ကြည့်နေရသည်။ ဉာဏ သီချင်းတွေ တော့ ကြိုက်ပေမဲ့ ဉာဏက အရှက်လည်း ကြီးလှသည်။ ကိုယ် တစ်ယောက်တည်း ရှိနေချိန်ကလွဲလျှင် သီချင်းကို အသံထွက် မဆိုရဲသူပင်။





ယုတ်စွအဆုံး အချစ်ဆုံး သူငယ်ချင်းဖြစ်သော မိုးအိမ်ခန့် ရှေ့မှာပင် သီချင်းမဆိုရဲ။ မဆိုတတ်သူကို ဆိုနိုင်းလျှင် ရှက်ပြီး ဆိုရသဖြင့် ထစ်အ ထစ်အပင် ဖြစ်နေသေးသည်။ အဖေ အမေရှေ့လည်း မဆိုရဲ။ သူငယ်ချင်းတွေရှေ့လည်း မဆိုရဲ။ အိမ် မှာ VCD ကာရာအိုကေစက်ကြီး ဖွင့်ပြီးလည်း မဆိုရဲ (ကိုယ့် အသံ ဘေးအိမ်ကြားမှာ စိုးရိမ်သတဲ့) အခုလိုမျိုး လူတွေအများ ကြီးကြားထဲမှာကျ ပိုပင်ဆိုးရောပေါ့။ သူတို့ ဘယ်လောက်ပဲ လိုက်ဆိုနေနေ၊ လိုက်ကနေနေ ကိုယ့်မှာ တုတ်တုတ်တောင် မလှုပ်ရဲ။ ပါးစပ်လည်း မဟရဲ။ ပြူးတူးကြောင်တောင်နှင့် စင်မြင့် ပေါ်က အဆိုတော်တွေကိုသာ လိုက်ကြည့်နေရလေသည်။

နောက်ပြီး ဉာဏ ဘေးနားက မိန်းကလေး ယောကျ်ားလေး သူငယ်ချင်းအုပ်စု ထင်ပါသည်။ ထိုအုပ်စုက လည်း တော်တော် ကဲကြ၊ ဆူကြသည်။ အဆိုတော်တစ်ယောက် တက်လာတိုင်း ပန်းစည်းတက်ပေးလို့မဆုံး။ မိန်းကလေး ယောကျ်ား လေး ရောထွေးသတ်ပုတ်နေကာ ဉာဏကို မကြာခဏ လာတိုက် မိတာလည်း ခဏ ခဏ။

တိုက်မိတိုင်း ...

"ဆောရီး ... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောလိုက်။ စက္ကန့်သုံးဆယ်လောက် ကြာရင် လာတိုက်လိုက်နှင့် သံသရာလည်နေသည်။

တစ်ချက်မှာတော့ ဉာဏ အီစိမ့်သွားအောင် တစ်ချက် ခံလိုက်ရပါသည်။ အကြောင်းမှာ ကောင်မလေးတစ်ယောက်ရဲ့ ဒေါက်ဖိနပ်က ကတ္တီပါဖိနပ်စီးထားသော ဉာဏရဲ့ ခြေဖမိုးကိုလည်း နင်းချ၊ ဉာဏရဲ့ခေါင်းကိုလည်း သူလွယ်လာသော ချိုင်းအောက် လွယ်အိတ်အကြီးကြီးဖြင့် ဝင်ဆောင့်၊ လူကိုပိတ်ပြီး တိုက်ထည့် စသော ဖြစ်စဉ်သုံးခုတွေ ဆက်တိုက်ဖြင့် ဉာဏကို ဒုက္ခပေးသွားပါသည်။

ဉာဏ အင်မတန်မှ နာကျင်သွားပြီး ...

"အား ... ကျွတ် ... ကျွတ် ... သေပါပြီဗျာ၊ နာလိုက်တာ၊ နာလိုက်တာ ... ကျွတ် ကျွတ်"

စကတ်တိုလေး ဝတ်ထားသော ကောင်မလေးက နားဆွဲလေးတွေ ဖျပ်ဖျပ် ဖျပ်ဖျပ် လှုပ်သွားအောင် လှည့်ကြည့်လာသည်။

ကောင်မလေးက ခပ်သေးသေး ပိန်ပိန်ပေမဲ့ လွယ်ထားသောအိတ်က ကြီးလှသည်။ ကိုရီးယားကားတွေထဲမှာ တရုတ်မင်းသမီးတွေ လွယ်သော ချိုင်းအောက်လွယ် အိတ်ပုံစံမျိုးဖြစ်



သည်။ သူ့အိတ်ကြီးက အပျော့သား မဟုတ်ဘဲ ဘေးထောင်မာမာဆွဲပါသော အိတ်မျိုးမို့ အိတ်နဲ့ တိုက်ခံရတာပဲ နာလှသည်။ အထူးသဖြင့် ဒေါက်ချွန်ဖိနပ်လေးနဲ့ နင်းတာက ဆိုးဝါးစွာ နာပါသည်။ ဉာဏရဲ့ ခြေဖမိုးဖြူဖြူမှာ ချက်ချင်းပင် ဒေါက်ချွန်ရာကြီး နီရဲရှိုင့်ဝင်သွားသည်။

"ဆောရီး ... ဆောရီး"

"ဆောရီး ဆိုတိုင်း ကျွန်တော်က ဒီလိုပဲ ခံလိုက်ရရောလားဗျ။ ဖိနပ်နဲ့နင်းတာလည်း နာတယ်။ အိတ်ကြီးကလည်း ထောင့်ချိုးတွေနဲ့ လူကို ပိတ်ရိုက်လိုက်သလိုပဲ နာတယ်"

"ဆေးရုံ ပို့ရမလား"

"အဲဒီလို ရွဲ့မပြောနဲ့လေ၊ ကကယ်နာလို့ နာတဲ့အကြောင်း ပြောတာ။ ခုန ကျွန်တော် အကြိမ်ကြိမ် တိုက်ခံနေရတုန်းက ဘာပြောလို့လဲ"

"မတော်လို့ပါ၊ တမင်လုပ်တာမှ မဟုတ်တာ"

ဒီစကားတွေကို ဆူညံသော တီးဝိုင်းမှ တီးသံသီချင်းသံတွေကို လွှမ်းအောင် အော်ပြောပြီး ရှင်းလင်းနေရတာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံညိုသည် ဒီလိုပွဲထဲ ဒီလိုပုံစံနဲ့ လာထိုင်သော သမာဓိလူသားကို ခုနတည်းက သတိထားမိနေတာကြာပြီ။ သီချင်းလည်း လိုက်မဆို၊ ကိုယ်ပင်လိုက်မယိမ်း၊ ပြူးတူးကြောင်တောင်နှင့် ခြေထောက်ချိတ်၊ လက်ကြီးပိုက်ကာ တောင့်တောင့်ကြီး ထိုင်ကြည့်နေတာမျိုးနဲ့ ...။

ဒီ Live Show ပွဲက ရိုက်ကူးရေးလည်း ပါသလို လက်မှတ်လည်း ဈေးအများကြီးမြင့်ပြီး ရောင်းထားသောပွဲမျိုးမို့ သူဟာ ဒီပွဲကို လက်မှတ်ဝယ်ပြီးပဲ လာကြည့်သလား။ ဒါမှမဟုတ် ဘယ်သူ့ရဲ့ အဆက်အနွယ်မို့ ရောက်နေသလဲ။ ထားပါ။ သူ့ဘာသာ ဘယ်သူ ဘယ်ဝါနဲ့ ဘယ်လိုပဲ ပတ်သက်ပတ်သက်။ ဒီလိုပွဲလာတာ အစည်းအဝေးပွဲ လာတက်တယ်များ ထင်နေသလား မသိဘူး။

ရုပ်ဖြူကော်လာလည်ကတုံးဝတ်လို့ လက်ကြယ်သီးကလည်း အပြည့်တပ်ထားသေး။ ပိုးတွဲပုဆိုးလေးကလည်း ချပ်ချပ်ရပ်ရပ် ဝတ်ထားသေး။ ယောကျ်ားစီး ကတ္တီပါဖိနပ်နဲ့လေ။ ဆံပင်ကလည်း လူငယ်ပုံ ခပ်တိုတိုပေမဲ့ တကယ့်ပုံရိုးကြီးပါ။ သူ့အဝတ်အစား ရိုးနေတာအပြင် လူပုံစံအနေအထား၊ မျက်နှာအမူအရာတွေကပါ သူဟာ ခပ်ရိုးရိုး ယောကျ်ားလေးတစ်ယောက်ဆိုတာ သိသာလှ၍ ဝတ်ဆံညို သတိထားမိတာ ဖြစ်သည်။





ဝတ်ဆံညိုတို့ အုပ်စုကတော့ ကမယ်၊ ပျော်မယ်၊ အချိန်တန်ရင် စာမေးပွဲအောင်အောင်လုပ်မယ်၊ ဒါပဲ၊ ဘာမှ Serious ကြီး စိတ်ထဲမှာ မထား။ ကိုယ်ကြိုက်တာ ကိုယ်ဝတ်ပြီး အနေမှန်ရင် ပြီးရောဆိုကာ ယောကျ်ားလေးလည်း တရင်းတနှီး ဆော်င်းရင် ပေါင်းတာပဲ။ သီချင်းအော်ဆိုစရာရှိ ဆိုတာပဲ။ ကရမဲ့နေရာကျ မောပြီး ခြေကုန်လက်ပန်းကျတဲ့အထိ က,တာပဲ။ အဲဒီ အုပ်စုနားမှာမှ ဒီလူရိုးကြီး၊ သမာဓိကြီးက ရောက်နေတော့ သူပဲ ဒုက္ခရောက်တော့တာပေါ့။

သူက ဘာမှ ဆက်ရန်မတွေ့နေတော့ဘဲ သူ့ခြေမိုးရှိ အချိုင့်ရာလေးကို လက်ဖြင့် ပွတ်ဖိနေတာ တွေ့တော့ ဝတ်ဆံညိုလည်း မနေနိုင်။ ဆက်ပြီး စကားဆက်ရသည်။

"ဆေးရုံပို့ရမလား၊ offer လုပ်တုန်း လက်ခံလိုက်နော်။ တော်ကြာမှ ခြေထောက် ဖြတ်ပစ်ရပါပြီ၊ အကြောသေသွားပါပြီ ဆိုပြီး တရားလာမစွဲနဲ့"

ဝတ်ဆံညို စိတ်တွေက ဘာဖြစ်မှန်းမသိ။ သူ့ကို အခင်လိုက်စ,ချင်နေသည်။

"ကျေးဇူးပြုပြီး ခဏလောက် ငြိမ်ငြိမ်နေပေးပါလား"

"အံမာ . . စကားကြီး စကားကျယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အုပ်စုထဲမှာ မင်း ဆပ်စလူး အဖြစ်ဆုံးမို့ ပြော တာ"

"ဘာ ... ဘာပြောတယ်"

ဝတ်ဆံညို ထိုသို့ အကျယ်ကြီး အော်လိုက်ချိန်နှင့် အကိုက်ဆိုသလို စင်ပေါ်မှ အဆိုတော်တစ်ယောက်လည်း ဆို အပြီး သီချင်းလည်းအရပ် ဖြစ်သွားပါသည်။

ခန်းမကျယ်ကြီး တစ်ခုလုံးရဲ့ အာရုံသည် သူတို့ အနားကို ကျရောက်သွားပါသည်။ မျက်လုံးပေါင်းများစွာတို့၏ အကြည့်သည် ဉာဏနှင့် ဝတ်ဆံညိုတို့ထံ ကျရောက်စူးစိုက်သွား ပါသည်။ သီချင်းဆိုပြီးသွားသော မိုးအိမ်ခန့်ပင်လျှင် သူ့အလှည့် ပြီးတာတောင် စင်အောက် ပြန်မဆင်းသွားဘဲ တအံ့တသြဖြင့် ဉာဏရှိရာထံ လှမ်းကြည့်နေသည်။

ဉာဏရော ဝတ်ဆံညိုပါ ရှက်ကိုးရှက်ကန်းတွေ ဖြစ်ကုန်ကြတော့သည်။ အဖြစ်အပျက်နှင့် ပြဿနာကို ဘာမှမသိ သော ဝတ်ဆံညို၏ သူငယ်ချင်းအုပ်စုကြီးမှာ ခုမှ သိကုန်ကြပြီ။

"ဟယ် ... ဆံဆံ ဘာဖြစ်တာလဲ"

"ဝတ်ဆံမ ကြည့်စမ်း၊ ဒီဘက်မှာ ဓာတ်လမ်း ဖြစ်နေတာ မပြောဘူး"

"ဘာတွေ တီးတိုးဖြစ်နေတာလဲ"





"ဟယ် ... ရှီးရှီးအေးအေးကြီးပဲ၊ ဝတ်ဆံရယ်၊ ဘယ်က ဘယ်လို ရှာတွေ့သွားရတာလဲ"

ဝတ်ဆံညိုသည် တစ်ယောက်တစ်ပေါက် ဝိုင်းပြော သာသော သူငယ်ချင်းတွေကို ...

"သူ့ခြေထောက် ငါ တက်နင်းမိလို့ဟာ၊ ကဲ ... ရှင်းပြီလား"

ဟု တစ်ခွန်းပဲ ဖြေပါသည်။

"အော် ... ဓာတ်လမ်း ... ဓာတ်လမ်း"

လို့ ပြောသူက ပြောပြီး ဒီအဖြစ်အပျက်ကို စိတ်မ ဝင်စားတော့ချေ။

အားလုံးက သိပ်စပ်စုဖို့ မစဉ်းစားတော့ဘဲ နောက် ထပ် အဆိုတော်တစ်ယောက် တက်လာပြီး ဆိုတော့မှာကို ပြန်၍ အာရုံဝင်စားသွားကြပါသည်။

ဝတ်ဆံညိုမှာသာ ကိုယ့်ကို ဆပ်စလူးဟု အပြော ခံလိုက်ရ၍ သူ့ကို မျက်စောင်းကြီး တထိုးထိုးနှင့် တဆောင့် ဆောင့် စောင်းမြောင်းနေချင်မိသည်။ လူကိုများ ဆပ်စလူးတဲ့။ သူသာ စစ်ကြိုခေတ် အဝတ်အစားပုံစံနဲ့ ခေတ်နောက်ပြန်ဆွဲနေ တာ။ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြပွဲနဲ့ မှားပြီးဝင် လာသလား ထင်ရတယ်။ ဆံပင်ကလည်း တိုကပ်ပိပြားပြီး ဝတ် ဆံညို တွေ့ဖူးသော အဘိုးဓာတ်ပုံထဲက ပုံစံမျိုး ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

ဝတ်ဆံညိုသည် နောက်ဆုံးတော့ ဒီတိုင်း ငြိမ်ခံလိုက်ရသည်ကို မခံမရပ်ဖြစ်ပြီး ကိုယ့်ဘက်က ပြန်ချေပဖို့ သူ့ကို သီချင်းသံ ဆူဆူတွေကြားမှ ကြားအောင် အော်ခေါ်လိုက်သည်။

သူကလက်ပိုက်ထားပြီး ရှေ့ကိုမျက်မှောင်ကြီးကြုတ်ကြည့်နေရာမှ ဒီဘက်တော့ တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲ ...

"ဘာလဲ"

ဟု အကြောကြီးပုံစံနှင့် ထူးပါသည်၊

"နင် ငါ့ကို ဘာလို့ ဆပ်စလူးလို့ ပြောသလဲ"

"ကိုယ့်အခြေအနေ ကိုယ်သိရင် ဘာမှ အထိနာစရာမရှိဘူး။ ငါပြောတာ မှားလား၊ မမှားလား ကိုယ့်ဘာသာ စဉ်းစားကြည့်ပေါ့"

"ငါ ဆပ်စလူး မဟုတ်ဘူး"

"အေးလေ ... ငါပြောတာလည်း ကိုယ့်ဘာသာ စဉ်းစားပြီး၊ နာသင့်ရင်နာ၊ မနာရင် မနာနဲ့ပေါ့၊ ရှင်းနေတာပဲ၊ ဘာမှ မရှုပ်ဘူး"

"နင် ငါ့ကို အဲဒီလိုပြောတာကိုပဲ မခံချင်ဖြစ်နေလို့ ရှင်းချင်နေတာ"





"ဒီလောက် ဆူညံနေတာ၊ ရှင်းမနေနဲ့ ဘာမှမထူးဘူး"

"သူများသာ ဝေဖန်တယ်၊ ကိုယ့်ပုံကိုယ်လည်း ပြန်ကြည့်ဦး"

"ငါက ကိုယ့်ခန္ဓာကိုယ်နဲ့ သင့်တော်ပြီး လုံခြုံမဲ့ မြန်မာအဝတ်အစားကိုပဲ ဝတ်ထားတာ။ ငါ့မှာ ဘာမှအပြစ်ပြောစရာအကွက် မရှိဘူး"

"ဟား ဟား ... သူ့ကိုယ်သူတော့ အကောင်းမြင်တယ်"

"အေးလေ ... လူဆိုတာ ကိုယ်ပဲ အကောင်းထင်ကြတဲ့ လူချည်းပဲ၊ နင်လည်း ကျောပြောင်အင်္ကျီ မီနီစကတ်၊ ခြေသလုံးမှာ မြွေပတ်ထားသလို ကြိုးတွေနဲ့ ဒေါက်မြင့်ချွန်ချွန် ဝတ်ထားတဲ့ ကိုယ့်ကိုယ်ကိုယ် အကောင်းထင်နေလို့ နင့်ကို ငါက ဆပ်စလူးလို့ပြောတော့ မခံချင်တာပဲ မဟုတ်ဘူးလား"

"ဘာ ... ဘာ ... ဘာ ... တောက် ... နင့်ကို ငါ ရိုက်ထည့်လိုက်ရ"

"မိန်းကလေးတစ်ယောက်ကို အလကားနေရင်း ခေါင်းငုံ့ခံအရှုံးပေးတဲ့ ယောကျာ်းထဲမှာ ငါမပါဘူးလို့ ကြိုပြောထားတယ်၊ ငါ့ရဲ့ ဆောင်ပုဒ်က 'An eye for an eye'ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံညိုသည် သူ့ကို ဘယ်လိုမှ နိုင်အောင်မပြော နိုင်တော့သောအခါ စိတ်တိုပြီး ခြေထောက်ကို တအားဆောင့်ချ လိုက်ပါသည်။ အဲဒီမှာ ဒုက္ခရောက်တော့တာ ဖြစ်သည်။ ဝတ်ဆံညို စီးလာသော ခဲတံလုံးလောက်သာရှုန်သည့် ဖန်ချွန်ဒေါက်လေးသည် ထပ်ခနဲ အသံမြည်သွားအောင် ကျိုးသွားပါသည်။

"ဟာ ... သွားပြီ"

ဝတ်ဆံညို သူမဘာသာ ရေရွတ်ညည်းညူလိုက်သည်။ ဉာဏလည်း ဒီဘက်လှည့်မကြည့်ပေမဲ့ ဒေါ်ကဟာမလေး ဘာဖြစ်သွားသလဲဆိုတာ မျက်စိရှေ့ကြည့်လေရာ သိပါသည်။ ကောင်းတယ် ... ဖြစ်တာတောင် နည်းသေး။ တစ်ကိုယ်လုံး တစ်ဖက်မှ အငြိမ်မနေ။ Hyperactive ဖြစ်နေတာ။ ကြည့်လို့ကို မရဘူး။ သူ့ကို ဆပ်စလူး ခါနေတယ် ပြောတော့လည်း မကြိုက်ဘူး။ အနေမတတ် အထိုင်မတတ်နဲ့။ ကိုယ်နဲ့ လိုက်မှန်း မလိုက်မှန်း၊ သင့်တော်မှန်း မသင့်တော်မှန်း မသိ ဝတ်ထားတဲ့ပုံစံနဲ့ ဒေါက်ဖိနပ်ကျိုးတာတောင် နည်းသေး။ တကယ်ဆို အဲဒီဖိနပ်နဲ့ ဟန်ချက်ပျက်ပြီး ရုပ်ပျက်ဆင်းပျက် ချော်လဲရမှာ။ ဉာဏသည် ကိုယ့်ကိုယ်ကိုယ် စိတ်ပုပ်တယ်ပဲ ပြောပြော စိတ်ပုပ်စွာ တွေးနေပါသည်။





ဝတ်ဆံညိုမှာသာ ကျိုးသွားသော ဒေါက်ဖိနပ်ကို ချွတ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ကာ ရှုံ့မဲ့နေသည်။ ပြနေသော Live Show သီဆိုမှုကိုလည်း စိတ်ပင်စားလို့မရ ဖြစ်နေသည်။ ဝတ်ဆံညိုရဲ့ သူငယ်ချင်း တစ်သိုက်မှာတော့ သူတို့အကြိုက်ဆုံး အဆိုတော်အုပ်စု တက်လာပြီဖြစ်ရာ ပတ်ဝန်းကျင်ကို လုံးဝသတိမရတော့ချေ။ ဝတ်ဆံညိုမှာသာ မဆီမဆိုင် ဘေးက လူရိုးကြီးကိုပဲ ငြူစူဆောင့်အောင့်နေရတာ။

ပွဲပြီးသောအခါ ဝတ်ဆံညိုသာ ဖိနပ်အကျိုးကြောင့် ချက်ချင်းထွက်သွားမရ ဖြစ်ကာ သူငယ်ချင်းတွေနဲ့ ကျန်ခဲ့ပြီး ဉာဏကတော့ တစ်ချိုးတည်းကို ထပြန်တော့လေသည်။ သူ လှည့်လည်းမကြည့်။ ဂရုလည်းမစိုက်။ မေးလည်းမမေး။ စိတ်လည်း မဝင်စား။ မိုးအိမ်ခန့်နှင့် ချိန်းထားသော ကားပါ့ခ်ကိုသာ ထွက်လာခဲ့ပါသည်။ တော်ပြီ။ နောက် အိမ်ခန့် ဘယ်လိုပဲပြော ပြော ခေါ်ခေါ် ဒီလိုပွဲမျိုးကို မလာတော့ဘူး။ တစ်ခါတည်းနဲ့ တင် စိတ်ပျက်သွားပြီ။ အစတည်းက စိတ်မပါပါဘူးဆိုမှ ပြဿနာနဲ့လည်း ကြုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဖြစ်ရလေကွာ"

မိုးအိမ်ခန့် စိတ်မကောင်း ဖြစ်သလိုမျိုး ပြောပေမဲ့ တကယ်တော့ သူ့စိတ်ထဲမှာ ရယ်လည်းရယ်ချင်နေပြီးပြောတာ ဖြစ်သည်။

"ဘာဖြစ်ရလေကွာလဲ၊ မင်း ငါ့ကို အထင်လွဲလွဲနေလို့ ငါ လိုက်လာပေးရတာ။ တစ်ခါလာ တစ်ခါပြဿနာနဲ့ကြုံပဲ"

ဉာဏက ကလေးဆိုးကြီးလိုပဲ ဂျိုကျသံဖြင့် ညည်းညူ ပြနေသည်။

လူတော်တော်များများကတော့ မိုးအိမ်ခန့်ကို ခုမှ စီးရီးတစ်ခွေထွက်ထားပြီး အတော်အတန်လေး အောင်မြင်နေသော အဆိုတော်လေးမို့ သိလျက် တကြည့်ကြည့် လုပ်နေပါသည်။





သို့သော် မိုးအိမ်ခန့်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဖာလူဒါကို အားရပါးရ စားနေသည်။ ပြီးရင် ကူဖီးလ်တစ်ပွဲပါ ထပ်စားဦးမည်လို့လည်း ကြိမ်းဝါးထားသေးသည်။

Live Show ဆိုပြီး ပြန်လာသည်မို့ မိုးအိမ်ခန့်က ဒီဇိုင်းဆန်းဆန်း တီရှပ်နှင့် 501 Levis ဂျင်းန်ကို ခေတ်မီစွာ ဝတ်ထားပါသည်။ ဆံပင်ကတော့ အခုခေတ်ပေါ် Alter ပုံစံဆံပင်ဖြစ်ပြီး နဖူးပြင်နားတစ်ဝိုက်တို့ကို ရွှေရောင်တစ်လွှာ ဆိုးထားသည်။ ဘေးမှာ ပါလာသူ ဉာဏကတော့ တကယ့်ကို ရိုးသားကြိုးစားပုံ ထွက်နေလေရာ သူတို့နှစ်ယောက်အတွဲက တော်တော်တော့ တခြားစီ ဖြစ်နေသည်။

သို့သော် ... သူတို့ စားနေသော အစားအသောက်ကလည်း အတူတူ။ ဉာဏလည်း အိမ်ခန့်လိုပင် ဖာလူဒါပြီးရင် ချောကလက်ကူဖီးလ်ဖြစ်ဖြစ် စားမည်ဟု တွေးနေပါသည်။

"အဲဒါ ပြဿနာ မဟုတ်ပါဘူး၊ ပျော်စရာလေးပါကွာ၊ ဓာတ်လမ်းအစပေါ့"

"ကောင်မလေးကမင်းပရိသတ်၊ မင်းကို ကြိုက်နေတာ၊ မတော်တဆ မင်းနဲ့သူ ရည်းစားဖြစ်သွားရင် ဒုက္ခ။ ငါနဲ့ သူ မတည့်ဘဲနဲ့ မခေါ်ချင်ဘဲခေါ်၊ မပြောချင်ဘဲ ပြောနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင်မလေးလဲကွာ၊ ငါမှမသိတာ။ မသိဘူး မမြင်ဘူးလိုက်တဲ့ ကောင်မလေးကို စိတ်မှန်းနဲ့ ငါက ဘာလို့ ရည်းစားတော်ရမှာ ကွာ"

"ဖြစ်သွားခဲ့ရင် ပြောတာ"

"မဖြစ်ပါဘူးကွာ"

"မင်းက စွံတယ်လေ"

"စွံပေမဲ့ ငါမှ ပြန်မကြိုက်တာ"

"ပြန်သာမကြိုက်တယ်ကွာ"

မိုးအိမ်ခန့် တဟဲဟဲ ရယ်နေပါသည်။ သူက ကောင်မလေးတွေကို ပြန်သာမကြိုက်တယ်။ ဟိုလိုလို ဒီလိုလိုနဲ့ အီစီကလီ လုပ်ထားတာတော့ များသည်။ ကောင်မလေးက မုန့်လိုက်ကျွေးနိုင်းရင် ကျွေးသည်။ Shopping သွားဖို့ အဖော်မရှိလို့ လိုက်ပေးမလား မေးရင် လိုက်ပေးဖို့ ဝန်မလေး။ ကောင်မလေးတွေ ဖုန်းဆက်လာလျှင် အရေမရ အဖတ်မရတွေ အကြာကြီး ပြောဖို့လည်း သူ့မှာ အချိန်ပေးနိုင်သည်။

ဒါနဲ့ပဲ စာမေးပွဲရှိလျှင် မိုးအိမ်ခန့် တစ်ယောက် ဗျာများ ပူလောင်ပြီး ငိုတော့မလို မျက်နှာနှင့် ဉာဏကို အပူကပ် ရစမြဲ။ သူတို့တက်ရသော ကျောင်းကလည်း ကြည့်ဦးလေ။





တကယ့်ကို စာတွေများပါသည်။ စာမေးပွဲတွေ အမြဲဖြေရပါသည်။ စာတွေ အင်မတန်မှ ခက်ခဲလှပါသည်ဟု နာမည်တစ်လုံးနှင့်နေသော ဆေးတက္ကသိုလ်ပင် ဖြစ်ပါသည်။

အခုခေတ်မှာ ဆေးကျောင်းကလူတွေဟာ အနုပညာလောကမှာ တော်တော်လေး နေရာရသလို ဝါသနာပါစွာ ဝင်ရောက်လာသူတွေလည်း များလှလေရာ မိုးအိမ်ခန့် တစ်ယောက်လည်း ထိုစာရင်းဝင် ဖြစ်သွားတာ မဆန်း။

ဆေးကျောင်း မရောက်ခင် ဆယ်တန်းဖြေပြီးကတည်းကပဲ။

"ငါ အဆိုတော် ဖြစ်ချင်တယ်ကွာ"

ဟု တပြောပြော လုပ်ခဲ့သူ။ ဉာဏကတော့ သဘောမတူ၊ အကြီးအကျယ် ဖျက်ခဲ့သူ။

"မင်းနဲ့ငါ ဆရာဝန်အတူတူ လုပ်မယ်လေကွာ၊ အဆိုတော် ဘာကြောင့် လုပ်စရာလိုလဲ"

"အဆိုတော်လုပ်တာ မဟုတ်ဘူး။ အဆိုတော် ဖြစ်ချင်တာပါကွာ၊ ငါ သီချင်းဆိုရတာ ဝါသနာပါတာပါကွာ၊ ငါဆိုထားတဲ့ သီချင်းတွေကို လက်ဖက်ရည်ဆိုင်မှာ ဖွင့်ထားတာ ကြားချင်တယ်၊ လမ်းဘေး ဂစ်တာတီးတဲ့ ကောင်လေးတွေ

www.burmeseclassic.com



ပါးစပ်ဖျားမှာ ဆိုရတာမျိုး ဖြစ်စေချင်တယ်၊ အဲဒီလိုရှုးသွပ်တာပါ"

"ငါလည်း သီချင်းကြိုက်တာပဲ၊ ဝါသနာပါတာပဲ၊ ဒါပေမဲ့ အဆိုတော်တော့ မလုပ်ချင်ပါဘူး"

"မင်းက မင်းပဲ၊ ငါက ငါပဲ၊ ငါတော့ ရအောင်လုပ်မှာပဲ။ ဒက်ဒီကို ပြောပြီးပြီ၊ မာမီကိုလည်း ပြောပြီးပြီ။ မမတို့ကလည်း လုပ်တဲ့။ ဖြစ်အောင်လုပ်တဲ့။ အဆိုတော် မိုးအိမ်ခန့်ရဲ့ အစ်မတွေ ဖြစ်ချင်တယ်တဲ့ ဝိုင်းအားပေးကြတယ်၊ ဒါကြောင့် ငါ လုပ်မယ်၊ အခု အဆိုသင်တန်း တက်နေပြီ၊ အိမ်မှာ ပီယာနိုအတီးလည်း သင်မှာမို့ ဒက်ဒီက ပီယာနို ဝယ်ပေးတော့မယ်"

"ဟာကွာ ... မင်း ကျောင်းတက်ရင် သီချင်းဆိုလို့ ဘယ်ဖြစ်မလဲ၊ စာတွေကတစ်ဖက်၊ သီချင်းဆိုတာ တစ်ဖက်နဲ့ မနိုင်မနင်း ဖြစ်ကုန်မယ်၊ မင်း ကျကျန်ခဲ့မယ်"

"မကျပါဘူး။ သူများတွေလည်း လုပ်နေတာပဲ၊ စာရေးဆရာမ ဖြစ်သွားတဲ့သူနဲ့။ အဆိုတော် ဖြစ်သွားတဲ့သူနဲ့။ ရုပ်ရှင်မင်းသား မင်းသမီး ဖြစ်သွားတဲ့သူနဲ့ တစ်ပုံကြီးပဲ၊ ကိုယ့်ရှေ့မှာရှိတယ်၊ ဘယ်သူမှ ကျောင်းကို တစ်ဝက်တစ်





ပျက်နဲ့ နားလိုက်ရတဲ့လူ မရှိဘူး။ ကျောင်းပြီးအောင်တော့ တက်တာပဲ။ ကျောင်းပြီးမှသာ ဆရာဝန်လုပ်ခြင်း၊ မလုပ်ခြင်းတွေ ကွာသွားတယ်"

"အေး ... ငါက မင်းနဲ့အတူတူ တာဝန်ထမ်းဆောင်ရတဲ့ ဆရာဝန် ဖြစ်ချင်တာကွာ။ ကျောင်းတော့ အတူတူ တက်လာပြီး ဆရာဝန်ဖြစ်တော့မှ တစ်ယောက်တစ်ကွဲစီ ဆိုတာမျိုး ငါ မဖြစ်ချင်ဘူး အိမ်ခန့်ရာ။ သီချင်းဆိုချင်ရင် အိမ်မှာ ကာရာအိုကေ ဆိုပါ။ အဲဒီလိုကြီး အဆိုတော်ဖြစ်တဲ့အထိတော့ မလုပ်နဲ့ကွာ"

ဒီလို အငြင်းအခုံ လုပ်ရင်းနဲ့ပဲ 1st M.B တန်းတက်သော တစ်နှစ်လုံး မိုးအိမ်ခန့် တစ်ယောက် သီချင်းသွင်းသည့်ကိစ္စနှင့် ကျောင်းတက်ရတာ တစ်ဖက်နှင့် ပြီးဆုံးခဲ့ရသည်။ 1st M.B.တန်းကတော့ ဆေးပညာနဲ့ ပတ်သက်မှုတွေ ဘာမှ သိပ်သင်ရသေးသော အတန်းမို့ သိပ်မျက်ကလဲ ဆန်ပျာ မဖြစ်ဘဲ မိုးအိမ်ခန့် ပြီးစီးနိုင်ခဲ့သည်။

2nd M.B နှစ်ရောက်တော့မှ စီးရီးက ထွက်နိုင်လေသည်။ ထွက်ပြီး သုံးလေးလတော့ ငြိမ်နေသဖြင့် မိုးအိမ်ခန့်တက်တော်လေး စိတ်မာတက်ကျရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ အောင်မြင်တဲ့ အဆိုတော် မဖြစ်တော့ဘူး ထင်ပါရဲ့ကွာ"

လို့လည်း ညည်းညူရင်း စာတွေကျက်လိုက်၊ Test ဟုခေါ်သော စာမေးပွဲငယ်တွေဖြေလိုက်၊ ဖွဲ့မလျှော့ဘဲ ကိုယ်တိုင် သီချင်းရေးလိုက်။ ဉာဏကတော့ မိုးအိမ်ခနဲ့ အပေါ် မနာလိုစိတ် ပုပ်တာတော့ မဟုတ်။ သူ့အခွေ ဒီလိုမျိုး မအောင်မြင်တာဘဲ ခပ်ကောင်းကောင်း။ ဒါမှ လက်လျှော့ပြီး ကျောင်းစာကို ပိုစိတ်ဝင်စားလာမယ်။ ကိုယ်သွားရမဲ့လမ်းကြောင်းထဲ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လာမယ်။ တစ်နေ့ကျ ငါနဲ့ တာဝန်အတူတူ ယူရတဲ့ ဆရာဝန်လေးတွေ ဖြစ်လာမယ် ဆိုပြီး ထိုအတွေးနဲ့ကျိတ်ပြီး ပျော်နေတာ။ ဒါပေမဲ့ အိမ်ခနဲ့ မအောင်မြင်တာကို ပျော်ပါတယ်လို့တော့ ထုတ်မပြောဘဲ ဘေးကနေ အားပေးရတာပဲပေါ့။ သူတို့က သူငယ်တန်းထဲက ခင်လာတဲ့ ငယ်ပေါင်း အစစ်ကြီးတွေကိုး။

"စိတ်မတက်ပါနဲ့ကွာ၊ မအောင်မြင်လည်း ဘာအရေးလဲကွာ၊ ဒီဘက်မအောင်မြင်ရင် မင်းအတွက် အောင်မြင်ပြီး သိပ်တော်တဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ရမဲ့လမ်းက ရှိနေတာပဲ၊ မင်းမှာ ရွေးချယ်စရာလမ်းတွေ ရှိပါတယ်"





"မင်း မခံစားတတ်ပါဘူး ဉာဏရာ၊ အနုပညာသမားတစ်ယောက်ဟာ ကိုယ့်ရင်ထဲက ဖန်တီးထားတာတွေကို ပရိသတ်မကြိုက်ကြဘူးလို့ သိရရင် သိပ်ခံစားရတာကွ"

ဒါပေမဲ့ တစ်ခါတစ်ရံမှာ မထင်မှတ်ထားတွေကတော့ ဖြစ်လာခဲ့ပါတယ်။ အဲဒါကတော့ မိုးအိမ်ခနဲ့ရဲ့ သီချင်းလေးတွေဟာ တဖြည်းဖြည်းနဲ့ စိမ့်ဝင်လာခဲ့တာပါ။ တစိမ့်စိမ့်နဲ့ လူကြိုက်များလာခဲ့တာပါ။ တစ်စစနဲ့ ရောင်းရလာခဲ့တာပါ။ ခပ်တိုးတိုးသံနဲ့ ညည်းကြတဲ့ သီချင်းသံတွေ၊ ဂစ်တာဝိုင်းတွေ၊ ရေဒီယိုဝိုင်းတွေမှာ နေရာယူလာနိုင်ခဲ့တာပါ။

သုံးလေးလကျော် ငြိမ်နေခဲ့တဲ့ သီချင်းခွေလေးဟာ အောင်မြင်လာခဲ့ပြီး ရောင်းရသောစာရင်းဝင် ဖြစ်ခဲ့သောအခါမှာ ထုံးစံအတိုင်း VCD ကာရာအိုကေ ရိုက်ဖို့ဆိုသော နောက်ဆက်တွဲ ကြိုးစားမှုကလည်း အသင့်ဖြစ်လာပြီ။ ဟိုအတွဲခွေမှာ ဝင်ဆို၊ ဒီအတွဲခွေမှာခေါ်ဆို၊ ဘယ်သူ့ဘယ်ဝါ Live Show ဘယ်သူ့အမှတ်တရ Show တွေမှာ မပါမဖြစ် ပါရသော အဆိုတော်စာရင်းဝင်လာခဲ့ပါပြီ။

ထိုသောအခါ နောက်ကျန်သော နှစ်ဝက်ပိုင်းရဲ့ M.B တန်းကို မိုးအိမ်ခနဲ့တစ်ယောက် မကျရုံတစ်မယ် သေလု



www.burmeseclassic.com

www.burmeseclassic.com



မြောပါး စာလိုက်ဖတ်ရပြီး ဉာဏဆွဲခေါ်မှုကောင်းလို့သာ လွတ်လွတ်ကျွတ်ကျွတ် အောင်သွားခဲ့ရတော့တဲ့ အခြေအနေ ဖြစ်လာပါသည်။

အခု 3rd M.B တွင်လည်း အရင်ကထက်ပင် ပိုပြီး အလုပ်များလာခဲ့သည်။ အောင်မြင်စ အဆိုတော် ဆေးကျောင်းသား ရုပ်ချောချော ကောင်လေးမို့ ကြော်ငြာတွေ ဟိုတစ်စ ဒီတစ်စ ခေါ်ရိုက်လို့ ပါရတာမျိုးတွေ၊ ဟိုလူ့ VCD ဒီလူ့ VCD မှာ ခဏ ဝင်သရုပ်ဆောင်ပေးပါလို့ အကူအညီတောင်းတာနဲ့ ဝင်ပါပေးရတာတွေ။ ဘာကြော်ငြာ ညာကြော်ငြာတွေရဲ့ Billboard ကို ရိုက်ပေးရတာတွေ၊ အင်တာဗျူးတွေနဲ့ပဲ တစ်နေ့ တစ်နေ့ အချိန်လုပြီး ကျောင်းကိုပြေးတက်ရသော အဖြစ်ကို ရောက်နေရသည်။

ဆေးကျောင်းဆိုတာမျိုးကလည်း ဆေးရုံလက်တွေ့လည်း သိပ်ပျက်လွန်းရင် မရ။ ပရက်တီကယ် ကျူတိုရီယာယ် အမှတ်တွေကလည်း မဝင်ရင် မဖြေရင် မရနိုင်။ စာမေးပွဲကြီးအတွက် စုမထားနိုင်မှာ စိုးရိမ်ရသဖြင့် အဲဒါတွေလည်း ပျက်လို့မရ။ လက်ချာကတော့ ဉာဏ တစ်ယောက်လုံးကို အားကိုးပြီး လစ်နေပေမဲ့ သိပ်လစ်လွန်းရင်လည်း ကိုယ်က မျက်နှာသိမို့ ဆရာ,ဆရာမတွေ ရိပ်မိသွားမှာစိုးပြီး များများမလစ်ရဲ။ မျက်နှာ ခဏ ပြေးပြလိုက်၊ လစ်လိုက်နဲ့ပဲ။ ဒီလိုနဲ့ပဲ ...။





ဉာဏကို မိုးအိမ်ခန့် ကြည့်ပြီး ဒီကောင်ကတော့ ဆရာဝန် မဖြစ်ခင်ကတောင် ဆရာဝန်ရုပ် ပေါက်နေတဲ့ကောင်လို့ ချစ်စနိုး တွေးမိပြန်သည်။ အရင်တည်းက မိုးအိမ်ခန့်ကတော့ free style လေးတွေသာ ကြိုက်သဖြင့် တီရှပ်နှင့် ဂျင်းန်ဟာ သူ့ရဲ့ ပင်တိုင်အဝတ်အစား ဖြစ်နေပေမဲ့ ဉာဏကတော့ ဘာကြောင့်မှန်း မသိ။ ပုဆိုးနဲ့ ရှပ်လက်ရှည်ကို စွဲစွဲမြဲမြဲ ဝတ်ပါသည်။ ဝတ်လိုက်ရင် ပုဆိုးက အမြဲ အရောင်မှိုင်းမှိုင်း၊ ရှပ်ကလည်း ဖြောင်တွေများသည်။ အဖြူရောင်နှင့် အပြာဖျော့ရောင်တွေသာ ဝတ်သည်။ သိပ်ပူလွန်း အိုက်လွန်းမှ ရှပ်လက်တိုဝတ်ပေမဲ့ သူ့ကို အမြဲတမ်း ရှပ်လက်ရှည်နဲ့သာ တွေ့ရတာများပါသည်။ ဒါ အရင်တည်းက ဆိုးစဝတ်ခါစ အရွယ်တည်းက ပုံစံမျိုး ခုထိမပြောင်းမလဲ ဝတ်နေသဲ ဖြစ်လေရာ ဒီပုံစံဟာ ဉာဏရဲ့ Trade Mark လိုပင် ဖြစ်နေသည်။

အဲဒီပုံစံမဝတ်ထားရင်ဘဲ ဉာဏ မဟုတ်သလို ထင်ရတော့မလို ဖြစ်နေပါသည်။ ဝတ်ပုံစားပုံ ရိုးရုံမက ဆံပင်ပုံကလည်း ခပ်တိုတိုကပ်ကပ်။ ဘယ်တော့မှ ဖွာဖွာပွပွ ပုံကျကျလေး ဖြင့်မနေ။ သူ့ဆံပင်ပုံကို ခေါင်းလိမ်းဆီကောင်းကောင်း လိမ်းပြီး ဖြီးနေအောင်လည်း ဖြီးထားတတ်သေးရာ ဉာဏကိုဆို ...



www.burmeseclassic.com

www.burmeseclassic.com



"စစ်ကြိုခေတ်က တက္ကသိုလ်ကျောင်းသား ဖက်ရှင်ကြီး" ဟု ကောင်မလေးတွေက မြင်တိုင်း ဝေဖန်ခံခဲ့ရသော ဆံပင်ပုံ၊ ဝတ်ပုံစားပုံမျိုး ဖြစ်နေပါသည်။ သူတို့ စားနေသော ဖာလူဒါတစ်ပွဲက ကုန်တော့ သူတို့နှစ်ဦးမှာ ဉာဏကတော့ ချော ကလက်ကူဖီးတစ်ပွဲ၊ မိုးအိမ်ခန့်ကတော့ စတော်ဘယ်ရီကူဖီးလ် တစ်ပွဲ ထပ်မှာစားနေကြပါသည်။ ထိုအချိန်မှာပင် ဆိုင်ထဲကို ကောင်လေး ကောင်မလေး တစ်အုပ်ကြီး ဆူဆူညံညံ အသံတွေနဲ့ ဝင်လာသည်။

ဉာဏကတော့ ဘေးပတ်ဝန်းကျင်ကို သိပ်စိတ်ဝင် စားတတ်သူ မဟုတ်လေရာ မကြည့်မိပေမဲ့ မိုးအိမ်ခန့်ကတော့ တစ်ချက် လှမ်းကြည့်လိုက်မိပါသည်။

"ဟယ် ... ဟိုမှာ မိုးအိမ်ခန့် မဟုတ်လား"

အုပ်စုထဲမှ တစ်ယောက်၏ ဝမ်းသာသလို ရေရွတ် လိုက်သံကို ကြားရပါသည်။ တစ်ဆက်တည်းမှာပဲ ...

"ခုလေးတင် သူ့ Show ကိုကြည့်ပြီး ထွက်လာတယ်၊ ဒီ ဆိုင်ကို ရောက်တယ်၊ သူနဲ့ဆုံရတယ်ဟယ်၊ ရေစက်ပါလိုက် တာ"

"အော်တိုသွားရေးခိုင်းမလို့လား"





"ဟယ် ... မလုပ်ပါနဲ့၊ သူ့ဘာသာ အေးအေးဆေးဆေး စားနေသောက်နေတာကို သွားနှောင့်ယှက်ရာ ရောက်နေ ပါ့မယ်၊ အားနာစရာကြီး"

"ဝတ်ဆံက မိုးအိမ်ခန့်ကို အသည်းစွဲဆို၊ နင် တစ်ယောက် ပဲ သွားပြီး နင့်အတွက် အော်တိုရေးခိုင်းပါလား၊ နင့်ရဲ့ အမှတ်တရ စုစည်းမှုလို့ နာမည်ပေးထားတဲ့ စာအုပ် လေးထဲမှာ Celebrity တစ်ယောက်ရဲ့ လက်မှတ် ရတာ ပေါ့"

မိုးအိမ်ခန့်သည် တစ်စွန်းတစ်စ အသံတွေကြားပြီး ဉာဏကို လော်ဆော်လိုက်သည်။

"ဟော့ကောင် ... ဉာဏ၊ မြန်မြန်စားမှ ထင်တယ်၊ ငါ့ဆီ လာရှုပ်တော့မယ်"

"ဘာဖြစ်လဲ၊ အရှုပ်ခံလိုက်ပေါ့၊ မင်းပဲ အဲဒီလိုဘဝမျိုး ရောက်အောင် လုပ်ထားတာကိုး"

"မင်းကွာ၊ ဒီနေ့ တက်နင်းခံလိုက်ရတာနဲ့ မကျေမနပ် ဖြစ်ပြီး ငါ့ကို အကောင်းမမြင်ဘူး ဖြစ်နေတယ်"

ဝတ်ဆံညိုသည် အဆိုတော် မိုးအိမ်ခန့် ဘေးမှာ ထိုင်နေသော သူ့ကိုမြင်လျှင်မြင်ချင်း မှတ်မိပါသည်။ အံ့လည်း သြပြီး အကဲခတ်နေမိသည်။ သူက မိုးအိမ်ခန့်နဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့။ သူတို့ပုံစံက အခုမှ ခင်ကြသိကြပုံ မဟုတ်ဘဲ တရင်းတနှီး ရှိလှတာကို သတိထားမိပါသည်။

ဝတ်ဆံညိုသည် တကယ်တော့ မိုးအိမ်ခန့်ရဲ့ သီချင်းချိုချိုလေးတွေကို အသည်းစွဲ နှစ်သက်လှသူ ဖြစ်ပါသည်။ ဒါကြောင့် အကယ်၍များ မိုးအိမ်ခန့်ဆီက အမှတ်တရ ရေးပေးတဲ့ လက်မှတ်နဲ့ စာသားတချို့ကို ကိုယ့်ရဲ့အမှတ်တရ စာအုပ်လေးထဲမှာ ရှိခွင့်ရရင် ရှိချင်နေပါသည်။ တစ်ဖန် မိုးအိမ်ခန့်ဘေးမှာ ရှိနေသော လူရိုးကြီးကိုလည်း ထပ်ပြီး တွေ့ချင်၊ မြင်ချင်၊ စကားပြောချင်၊ ကလိချင်။ သူ စိတ်ဆိုးတာကို မြင်ချင်နေပြန်သည်။

ဒါနဲ့ပဲ စိတ်ဆုံးဖြတ်ချက် တစ်ခုကို ချက်ချင်းချ ရသွားလျက် ထရပ်လိုက်ပါသည်။ သူငယ်ချင်းတွေက ...

"ဘာလဲ"

ဟူသော သံပြိုင်တွေဖြင့် မေးကြပါသည်။

"လက်မှတ်သွားထိုးခိုင်းလိုက်ဦးမယ်လေ"

"ဩော် ... ဩော်"

"ဝိုး ... ဟိုး ... ဟိုး"

"ချော်လဲမယ်၊ ဖြည်းဖြည်းသွား"

"အဲဒီနားက ပြန်လာရင် ရင်ထဲက တစ်စုံတစ်ခုကိုမှ မကျန်ရစ်ခဲ့စေနဲ့၊ ပါအောင် ပြန်ယူလာခဲ့နော်"





သူငယ်ချင်းတွေရဲ့အသံ ဆူဆူညံညံတို့ကို ကျောခိုင်းပြီး ဝတ်ဆံညို သူတို့စားပွဲဆီ လျှောက်လာပါသည်။ ဝတ်ဆံညိုသည် အဝါရောင်တောက်တောက် ကိုယ်ကျပ်စပို့ရှပ် ကျောကြောင်းခုံးကြောင်နှင့် လည်ပင်းနောက်မှာသာ ကြိုးလေးဖြင့် ရင်ဘတ်ရှေ့မှ ပြန်သိုင်းပြီး ချည်ရသောပုံစံနှင့် မီနီစကတ်ပန်းရောင်လေးကို ချစ်စဖွယ် ဝတ်ထားသည်။ ဝတ်ဆံညို အသားလေးတွေက ညိုညိုလေးပေမဲ့ ညိုပြီးစိုသော ဝင်းလက်ဝါညက်သာ အသားရောင်လေးနဲ့ ပုံစံလေးက ချစ်စရာ ကောင်းလှပါသည်။ သိပ်အလှကြီးပါဟု ပြောလို့မရပေမဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ စိတ်အာရုံကို လွယ်လွယ်ကူကူ ဖမ်းစားသွားနိုင်သော စတိုင်လ်မျိုးလေးနဲ့ ဖြစ်ပါသည်။ ချစ်စဖွယ် မျက်နှာလေးမှာ နားဆွဲလေးတွေကလည်း ဘခါခါ၊ တစ်ခေါင်းလုံး လိမ်လိမ်ကျစ်ကျစ်လေးတွေ ကောက်ထားသော နားရွက်ဖျားအောက် အရှည်ဆံပင်လေးကလည်း အညိုရောင်ဆိုးလို့၊ တကယ့် ခေတ်အမီဆုံး ဒီဇိုင်းလေးနဲ့ပါ။ သူမအရွယ် သူမအပြင်အဆင်ဟာ သူမနဲ့တော့ လိုက်ဖက်တင့်တယ်လျက် ဘယ်လိုပဲကြည့်ကြည့် ချစ်စရာလေး၊ ချောချောလေးဟု ချီးကျူးခံရစေသော ပုံစံလေးပဲ ဖြစ်ပါသည်။

ဝတ်ဆံညိုတို့အုပ်စု ခုမှ ဒီဆိုင်ကို ရောက်လာရခြင်းမှာ ဒေါက်မြင့်ဖိနပ် အချွန်တစ်ဖက် ကျိုးသွား၍ ဝတ်ဆံညို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် လောလောဆယ် ရာတွေ့သော ဖိနပ်ဆိုင်မှာ ဖိနပ်အမြင် ဝင်ဝယ်နေရ၍ ဖြစ်ပါသည်။ ဝယ်လာသောဖိနပ်မှာ သောင်းကျော် ပေးရပြီး ကြိုးလေးခပ်ရှင်းရှင်းပေမဲ့ ခြေညှပ်ရာနေရာမှာ စိန်ပွင့် အကြီးကြီး ဖြစ်နေသော ခပ်မြင့်မြင့် ဒေါက်လေးနဲ့ပါ။ စီးနေကျ ဖြစ်သော ဝတ်ဆံညိုကတော့ ကြမ်းပြင်ပြောင်ပြောင်တွေမှာ သေသပ် လှပစွာ လျှောက်လာနိုင်ပါသည်။

သူတို့စားပွဲနား ကောင်မလေး တစ်ယောက် လာရပ် ပြီးလေရာ မိုးအိမ်ခန့်ရော ဉာဏပါ ဖျတ်ဆို မော့ကြည့်လိုက် ကြပါသည်။ ဉာဏသည် ဆပ်စလူးမလေးကို ချက်ချင်းပင် မှတ်မိသွားသည်။ သူ့ပုံစံအတိုင်း မျက်မှောင်ကြီးကြုတ်ပြီး ခေါင်း ကို ချက်ချင်း ပြန်ငုံ့ချပစ်လိုက်ပါသည်။

မိုးအိမ်ခန့်ကတော့ ခပ်ပြုံးပြုံးလုပ်ရင်း ...

"ဟဲလို"

ဟု ခပ်ရွှင်ရွှင်ကလေး နှုတ်ဆက်လိုက်လေသည်။

"ကိုမိုးအိမ်ခန့် ဒီစာအုပ်လေးထဲမှာ အမှတ်တရ တစ်ခုခု လောက်ရေးပြီး လက်မှတ်ထိုးပေးပါနော်"

ဪ ... ရပါတယ်"

"ဒီနေ့ပွဲမှာ ဝတ်ဆံတို့လည်း တစ်အုပ်ကြီး သွားကြည့်ပြီး ပြန်လာတာလေ"



"'ဘုတ်လား၊ အားပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကိုမိုးအိမ်ခန့် ပြန်ဆိုတဲ့ အဆိုတော် (......)ရဲ့ သီချင်း ဟောင်းနဲ့ ကိုမိုးအိမ်ခန့် အသံနဲ့ သိပ်လိုက်တာပဲ၊ ကိုမိုး အိမ်ခန့်က Pop သီချင်း ချိုချိုလေးတွေ၊ Slow Rock လေးတွေ၊ Country လေးတွေနဲ့ လိုက်တယ် သိလား"

"မှတ်ထားပါ့မယ် ခင်ဗျာ၊ နောက်ဆို အဲဒီလိုသီချင်းလေး တွေပဲ ဆိုပေးပါ့မယ်၊ ဒါနဲ့ သူ့နာမည် ဘယ်သူလဲ"

"ဝတ်ဆံညို ပါ"

"ဪ ... ဟုတ်ပြီ၊ ဝတ်ဆံညိုသို့ ဆိုပြီး အမှတ်တရစာ လေး ရေးလိုက်မယ်"

မိုးအိမ်ခန့်သည် စာအုပ်လှလှလေးရဲ့ စာမျက်နှာ တစ်မျက်နှာကို လှန်လိုက်ပြီးလျှင် ...

"ဝတ်ဆံညိုသို့ ...

အမှတ်တရ များစွာထဲက ...

အမှတ်တရတစ်ခု ဖြစ်စေဖို့ ...

မိုးအိမ်ခန့်"

ဟူသော စာသားလေးကို ရေးပေးလိုက်သည်။ သူ သွားနေတာက ဒီကောင်မလေး ရုပ်လေးက ချစ်စရာလေးဆိုတာ လည်းပါသည်။ ဝတ်ပုံစားပုံက ခေတ်စံတိုင်လ်လေးပေမဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောပုံကကျ မကလက်ဘူးဟုလည်း အမှတ်ပေးနေသည်။ သူ့ရဲ့ သီချင်းဆိုပုံဆိုဟန်တွေကို သေသေချာချာလေး ဝေဖန်အကြံပေး တတ်ခြင်းကိုလည်း ကျေနပ်နေသည်။

သူမ ရောက်လာပြီး လက်မှတ်ထိုးခိုင်းခြင်း၊ မိတ်ဆက်ခြင်းမှာ တကယ့်ကို ရိုးသားလျက် ကိုယ်အားပေးသော အဆိုတော်တစ်ယောက်ကို လာရောက် စကားပြောဟန်မျိုးထက် မပို။ အီစီကလီ ဟန်မပါ။ ရောချင်နှောချင်သလို ပုံစံမရှိ။ ဖုန်းနံပါတ်လည်း မတောင်း။ သူမကိုယ်သူမလည်း နာမည်ကလွဲရင် ဘယ်ကပါ၊ ဘယ်မှာနေပါတယ်၊ ဘယ်ဖုန်းနံပါတ်ကိုဆက်ရင် ရပါတယ်ဆိုတာမျိုးတွေ အတင်းကာရော ပြောပြပြီး မရောနှော။ လိုအပ်သမျှပဲပြောပြီး လက်ကလေးနောက်ပစ်ကာ ငြိမ်ငြိမ်လေး ရပ်နေပုံက ...။ အင်း ...။

"ရော့ ... ရေးပြီးပါပြီ"

"ကျေးဇူးပါပဲ"

"ရပါတယ်"

ကောင်မလေး ထွက်သွားမလို ခြေလှမ်းပြင် ပြီးမှ ...

"သြော် ... ဒါနဲ့ ..."

ဟု စကားဆက်သဖြင့် မိုးအိမ်ခနဲ့ မျက်ခုံးလေးပင့်ပြီး ကြည့်မိသည်။





"ဒါနဲ့ ... ရှင့်ခြေထောက်ဒဏ်ရာ သက်သာသွားပြီလား"

ဉာဏကို ကြည့်ပြီး မေးလိုက်သဖြင့် မိုးအိမ်ခနဲ့ ပို၍ အံ့သြသွားပါသည်။ ဉာဏကား ခေါင်းကြီးမမော့သဖြင့် ဝတ်ဆံညို ဆိုတဲ့ ကောင်မလေးမေးလည်း သိပုံမရ။

"သူ့ကိုမေးတာလေ၊ ခုန ကိုမိုးအိမ်ခနဲ့ပွဲမှာ ဝတ်ဆံ သူ့ကို ဒေါက်ဖိနပ်ချွန်နဲ့ တက်နင်းပစ်လိုက်မိသွားလို့"

ဝတ်ဆံညိုသည် မိုးအိမ်ခနဲ့ကို အသေအချာပဲ ရှင်းပြလိုက်မှ မိုးအိမ်ခနဲ့ သဘောပေါက်သွားသည်။ တွေ့မှတွေ့တတ်ပလေ။ ခုနကပဲ ဒီကိစ္စကို မကျေမနပ်ဖြစ်ပြီး ဉာဏတစ်ယောက် မြည်တွန်တောက်တီးနေခဲ့တာလေ။

"ဟေ့ကောင် ... ဉာဏ၊ မေးနေတယ်"

"ဘာမှ မဖြစ်တော့ဘူး၊ ကောင်းသွားပြီ၊ စိတ်ချ နင့်ကို ဘာအမှုမှ မပတ်တော့ဘူး"

ဟာ ... ဒီကောင် ဘယ်လိုကြီး ပြောလိုက်တာလဲ။ မိုးအိမ်ခနဲ့မှာ ဝတ်ဆံညိုကို အားနာသွားပါသည်။ ကောင်မလေး ရှက်သွားမှာပဲ။

ဒါပေမဲ့ ဝတ်ဆံညိုက မရှက်ပါ။ နှုတ်ခမ်းလေး ကိုက်ပြီး မျက်မှောင်ကြီး ကြုတ်နေသည်။ တစ်စုံတစ်ခုကို အကြံရဟန် (ဒါပေမဲ့ ညစ်ကျယ်ကျယ် မျက်နှာပေးဖြင့်) ဖြင့် နှုတ်ခမ်းကိုက်ဖြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့်လည်း ခြေထောက် ဘာမှမဖြစ်တော့ပါကြောင်း၊ ဒီအမှတ်တရ စာအုပ်ထဲမှာ ရေးပြီး လက်မှတ်လေးပါ ထိုးပေးမလား"

"ဟင် ... ဘယ်လို"

ဉာဏာသည် တအံ့တဩဖြစ်ပြီး ကောင်မလေးကို ရှုတည်တည်ကြီး စိုက်ကြည့်ပါသည်။ ဝတ်ဆံညိုပင် ဉာဏာရဲ့ အကြည့်ကို လန့်သွားသလိုဖြင့် ခြေတစ်လှမ်းပင် ယောင်၍ ဆုတ်လိုက်မိသည်။ အမယ်လေး ... ဒါလေးပြောမိတာပဲ၊ သူ့ဆီက ပိုက်ဆံသိန်းတစ်ရာ အလကား လာတောင်းခံလိုက်ရသလိုပုံကြီးနဲ့ ဖြစ်သွားလိုက်တာ။ ဘယ်လိုကြီးပါလိမ့်။

မိုးအိမ်ခန့်လည်းပဲ ဝတ်ဆံညို၏ ထူးဆန်းသော စကားကြောင့် အံ့သြပြီး ငေးနေမိသည်။ ဉာဏာကို တစ်လှည့်၊ ဝတ်ဆံညိုကို တစ်လှည့် အကဲခတ်နေမိပါသည်။

ဝတ်ဆံညိုရဲ့ သူငယ်ချင်း တစ်သိုက်ကလည်း ဝတ်ဆံညို ဒီဘက်ဝိုင်း ပြန်ရောက်မလာဘဲ ဘာတွေ လေကြောရှည်နေပါလိမ့် ဆိုပြီး လည်တဆန့်ဆန့်တွေ ဖြစ်ကုန်တော့လေသည်။

"ဘာဖြစ်ရတာလဲ၊ လက်မှတ်ထိုးခိုင်းတာပဲ၊ သူ့ဆီက ငွေ မတောင်းလိုက်တာ ..."

ကောင်မလေး ... ဒါကို ဘာပြတိုက်တာ ကျနေတာပဲ"





"ငါက ဘာကြောင့် အလကားနေရင်း ကိုယ်နဲ့မသိတဲ့ လူ တစ်ယောက်ကို လက်မှတ်ထိုးပေးရမှာလဲ"

"ကိုမိုးအိမ်ခန့်လည်း ငါ့ကို မသိပါဘူး။ ဒါပေမဲ့ ငါလက်မှတ်ထိုးခိုင်းတော့ ထိုးပေးလိုက်တာပဲလေ"

"သူက Celebrity ပဲ၊ ငါက ရိုးရိုးသာမန်လူပဲ၊ ဘာဆိုင်လဲ"

"ဒီစာအုပ်က Celebrity မှ ဘာကြီးမှ ညာကြီးမှ လက်မှတ်ထိုးရမယ်လို့ မသတ်မှတ်ထားပါဘူး"

"ငါ ရှုပ်ရှုပ်ယှက်ယှက်တွေနဲ့ မပတ်သက်ချင်ဘူး။ အဲဒါ အရှင်းဆုံးနဲ့ နောက်ဆုံးစကားပဲ"

"ဟာ ... ဟော့ကောင် ဉာဏာရာ၊ ဘယ်လို ပြောလိုက်တာလဲ"

မိုးအိမ်ခန့်မှာ ဘေးကနေပြီး ကောင်မလေးကို အားနာသွားသဖြင့် ဉာဏာ ပခုံးကို တစ်ချက် အသာတွန်းလိုက်ရင်း ဝင်ပြောမိပါသည်။ ဝတ်ဆံညိုလည်း အပြောခံလိုက်ရလျှင်ချက်ချင်းပဲ မျက်နှာမှာ နီမြန်းသွားကာ သူ့ကို လွယ်ထားသော အိတ်ဖြင့်ပင် ဖိတ်ရိုက်ပစ်လိုက်ချင်သလို ဖြစ်သွားပါသည်။

"အေး ... ဒီမှာ ... နင့်စကားနင် သေသေချာချာ ခေါင်းထဲ မြဲနေအောင် မှတ်ထားလိုက်ပါ။ နင် မပတ်သက်ချင်တဲ့ ရှုပ်ရှုပ်ယှက်ယှက် မိန်းကလေးတစ်ယောက်ကို နင့်ဘက်က သေရတော့မယောက် ပတ်သက်ချင်လှပါချည်ရဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျရင် ငါ့ရှေ့မှာ လာမပြောမိပါစေနဲ့လို့ မြဲမြဲမှတ်ထားလိုက်။ နင်ဟာ ငါတွေ့ဖူးသမျှထဲမှာ စကားပြောအရိုင်းဆုံးနဲ့ လူမှုဆက်ဆံရေး အညံ့ဖျင်းဆုံးလူပဲ။ နင့်ဘာသာ ဘာကောင်ကြီး ဖြစ်နေနေ ရှင်ဘုရင့်သားပဲ ဖြစ်နေနေ ငါ လုံးဝအထင်မကြီးဘူးမှတ်"

ဝတ်ဆံညိုသည် ဒေါသအလျောက် ဘာတွေပြောလို့ပြောမိမှန်းပင်မသိ တောက်လျှောက် ပြောပစ်လိုက်ပြီးသောအခါ ထိုစားပွဲမှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။

လျှာလျှာရှည်ရှည် သွားအရောဝင်မိသော ကိုယ့်ကိုယ်ကိုယ်ပင် ပြန်မုန်းတီးမိလာသည်။ သူ့ကို သွားစကားပြောမိသော ကိုယ့်နှုတ်ခမ်းတွေကိုယ် ဓားနဲ့ပင် လှီးပစ်ချင်လာသည်။ သူငယ်ချင်းတွေက မျက်ရည်ဝဲဝဲ မျက်စိမျက်နှာပျက်ပျက်ဖြင့် ပြန်ရောက်လာသော ဝတ်ဆံညိုကို ဝိုင်း၍ တိတ်ဆိတ်စွာ ကြည့်နေကြပါသည်။

"ဘာဖြစ်လာတာလဲ"

ဆိုသော မေးခွန်းကို ဖြေရှင်းနေချိန်တွင် ဉာဏနှင့်မိုးအိမ်ခန့်တို့ကတော့ ဆိုင်ထဲက ထွက်သွားဖို့ ထရပ်ပြီးနေလေပြီ။

ဉာဏကား ဘယ်သူ့ကိုမှ ဂရုမစိုက်သော ခြေလှမ်းတွေဖြင့် ဆိုင်တံခါးကို လျှောက်သွားနေပြီ။ မိုးအိမ်ခန့်မှာသာ





ဝတ်ဆံညိုကို အားနာနေပြီး ချီတုံချတုံ ခြေလှမ်းတွေဖြင့် လျှောက်နေရင်းမှ စိတ်ဆုံးဖြတ်လိုက်ပြီး ...။

"မဝတ်ဆံညို ... ခုန ကျွန်တော့်သူငယ်ချင်း စကားအပြောအဆို မတတ်တာကို သူ့အစား ကျွန်တော် လာတောင်းပန်တာပါ။ သူ့ကို စိတ်မရှိပါနဲ့နော်၊ သူက သူ့ခေါင်းထဲမှာ ကျောင်းစာတွေပဲ အထည့်လွန်ပြီး နည်းနည်းဂေါက်နေလို့ပါ၊ ဒါကြောင့် လူမှုဆက်ဆံရေးမှာ ညံ့ဖျင်းနေတာပါ"

ဝတ်ဆံညိုတို့ စားပွဲဆီ လျှောက်လာ၊ အသေအချာ ကိုယ်ကိုညွတ်၍ တောင်းပန်ပြောဆို၊ ဉာဏ အကြောင်းလည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ နည်းနည်းဂေါက်နေပါတယ်လို့ ကြံဖန်ပြော (လူတွေက စိတ်ရောဂါနည်းနည်း ဝင်နေတယ်လို့ ပြောကြရင် အဲဒီလူကို ခွင့်လွှတ်စိတ်နဲ့ မြင်တတ်ကြသည်မို့)။ ဆိုသောအခါ အဆိုတော် တစ်ယောက်လုံးက အသေအချာလာ တောင်းပန်ခံရလျှင် ဝတ်ဆံညိုကပင် ဘာမှမတုံ့ပြန်ရသေး။ ကျန်တဲ့သူငယ်ချင်းတွေထံမှ ...

"ဟာ ... ရပါတယ်၊ နားလည်ပေးရမှာပေါ့"

... တွေ ဘာတွေ တစ်ယောက်တစ်ပေါက် ပြန်ပြောသံတွေ ထွက်လာပါသည်။

"သွားခွင့်ပြုပါဦး ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးအိမ်ခန့်သည် ဝတ်ဆံညိုရဲ့ အဖြူးမပါသော ခေါင်းညိတ်ဟန်လေးကို ရင်ထဲမှာ တစ်မျိုးလေး ခံစားသွားရလျက် လှည့်ထွက်လာခဲ့ပါသည်။ မကျေမနပ်နဲ့ ခွင့်မလွှတ်နိုင်ဟန် မျက်နှာတည်တည်လေးထံမှာ လျှို့ဝှက်သော အတွေးတွေ ရှိများရှိနေမလား။

ဉာဏရာ တော်တော့်ကို တုံးနေ အ,နေပါလား။ ဒီလောက် ချစ်စရာကောင်းပြီး ရင်ထဲကို ဖွဲ့ငြိစရာ ဖြစ်စေတဲ့ မိန်းကလေးကိုမှ မိုက်မိုက်မဲမဲ ပြောပစ်ရတယ်လို့။

ကားပေါ်ရောက်သောအခါ သူတို့နှစ်ယောက်ကြားမှာ ဒီစကားကို ဘယ်သူမှ အစ,မခံကြတော့ဘဲ ကျောင်းစာကိစ္စတွေသာ ပြောပြီး ပြန်လာခဲ့ကြပါသည်။

သေချာတာက မိုးအိမ်ခန့် ရင်ထဲမှာ တစ်မျိုးလေးတော့ တစ်မျိုးလေး ဝတ်ဆံညိုနှင့် ပတ်သက်ပြီး ခံစားနေရတာပင်။





## ၃

မိုးအိမ်ခန့်တို့ အကြောင်းက သိပ်ပင် မစုံစမ်းလိုက်ပေါ။ ဟိုလူ့မေး ဒီလူ့မေး၊ ဟိုသူငယ်ချင်းဆီက တစ်ဆင့်မေး ဒီသူငယ်ချင်းနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းကတစ်ဆင့်မေး အဖြင့် တစ်ရက်မှာတော့ ဝတ်ဆံညိုထံ သတင်းရောက်လာပါသည်။

"ဟုတ်တယ်ဟဲ့၊ မိုးအိမ်ခန့်မှာ တစ်ဦးတည်းသော အချစ်ဆုံးသူငယ်ချင်း ရှိတယ်၊ ဉာဏတဲ့ နာမည်က။ သူတို့သူငယ်တန်းတည်းက တစ်ခုံတည်း အတူတူထိုင်လာကြတာ ဟာ ဆယ်တန်းအောင်ပြီး အခု ဆေးကျောင်းအတူတူတက်ဖြစ်ကြတဲ့အထိပဲတဲ့။ ဆေးကျောင်းမှာတော့ သူတို့ကနာမည်ရှေ့စာလုံးချင်း ခုံနံပါတ်စီတာမို့ ပရက်တီကယ်



www.burmeseclassic.com

www.burmeseclassic.com



ကျူတိုရီယာယ်တွေမှာသာ ခွဲတွေ့ရတာ။ ကျန်တဲ့အချိန်တွေလည်း တတွဲတွဲပဲလို့ ပြောကြတယ်"

ဉာဏ ... ဟူသော အမည်ကိုတော့ ဟိုးတစ်နေ့က မိုးအိမ်ခန့်ထံမှ ခေါ်သံကြားရ၍ သိပြီးဖြစ်ရာ ဝတ်ဆံညိုက ဒီအမည်ကို ယဉ်ပါးနေပါပြီ။

"အံ့သြစရာကြီး၊ သူတို့နှစ်ယောက် ပုံစံချင်းက တခြားစီနဲ့ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်နေကြတယ်နော်"

"အေးလေ ... နင့်လိုပဲ တွေ့တဲ့လူတိုင်းက ပြောကြတာပဲ"

"မိုးအိမ်ခန့် ပြောသွားသလို သူ ဂေါက်နေတယ် ဆိုတာရော တကယ်လား"

"အဲဒါတော့ မဟုတ်ပါဘူး။ မဂေါက်ပါဘူး။ ဟိုက ပြေရာပြေကြောင်း ပြောသွားတာ ဖြစ်မှာပါ"

"သူ့ဘာသာ ဂေါက်ဂေါက် မဂေါက်ဂေါက် အဲဒီကောင်ကို ငါ မှတ်လောက် သားလောက်အောင် ပညာပေးလိုက်ဦးမယ်"

မြတ်မုံလွင်က ဝတ်ဆံညို ကြိမ်းဝါးသည်ကို နားထောင်နေပါသည်။ မြတ်မုံလွင်ကတော့ သူငယ်ချင်းအုပ်စု တောင်





ဘောင်ကြီးထဲမှာ ဝတ်ဆံညိုနဲ့ ပိုပြီး ပလဲနံပ အသင့်ဆုံး၊ အတိုင်ဆုံး၊ သူငယ်ချင်းဆိုပြီး ပြောရင်လည်း ရပါသည်။ ဝတ်ဆံညို အုပ်စုက ဆယ့်နှစ်ယောက်လောက် ရှိကာ ယောကျ်ားလေးက ယောက်၊ မိန်းကလေးက ခုနစ်ယောက် ဖြစ်နေသည်။ ဘယ်သွားသွား ဘယ်လာလာ တစ်တွဲတွဲ ဖြစ်ပေမဲ့လည်း ဒီအဖွဲ့ထဲမှာပဲ ယ်နဲ့ပိုပြီး အတွဲဆုံးတွေ၊ ပိုပြီး အနီးစပ်ဆုံးတွေလည်း ရှိသည် မြတ်မုံလွင်နှင့် ဝတ်ဆံညိုကတော့ တစ်တွဲလို ဖြစ်နေပါသည်။

"ဒါဆို အဲဒီ ဉာဏကလည်း ဆေးကျောင်းသားပဲပေါ့"

"ဒါပေါ့ဟ၊ မိုးအိမ်ခန့်ကိုလည်း ဆေးကျောင်းသား ဒါဆိုတော်မို့ နင် အထင်ကြီးပြီး သဘောကျနေတာ မဟုတ်လား။ ဆေးကျောင်းသားနဲ့တွဲတဲ့ ဉာဏ ကိုယ်တိုင်လည်း ဆေးကျောင်းသားပဲပေါ့"

"မိုးအိမ်ခန့်ကို ငါက သူ့သီချင်းတွေ ကြိုက်တာပါ။ လူကို မကြိုက်ပါဘူး"

"ဟိုက ဒို့နှင့်ကို ကြိုက်လာရင်ရော"

"အံမယ်လေး ... စိတ်ကူးယဉ် ဇာတ်လမ်းတွေ လာပြောမနေနဲ့။ ငါ အဲဒါ စိတ်မဝင်စားဘူး၊ ငါ ဉာဏကို အရမ်း



www.burmeseclassic.com

www.burmeseclassic.com



မုန်းနေတယ်၊ သူ တစ်ခုခု ခံစားသွားရအောင် ပြန်လုပ်ချင် နေတယ်၊ ဘယ်လိုလုပ်ရမှန်း မသိဘူး ဖြစ်နေတာ"

"ထားလိုက်စမ်းပါဟာ၊ ဘာမှ စိတ်ဝင်စားစရာ မကောင်းတဲ့ ပုံတုံးကြီးကို ခေါင်းထဲမထည့်စမ်းပါနဲ့။ အဘိုးအဘွားတို့ ခေတ်က ဒီဇိုင်းကြီးနဲ့ အောက်ပါတယ်"

"အေးလေ ... စစ်ကြိုခေတ်တက္ကသိုလ်ကျောင်းသားပုံမျိုး ဟိ ဟိ"

"ချောတော့ ချောတယ်နော်၊ သူ့ရုပ်က ချောတာထက် သန့်နေတာလို့ ပြောရင် ပိုမှန်မယ်ထင်တယ်။ မိုးအိမ်ခန့် ကတော့ တကယ်ချောတာပါ၊ ဉာဏကတော့ လူရည်သန့် ရုပ်"

"ဟုတ်ပြီ ... အဲဒီ ဉာဏကို နင် အသည်းခွဲပစ်လိုက်ပါ လား မြတ်မုံရယ်"

"ဟယ် ... မြှောက်ပေးစရာလား ဒါ။ ပုံတုံးကြီးနဲ့ တွဲရမှာ ကိုယ်တောင် ရှုံးပွဲတယ်"

သူတို့နှစ်ဦးသား ရယ်လိုက် မောဲလိုက် တဟီးဟီး လုပ်နေကြရင်း သူငယ်ချင်းတွေနဲ့ ချိန်းထားသော ရှော့ပင်းမောလ် ကို ဝင်လာကြပါသည်။ သူတို့အုပ်စုထဲမှာ နိုင်ငံခြားကို ကျောင်း





သွားတက်ရန် ပြင်ဆင်ပြီး British Council မှာ သင်တန်းတက် သူတက်၊ တချို့လည်း ဒီမှာပဲ ဒဂုံတက္ကသိုလ်မှာ ကျောင်းတက် ရင်း LCCI ဖြေသူဖြေ၊ တချို့လည်း မကြာခင်မှာပင် ကျောင်း သွားတက်ရန် အသင့်ဖြစ်နေသူဖြစ်နှင့်ပေမဲ့ ဘယ်လောက်ပဲ မအား ပါစေ တစ်ပတ်တစ်ခါလောက်ဖြစ်ဖြစ် တစ်နေရာရာမှာ ဆုံပါသည်။

ဥပမာ ... Club သွားရင်သွား၊ မသွားရင် ရှော့ပင်း မောလ်တစ်ခုခုမှာဆုံပြီး ဈေးဝယ်၊ ဒါမှမဟုတ် Game Center မှာ သွားကစား၊ ဒါမှမဟုတ် Live Show ပွဲ တစ်ပွဲထဲ ရောက် ရင်ရောက်နှင့် အမြဲလိုလို သုံးဖို့ ဖြုန်းဖို့ အသင့်။ အားလုံးကလည်း ငွေကြေးချမ်းသာ ကြွယ်ဝပြီး တတ်နိုင်သော မိသားစု အသိုင်း အဝိုင်းကချည်းပဲမို့ သူ ဒါလုပ်ရင် ကိုယ်လည်း လိုက်လုပ်နိုင် သော အခွင့်အရေးမျိုးလည်း ရှိနေပါသည်။

ဝတ်ဆံညိုကတော့ နိုင်ငံခြားထွက် စာသင်ဖို့ စိတ် မပါသေးသဖြင့် ဒဂုံတက္ကသိုလ်မှာပင် Day ကျောင်းသူအဖြစ် ကျောင်းတက်နေကာ ဝါသနာအရ Miss ပြိုင်ပွဲတွေရှိလျှင် အပျော်တမ်း ဝင်ဝင်ပြိုင်နေသူလည်း ဖြစ်သည်။ ဘယ်ကုမ္ပဏီက ပြိုင်ပွဲဝင်ဖို့ Miss ဆုပေးဖို့ ခေါ်ပြန်ပြီ အသံကြားလျှင် လျှောက် သွားကာင်ပြီး ဝင်ပြိုင်ဖို့ အမြဲအသင့် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ် အမူအရာ ရုပ်ရည်လေးနဲ့ ဝတ်နိုင်စား နိုင် အပြိုင်သုံးနိုင်သော အခြေအနေမို့ ငွေကုန်ကြေးကျများလုပ် သည်ဟုသည့် Miss ပြိုင်ပွဲတိုင်း မကြာခဏ တွေ့ရလေရာ Mis ဆုအထိ မရပေမဲ့လည်း 1st runner up ဆု၊ 2nd runner up ဆိုတ ချိတ်ထားတာမျိုး၊ Miss photogenic လို ဆုမျိုး၊ Miss natur beauty လို ဆုမျိုး၊ Miss congenility လို ဆုမျိုးလေးတွေလည်း ရထားဖူးပါသည်။ မဂ္ဂဇင်းတချို့မှာ ဓာတ်ပုံလေးတွေ ဖော်ပြ ထားရတာမျိုးလည်း ပါဖူးပါသည်။

သို့သော် သဘောကျသူတို့က VCD ရိုက်ပါလား ဝေါလ်ရှိထ ရိုက်ပါလား၊ သရုပ်ဆောင် လုပ်ပါလားတွေ လာခေ လျှင်တော့ ငြင်းပါသည်။

"ဘာလို့ လုပ်မှာလဲ၊ ကိုယ်က ဝါသနာပါလို့ ဝင်ပြိုင်တာ အနုပညာလောကမှာ ထင်ပေါ်ပြီး အောင်မြင်တဲ့အထ လုပ်ချင်တဲ့စိတ်မှ မရှိတာ။ ဒီတော့ ဘာပဲလာရိုက်ခိုင်းခိုင်း မရိုက်နဲ့နော် သမီး"

ဟူ၍ ဝတ်ဆံညိုရဲ့ ဖေဖေက အကြီးအကျယ်ပင် တားမြစ်အမိန့်ချထားပါသည်။ ဖေဖေက ဝတ်ဆံညို လုပ်ချင်တာ ပေးလုပ်ပေမဲ့ စည်းကမ်းတော့ ထားပါသည်။





"တော်ရုံသင့်ရုံပဲလုပ်၊ သိပ်ပြီး ထင်ပေါ်ကျော်ကြားတဲ့ မင်းသမီး လုပ်တာမျိုးတို့ ဘာတို့ ဖေဖေ မကြိုက်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်တွေ မမြင်ချင်ဘူး။ ကိုယ့်သမီး ဟိုမင်းသားနဲ့တွဲ ဒီမင်းသားနဲ့တွဲတာကို ခွင့်မပြုနိုင်ဘူး၊ ဒါပဲ။ ဒီတော့ Miss ဆုတွေ ရချင်လို့ ဝင်ပြိုင်တာပြိုင်။ ကြိုက်သလောက် ကုန်ပစေ၊ မတားဘူး၊ လုပ်ချင်သလောက်လုပ်။ ဒါပေမဲ့ အဲဒီလိုမျိုး ရှုပ်ယှက်တဲ့ အလုပ်တွေတော့ အိမ်သယ်မလာနဲ့၊ လုံးဝခွင့်မပြုဘူး၊ အဲဒီလို အသံကြားရမယ်၊ ခိုးလုပ်နေမယ်ဆိုရင် ချက်ချင်းပဲ ယောက်ျားပေးစားပစ်မယ်မှတ်၊ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ ဘာညာလဲ မသနားဘူး။ ဖအေ မလုပ်ခိုင်းတာ ခိုးလုပ်နေရင်တော့ ဒီလိုပဲ အပြစ်ပေးရမှာပဲ"

ဝတ်ဆံညို ကိုယ်တိုင်ကတော့ လုပ်ချင်သလား မလုပ်ချင်သလား သိပ်မစဉ်းစားခဲ့ပေမဲ့ ဖေဖေ့ အမိန့်စကားကို လန့်ပြီး ကတိတွေ အထပ်ထပ်ပေး။

"စိတ်ချပါ၊ သမီး Miss ပြိုင်ပွဲတွေပဲ ဝါသနာပါလို့ ဝင်ပြိုင်မှာပါ။ ဘာမှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မကြာခဏ ဖေဖေ့ကို ဖားပြီး သွားသွားပြောပြရပါသည်။ မေမေကလည်း ဖေဖေနဲ့တစ်သံတည်း တစ်မိန့်တည်းဖြစ်ကာ ...

"အေးနော် ... မေမေလည်း ဖေဖေ့ သဘောအတိုင်းပဲ၊ သမီးလေး တစ်ယောက်တည်းမို့ ချစ်ပြီး လုပ်ချင်တာလုပ်ပါစေဆိုပြီး အလိုလိုက်ထားတာ၊ ရုပ်ရှင်မင်းသမီး လုပ်မှာတို့ VCD ရိုက်ချင်တာတို့တော့ ပေးမလုပ်ပါဘူး။ တကယ်ပြောတာ"

သို့ပေမဲ့ မေမေက ဖေဖေ့ထက်တော့ နည်းနည်းလျှော့ပေါ့သော စည်းကမ်းတွေနဲ့မို့ ဝတ်ဆံညိုက မေမေ့နားပိုကပ်လေသည်။ ဝတ်ဆံညိုရဲ့ Miss ပြိုင်ပွဲတိုင်း မမောနိုင်မပန်းနိုင် ပိုက်ဆံအိတ်ကြီး တပိုက်ပိုက်ဖြင့် လိုက်ပေးသော မေမေသာမပါရင် ဝတ်ဆံညိုလည်း တစ်ယောက်တည်း ဒီပွဲတွေကို သွားဝင်ပြိုင်ဖြစ်မယ်မထင်။ မေမေ လိုက်ပေးလို့သာ ဝတ်ဆံညို သွားရဲတာ။

တကယ့် တကယ်တော့ အဝတ်အစား အပြင်အဆင်မှာသာ ခေတ်မီသူလေး ဖြစ်နေပေမဲ့ ဝတ်ဆံညိုရဲ့စိတ်က သတ္တိတော့ နည်းပါသည်။ အမေမပါဘဲ ကိုယ့်ဘာသာ တစ်ယောက်တည်း သွားပြိုင်ရဲတဲ့ သတ္တိမျိုးမရှိ။ သူငယ်ချင်းတွေ မပါဘဲ တစ်ယောက်တည်း Club သွားရဲသော သတ္တိမရှိ။ စတိုတ်ရှိုးတွေသွားကြည့်ရဲသော သတ္တိမရှိပါပေ။

ရှော့ပင်မောလ်ထဲ ရောက်တော့ ချိန်းထားသောနေရာမှာ သူငယ်ချင်းအုပ်စုကြီးက အဝတ်အစား ဒီဇိုင်းမျိုးစုံဖြင့် တဟေးဟေး တဟားဟား လုပ်ပြီး ရောက်နှင့်နေပါသည်။

"ကဲ ... ဘာဝယ်မှာလဲ၊ ဘယ်သူက ဘယ်ဆိုင်မှာ ဘာဝယ်စရာရှိလဲဟေ့"

အုပ်စုမှာ ခေါင်းဆောင်ဆရာကြီးလို ဖြစ်နေသော နေရှိန်က အော်မေးပါသည်။ နေရှိန့် ဆံပင်တွေက ကြက်တူရွေးခေါင်းက အမောက်လို ဖြစ်နေသော ပုံစံမျိုး။ နေရှိန့် ပုံစံကလည်း မျက်နှာချွန်ချွန် နှုတ်ခမ်းချွန်ချွန်နဲ့မို့ ကြက်တူရွေးပုံစံ ပေါက်နေကာ သူ့ရဲ့ Nick name ကလည်း ကြက်တူရွေး ဖြစ်နေပါသည်။

"MK ထဲ ခဏဝင်မယ်"

ဝတ်ဆံညိုက M.K ဆိုင်ထဲကြည့်ရင်း အရင်ဦးအောင်ပြောထားလိုက်သည်။ ဒီအုပ်စုက တသီတတန်းကြီး သွားကြတာမို့ တစ်ယောက် ဆိုင်ဝင်လျှင် ကျန်တစ်ယောက်က စောင့်ပေးရသဖြင့် ကိုယ်က ဘယ်ဆိုင်ဝင်မည်ဆိုတာ အရင်ဆုံး ပြောနိုင်မှ





www.burmeseclassic.com

www.burmeseclassic.com



နောက်မို့ သူများဝယ်တာကို သေအောင်စောင့်ပေရော့ပဲ။ ခွဲသွ ကြပါလား ဆိုတော့လည်း ဘယ်သူမှ ခွဲမသွားချင်။ အဲဒီလ ခွဲသွားရရင်ပဲ ပျော်စရာ မကောင်းသလိုလို။ တစ်ယောက်တ ပေါက် မငြင်းခုန်ရရင်ပဲ ရှော့ပင်းလာရတာ အဓိပ္ပာယ်မရှိသလိုလ ဖြစ်နေပါသည်။

"ကဲ ... ဒါဖြင့် ဝတ်ဆံမ အရင်ဝယ်"

"နင်က ဘာဝယ်မှာမို့လဲ"

"အင်္ကျီလေးတွေ စကတ်လေးတွေ ကြည့်ချင်လို့ပါ"

"ဘာပွဲရှိပြန်ပြီလဲ"

"ဘာပွဲမှ မရှိဘူး။ ပွဲရှိရင် ဒီမှာ ဘယ်ဝယ်မလဲ၊ ပွဲမှာဝတ် ရတဲ့ dress တွေက ဒီဇိုင်နာတွေဆီမှာ သွားအပ်ပြီးချုပ် ဖြစ်တာ၊ ဒီလို အင်္ကျီတွေက Casual အတွက်ပဲ ဝယ်လို ကောင်းတာ"

သူငယ်ချင်းတွေ စကားတွေ အော်ပြောကြလျက် M.K ဆိုင်မှ မှန်တံခါးကြီးကိုဖြတ်ပြီး အထဲဝင်လာပါသည် ဘယ်သူ ဘယ်ဆိုင်မှာ ဘာပဲဝယ်ဝယ် လူငယ်တို့ ထုံးစံအတိုင်း သူလည်း ဟိုဟာရွေး၊ ငါလည်း ဒီဟာရွေးတွေဖြင့် အလုပ်ရှု ကုန်ကြတော့သည်။





အဲဒီမှာ ဝတ်ဆံညိုသည် လူတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်တာ ဖြစ်ပါသည်။ ထိုသူက ယောက်ျားဝတ်ရုပ်အထည်များ ရောင်းသော နေရာတွင် ရှိနေသည်။ သူ ကိုင်ကြည့် ရွေးချယ်နေတာက ဖြူလွှပြီး အိနေသော Lacoste (လာကော့တား)တံဆိပ်၊ ရှပ်လက်ရှည်တစ်ထည်ပဲ ဖြစ်ပါသည်။

ဉာဏ ... ဉာဏ ... အင်း ... တွေ့ပြီ၊ နင် ငါနဲ့ တွေ့ပြီ။ နင့်ကို ကောင်းကောင်း ပြန်ကလဲ့စားချေရမယ်၊ ဟင်း ဟင်း။ ဝတ်ဆံညိုသည် အကြံနှင့် သူ့ကို စောင့်ကြည့်နေခဲ့သည်။

ကိုယ် ရွေးချယ်နေသော L'OFFICIEL တံဆိပ် ဝတ်စုံလေးကိုပင် သေသေချာချာ မရွေးဖြစ်ဘဲ သူ့ကိုသာ စိတ်ဝင်စားနေမိသည်။ ဉာဏကတော့ သူဝတ်နေကျ ပုံစံအတိုင်း ရှပ်အပြာဖျော့ လွှင်လွှင်ကို လက်ကြယ်သီးအပြည့် တပ်ဝတ်ထားပြီး သူ ရွေးထားသော အင်္ကျီကိုသာ အတည်ပြု ရွေးချယ်ဖို့ အာရုံစိုက်နေလေသည်။

သူ ထိုအင်္ကျီကို ဝယ်မည်ဟု ဆုံးဖြတ်ပြီး ငွေချေဖို့ သူ့ရဲ့ယောက်ျားကိုင် ပိုက်ဆံအိတ်ကြီးကြီးကို ဖွင့်နေပါသည်။ သူသည် လူငယ်လေးတစ်ယောက် ဖြစ်ရက်နဲ့ ပိုက်ဆံအိတ်သေး Wallet မျိုးမကိုင်။ တကယ့်လူကြီးတွေကိုင်သော ယောက်ျားကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်မျိုးကို ကိုင်ပါသည်။ ထိုအိတ်ထဲမှာ mobile ဖုန်းလေးလည်း ရှိနေသည်။ ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်ရေတွက်နေသော ဉာဏသည် ငွေကြေးပြည့်စုံ ကြွယ်ဝလှသူတစ်ဦးပဲလို့ ဝတ်ဆံညို သတိပြုမိသည်။

"ဟဲ့ ... ဆံဆံ ဝယ်ပြီးပြီလား၊ ဟယ် ... ဝယ် ... ဝယ် ... အဲဒီ အရောင်လေးနဲ့ နင်နဲ့ သိပ်လိုက်တာပဲ၊ နင်ရွေးပြီးပြီလား"

နီလာမက ဘုမသိ ဘမသိ ဝတ်ဆံညို စွတ်စွတ်ကိုင်ထားသော အင်္ကျီကို ရွေးပြီးပြီထင်ကာ ချီးကျူးနေသည်။ ယူလိုက်ဖို့ မြှောက်ပေးနေသည်။

"မယူသေးဘူး"

"ဘာဖြစ်လို့လဲ၊ ပိုက်ဆံမလောက်လို့လား"

"မဟုတ်ပါဘူး၊ ငါ ရှဲဒိုးလိုက်စရာ ပေါ်လာလို့"

"ဘယ်သူ့ကိုလဲ"

"ဉာဏ"

"သြော် ... အဆက်ဟောင်းကြီးကို"

ဝတ်ဆံညိုတို့ တစ်ဖွဲ့လုံးကတော့ ဉာဏ ဟူသော အမည်ကို သိပြီးနေကြပြီ ဖြစ်သဖြင့် နီလာမ,က ဝတ်ဆံညို ညွှန်ပြရာကိုကြည့်၍ ရေရွတ်ပါသည်။ မကြာမီပင် တစ်ဖွဲ့လုံးဟာ





ဉာဏ တစ်ယောက်တည်း ဒီရှော့ပင်းမောလ်က M.K ဖက်ရှင်ဆိုင်ထဲ ရောက်နေကြောင်း သိကုန်ကြပါသည်။

ကောင်လေးတွေကတော့ ...

"ပစ်ထားလိုက်စမ်းပါဟာ၊ နင်ကလည်း ဘာမှအရေးမပါတာတွေကို အလုပ်ရှုပ်ခံပြီး"

ဟု ပြောကာ ဉာဏကို ရှဲဒိုးမလိုက်ဖို့ ဝိုင်းပြောကြသည်။ ကောင်မလေးတွေကတော့ ဉာဏရဲ့ အပြောအဆို အချိုးအချိတ်ကို ကြည့်မရကြသူများပြီး ဝတ်ဆံညိုဘက်က မိန်းကလေးချင်း ကိုယ်ချင်းစာကာ နာကြလေရာ ...

"နေပစေ၊ နင်တို့မပါရင်နေ၊ ငါတို့ပဲ လိုက်ပေးမယ်။ ဒီနေ့ ဝတ်ဆံ ဉာဏကို တစ်ခုခု ဒုက္ခပေးကို ပေးစေရမယ်၊ ငါတို့ ကူညီမယ်"

"နင်တို့ မပါချင်ရင် J'DONUTS ဆိုင်ထဲမှာ သွားစောင့်နေ"

ကောင်လေးတွေက ...

"ကြာမှာလား"

လို့ မေးပြီး မစောင့်ချင်ဟန်ဖြင့် အင်တင်တင် ဖြစ်ကုန်ကြသည်။ စောင့်ရတဲ့အလုပ်ကို သူတို့တစ်ဖွဲ့လုံး ဝါသနာမပါ။ စိတ်မရှည်ကြသူတွေ များပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ဉာဏ ဒီရှော့ပင်းမောလ်က မပြန်သေး သရွေ့ ငါလည်း သူ့ကို တစ်ခုခု မလုပ်ရသေးသရွေ့ ကြာနိုင်တယ်"

"ကြာရင် မစောင့်ဘူး"

"မစောင့်နဲ့ပေါ့"

"အေး ... ဒါဆို ဒါပဲ၊ နာရီဝက် စောင့်မယ်၊ မလာရင် ဖုန်းနဲ့ အချက်ပေးပြီး မေးမယ်၊ အကျိုးအကြောင်း ပြောပြကြ"

ကောင်လေးတစ်သိုက် ပန်းတွေဖက်ပြီး တက်ညီလက်ညီ ထွက်သွားပါသည်။ ယောကျ်ားလေးတွေ ဆိုတော့လည်း မိန်းကလေးတွေရဲ့ ကောက်တီးကောက်ကျစ်ဉာဏ်ကို သိပ်အားမပေးချင်။ ဝင်မပါချင်။ မဟုတ်ညီချင်တာမျိုးပါ။ ဒါပေမဲ့ ကိုယ့်အုပ်စုထဲက မိန်းကလေးကို တစ်ယောက်ယောက်က လာစော်ကားစနောက် နောက်ပြောင်မယ် ဆိုရင်တော့ ကာကွယ်ပြီး စောင့်ရှောက် ပေးဖို့လည်း လက်မနှေးကြပါ။

သူတို့အုပ်စုကြီးက ဝတ်ပုံစားပုံတွေ သိပ်ဖခတ်မိ‌ပြီး ယောကျ်ားလေး မိန်းကလေး ရောထွေးနေကြပေမဲ့ တကယ့်တကယ်မှာတော့ မောင်နှမစိတ်ဓာတ်၊ သူငယ်ချင်းစိတ်ဓာတ်





ပြည့်တွေနဲ့ တရင်းတနှီး ပေါင်းသင်းဆက်ဆံနေခဲ့ကြသူများပဲ ဖြစ်ပါသည်။

ကောင်လေးတွေ ထွက်သွားတော့မှပဲ မိန်းကလေး တစ်သိုက်ဖြစ်သော နီလာမ၊ မြတ်မုံလွင်၊ ဝတ်ဆံညို၊ ခိုင်သဉ္ဇာကို၊ ကြွရကြွ၊ ဟန်နီခင်နှင့် ကဗျာဦးတို့တစ်သိုက် ဉာဏ ဆိုသော ဘုံးမှုံး ကောင်လေးနောက်ကို ထက်ကြပ်မကွာလိုက်ဖို့ ခြေလှမ်း တွေ စလိုက်ကြတော့သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချပြီး တိကျသော ခြေလှမ်းတွေနဲ့ လျှောက်နေသော အသားဖြူဖြူ၊ အရပ်မြင့်မြင့် ကောင်လေးရဲ့ နောက်စေ့ဖြူဖြူကိုလည်းကောင်း၊ ခြေဖနောင့်ဖြူဖြူ ကိုလည်းကောင်း ကြည့်ရင်း ...

"ငါတို့ သူ့နောက် လိုက်သာလိုက်နေရတယ် ဘာစ,ပြီး လုပ်ကြမှာလဲ၊ ဘယ်လိုဒုက္ခပေးမှာလဲ"

ဝတ်ဆံညိုသည် အကြံမရ ဖြစ်သလိုဖြင့် သူငယ်ချင်း တွေကို မေးမိပါသည်။

"အရိုးဆုံးနည်းလမ်းကိုပဲ သုံးပြီး ဒုက္ခပေးပေါ့။ အရိုးဆုံး တွေဟာ ဘယ်တော့မှ ရိုးမသွားဘူးဆိုတဲ့ စကားလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... နင် ဘယ်က ကြားထားလို့လဲ"

"ဒီလိုပဲလေ၊ ကြားဖူးတာကို ပြောတာ"

"ဒါဖြင့် ပြောပါဦး၊ ဘာအရိုးဆုံးနည်း သုံးမှာလဲ"

"နင် သူ့ဖိနပ်အမြီးကို ရအောင် နင်းနိုင်မလား"

"နင်းတော့ သူက ဘာဖြစ်မှာမို့လဲ"

"ဖိနပ်အကောင်းကြီးဆိုတော့ ပြတ်တော့ ပြတ်မထွက်သွားဘူးပေါ့။ ဒါပေမဲ့ သူလျှောက်နေရာကနေ ကိုယ်ဟန်ချက်ပျက်သွားမယ်၊ ရှေ့ကိုယိုင်ပြီး ဟပ်ထိုးဖြစ်သွားမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကာလ္လဖြေ ပျက်သွားရတဲ့အတွက် နင် ပျော်မသွားဘူးလား ဝတ်ဆံညို"

"ဟီး ဟီး"

ဝတ်ဆံညို သဘောကျစွာ ဒီမြင်ကွင်းကို ကြိုမြင်ယောင်ကြည့်ပြီး ဟီးဟီးဟု ရယ်မိပါသည်။ ဝတ်ဆံညို ပါးစပ်ထဲမှာလည်း Lollipop သကြားလုံးတံကို ငုံထားပြီး ဟိုဘက်ပါးစောင် ပို့လိုက် ဒီဘက်ပါးစောင် ပို့လိုက် စားလျက်ရှိနေသည်။

"ပြီးတော့ ... နင့်ရဲ့ Lollipop ကို သူ့ရဲ့ဖြူလွှသော ရှပ်အင်္ကျီရဲ့ မြင်သာ ထင်သာသော တစ်နေရာမှာ ပေအောင်လည်း လုပ်လိုက်နိုင်ရမယ်၊ ဘယ်လိုလဲ"





"သိပ်ပျော်ဖို့ ကောင်းမှာပဲ၊ နင် သိပ်တော်တယ် ဟန်နီ"

ဟန်နီခင် မြှောက်ပေးလိုက်တဲ့အတိုင်း လုပ်ဖို့ ဝတ်ဆံညိုဟာ ဥက္ကာရဲ့ ခြေလှမ်းမှန်မှန်တွေကိုမီဖို့ အမြန်လိုက်သွားပါသည်။ ကျန်တဲ့သူငယ်ချင်းတွေကတော့ နောက်ကနေ ဆက်ကြပ်မကွာပါလာပြီး ဒီပွဲကို စိတ်ဝင်တစားကြည့်လိုက်ကြရန် မျက်လုံးတွေကို ပြူးပြဲထားပါသည်။

ဝတ်ဆံညိုသည် သူ့နောက်ကြောကို ရောက်တာနဲ့ ချိန်သားကိုက်ပြီး သူ့ခြေထောက်အကြွမှာ ခဏလေးကျန်ခဲ့မဲ့ ဖိနပ်အမြီးကို နင်းချလိုက်ပါတော့သည်။

"ဟာ ... ကျွတ်"

ဥက္ကာသည် ရှေ့ကို ဟပ်ထိုးလဲတော့မလို ဖြစ်သွားပြီး ဖိနပ်တစ်ဖက်ပါ ကျွတ်ထွက်သွားသဖြင့် ယောင်၍ အသံပြုလိုက်ပါသည်။ သူ ထိုသို့အသံပြုပြီး ကျွတ်သွားသော ဖိနပ်တစ်ဖက်ကို ပြန်လှည့်စီးမလို့ ကိုယ်ကိုလှည့်လိုက်လျှင် ကောင်မလေးတစ်ယောက်သည် သူ့ကို အသားလွတ်ကြီး ဝင်တိုက်ပစ်လိုက်တာကိုပါ ခံလိုက်ရသည်။

ဝင်တိုက်တာ ထားပေါ့။ သူမ လက်ထဲမှာကိုင်ထားသော စားလက်စဖြစ်ဟန်တူသည့် မေးစေးကပ်ကပ် Lollipop

www.burmeseclassic.com



သကြားလုံးတံသည် သူ့ရဲ့အင်္ကျီဖြူလက်မောင်းမှာ ကပ်ကျန်ခဲ့တာ
က အင်မတန်ကို စိတ်ပျက်စရာ ကောင်းလှပေသည်။

သွားပါပြီ။ ဖြူလွလွ အင်္ကျီလက်မောင်းမှာ ကပ်ကျန်
ပြီး ဆွဲခွာမှပဲ ကွာထွက်လာသော သကြားလုံး အရောင်ကြီးက
ကွက်ကွက်ကြီး ဖြစ်ကျန်နေပြီ။ ချောကလက်ရောင်လည်း ဖြစ်
တာမို့ ထိုချောကလက်ရောင် ခပ်ဝိုင်းဝိုင်း အကွက်က သူ့လက်
မောင်းမှာ ထင်းနေတော့သည်။ သူသည် သကြားလုံးကို တုတ်
ထိုးထားသော ပလတ်စတစ်တုတ်တံဖြူဖြူကိုကိုင်၊ ဖိနပ်တစ်ဖက်
ကိုပါစီးရင်း သူ့ကို ဒုက္ခပေးသွားသော ကောင်မလေးကို အသေ
အချာ ကြည့်လိုက်ပါသည်။

တောက် ... သူပဲကိုး။ ကောင်မလေးက သူ့ကို
လက်ပိုက်ရပ်ကြည့်ပြီး၊ ဘယ်နှယ့်ရှိစ ဟူသော မျက်နှာပေးဖြင့်
ပြုံးစိစိ လုပ်လို့နေသည်။

"ဒါ ဘာသဘောလဲ"

"မတော်လို့ပေါ့၊ ဆော့ရီးပေါ့"

"နင် တမင်လုပ်တာ မဟုတ်လား"

"အလိုတော် ... သူ့ကို တမင်ဇာတ်လမ်းလိုက်ရှာရအောင်
သူ့ရုပ်ကြီးက အရှုးအမူး ဖြစ်စရာ ကောင်းလောက်အောင်





ချောသန့်နေတာ ကျနေတာပဲ၊ ကြဲကြဲဖန်ဖန် ဘာလို့
တမင်လုပ်ရမှာလဲ၊ မတော်လို့ဆို မတော်လို့ပဲပေါ့"

"နင် အနေမတတ် အထိုင်မတတ် ဆပ်စလူးဖြစ်နေလို့
ငါ့ကို ဝင်တိုက်မိတာပဲ ဖြစ်မှာပေါ့"

"ဘာ ... လာပြန်ပြီ၊ ဘာဆပ်စလူး ဖြစ်ရမှာလဲ"

"တခြား မိန်းကလေးတွေလည်း ရှော့ပင်းမောလ်မှာ ဒီလိုပဲ
လျှောက်နေကြတာပဲ၊ ဘယ်သူမှ နင့်လိုမဖြစ်ဘူး၊ နင်ပဲ
ဖြစ်တာ။ ဒီတော့ နင်က သူများထက်ထူးပြီးတော့ကို
ပိုပြီး ဆပ်စလူးစိန် ဖြစ်နေလို့ပေါ့"

"နင့်ညီမသာ ဆပ်စလူးစိန် ဖြစ်မှာ"

"ငါ့မှာ ညီမလည်း မရှိဘူး၊ ငါ့အစ်မကဲလည်း ဆပ်စလူး
စိန် မဟုတ်ဘူး။ နင်တို့လို ဆပ်စလူးစိန်တွေကို ကောင်း
ကောင်း ကြပ်မတ် အုပ်ချုပ်လို့ရတဲ့ ဆရာမ"

"တောက် ... နင်ဟာလေ ယောကျ်ားဖြစ်ပြီး မိန်းမကြိုးလို
ပဲ၊ ရန်တွေ့တတ်တယ်၊ နင့်ကိုယ်နင်တော့ သိပ်ဟုတ်လှပြီ
ထင်နေတာ၊ နင့်မှာရှိတဲ့ အားနည်းချက်က ယောကျ်ားမ
ပီသဘူး။ မိန်းမတွေလိုပဲ၊ ရန်တွေ့တတ်တယ်၊ နင့်ကိုယ်
နင် ဘယ်တော့မှ perfect ဖြစ်မယ် မထင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏသည် တမင်အသံထွက် တစ်ချက် ဟက်ခ
ရယ်လိုက်ရင်း ...

"Nobody is perfect ဆိုတဲ့ စကားကို ငါ လက်ခံထာ
တယ်လေ။ ဒီတော့ ငါလည်း ငါ့ကိုယ်ငါ perfect ဖြ
ပါတယ်လို့ လည်ပင်းမှာ စာချိတ်ပြီး မကြွေးကြော်ပါဘူး
နောက်ပြီး မေးရဦးမယ်၊ ယောက်ျားပီသတဲ့ လူဆိုတာ
ဘာကိုကြည့်ပြီး ပြောတာလဲ။ ရန်တွေ့တတ်တဲ့ ယောက်ျ
ဟာ ယောက်ျားမပီသဘူး ပြောရင် ရတယ်လို့ ဘယ်ဥပဒေ
က ပြဋ္ဌာန်းထားလဲ။ အဲဒီ ရန်တွေ့တတ်တဲ့ ယောက်ျ
ဟာ သူများအသက်ကို စွန့်စားပြီး ကယ်စရာရှိရင် ကိုယ
ကျိုးစွန့် ကယ်ခဲ့မယ်ဆိုရင် အဲဒီယောက်ျားကို နင် ဘယ်
အမည်တပ်မလဲ ဝတ်ဆံညို"

ဝတ်ဆံညိုသည် သူမအမည်ကို မမေ့မလျော့ခေ
ပြီး မေးလိုက်သဖြင့် ရင်ထဲမှာ ကျေပဲ ကျေနပ်ရမလိုလို၊ မကျေ
နပ်ဘဲ စိတ်ဆိုးရတော့မလိုလို ခံစားလိုက်ရပါသည်။

"ကဲ ... ရော့၊ နင့်ရဲ့ သကြားလုံးချောင်းကို စားလိုက်ပါဦး
ငါ ပြောလိုက်တာတွေအတွက် စဉ်းစားဖို့ ဉာဏ်မမီတဲ့
နင့်ကို ဉာဏ်ကောင်းသွားစေချင်လို့ အချိုပြန်စားခိုင်းတာ"





"အံမာ ... ဘာဉာဏ်မမီရမှာလဲ၊ ဉာဏ်မီလို့ ဆယ်တန်း
အောင်လာတာ၊ တက္ကသိုလ်တက်နေတာ၊ ပြီးတော့ နင့်ရဲ့
ချွေးစိုထားတဲ့ အင်္ကျီမှာ ကပ်နေတဲ့ Lollipop ကို ပြန်စား
ရလောက်အောင် ငါ မမွဲသေးဘူး။ လွှင့်ပစ်လိုက်စမ်းပါ"

"ဘာလို့ လွှင့်ပစ်ပေးရမှာလဲ။ အဲဒါ နင် တမင် ငါ့လက်
မောင်းကို ကပ်လိုက်တာလေ။ နင်ပိုင်တဲ့ပစ္စည်း နင်ပြန်ယူ
ပေါ့။ ကိုယ့်ဘာသာ အမှိုက်ပုံးထဲ လွှင့်ပစ်ပေါ့"

"နင့်လက်မောင်းကို တမင်မကပ်ဘူး၊ အားလုံး မတော်
တဆ ဖြစ်သွားတာ"

"မညာပါနဲ့၊ နင် တမင်လုပ်ကို လုပ်မယ်ဆိုတာ ငါသိနေ
တယ်"

"ဘာ ... ဘယ်လို"

"ကဲ ... ရော့ ... ရော့ ... ပြန်ယူ၊ နင့်လိုမိန်းကလေးနဲ့
ဖက်ပြိုင်ပြီး စကားလက်ဆုံ ကျရလောက်အောင် ငါ့မှာ
အားနေတာ မဟုတ်ဘူး၊ အားတိုင်းလျှာတိုင်း ရှော့ပင်း
မောလ် လာနေတဲ့အထဲမှာ ငါမပါဘူး။ ဝယ်စရာရှိလွန်းလို့
လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံညိုသည် လက်ထဲ အတင်းထိုးထည့်ပေးေ
သည်ကို ယောင်ယမ်းပြီး လှမ်းယူလိုက်မိပါသည်။ ပြီးမှ ကိုယ်
မှားပြီမှန်း သိကာ Lollipop ကို ဆတ်ခနဲ ပစ်ချလိုက်ပါသည်
ထိုအခါ လှည့်ထွက်သွားတော့မလိုဖြစ်သော ဉာဏက ရှုတ်ချသ
ပြန်ကြည့်ရင်း ...

"စည်းမရှိ ကမ်းမရှိ အမှိုက်ကို ပစ်ချချင်တိုင်း ပစ်ချ
စိတ်ဓာတ်ရှိတာဟာ သိပ်အောက်တန်းကျတယ် ဝတ်ဆံညို"

ဟူသော စကားဖြင့် ထပ်၍ ကဲ့ရဲ့လိုက်ပြန်လေ
ဝတ်ဆံညိုသည် သူ့စကားကြောင့်ပဲ ကိုယ်က ဒီ Lollipop ကြ
ကို ပြန်ကောက်ပြီး အမှိုက်ပုံးထဲရောက်အောင် သွားပစ်ရတော
မလိုလို ဖြစ်သွားပါသည်။ တကယ်တော့ ဝတ်ဆံညိုလည်
စည်းကမ်းရှိသူ တစ်ယောက်ပါ။ အမှိုက်ကို တွေ့ကရာ ဖတ်ခ
ပစ်လိုက်တတ်သော အကျင့်မျိုး ရှိပင်မရှိခဲ့ဖူးပါ။ ဉာဏနဲ့ကျ
ကိုယ့်ဘက်ကနိုင်အောင် ဘယ်လိုရန်ပြန်တွေ့ရမလဲ စဉ်းစားနေ
၍ အယောင်ယောင်အမှားမှားတွေဖြစ်ပြီး လုပ်မိတာပင်။

ဉာဏကား ဝတ်ဆံညိုကို ဂရုပင်မစိုက်တော့
ရှော့ပင်းမောလ်၏ အောက်ထပ်ကိုဆင်းရာ လှေကားမှတစ်ဆ
အပြင်ကို ထွက်သွားနေလေပြီ။





သူငယ်ချင်းတွေ အနားရောက်လာသောအခါ အိ
သည်လည်းမျက်နှာ၊ စူတူတူ ရှုံ့မဲ့မဲ့ မျက်နှာဖြင့် ကျန်ရစ်ခဲ့သော
တ်ဆံညိုကို မြင်ကြလျှင် ...

"နင် ခံလိုက်ရပြန်ပြီ ထင်တယ်"

လို့ တစ်သမတ်တည်း မေးသံကို ကြားရတော့သည်။
ဆိုသို့ ငါခံလိုက်ရပါတယ်လို့ ဝန်ခံလိုက်ရခြင်းကပင်လျှင် ဝတ်ဆံ
ညိုအတွက် ဉာဏကို အမြဲတမ်း ရှုံးပြီးရင်း ရှုံးနေသလို အခြေ
အနေကို ဝင်ရောက်နေရခြင်းဟုလည်း ခံစားလိုက်ရသည်။

ဉာဏသည် ဝတ်ဆံညိုရဲ့ အမျက်အသိကိုရော
စိတ်ဝင်စားမှုကိုပါ တစ်ပြိုင်တည်း ခံစားခွင့်ရသော၊ ဝတ်ဆံညို
အတွက် အမှတ်တရ ဖြစ်စေသည့် ပထမဦးဆုံးသော ယောက်ျား
လေးတစ်ယောက်လည်း ဖြစ်လာတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

1st Term စာမေးပွဲ ကပ်လာပြီဖြစ်သဖြင့် ထုံးစံအ ဒိုင်းပင် မိုးအိမ်ခန့် တစ်ယောက် ခုပဲသေတော့မလို မျက်လုံး ဖြင့် ဉာဏ အိပ်ရာကပင် မထသေးခင် အိမ်ကိုရောက်လာသည်။ ဉာဏရဲ့အငယ်မဖြစ်မ နည်းပညာတက္ကသိုလ်မှာ ကျူတာ လုပ်နေသည့် မမေခကဝေ၊ စာမေးပွဲရက် ကပ်လျှင် ဒီ ပုံစံနဲ့ ရောက်လာနေကျဖြစ်သည့် မိုးအိမ်ခန့်ကို မထူးဆန်းသော မျက်နှာဖြင့် ကြိုရင်း ...

"ဟဲ ... စောစောစီးစီးပါလား၊ ခုနစ်နာရီတောင် ခုနလေး ကမှ ထိုးတာ"

ဟု ပြောပြီး ဘဲ . းလာဖွင့်သည်။

"ဉာဏ အိပ်တုန်း ..."





"အိပ်တုန်းပေါ့၊ ဉာဏက မနက်အစောကြီး မထနိုင်တဲ့ လူလေ။ သူက ညဆို ဘယ်လောက်ညဉ့်နက်နက် သုံးနာရီ လေးနာရီထိနေပြီး စာဖတ်နိုင်တယ်၊ မနက်ကျ ပြန်မထ တော့ဘူး၊ တောက်လျှောက်အိပ်တာ၊ ဆေးရုံသွားခါနီးမှ နှိုးရတယ်ဆိုတာ အိမ်ခန့် သိသားပဲ၊ ခုလည်း ညက ဘယ်နနာရီမှ အိပ်ရာဝင်သလဲ မသိဘူး။ ဒီနေ့လို ကျောင်း ပိတ်ရက်ဆို သူက ဆယ်နာရီလောက်ထိကို အိပ်ပစ်တတ်တာ"

မိုးအိမ်ခန့်က ဉာဏ အကြောင်း သိပြီးဖြစ်ပေမဲ့ ခဏငြိမ်ပြီး နားထောင်ပေးပါသည်။ ဉာဏမှာ အဲဒီအကျင့်တော့ ရှိသည်။

"ငါက ညတစ်ခါ ပြန်အိပ်ပြီးမှ မနက်နိုးစက်ပေး ထရရင် မထချင်ဘူးကွ။ ထလည်း မထနိုင်ဘူး။ ခေါင်းလည်း မကြည်ဘူး။ ဒါကြောင့် အဲဒီလို တစ်ခါမှ မလုပ်ဘူး။ ညဆို မအိပ်ဘဲ ဘယ်လောက်နေနေ နေနိုင်တော့ တောက် လျှောက်နေပြီး စာကျက်ပစ်လိုက်တယ်။ မနက်ကျ ပြန် မထဘဲ အိပ်ရင်လည်း တောက်လျှောက် အိပ်လိုက်တယ်။ ဆေးရုံက ကိုးနာရီတန်းလို လစ်လို့ရတဲ့နေ့မျိုး သိပ်အရေး မကြီးတဲ့ နေ့မျိုးဆို ဆယ်နာရီထိ အိပ်လိုက်တယ်၊ နိုးမှ



www.burmeseclassic.com

www.burmeseclassic.com



ထပြီး ဆေးရုံက ကျန်တဲ့အချိန်တွေ ဆက်တက်တယ်ကွ

အဲဒါကြောင့် ငါ ဘယ်တော့မှ စောစောမနိုးဘူး”

ခုတော့ ဥဏ ဘယ်လောက်ပဲ စောစောနိုးနိုး မနိုးနိုး အတင်းသွားနှိုးရတော့မည်။ စာမေးပွဲက တစ်ပတ်ပဲလိုတော့သည်။ မိုးအိမ်ခန့်မှာ ဘာမှ အဆင်သင့် မဖြစ်သေး။ ဘယ်စာမှ သေသေချာချာ မရသေး။ စာရဖို့ မပြောနဲ့ ဖတ်ပင်မဖတ်ကြည့်ဘူးသော၊ မမြင်ဘူးသော၊ လက်ချာရာနားမထောင်ဘူးသော ခေါင်းစဉ်တွေကလည်း မနည်းမနော ဖြစ်နေလေရာ အဲဒါတွေ တွေးပြီး လူက ရူးချင်သလိုလို ဖြစ်နေပါသည်။ ညက မဂ္ဂဇင်း ကာဗာတစ်ခုအတွက် ဓာတ်ပုံစတူဒီယိုမှာ သွားရိုက်ပေးနေရတာပင် စိတ်ကမဖြောင့်။ ဒီအကြောင်းပဲ တွေးတွေး ဖြစ်နေသည်။ ကျောင်းသားပီပီ စာမေးပွဲ ဖြေရတော့မည်ဆိုသော အသိကလည်း တော်တော့်ကို ခြောက်လှန့်ခံနေရသည်။

“မိုးအိမ်ခန့် မျက်နှာ သိပ် mood မပါဘူး ဖြစ်နေတယ်”

ဟူ၍တောင် ဓာတ်ပုံဆရာက ပြောယူရသည်။ ဒါတောင် ရုပ်သေဓာတ်ပုံ ရိုက်ရပေလို့။ VCD ရိုက်ရမည်။ ကြော်ငြာရိုက်ရမည်သာဆိုလျှင် ဘယ်လိုလာမယ်မသိ။ ဓာတ်ပုံဆရာ စိတ်တိုင်းကျ မဖြစ်တာနဲ့ပဲ ဓာတ်ပုံစတူဒီယိုမှာ အချိန်ကုန်ရကာ ညဆယ်နာရီခွဲမှပဲ အိမ်ပြန်ရသည်။





အိမ်ရောက်တော့ စာတော့ ကျက်ချင်ပေမဲ့ လူက တစ်နေကုန် မနက်တည်းက အလုပ်နဲ့ စ,တားရ၍ ဒေါင်းနေပြီ။ ဒီမနက် ကိုးနာရီမှာ စုပေါင်းစပ်ပေါင်း စီးရီးခွေ ပရိုမိုးရှင်းအတွက် လက်မှတ်ထိုးပေးဖို့ ရှော့ပင်မောလ်တစ်ခုမှာ နှစ်နာရီလောက် အချိန်ပေးလိုက်ရသည်။

နေ့လယ်က စားပြီးတော့ အိမ်မှာအေးအေးဆေးဆေး နားမည်။ စာတစ်ပုဒ်လောက် ဖတ်မည် ကြံစည်ရုံရှိသေး။ မိုးအိမ်ခန့်ကို မင်းသားတင်ပြီး ဗီဒီယို ရိုက်လိုသော ကုမ္ပဏီတစ်ခုက အိမ်လာပြီး စကားပြောကြ၊ ညှိကြ၊ ဆွေးနွေးကြရ၍ နေ့လယ်ဟာ ဘယ်လိုအချိန်ကုန်သွားမှန်းပင် မသိ။ ညနေခြောက်နာရီမှာ မဂ္ဂဇင်းအတွက် ကာဗာရိုက်ပေးဖို့ ရက်ချိန်းပေးထားပြီးဖြစ်၍ ဓာတ်ပုံစတူဒီယိုကို ထွက်လာ၊ ဆယ်နာရီခွဲမှာပြီး၊ ညဆယ့်တစ်နာရီမှာ အိမ်ပြန်ရောက်။ ဒါနဲ့ပဲ လူက တစ်နေကုန် လူပင်ပန်း စိတ်ပင်ပန်း ထားရ၍ စာအုပ်တောင် မကိုင်နိုင်ဘဲ ထိုးအိပ်ပစ်လိုက်မိတော့တာ။

မနက်ခြောက်နာရီခွဲလောက်ကျမှ အိပ်မက်ဆိုးမက်ပြီး လန့်နိုးလာလို့သာ။ အိပ်မက်ကလည်း ထုံးစံအတိုင်း ကျောင်းသားတွေ မက်နေကျ အိပ်မက်မျိုးပါ။ စာမေးပွဲခန်းထဲမှာ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကြည့်လိုက်တော့ ကိုယ် တစ်ပုဒ်မှ မဖြေနိုင်ဖြစ်ပြီး စိတ်ပင်ပန်း ကြောက်လန့်နေရသော အဖြစ်အပျက်ကို မက်တာမို့ လန့်ပြီး နိုးတာဖြစ်သည်။

ဒါနဲ့ပဲ ရှိသမျှ တွေ့သမျှ စာအုပ်တွေ ကျုံးသယ်ပြီး ထုံးစံအတိုင်း ဉာဏာဆီ ပြေးလာတာပဲ ဖြစ်သည်။ ဉာဏာကတော့ အေးဆေးစွာ အိပ်နေနိုင်ပြီပေါ့။ ဒီကောင်က စာကို ပုံမှန်ဖတ်နေတဲ့သူ။ ဘယ်စာမေးပွဲမဆို အပူအပင်ကင်းစွာ ဖြေဆိုနိုင်မဲ့သူ။ အမှတ်စာရင်းထွက်ရင် အမြဲ အမှတ်ခြောက်ဆယ့်ငါးမှတ် ကျော်နေတတ်သူ။ တစ်ခါတစ်ရံ ဂုဏ်ထူးမှတ်ပင်ရသူ။ စာတော်သော ကျောင်းသားတစ်ဦးပဲ ဖြစ်ပါသည်။

ဉာဏာတို့အိမ်ကတော့ စာမေးပွဲနီးလျှင် မိုးအိမ်ခန့် ဒီလိုပုံစံဖြင့် ရောက်လာနေကျဖြစ်၍ ရယ်ရယ်မောမော နှုတ်ဆက်ကြရင်း ...

"ဉာဏာ သိရင် အိမ်ခန့် ဆွဲခံရဦးမယ်။ တစ်ပတ်လောက်နေမှ တစ်သက်လုံး မဖတ်လာတဲ့စာတွေ ဖတ်ဖို့လာပြီလို့ ပူညံပူညံ လုပ်ဦးတော့မယ်ဟော့"

ဉာဏာရဲ့ဖေဖေ ဦးဇလ,က အားကစားဂျာနယ်တစ်စောင်ဖတ်၍ မနက်စာ မုန့်စားရင်း ရယ်မောပြောပါသည်။





ဉာဏာမေမေ ဒေါ်စန်းသီတာကတော့ မနက်စာချက်ဖို့ ဈေးဝယ်ရန် ဈေးခြင်းပြင်နေရာမှ သူမ ခင်ပွန်းသည် ပြောတာ လိုက်ရယ်မောလျက် ...

"ကဲပါ သားအိမ်ခန့်ရယ်၊ မနက်စာလေး ဘာလေး စိတ်အေးအေးထားပြီး စားလိုက်ပါဦး။ ပြီးမှ ဉာဏာကို သွားနှိုးဟုတ်ပြီလား၊ သားက စာမေးပွဲနီးရင် ဒီလိုပဲ ပျာရတာပဲ၊ ပြီးတော့လည်း အချိန်တန်ရင် အောင်သွားတာပါပဲ၊ စိတ်မပူပါနဲ့"

ဟု အားပေးစကား ပြောပါသည်။

မမမေခကတော့ မနက်မှာ ခရားအိုးအသေးလေးနဲ့ နှပ်ထားနေကျ Lipton Tea ထုပ်လေးတွေ တန်းလန်းကျနေသော အိုးလေးထဲမှ အကျရည်ကို ငှဲ့ထည့်ပြီး မိုးအိမ်ခန့်ရှေ့ လာချကာ ...

"ကဲ ... သောက်လိုက်ဦး၊ သကြားတွေ နို့ဆီတွေ ကြိုက်ရင် ဒီထဲမှာနော်၊ ကိုယ့်ဘာသာထည့်ဖျော်လိုက်။ မုန့်လည်းစား၊ မနက်စာကတော့ မနက်စောစော အိမ်က အဝင်းပဲ၊ လမ်းထိပ်ထွက်ဝယ်ထားလို့ အသင့်ပဲ။ မေမေက သူ့ဘာသာ ဈေးကို တစ်ရက်မသွားရ မနေနိုင်လို့ သွားတာ"

သူတို့ ဘယ်လောက်ပဲ ဖျောင်းဖျပေမဲ့ မိုးအိမ်ခန့် စိတ်တွေထဲ ပူလောင်နေကာ လက်ဖက်ရည်ကို မြစ်သလိုပဲဖျောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျိုက်တည်း မော့သောက်ချလိုက်ပါသည်။ မုန့်လည်းမစားနိုင်ဘဲ ဉာဏာကို သွားနှိုးချင်တာနဲ့ ဖင်က တကြွကြွ ဖြစ်နေသည်။

ဒီအိမ်မှာက မိုးအိမ်ခန့် အတွက် တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်။ ဉာဏာ ဘယ်လောက်ပဲ အိပ်နေနေ အတင်းဝင်နှိုးလည်း စိတ်ဆိုးမဲ့သူ မရှိ ဆိုသော အခြေအနေတွေကြောင့် မိုးအိမ်ခန့်သည် လက်ဖက်ရည် ကုန်တာနဲ့ သုတ်ခနဲထကာ ...

"Tea အတွက် ကျေးဇူးပဲ မမမေခရေ၊ ကျွန်တော် ဉာဏာကို သွားနှိုးပြီ"

ဟု အော်ကာ ဉာဏာ အခန်းဆီ ပြေးပါတော့သည်။

ဉာဏာ အခန်းတံခါးက အတွင်းမှ လော့(ခ)မချဘဲ ပိတ်ထားသဖြင့် တံခါးဘုကို အသာလှည့်ဖွင့် ဝင်လိုက်ရုံပင်။ ဉာဏာကား စောင်ကလေးခြုံ၍ စောင်းစောင်းလေး အိပ်ကောင်းဆဲ။ သူ့ခုတင်ဘေး စာကြည့်စားပွဲမှာ စာအုပ်တွေကတော့ ဘယ်တော့မှ ပြန့်ကျဲမနေ။ သူ စာဘယ်လောက်ပဲ ဖတ်ထားထား သူဟာ စာကြည့်စားပွဲကို အမြဲရှင်းလင်းသပ်ရပ်အောင် ထားတတ်ပြီး စာအုပ်တွေဟာ သူ့ Subject အလိုက်သူ အစီအရီ ပုံထားပါသည်။ မိုးအိမ်ခန့်ကတော့ အဲဒီလိုကို မဟုတ်။ စာအုပ်တွေ ရောထွေး Subject တွေ ရောထွေးပြီး အမြဲ မွှေနှောက်ရှာဖွေနေရသူ။





"ဟေ့ကောင် ... ဉာဏာ ... ဉာဏာ ... ဉာဏာ ... ထ ... ထကွာ ... ထပါဦး ... ငါ ရောက်နေပြီ"

မိုးအိမ်ခန့် ဉာဏာကို အတင်းဆွဲလှုပ်ပြီး နှိုးပစ်လိုက်ပါသည်။ အအိပ်ဆတ်သော ဉာဏာလည်း ချက်ချင်းနိုးပါသည်။ အိပ်မှုန်စုံမွှားဖြင့် သူ ကြည့်နေပေမဲ့ မနက်စောစောစီးစီးကြီး အိမ်ခန့် သူ့ဆီ ဘာကြောင့်ရောက်လာသလဲဆိုတာ သူသိပြီးသားပင်။ ဒါ ဒီကောင်အကျင့်ပဲလေ။ စာမေးပွဲနီးလို့ တစ်ပတ်လိုရင် ဒီလိုပဲ သူ့ကို လာဒုက္ခပေးတာ ခံနေရလွန်းလို့ ရိုးနေပြီ။ မယုံးဆန်းတော့။ ဉာဏာ တမင်ညစ်ပြီး မထသေးဘဲ ခေါင်းနောက်စေ့အောက် လက်နှစ်ဖက် ထိုးသွင်း ပက်လက်လှန် မှိန်းအိပ်နေလိုက်ပါသည်။ သူ ညက သုံးနာရီမှ စ,အိပ်တာမို့ အိပ်ရေးကမဝသေး။ ဆက်အိပ်ချင်နေသေးသည်။ သုံးနာရီမှ အိပ်တာဆိုတော့ လေးနာရီ ငါးနာရီ ခြောက်နာရီ အခု ခုနစ်နာရီကျော်လေးပဲ။ အင်း ... အိပ်ချိန် လေးနာရီလောက်လေးရတာ အိပ်ရေးဘယ်ဝမလဲ။ အနည်းဆုံး ခြောက်နာရီလောက်ပြည့်အောင် အိပ်ချင်တယ်။ ဒီနေ့ ဒီကောင် ရောက်လာပြီး ဒုက္ခပေးပုံမျိုးဆို နေ့ခင်းဘက်တောင် တစ်ရေးတစ်မော ပြန်အနားယူပြီး အိပ်ရမဲ့ပုံ မပေါ်တော့ဘူး။ ဉာဏာက ဘယ်လောက်ပဲ ကျက်ရ ကျက်ရ အိပ်ချိန်ကိုတော့ စနစ်တကျလေး ဂရုစိုက်သည်။ အိပ်ရေးမဝသေးဘူး ထင်လျှင် နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်း ပြန်အိပ်ရင် အိပ်သည်။ အိပ်ရေးဝမှ ခေါင်းကြည်ပြီ စာလည်းပိုမှတ်နိုင်သည်ဟု ထင်သည်။

"ဟော့ကောင် ... ဟော့ကောင် ... ဟာ ဘယ့်နှယ် ပြန်အိပ် ပျော်သွားရတာလဲ၊ လုပ်ပါဦး၊ ဒီမှာ ငါ စာမေးပွဲကျတော့ မယ်ကွာ Pathology တွေရော Pharma cology တွေရော microbiology တွေရော အကုန်လုံး ဘာမှ မသိသေးဘူး"

"အခုချိန်လောက်ကပ်မှ ဘာမှမသိရင် သေချာတယ် မင်း ကျဖို့ပဲရှိတယ်"

"ဟာကွာ ... ဟာကွာ ... ထကွာ၊ သုံးဘာသာရှိတာ တစ် ခုလောက်ပဲကျရင် တော်ပါပြီကွာ၊ ရသလောက် ထပြီးကျက် ပေးပါကွာ၊ ငါ ခုမှ နောင်တရပါပြီကွာ"

မိုးအိမ်ခန့် ပြောလည်းပြောရင်း ဉာဏရဲ့ မွေ့ရာ အိအိကြီးပေါ်လည်းတက်ပြီး တဝုန်းဝုန်း ခုန်ပါသည်။ မွေ့ရာကြီး တအိအိ တလှုပ်လှုပ် ဖြစ်နေသဖြင့် ဉာဏ ဆက်အိပ်မရတော့ဘဲ ထလိုက်ရပါသည်။

"ဉာဏရာ ငါ့သူငယ်ချင်းကြီး ရောင်းရင်းကြီးရာ၊ ကူည် ပါဦးကွာ၊ ဒီရက်ပိုင်းလေးပါပဲကွာ၊ မင်းပဲ ငါ့ကို မင်းနဲ့ အတူတူ ဆရာဝန်ဖြစ်စေချင်တယ်ဆို၊ ဒီတော့ ငါစာမေးပွဲ အောင်မှ ဖြစ်တော့မှာပေါ့"





ဉာဏ ညအိပ်ရာဝင်လျှင်ဝတ်သော Pyjama ဝတ်စုံပွ ကြီးဖြင့် အိပ်ရာပေါ်မှထရင်း ...

"လွန်ခဲ့တဲ့ တစ်လတည်းက မင်းအလုပ်တွေ အကုန်ဖြတ် ပြီး ငါ့ဆီလာစာကျက်ရင် ငါ မင်းကို စိတ်မဆိုးပါဘူး။ ခုဟာက မင်းလုပ်ပုံက တစ်ပတ်လိုမှပဲ တစ်သက်လုံးမကိုင် ထားတဲ့ စာအုပ်တွေကိုင်မှာကွ။ ဘယ်လိုလုပ် ကျက်မလဲ။ လက်ချာလည်း မှန်မှန်မတက်တော့ ငါက ဘယ်လိုလုပ် ရှင်းပြမလဲ"

"ဟဲ ဟဲ ... မင်း အဲဒီလို free style ပုံစံ ဝတ်ထားတဲ့ Pyjama ဝတ်စုံနဲ့ လိုက်တယ်ကွ"

"လာဖားမနေနဲ့ မင်းမဖားလည်း ငါက မင်းကို စာကျက် ပေးရမှာပဲ မဟုတ်လား"

"ဖားတာ မဟုတ်ပါဘူးကွာ၊ မင်းပုံစံက အဘိုးတို့ခေတ် က ပုံတုံးကြီးပဲ အမြဲတွေ့နေရတော့ ခုလို အင်္ကျီဘောင်းဘီ နဲ့ တွေ့ရတာ အမြင်တစ်မျိုးဖြစ်ပြီး ကြည့်ကောင်းနေလို့ ပါ"

"ယောကျ်ားဆိုတာ ချောဖို့ လှဖို့တွေ မလိုပါဘူး၊ သစ္စာ ကတိတည်ပြီး ကိုယ်လက်တွဲရမဲ့ မိန်းကလေးအပေါ် တကယ်မြတ်နိုးတတ်ဖို့ပဲ လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... အံမယ် ... စာမေးပွဲ ဖြေခါနီး စကားလုံးတွေ
ပြောင်မြောက်နေလိုက်တာ၊ မဟုတ်မှလွဲရောပဲ စာကျ
တာများပြီး မင်း ဂေါက်သွားပြီ ထင်တယ်"

"ဟောကောင် ... စကားများမနေနဲ့၊ ငါ အိမ်သာဝင်မယ်
ကိုယ်လက်သန့်စင်မယ်၊ မုန့်စား လက်ဖက်ရည်သော
မယ်၊ အဲဒီအချိန်မှာ မင်း အလကားနေမနေနဲ့။ ဘာ
အရင်ဆုံး ဖတ်ချင်လဲ ရွေးထား။ ကြိုပြီး နည်းနည်းဖ
ထားလိုက်၊ ဒါမှ ငါ ကျက်ပေးရင် မြန်မြန်တစ်ပုဒ်ရ
ပေါ့"

"ငါ့ကို Hot ဖြစ်တဲ့ ခေါင်းစဉ်တွေပဲ ရွေးကျက်ပေး
ကွာ"

"အဲဒီလို ရွေးကျက်တော့ M.C.Q ဖြေရင် မင်း ဘယ်
လို့ ရမလဲ၊ ရွေးကျက်တာလည်းကျက်။ ဖြန့်ကျက်ရ
လည်းရှိတယ်၊ ငါ ပြောမယ်"

မိုးအိမ်ခန့်သည် စာအုပ်တွေ လှန်ဖွင့်ဖတ်ရင်း မျ
ပြားရှုပ်ထွေးလှသော ဆေးပညာရပ်ဆိုင်ရာ စာတွေကို ရှုရ
မလို မျက်လုံးတွေဖြင့် အသည်းအသန် စဖတ်နေတော့သည်
ဉာဏလည်း သူ့ကိစ္စတွေ သူပြီးအောင် မြန်မြန်လေးပဲ လုပ်
အိမ်ခန့်ကို စာကျက်ပေးဖို့ ပြန်ရောက်လာပါသည်။





ဉာဏကတော့ စာတွေ အမြဲထိတွေ့နေကျလူဖြစ်၍ ဘယ်ခေါင်းစဉ်ပဲ ပြလိုက် ပြလိုက် ဒိုးခနဲ ဒေါက်ခနဲ ရှင်းလင်း ပြောပြနိုင်နေပါသည်။ အိမ်ခန့် အလွယ်တကူ မှတ်နိုင်ဖို့လည်း သူက ပြောပြပေးနိုင်နေပါသည်။ သူ့အတွက်က ဒါရိုးနေပြီလေ။ အိမ်ခန့်ကို ဒီလိုပဲ ဖတ်ပေးခဲ့ရပေါင်းများပြီ။ 2nd M.B တန်းတုန်းကတောင် အိမ်ခန့် အင်မတန်မှ ကံကောင်းလို့ Supply (ဆပ်ပလီ) မပါဘဲ လွတ်လွတ်ကျွတ်ကျွတ် အောင်ခဲ့တာ။

ဒီပုံအတိုင်းဆို ဒီ 3rd M.B တန်းမှာ အိမ်ခန့် လွတ်လွတ်ကျွတ်ကျွတ်မှ အောင်ပါ့မလားမသိ။ အိမ်ခန့်ရဲ့ အောင်မြင်မှုက ပိုပြီးကျယ်ပြန့်လာလေလေ။ အလုပ်က ပိုများလာလေလေဖြစ်နေပြီ။

စာတွေဖတ်ပြီး မောတော့ ခဏနားလျှင် အိမ်ခန့်က ဉာဏကို အားကျသလိုကြည့်ပြီး ...

"မင်းကတော့ အကုန်လုံး သိနေပါပြီကွာ၊ ဖတ်စရာတောင် မလိုတော့လောက်အောင်ပဲ"

"သိရုံပဲ သိတာပါကွာ၊ အလွတ်တော့ ဘယ်ရပါ့မလဲ။ ဆေးကျောင်းမှာ စာတွေကို အလွတ်ရတာထက် သဘောတရားနားလည်အောင် ဖြန့်သိထားရင် ကိုယ့်အချက်နဲ့ကိုယ် ဖြေလို့ရပါတယ်။ ငါလည်း မင်းကို အဲဒီအတိုင်းသိအောင်

www.burmeseclassic.com



ပြောနေတာပဲ၊ မင်းမှာက မသိသေးတာ များနေ
ဘယ်လိုလုပ် အကုန်လုံးသိနိုင်တော့မလဲ။ ဒါနဲ့ မင်း
ညက ဘာလုပ်နေလဲ”

မိုးအိမ်ခန့် အပြစ်ရှိသူ တစ်ယောက်လိုပဲ အဟီး
ရယ်ရင်း ...

“(......)မဂ္ဂဇင်းကာဗာ ရိုက်ပေးပါဆိုလို့ကွာ၊ ဓာတ်ပုံ
ဒီယို ရောက်နေတယ်”

“ဖြစ်ရမယ်၊ မနေ့က စနေနေ့ ကျောင်းလည်းပိတ်
မင်းများ ရောက်လာမလား၊ စာစကျက်တော့မလားဆို
ငါ စောင့်နေသေးတယ်။ ရောက်မလာတော့ ငါလည်
အပျင်းပြေ(......)က ရွှေပင်းမောလ်တောင် ထွက်သွာ
လိုက်သေးတယ်၊ ညနေတော့ ရောက်ရင် ရောက်လာမ
ထင်ပြီး စောင့်နေတာ ပေါ်မလာဘူး”

“မနက်ကိုးနာရီကနေ ဆယ့်တစ်နာရီကွာ၊ စီးရီးပရိုမိုးရှ
မို့ ထွက်တဲ့နေ့ လက်မှတ်သွားထိုးပေးရတယ်၊ နေ့လ
ခဏနားပြီး စာလေးဘာလေး ကြိုဖတ်ထားမယ် စိတ်
မိပါတယ်၊ ဒါပေမဲ့ ရုပ်ရှင်ဗီဒီယိုကုမ္ပဏီတစ်ခုက အိမ်ရော
လာပြီး စကားပြောတာနဲ့ နေ့ခင်းအချိန်က ကုန်သွားရော
ကွာ”





“ဘာလဲ ... မင်းက အဆိုတော်တင်မက မင်းသားပါလုပ်
ဦးမလို့လား”

ဉာဏ ဒါကို သိလိုက်ရတော့ သဘောမတူစွာ မေး
က်ပါသည်။ အိမ်ခန့်ကတော့ အပြစ်လုပ်ထားပြီး ဖြစ်သလို
...

“တစ်ကား နှစ်ကားတော့ ရိုက်ကြည့်ချင်သွားတယ်ကွာ၊
ဒါနဲ့ပဲ”

စကားအဆုံးမသတ်ပေမဲ့ ဉာဏကတော့ ဘာနဲ့အဆုံး
တ်မယ်ဆိုတာ သဘောပေါက်ပြီး အိမ်ခန့်ကို စိတ်ပျက်လက်
လျှာသလိုသာ ကြည့်နေရတော့သည်။ ဒီသူငယ်ချင်း တစ်ယောက်
ဆရာဝန်ကောင်းတစ်ယောက် ဖြစ်စေရမယ်ဆိုသော ဆန္ဒနဲ့
က်တွဲခေါ်ဖို့ ကြိုးစားခဲ့ပါရဲ့။ သူက ဖြောင့်ဖြောင့်ဖြူးဖြူး
သာတကြည် မလိုက်လိုဘူး ထင်ပါရဲ့လေ။ ဆရာဝန်ဖြစ်ပြီး
းကြပ်မကိုင်သော ဆရာဝန်တစ်ယောက်ဖြစ်ဖို့ကို ပိုပြီးဦးတည်
ပြီဖြစ်သော အိမ်ခန့်ကို ဉာဏ လက်လျှော့ရတော့မည်တည်း။

“ငါ ကတိပေးပါတယ်ကွာ၊ ကျောင်းပြီးတဲ့အထိ တက်ပါ
မယ်၊ ဘွဲ့ရစေရပါ့မယ်”

မိုးအိမ်ခန့်က ဉာဏ မျက်နှာအမူအရာကိုကြည့်၍
ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ဘွဲ့ ရတိုင်းလည်း ဆရာဝန်မှ မလုပ်တာ၊ မင်း ဘာကြောင့် အပင်ပန်းခံ စိတ်ဆင်းရဲခံပြီး ဒီစာတွေ ဖတ်နေတော့မလဲ။ ကျောင်းတက်နေတော့မလဲ။ မင်းလုပ်ချင်တာကိုပဲ စိတ်နှစ်ပြီး လုပ်လိုက်ပါတော့လား"

"မင်း ငါ့ကို မကြည့်တော့လို့ ပြောတာလား"

"မဟုတ်ပါဘူး၊ မင်း ဖြစ်နေပုံက သိပ်ပင်ပန်းလို့ ပြောတာပါကွာ"

"ပင်ပန်းရင်လည်း ပင်ပန်းပါစေကွာ၊ ငါ ဘွဲ့ရအောင်လည်း လုပ်ချင်တယ်၊ ငါဝါသနာပါတဲ့ အနုပညာအလုပ်ကိုလည်း လုပ်ချင်တယ်၊ ဒါကြောင့်ပါ"

"အေး ... ဒါဆိုလည်း ပြီးတာပဲပေါ့"

မိုးအိမ်ခန့်က သတိရသလိုဖြင့် ...

"ဒါနဲ့ မင်း မနေ့က ရှော့ပင်းသွားတော့ ဘာသွားဝယ်တာလဲ၊ ခါတိုင်း မင်းနဲ့ငါ သွားနေကျပါ၊ ဒီတစ်ခါကျမှ ငါ မပါဘဲ မင်းဘာသာ သွားဝယ်ရအောင် ဘာအရေးကြီးလို့လဲ"

မိုးအိမ်ခန့်မှာ အချိန်နည်းနည်းလေး အားတာနဲ့ ဉာဏကို အတင်းလာဆွဲခေါ်ပြီး ဈေးဝယ်ထွက်တတ်ပါသည်။





ခုခေတ်ပေါ် ရှော့ပင်းမောလ်ကြီးတွေမှ လူငယ်ဝတ်အကျီအဝတ်အထည်ဆိုင်တွေ လျှောက်မွှေပြီး ဝယ်ဖို့လည်း မိုးအိမ်ခန့်က စိတ်ပါလက်ပါ ရှိလှသည်။ ဉာဏကတော့ သူ့စိတ်ကြိုက်ဝယ်ဖို့ လိုက်ရှာတာမျိုး မလုပ်တတ်ပေမဲ့ မိုးအိမ်ခန့် ဝတ်ဖို့ကိုတော့ ဝိုင်းအကြံပေး ရွေးချယ်ပေးတတ်သည်။

ဉာဏ စိတ်က တစ်မျိုး။ သူကတော့ ခေတ်ပေါ် လူငယ်စတိုင်လ်ကို မဝတ်တတ်ပေမဲ့ မိုးအိမ်ခန့် ဝတ်ဖို့ကိုကျတော့လည်း ရွေးချယ်ပေးတတ်သူပင်။ ဉာဏ ကိုယ်တိုင်ကတော့ Arrow လို ရှပ်မျိုး၊ Lacoste လို ရှပ်မျိုး၊ Guy Laroche လို ရှပ်မျိုး၊ ရှပ်အမျိုးအစားကောင်းကောင်းလေးတွေထဲက အဖြူတို့ အပြာဖျော့တို့ တစ်ခါတစ်ရံ အဖြူပေါ် ကွမ်းရိုးစင်းတို့ အဆင်ကို ဝယ်လေ့ရှိသည်။ လည်ကတုံးဝတ်ချင်ရင်တော့ ပိတ်သားကောင်းကောင်းပါ တစ်ခါတည်းနဲ့ရသော Man Tops လို ဆိုင်မျိုးမှာပဲ ပိတ်ပါဝယ်၊ တစ်ခါတည်း အတိုင်းနှင့်အပ်ပြီး ချုပ်ဝတ်ပါသည်။

"စာကျက်ရတာ ငြီးငွေ့လာတယ်ကွာ၊ မင်းကို စောင့်နေတော့လည်း ပေါ်မလာဘူး။ ဖုန်းဆက်ပြီး ခေါ်ရမှာလည်း အားနာတယ်၊ မင်းက အမြဲမအားဘူး မဟုတ်လား။ ဒါနဲ့ပဲ ငါ အိမ်နားက (......)ရှော့ပင်းမောလ်ကို သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



M.K ထဲဝင်ပြီး ရုပ်တစ်ထည်ကို စိတ်ကြိုက်ဖြစ်တာ ဝယ်တာပါပဲကွာ၊ စိတ်ပြေလက်ပျောက် သွားပါတယ် ပြဿနာဖြစ်ပြီး ပြန်လာရတယ်"

"ဟုတ်လား ... ဘာဖြစ်လာလို့လဲ"

"ဆပ်စလူးစိန်နဲ့ ထပ်တွေ့လာရလို့"

"ဘယ်သူလဲ ဆပ်စလူးစိန်၊ နာမည်က အဆန်းပါလား"

မိုးအိမ်ခန့်မှာ တစ်ရက်က လာမိတ်ဆက်ပြီး ဆုံ ရဖူးသော မိန်းကလေးတစ်ယောက်ကို ရည်ရွယ်ပြောမှန်း မသိဖြ ပြီး မေ့လည်း မေ့နေသည်။ အဲဒီတုန်းကတော့ ဉာဏ ကောင် လေးကို မုန်းပြီး Nick Name ပေးလိုက်တာလည်း သူ့မှာအလုပ် များပြီး မေ့သွားတာမျိုး ဖြစ်သည်။

"မင်းကို လာမိတ်ဆက်ပြီး အော်တိုရေးခိုင်းတဲ့ ခပ်ကဲ ခပ်ရဲရဲ ကောင်မလေးလေ။ ငါ့ကိုတောင် ရှောပြီး အော်တို ရေးခိုင်းသွားတဲ့ ဝတ်ဆံညို ဆိုတဲ့ ဆပ်စလူးစိန်လေ"

"ဪ ... ဪ ... ဪ ... သိပြီ ... သိပြီ"

မိုးအိမ်ခန့်ရဲ့ အာရုံထဲမှာ ဖျတ်ခနဲ သတိရသွား၏။ ချစ်စရာ မျက်လုံးဝိုင်းလေးတွေနဲ့ ကောင်မလေး။ အဲဒီတုန်းက ဉာဏကြောင့် သူလေး သိပ်ရှက်သွားရှာတာ။ သူ့ပုံရိပ်လေးကို





ခပ်ရေးရေး ပုံဖော်လို့သာရပေမဲ့ မိုးအိမ်ခန့် ရင်ထဲမှာ ဖျတ်ခနဲ သတိရလိုက်လေသောအခါမှာ နွေးထွေးပြီး ဆွတ်ပျံ့ကြည်နူးသလို ခံစားလိုက်ရပါသည်။

"ဝတ်ဆံညို"

မိုးအိမ်ခန့် လွမ်းဆွတ်သလိုလေး ခေါ်မိသည်။

"အဲဒီကောင်မလေး ငါ့ကို တမင်လုပ်သွားတယ်ကွာ"

"ဘာလုပ်သွားတာလဲ"

"နောက်ကလိုက်လာပြီး ငါ့ဖိနပ်နောက်မြီးကို ရအောင် တက်နင်းတယ်၊ ငါ့ကို ဟပ်ထိုးလဲအောင် လုပ်တယ်၊ သူ စားလာတဲ့ Lollipop ချောကလက်ရောင်ကို ငါ့အင်္ကျီလက် မောင်းမှာ ပေကပ်သွားအောင် တမင်လုပ်သွားတယ်"

"ဟား ဟား ဟား ဟား"

"ရယ်မနေနဲ့၊ အလကား ဆပ်စလူးမလေးတွေ၊ သူတို့ပဲ အားအားယားယား မိဘပိုက်ဆံ ထိုင်ဖြုန်းပြီး အလေလိုက် နေတာ။ စတိတ်ရှိုးမှာတွေ့လိုက်၊ ရှော့ပင်းမောလ်မှာတွေ့ လိုက်နဲ့၊ စတိတ်ရှိုးတစ်ပွဲ ဝင်ကြေးက ငါးထောင် တစ် သောင်း ပေးရတာ၊ အဲဒါလည်း သွားတာပဲ၊ ရှော့ပင်း မောလ်တွေလာပြီ ဆိုကတည်းက မိန်းကလေးပီပီ ဝယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းမှာပဲ၊ ပိုက်ဆံက သိန်းဂဏန်းလောက် မပါပဲ အဲဒီလို ရှော့ပင်းမောလ်တွေမှာ လာဝယ်မှာ မဟုတ်ဘူး၊ မီဘပိုက်ဆံရှိတယ်ဆိုတိုင်း ဆင်တိုင်းကြီ ဖြန့်တီးနေတဲ့ အကျင့်ကို ငါ မကြိုက်ဘူး။ ပြီးတော့ ယောကျ်ားလေးမြင်တိုင်း အရောဝင်တတ်တဲ့ အကျင့်ကိုလည်း ငါ မုန်းတယ်။ ကြည့်လို့ကို မရဘူး"

မိုးအိမ်ခန့်ကတော့ ဉာဏ မြည်တွန်တောက်တီးသမျှ တဟားဟား ရယ်နေမိသည်။ ဉာဏက တကယ်ပဲ ခေတ်နောက်ပြန်ဆွဲသော အဘိုးကြီး ပေါက်စလေးနဲ့ တူနေပါသေးသည်။

မိုးအိမ်ခန့် အတွက်တော့ ဒီလိုပုံစံလေးတွေ မြင်ရတာ မဆန်း။ ဝတ်ဆံညိုဟာ ခေတ်ပေါ်မိန်းကလေးစတိုင်လ် ဖြစ်နေတာ အပြစ်ပြောစရာမရှိ။ လှုငယ်ပီပီ အပျော်အပါး ဝါသနာပါပြီး သူငယ်ချင်းတစ်အုပ်ကြီးနဲ့ လျှောက်လည်နေတာကိုလည်း သဘောပင် ကျသေးသည်။ ဘာလုပ်မှာလဲ၊ ဒီခေတ်ကြီးထဲမှာ ယောကျ်ားလေး မိန်းကလေး ခွဲခြားဆက်ဆံဖို့လိုလား။ ခင်စရာရှိခင်။ ပေါင်းသင့်ရင်ပေါင်း။ စိတ်ဓာတ်က ရိုးသားပြီး အကျင့်စာရိတ္တကောင်းရင် ပြီးတာပဲ။





"ချစ်စရာလေးပါကွ၊ မင်းက ချစ်သောမျက်စိနဲ့မှ မကြည့်တာ"

"အဲဒီလို မိန်းကလေးတစ်ယောက်ကို သွားချစ်ရင် ကိုယ်ပဲခံရမှာပေါ့၊ သူတို့က အချစ်ကို ကစားနေတာ"

"ဘယ်လိုလုပ် ပြောနိုင်မလဲ။ ခေတ်ပေါ်ဒီဇိုင်း ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်ဆီမှာ တကယ်ချစ်တတ်တဲ့စိတ်လည်း ရှိရင်ရှိမှာပေါ့"

"မင်းပဲ အကောင်းမြင်နေ၊ အေး ... ငါသတိပေးထားမယ်နော်။ မင်း အဲဒီလို ကောင်မလေးတွေကို အပျော်ထားရုံထား၊ ငါ မတားဘူး၊ တကယ်တော့ မချစ်မိစေနဲ့။ မင်း တကယ်လက်တွဲဖို့ စဉ်းစားရမဲ့ မိန်းကလေးမျိုးကို မင်းအမေ ရှာပေးလိမ့်မယ်"

"မင်းရော အဲဒီလိုပဲ ခံယူထားသလား။ ကိုယ်တကယ် လက်တွဲရမဲ့ မိန်းကလေးကို အမေရှာပေးမှပဲ ယူမယ်လို့ စဉ်းစားထားပြီးပြီလား ဉာဏ"

ဉာဏ ဘာမှမဖြေပေမဲ့ သူ့သဘောက ထိုသို့ဆောင်နေဟန်ရှိကြောင်း မိုးအိမ်ခန့် ရိပ်မိသွားပါသည်။ ဉာဏသည် လူပုံစံ အနေအေးပြီး ရိုးလည်းရိုးသလို အတွေးအခေါ်လည်း

www.burmeseclassic.com



ရှိးသားကာ အဖေအမေ စီစဉ်ပေးသော အိမ်ထောင်ရေးကိုပဲ လက်ခံမယ်လို့ပင် ဆုံးဖြတ်ထားပြီ ထင်ပါရဲ့။

မိုးအိမ်ခန့်ကတော့ ထိုသို့မဟုတ်။ ခုလောလောဆယ် သူ့မှာ တကယ်မယ်မယ်ရရ ထားဖြစ်သော ရည်းစားဆိုတာ ရှိကိုမရှိပါ။ မိန်းကလေးများနှင့် တရင်းတနှီး ရောနှောဆက်ဆံပေမဲ့ သူက စည်းကမ်းတော့ထားပါသည်။ ကိုယ်လည်း တကယ်မချစ်နိုင်ဘဲနဲ့ နာမည်အထွက်ခံပြီး ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် မထားချင်သူလည်း ဖြစ်ပါသည်။ ဒါကြောင့် မိုးအိမ်ခန့် ထံတွင် လက်ညှိုးထိုးပြစရာ ချစ်သူရည်းစားတော့ မရှိပေမဲ့ သူဟာ တစ်နေ့ကျရင်တော့ သူ တကယ်ချစ်နိုင်သည့် မိန်းကလေးကိုပင် လက်ထပ်ယူမည်ဟု စိတ်ကူးထားပါသည်။

မိဘသဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ သူ တကယ်ချစ်မိရင်တော့ ရအောင်ကို လက်တွဲမည်ဟူသော ဆန္ဒမျိုးလည်း ရှိပါသည်။

"ငါ တကယ်ချစ်တဲ့ မိန်းကလေးကိုပဲ ငါလက်ထပ်ယူမယ်လို့ စဉ်းစားထားတယ် ဉာဏ။ ငါက မင်းလိုတော့ အဖေအမေ စီစဉ်ပေးမှဆိုတဲ့ စိတ်ကူးမျိုး ခေါင်းထဲမှာ မထားဘူး"





"ကဲ ... ကဲ ... မင်း စာကျက်ဖို့ လာတာလား။ ဘယ်ကောင်မလေးကို ရည်းစားတော်မယ်ဆိုတဲ့စကား ဆွေးနွေးဖို့ လာတာလား အိမ်ခန့်"

"အေးပါ၊ စာပဲကျက်မှာပါ၊ ဒါပေမဲ့ ညနေပိုင်းကျ အင်းလျားဘက် ခဏလမ်းလျှောက်ရအောင်ကွာ"

"လုပ်ပြီ၊ စာကဖြင့် နှစ်ပုဒ်ပြည့်အောင် မမှတ်မိသေးဘူး"

"စိတ်ချပါကွာ၊ ငါမင်းရှေ့မှာ အလွတ်ပြန်ရွတ်ပြပါ့မယ်၊ နှစ်ပုဒ်မဟုတ်ဘူး သုံးပုဒ် ရရပါစေ့မယ်၊ အာမခံတယ်။ စာတစ်နေကုန်ကျက်ရတာ ငြီးလာပြီဆိုတော့ အင်းလျားဘက် ခဏလေညင်းခံထွက် လမ်းလျှောက်မယ်လို့ စိတ်ကူးရသွားလို့ပါ"

"လမ်းလျှောက်ပြီး အိမ်ပြန်မှာလား"

"အိမ်ခဏပြန်မယ်၊ အဝတ်အစား နည်းနည်းသွားယူပြီး မင်းဆီမှာ ညလာအိပ်ပြီး မင်းနဲ့အတူတူ ကျက်မယ်လေ၊ ဘယ်လိုလဲ လက်ခံမလား"

ထိုအခါ ဉာဏ ရှုတည်တည်ကြီး ကြည့်ပြီး ...

"အဲဒီစကား မင်းနဲ့ ငါ့ကြားမှာ ပြောစရာလိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



## ၅

1st Term ဖြေပြီးသောအခါမှာ တိုက်ဆိုင်စွာပင် သီတင်းကျွတ် ကျောင်းပိတ်ရက်အဖြစ် ကျောင်းက တစ်ပတ် ကျောင်းပိတ်ပေးပါသည်။ အမှန်တော့ သီတင်းကျွတ် သုံးရက်သာ ပိတ်ရမှာပေမဲ့ ကျောင်းက ဆရာ,ဆရာမတွေရဲ့ ဆေးပညာနှီးနှော ဖလှယ်ပွဲကို နိုင်ငံခြားတိုင်းပြည်တွေမှလာသော အထူးကုဆရာဝန်ကြီးတွေနဲ့ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ဒီနှစ်ကျမှ ထူးထူးခြားခြား ကျောင်းကို ပိတ်ပေးလိုက်လေသည်။ သီတင်းကျွတ်ပိတ်ရက် သုံးရက်၊ ဒီတိုင်း အလွတ်ပိတ်တာ လေးရက်ဖြင့် တစ်ပတ် ကျောင်းပိတ်ရက် ဖြစ်သွားပါသည်။

အဲဒီမှာ မိုးအိမ်ခန့်က ဇာတ်လမ်းရှုပ်တာဖြစ်သည်။ ဉာဏ ဘာသာ အိမ်မှာ အေးအေးဆေးဆေး အနားယူ၊ စာတွေ





လည်း ကြိုဖတ်ရင်း ကျောင်းပိတ်ရက်ကို နားမှာပေမဲ့ မိုးအိမ်ခန့်က မရ။ အတင်းလာ နားပူနားဆာ လုပ်တော့သည်။

"လိုက်ခဲ့ပါကွာ၊ ငါ့ရဲ့ VCD ရိုက်ကွင်းကို မင်း တစ်ခါမှ လိုက်မကြည့်ဖူးဘူး။ ဒီတစ်ခါ တိုက်ဆိုင်သွားတော့ လိုက်ခဲ့ကွာ၊ ကျောင်းလည်း ပိတ်ထားတုန်း မင်း အိမ်ထဲမှာ အောင်းနေတာထက်စာရင် ခရီးလေး ဘာလေး ထွက်သင့်တာ အတော်ပဲ။ ဦးနှောက် ရှင်းသွားအောင် လိုက်ခဲ့ရမယ်"

မိုးအိမ်ခန့်ရဲ့ သီချင်းနှစ်ပုဒ်ပါသော စုပေါင်းစပ်ပေါင်း အခွေအတွက် ဗီစီဒီထုတ်ဖို့ကို ချောင်းသာကမ်းခြေမှာ တစ်ဖွဲ့လုံး သွားရိုက်ကြမည် ဖြစ်သည်။ ထိုအခွေမှာ ဝိုင်းဆိုထားသူ အဆိုတော်တွေ အကုန်လုံးလည်းပါမည်။ ရိုက်ကူးရေးအဖွဲ့တွေလည်း ပါမည်။ မိုးအိမ်ခန့်က ခါတိုင်းတော့ ချောင်းသာရိုက်ကွင်းပဲဖြစ်ဖြစ်၊ မြို့တွင်းရိုက်ကွင်းပဲဖြစ်ဖြစ် အမေ့ကို အဖော်ခေါ်သလို တစ်ခါတလေကျ သူ့ကို ကူညီဖို့ သီးသန့်ခေါ်ထားသော ကိုထွေး ဆိုသည့် သူကို အဖော်ခေါ်ပါသည်။ အမေက လူကြီးမို့ ခဏခဏမလိုက်နိုင်သဖြင့် အမြဲတစေ ကိုထွေးကတော့ အဖော် လိုက်ပေးရသည်ပင်။ ဒီတစ်ခါတော့ ကိုထွေးတင်မက ဉာဏကိုပါ



www.burmeseclassic.com

www.burmeseclassic.com



အဖော်ခေါ်ချင်နေသည်။ ဉာဏလည်း ကျောင်းပိတ်ရက် အားနေ၍ ခေါ်သွားချင်တာ ဖြစ်ပါသည်။

"မင်းတို့ တစ်ဖွဲ့ကြီး သွားကြမှာ လူပိုပါလာတော့ ပြောစရာ မဖြစ်ဘူးလား"

"လူပိုတစ်ယောက် ခေါ်ခွင့်ရှိတယ်"

"ဒီတော့ ကိုထွေး ပါပြီးနေပြီ။ ငါက ဘာလိုတော့မှာလဲ"

"မင်း ငါ့ကို ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ ငါ့သူငယ်ချင်းအဖြစ် အဖော်လိုက်စေချင်တာပါ၊ မင်းအတွက် ငါက စရိတ်ခံပြီး ခေါ်မှာပါ၊ ပြီးတော့ ငါက ငါ့အိမ်ကကားနဲ့ PRADO နဲ့ပဲ သွားမှာလေ။ ကိုထွေး မောင်း၊ ငါက ဘေးကလိုက်စီးရုံပဲ၊ မင်း လိုက်လာလို့ ဘာမှပြဿနာမရှိဘူး၊ မင်းအတွက် ဟိုတယ်စရိတ်၊ စားသောက်စရိတ် ငါပဲအကုန်ခံမယ်"

"ဟော့ကောင် ... ငါကစရိတ်စက တွက်နေလို့ မဟုတ်ဘူး။ မလိုက်ချင်လို့ ပြောနေတာကွ"

"လုပ်ပြီ မင်းက"

ဉာဏ၏ ဘုကန့်လန့် ပုံစံကြီးကို မိုးအိမ်ခန့် ချဉ်တူးသွားပြီး မျက်နှာကြီး ပုပ်ထားပါသည်။ တကယ်တော့ ဉာဏ





ဝါသနာကိုမပါ။ ခရီးသွားရတာ ဝါသနာမပါတာမျိုး မဟုတ်။ Beach သွားရတာကို မကြိုက်တာ။ ဝါသနာမပါတာပင်။ ဒါကြောင့် ဒီလောက်နာမည်ကြီးသည့် ချောင်းသာကို သူ တစ်ခါမှ မရောက်ဖူးသေးပါ။

"Beach သွားရတာကို ဝါသနာမပါလို့ကွာ"

"မင်းက လူပုံလည်း ပုံတုံး၊ စိတ်လည်း ပုံတုံး လုပ်နေပြန်ပြီ။ ဘာလဲ ... အဘိုးကြီးအိုလေး စတိုင်လ်နဲ့ ဘုရားဖူးသွားဖို့ပဲ ဝါသနာပါတယ်ပေါ့၊ အဲဒီလိုလား"

"အေး ... ဟုတ်တယ်၊ ဘုရားတွေဟာ သူ့သမိုင်းနဲ့သူရှိတယ်၊ ပုဂံဘုရားပဲဖူးဖူး၊ မြစ်ဝကျွန်းပေါ်က ဘုရားပဲဖူးဖူး၊ အဲဒီဘုရားကို တည်ခဲ့တဲ့ သမိုင်းတွေက တကယ်ရှိခဲ့တယ်၊ တကယ်စိတ်ဝင်စားဖို့ ကောင်းတယ်၊ ကုသိုလ်လည်းရတယ်၊ ဗဟုသုတလည်း ရတယ်၊ ဒါကြောင့် ငါသွားတယ်၊ Beach သွားတာကျတော့၊ အင်း ... ဘယ်လိုပြောရမလဲ၊ ငါ စိတ်ကိုမပါဘူး။ စိတ်လည်း မဝင်စားဘူး"

"စိတ်ဝင်စားစား မဝင်စားစား ဒီတစ်ခါတော့ လိုက်ကွာ"

"ဘယ်နှရက်လဲ"

"သုံးရက် ရိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သုံးရက်တောင်"

"အဲဒီလောက်မှ အချိန်မယူရင် ငါက နှစ်ပုဒ်စာ ဘယ်
လုပ် ရိုက်လို့ပြီးမလဲ"

"အသွားတစ်ရက် အပြန်တစ်ရက်နဲ့ ပေါင်းရင် ငါး
တောင်ကွ"

"မင်းကလည်းကွာ၊ ငါးရက်ဖြစ်လည်း ဘာဖြစ်လဲ၊
စာကျက်ချင်ရင် စာအုပ်တွေ သယ်လာပြီးကျက်။ ငါ
လည်း နည်းနည်းပါးပါး ဖတ်ပြ ဘယ်လောက်ကောင်း
ငါလည်း စာကျက်ရင်း အလုပ်ပါ လုပ်ဖြစ်သွားတာ
မင်းပဲ ငါ့ကို 2nd term မှာ အကုန်အောင်တာ မြင်ချင်တ
ဆို"

"သေချာလား၊ မင်း ကတိပေးလား။ အကုန်အောင်အော
ဖြေမယ်၊ ခုထဲက ပြန်ကျက်ထားမယ်လို့ ကတိပေးမလာ"

"ပေးတယ်"

"အေး ... မင်း ကတိပေးတဲ့အတွက် မင်းကို ငါခုထဲ
စာကြိုကျက်ပေးထားဖို့ မင်းနဲ့လိုက်ခဲ့မယ်၊ ငါ့ကိုခေါ်
အတွက် မင်း အေးအေးနေရမယ် မထင်နဲ့၊ ညဘက် 
မှလုပ်စရာမရှိလို့ နားရင် စာတစ်ပုဒ်ရအောင် ကျက်ဖို့ပြ





ဉာဏက ဆရာကြီးလေသံဖြင့် ဆုံးဖြတ်လျှင် မိုးအိမ်
နေ့မှာ လျှာထုတ်ပြီး ခေါင်းပုပြမိသည်။ မလွယ်ပါလား။ ဒီကောင်
က တစ်ချိန်လုံး ခေါင်းထဲ စာပဲထည့်နေတဲ့ တစာ,စာကောင်ပါ
လား။ Beach သွားပြီး VCD ရိုက်ရင်း အနားယူရမလား
အောက်မေ့ပါတယ်။ ညကျစာကျက်ရမတဲ့။ ဟုတ်ကဲ့ပါ အဖေ။
ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် လိုက်နာပါ့မယ်။ မိုးအိမ်ခနဲ့သည်
ဉာဏ နောက်ဆုံးတော့ သူနဲ့ပါလာတော့မည်ဆိုတာ သိရ၍ ခပ်
မြူးမြူးလေး စိတ်ထဲမှာ ပြောနေမိသည်။

"မင်း ငါ့အတွက် စရိတ်မခံပါနဲ့၊ ငါ့ဘာသာ ငါ့ကုန်ကျ
စရိတ်ပေးမှာပါ။ ငါ မင်းကားနဲ့လိုက်ပြီပဲ၊ မင်း ငါ့ကို
ခရီးသွားခ အကုန်ခံပြီးတဲ့ သဘောပေါ့"

"ဉာဏရာ ... မင်းနဲ့ ငါ့ကြားမှာ အဲဒါမျိုးတွေ ပြောရမဲ့
အနေအထား ရှိလို့လား။ ငွေရေးကြေးရေးကို စကားလုပ်
ပြောမနေပါနဲ့ကွာ"

"စကားလုပ်ပြောတာ ဟုတ်ပါဘူး။ ငါက မင်းဘာသာ
ရှာထားတဲ့ ပိုက်ဆံကို စည်းနဲ့ကမ်းနဲ့ သိမ်းဆည်းစေချင်
လို့၊ အလကားနေရင်း မလိုအပ်တာတွေမှာ လျှောက်မဖြုန်း
ဖို့ ပြောတာမျိုးပါ"

www.burmeseclassic.com



ဘယ်လိုပင်ဖြစ်ဖြစ်။ နောက်ဆုံးတော့ ချောင်းသာ ခရီးကို ဉာဏ တစ်ယောက် Luggage အလတ်စားတစ်လုံး ကျောင်းစာအုပ်များ Notes များ ထည့်ထားရာ ကျောပိုးအိတ်တစ် လုံးတို့ဖြင့် မိုးအိမ်ခန့်နဲ့အတူ ပါလာခဲ့ရပါပြီ။

မနက်ခုနစ်နာရီကျမှ အေးအေးဆေးဆေး ထွက်လာ ပြီး ဉာဏကို ဝင်ခေါ်သည်။ ဉာဏတို့ တစ်အိမ်လုံးကတော့ ထူးထူးဆန်းဆန်း Beach မသွားစဖူး သွားမည့် ဉာဏ သဘောတွေကျလျက် လက်ပြနှုတ်ဆက် ကျန်ရစ်ပါသည်။ ဉာဏ အဖေကဆို ...

"ကောင်းတယ်ကွ၊ လူငယ်ပီပီ ဒီလို စိတ်လွတ်ကိုယ်လွတ် လေးတွေ ပျော်တတ်ဖို့ လိုတယ်၊ ငါ့သားကို အိမ်ခန့်ပဲ ရအောင်ပြောပြီး ခေါ်သွားနိုင်တာ ဝမ်းသာတယ်ကွာ"

လို့ တပြောပြော တဟားဟားရယ်ရင်း ကျန်ခဲ့သည်။

မိုးအိမ်ခန့်ရဲ့ Bodyguard လိုမျိုး ဖြစ်နေသော ကိုထွေးက ကားမောင်းပါသည်။ မိုးအိမ်ခန့်ကတော့ ဉာဏနှင့် နောက်ခန်းမှာ အတူလာထိုင်ပြီး ဖိမ်ကျကျ ငိုက်မျဉ်းပါလာသည်။ ဉာဏကတော့ ညက တမင်ပဲ ခပ်စောစော အိပ်ရာဝင်သဖြင့် မနက်ခြောက်နာရီမှာ နိုးတော့ အိပ်ရေးက ဝနေပြီ ဖြစ်သဖြင့်





လမ်းဘေးရှုခင်းကို ငြိမ်ကြည့်၍ ပါလာခဲ့ပါသည်။ အိမ်ခန့်က တော့ ဉာဏ ကားပေါ် ရောက်ရောက်ချင်းပဲ ...

"ဆောရီးကွာ၊ ငါ မင်းကို စကားမပြောနိုင်ဘူး၊ အခုမှ ပြန်အိပ်လိုက်ဦးမယ်၊ ညက သီချင်းတစ်ပုဒ် ထိုင်ရေးမိတာ ညဉ့်နက်သွားလို့ အိပ်ရေးမဝဘူးကွာ"

လို့ ပြောပြီး ကားက မြို့ပြင်ရောက်ပင်မရောက် သေး။ ပြန်ပြီး ခွေခေါက်အိပ်ပျော်သွားပါသည်။ ဉာဏလည်း အပြစ်တင် ဆူပူမနေတော့ဘဲ ဒီကောင် အိပ်ရင်အိပ်ပါစေ ဆိုပြီး အလိုက်တသိ ဘေးမှာငြိမ်ငြိမ်ထိုင် လိုက်လာခဲ့ပါသည်။

တစ်ချက် တစ်ချက်ကျမှ သူ သိလိုသည်များကို ကားမောင်းနေသော ကိုထွေးကို လှမ်းလှမ်းမေးဖြစ်ပါသည်။

"ဒီခရီးနဲ့ဆို မိုးအိမ်ခန့်က သုံးခေါက်ရှိပြီ ဉာဏရ။ အလုပ်ကိစ္စနဲ့ လာတာကို ပြောတာ၊ အရင်က သူ့မိဘတွေ နဲ့ နှစ်ခေါက်လား ရောက်ထားပြီးပြီ ပြောတယ်၊ သူ့အတွက် က ဒီလမ်းကို သွားရတာ မထူးဆန်းတော့ဘူး၊ ဒါကြောင့် အိပ်လိုက်လာတာ"

"ကျွန်တော်ကတော့ ဒီရန်ကုန်–ညောင်တုန်းလမ်းကို ရောက် ဖူးပါတယ်၊ ဖလွန်ပြည်တော်ပြန်ဘုရားဖူးဖို့ လာတော့



www.burmeseclassic.com

www.burmeseclassic.com



ရောက်တယ်လေ၊ ဒီဘက် ပုသိမ် ချောင်းသာခရီးသာ
တစ်ခါမှ မရောက်ဘူးတာ"

"မင်း Beach ကို တစ်ခါမှ မရောက်ဖူးလို့ပါ၊ ရောက်ဖူး
သွားရင် ကြိုက်သွားမှာကွ။ ပင်လယ်ကို မြင်ရတဲ့အရသာ
ပင်လယ်ရေထဲ ဆင်းရတဲ့ အရသာဟာ ဘာနဲ့မှ မတူဘူး"

ဒီလိုစကားတပြောပြောလုပ်လိုက်၊ လမ်းဘေးမြင်
ကွင်းတွေငေးလိုက် လုပ်လာရင်းနဲ့ပဲ ချောင်းသာကို ရောက်လာ
ခဲ့ရသည်။ တည်းရမဲ့ ဟိုတယ် Max ရောက်တော့ မိုးအိမ်ခန့်
အတွက်က တစ်ခန်းစီစဉ်ပေးထားပြီးပြီမို့ အဆင်သင့်ပင်။ ဉာဏ
အတွက်သာ ခုမှ အခန်းယူရသည်ဖြစ်ရာ အဲဒီကျမှ ပြဿနာက
စပါသည်။ ပိတ်ရက်လည်း ဖြစ်တာမို့ အခန်းကောင်းတွေက
အကုန်လုံး ပြည့်နေပြီ။ VCD ရိုက်ကူးရေး အဖွဲ့ကတင် တော်
တော်များများ ယူလိုက်ပြီမို့ အခန်းကောင်းတွေက လုံးလုံးမရှိ
တော့။

မိုးအိမ်ခန့် တစ်ယောက် ဉာဏအတွက် အကြီး
အကျယ် စိတ်မကောင်း ဖြစ်ရပြီး ဟိုတယ်မန်နေဂျာကို မရမက
အခန်းတောင်းနေသဖြင့် နောက်ဆုံး ဉာဏဘာသာ စိတ်ကူးရသွား
ပြီး ...





"ဟော့ကောင် ... အိမ်ခန့်။ မရတာကို ပြဿနာလုပ်ပြီး
တောင်းမနေနဲ့။ သူတို့ပြောသလိုပဲ Booking ယူထားတဲ့
သူကို ပိုဦးစားပေးရမှာလည်း ရှိတယ်လေ၊ ဒီတော့ ငါ့
အတွက် ဂရုစိုက်မနေပါနဲ့ကွာ၊ ငါ ဟိုဘက်က Lai Lai
ဆိုတဲ့ ဘေးချင်းကပ် ဟိုတယ်မှာ အခန်းသွားစုံစမ်းလိုက်
မယ်၊ အဲဒီမှာလည်း အခန်းကောင်း မရှိဘူးဆိုရင် ကိစ္စမရှိ
ပါဘူးကွာ၊ ဘယ်လိုအခန်းပဲ နေရနေရ အိပ်ရာနဲ့ ခုတင်
ရှိမယ်၊ ရေချိုးခန်း အိမ်သာ ရှိမယ်ဆိုရင် ငါနေလို့ရပါ
တယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ငါက မင်းနဲ့အတူတူ ရှိချင်
တာ"

"မင်းက အလုပ်နဲ့ လာတဲ့လူကွ၊ မင်း ကောင်းကောင်းနေ
ရဖို့ အရေးကြီးတယ်"

"တကယ်လို့ မင်း Lai Lai မှာ အခန်းကောင်းရရင် ငါပါ
လိုက်ပြောင်းမယ်"

"ဟော့ကောင် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ မင်းနဲ့ငါ တစ်နေရာဆီဆို ညကျ ဘယ်လို
လုပ် စာကျက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဒါလည်း ဟုတ်တာပဲ"

ဉာဏက ဘာကိုမဆို အိမ်ခန့် စာကျက်ရဖို့ ခေါင်းထဲ တွက်လေရာ အိမ်ခန့် ဒါကို စကားထဲ ထည့်ပြော လိုက်တာနဲ့ သူက အိမ်ခန့် ပြောတာပဲ လက်ခံလိုက်ဖို့ အသင့် ဖြစ်နေလေပြီ။ ဒါနဲ့ပဲ သူတို့ Lai Lai ဟိုတယ်ဘက် ထွက်ခဲ့ကြ သည်။ အဲဒီဘက်မှာတော့ အခန်းကောင်းတွေက ကျန်သေးသဖြင့် သူတို့ အခန်းရပါသည်။ နှစ်ယောက်စလုံး ကိုယ့်အခန်းနဲ့ကိုယ် လွတ်လွတ်လပ်လပ် နေလိုသူများဖြစ်၍ သုံးယောက်စာခန်းများကို ပင် တစ်ဦးတည်းအတွက် သီးသန့်ငှားပြီး နှစ်ခန်းဆက်တိုက်ယူ ပါသည်။ အခန်းကျယ်ကြီးမှာ တီဗီ၊ ရေခဲသေတ္တာ၊ ဆက်တီနှင့် စားပွဲနှင့်၊ ထမင်းစားကုလားထိုင်နှင့်၊ မှန်တင်ခုံနှင့် ရေချိုးခန်း ကျယ်နှင့် အိမ်သာပါသည်။ အဝတ်ဗီရို ပါသည်။ နှစ်ယောက်အိပ် ခုတင်တစ်လုံး တစ်ယောက်အိပ်ခုတင် တစ်လုံးလည်း ရှိပါသည်။ တကယ်တော့ သာမန်လူတွေဆို ဒီလိုအခန်းမျိုး သုံးယောက်စုပြီး နေမှာပေမဲ့ ဉာဏကလည်း လွတ်လွတ်လပ်လပ် နေချင်သူ၊ မိုးအိမ်ခန့်ကလည်း သူ့မှာပါလာသော Luggage ကပင် နှစ်လုံးနဲ့ ဂစ်တာနဲ့ ပစ္စည်းက မနည်းမနော ဖြစ်နေရာ အခန်းကျယ်ကြီးကို တစ်ယောက်တည်းယူမှသာ အဆင်ပြေပါမည်။ နောက်မို့ သူ့ ပစ္စည်းတွေနဲ့ ပြည့်နှက်ကျပ်တောက်နေတော့မည်။





"စာကျက်တော့ မင်း ငါ့အခန်းဘက် ကူးလာပြီး ကျက် ပေါ့ကွာ။ မင်း အိပ်ချင်မှ ပြန်အိပ်"

ဉာဏက စာကျက်ဖို့ကိစ္စ မမေ့မလျော့ ပြောနေသေး ၏ မိုးအိမ်ခန့်မှာ အီလည်လည် ရယ်ကျဲကျဲ လုပ်နေမိသည်။ သူက စာကိစ္စကို ခေါင်းထဲမှာ ထည့်မှမထည့်ထားချင်တာ။ ကျောင်းဖွင့်ရင်လည်း သူ စာမှန်မှန် ကျက်ဖြစ်မှာ မဟုတ်ပေမဲ့ ကျောင်းသားပီပီ ကျောင်းပိတ်ရက်ပဲဟူသော စိတ်ဖြင့် စာမကျက် ဘဲ လေချင်နေပြန်သည်။

ဒီတစ်ရက်ကတော့ ရောက်ရောက်ချင်းရက်မို့ VCD ိုက်ကွင်းလည်း မရှိသေးရာ နေ့လယ် တစ်ရေးတစ်မော အိပ်ကြ ပြီး ညနေကျတော့ ရေထဲဆင်းဖို့ ဉာဏကို အတင်းသွားခေါ်ရ ပြန်သည်။

"ဟေ့ကောင် လာပါကွာ၊ အခန်းအောင်းမနေပါနဲ့၊ ရေကူး ရအောင်"

"နောက်နေ့တွေမှ ကူးမယ်ကွာ"

"နောက်နေ့ ငါမအားဘူးလေ၊ မင်းနဲ့ငါ ဘယ်လိုလုပ်ဆုံ ပြီး ရေကူးတော့မလဲ၊ လာပါ ... ရေကူးပြိုင်ရအောင်"

"ဒါ ရေကူးကန် မဟုတ်ဘူး၊ သတိထားကွ၊ ပင်လယ်ရေ ထဲမှာ ရေကူးပြိုင်ဖို့ မသင့်ဘူး၊ အန္တရာယ်များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ဆရာရယ်၊ ရေကူးတော့ မပြိုင်ပါဘူး။ ရေအတူတူ ကူးရအောင်ပါ၊ ငယ်ငယ်က မင်းနဲ့ငါ ရေကူးအတူတူသင်ပြီး ကျောင်းပိတ်ရက်တိုင်း ရေကူးကန်မှာ ရေသွားကူးတာကို သတိရလို့ပါကွာ"

"မင်းက VCD ရိုက်ရမဲ့ကောင်၊ ရေကူးရင် အသားအရေပျက်စီးမှာပေါ့၊ ဖြစ်ပါ့မလား"

"အသားမည်းနေရင် ကင်မရာတောင် ပိုစားသေးတယ် ဟား ဟား။ ဟာ ... ဟ၊ ဒါ ဘာပုံလဲ၊ ဘယ်လိုဝတ်တာလဲ"

စကားပြောရင်း ရယ်ရင်း မိုးအိမ်ခန့်သည် ရေသွားကူးဖို့ ဝတ်စားပြင်ဆင်နေသော ဉာဏ၏ အပြင်အဆင်ကို အံ့သြပြီး ကြောင်ကြည့်ရင်း ဆက်မေးမိပါသည်။

မိုးအိမ်ခန့်ကတော့ အပေါ်က တီရှပ်လက်ပြတ်ဝတ်ပြီး ရေကူးဘောင်းဘီပွပွကြီးနဲ့ပေမဲ့ ဉာဏကား အင်မတန်မှ ခန့်ခန့်နိုင်စွာ အပေါ်အင်္ကျီရှပ်လက်ရှည် ကော်လာကတုံးနှင့် အောက်ကတော့ ရေကူးဘောင်းဘီကို ဝတ်ဆင်ထား၍ပင်။ ရှပ်အင်္ကျီလက်တိုဆိုလည်း ထားပါတော့။ အပြောက်အကျားလေးတွေ ပါရင်လည်း ပိုတောင်ကောင်းမည်။





ခုတော့ ကြည့်ပါဦး။ လည်ကတုံးရှပ်ဖြူလက်ရှည်ကြီး ကြယ်သီးတပ်ဝတ်လျက် အောက်က ရေကူးဘောင်းဘီပွနှင့် ဖြစ်နေသည်မှာ ဘယ်လိုထော်လော်ကန့်လန့် နိုင်မှန်းမသိ။ ဘယ်လိုခန့်ခန့် နိုင်မှန်းမသိ လူမြင်ရင် ရယ်ချင်စရာကြီး ဖြစ်နေသည်။

"ဉာဏ ... မင်းမှာ တီရှပ်ဖြစ်ဖြစ် မရှိဘူးလား"

"မရှိဘူး။ ငါ ဘယ်တုန်းကမှ တီရှပ် မဝတ်ဖူးဘူးလေ"

"ဒါဖြင့် ငါ့ဆီက ယူဝတ်ကွာ"

"မင်းက ဘာဖြစ်နေတာလဲ"

"မင်းပုံစံကိုက ဖြစ်ပျက်နေတာ၊ လည်ကတုံးရှပ်အဖြူလက်ရှည်ကြီးနဲ့ ဘောင်းဘီတိုနဲ့ကွ၊ ရယ်စရာကြီး"

"ဒီနေ့ ခရီးသွားတုန်း ဝတ်လာတဲ့ ရှပ်ကွာ၊ တစ်ခါတည်း လျှော်ရမဲ့အတူတူ လဲမနေတော့ဘူး၊ ရေကူးတုန်း ဝတ်ပြီး, ပြီးမှ လျှော်မှာမို့ ဝတ်လိုက်တာပါကွာ၊ ဘာပြဿနာမှ မရှိဘူး၊ ငါ့ဘာသာဝတ်တာ ဘာဖြစ်လဲ"

"အင်္ကျီချွေတာရေးကြီး"

"ချွေတာ,တာလည်း မဟုတ်ပါဘူး၊ လျှော်ရမဲ့အင်္ကျီကို အသုံးပြုတာပဲ ဘာဖြစ်လဲ၊ အေးနော် ... မင်း ကျီကျီ လုပ်နေရင် ငါ ရေလိုက်မကူးတော့ဘူး၊ အစတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကူးချင်သေးတာ မဟုတ်ဘူး။ နေ့ခင်းအိပ်ပြီး စာလေး ဘာလေးဖတ်ပြီး အနားယူမလို့ဟာ။ မင်း လာခေါ်လို့"

နောက်ဆုံးတော့ မိုးအိမ်ခန့်ပဲ ဉာဏကို လက်မြှောက်အရှုံးပေးလိုက်ကာ ဉာဏ ပုံစံ ဒီပုံကြီးနဲ့ပင် ရေထဲဆင်းဖို့သဘောတူလိုက်ရတော့လေသည်။

လူ့ကန့်လန့်၊ လူ့ခွစာ သူ့သူငယ်ချင်းကြီး သူနဲ့အတူတူ စိတ်ပါလက်ပါ ရေလိုက်ကူးနေတာကိုပဲ ကြံဖန်ပြီး ပျော်လိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် ရေထဲရောက်တော့လည်း လူတွေအားလုံး ကိုယ့်အပျော်နဲ့ကိုယ်မို့ ဘယ်သူဘာဝတ်တယ်ပင် သတိမထားမိကြပါ။ ဉာဏရဲ့ အူတိအူကြောင်ပုံကိုလည်း ဘယ်သူမှ ဂရုမစိုက်ကြပါ။

ဉာဏလည်း လူငယ်တစ်ယောက်ပီပီ ပင်လယ်နဲ့ထိတွေ့ရသောအခါ ရင်ထဲမှာ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်လာခဲ့တော့လေသည်။ ရေကူးကန်မှာ ကူးရသော အရသာနှင့် ပင်လယ်ရေထဲမှာ ကူးရသော အရသာ၏ ကွာခြားချက်ကို ခံစားလိုက်ရသည့်အခါ ရေထဲကပင် မတက်ချင်လောက်အောင် ခံစားပျော်ရွှင်လာပါသည်။





## ၆

"ဟယ် ... ဟယ် ... ဟယ် ... ဟိုမှာ ... ဟိုမှာ ... ဝတ်ဆံ၊ ဟိုမှာ ... နင့်ရဲ့အချစ်တုံးကြီး တွေ့ပြီ"

"ဘယ်သူလဲ"

"ဟိုမှာလေဟယ်၊ ဘယ်သူ ... သူ့နာမည်၊ ငါ လျှာဖျားတင် မေ့သွားပြီ၊ ဉာဏ်နီလား ဘာလား"

"ဉာဏ ပါဟယ်၊ နီလာမတို့ကတော့ ပြောချလိုက်ပြန်ပြီ"

မိန်းကလေးအုပ်စုကြီးရဲ့ အာရုံဟာ VCD ရိုက်နေသော အဆိုတော် မိုးအိမ်ခန့်ရဲ့ သရုပ်ဆောင်မှုဆီမှာ ရှိမနေတော့ဘဲ ကမ်းခြေတစ်လျှောက် တစ်ယောက်တည်း အေးအေးလူလူ လမ်းလျှောက်နေသော ဉာဏထံ ရောက်ကုန်ကြပါသည်။ ဉာဏ



www.burmeseclassic.com

www.burmeseclassic.com



ကား တွေ့နေမြင်နေကျပုံစံ၊ မြင်နေကျ ဝတ်စားဆင်ယင်ပုံမျိုး နှင့် တကယ့်ကို သမာဓိကြီးနဲ့ ပင်လယ်ကိုကြည့်လိုက်၊ သဲသောင် ပြင်မှာ ခြေလှမ်း လှမ်းလိုက်။

သူ့ပုံစံက အပန်းဖြေခရီး ထွက်လာသူနှင့် မတူဘဲ ကျောင်းဆရာကြီးတစ်ယောက် တပည့်ပျောက်လို့ လိုက်ရှာနေပုံ နှင့်ပဲ တူသလား။ ဒါမှမဟုတ် ပင်လယ်ပြင်ထဲက ဘယ်လိုဒဿန တွေ ရနိုင်မလဲဆိုပြီး လာအကဲခတ်နေပုံနှင့်ပဲ တူသလား၊ ဘယ်လို ပုံစံနှင့်ပင် ခိုင်းနှိုင်းရမှန်း မသိဘဲ ဘာပုံပေါက်နေမှန်းကို မသိ။

ဝတ်နေကျအတိုင်း ရှပ်အဖြူပေမဲ့ ဒီတစ်ခါတော့ အပေါ်က ကွမ်းရိုးစင်းလေးတွေပါသော ရှပ်လက်ရှည်ကို လက် ကြယ်သီးတပ်အပြည့်ဝတ်လျက် ပုဆိုးက နက်မှောင်နေသည်။ သဲသောင်ပြင်မှာ လမ်းလျှောက်သဖြင့် သားရေဖိနပ်ကိုတော့ ဝတ်ထားပါသည်။ လက်ပိုက်ရပ်ကြည့်လိုက်၊ လက်နောက်ပစ် လျှောက်လိုက်၊ တစ်ခါတစ်ရံ VCD ရိုက်နေသော မိုးအိမ်ခန့်ဆီ တစ်ချက်လှမ်းကြည့်လိုက်။ အင်း ... တွေ့ပဲ တွေ့တတ်ပါပေတယ် ဉာဏရယ်။

"ဟဲ့ ... ဝတ်ဆံ၊ မျက်တောင်လေး ဘာလေး ခတ်ပါဦး တကတဲမှာပဲ"





"အချစ်တုံးကြီးကို တွေ့လိုက်ရတော့ အသက်ရှုရပ်သွား တာပါဟယ်၊ သိပ်ချစ်လွန်းလို့ မထင်နဲ့၊ မုန်းလွန်းလို့ အချစ်တွေ တုံးသွားတာမို့ အချစ်တုံးလို့ ခေါ်တာ"

"နင်ပဲ အစကတော့ မိုးအိမ်ခန့်ဆို"

"သူ့ကိုငါ လူကိုကြိုက်တယ် မပြောပါဘူး။ သူ့သီချင်း တွေကို ကြိုက်တာပါ"

"ဒါဖြင့် ဉာဏကိုပဲ ကြိုက်တာပေါ့"

"ဟယ် ... ဘယ်လိုဖြစ်နေတာလဲ ဟန်နီခင်ရယ်၊ ဉာဏ ကိုလည်း ငါ မုန်းလွန်းလှပါပြီ အော်နေပါတယ်"

"နင့်ပုံစံက မုန်းတဲ့ပုံ မပေါက်ဘဲ သူစိတ်ဆိုးပြီး ဆူငေါက် တာကိုပဲ မြင်ချင်လို့ လိုက်စနေတဲ့ပုံ ဖြစ်နေလို့"

သူငယ်ချင်း ပြောတာ ဟုတ်၊မဟုတ်တော့ မသိပေ မဲ့ ဝတ်ဆံညိုသည် မျှော်လင့်မထားသော နေရာမှာ သူ့ကိုတွေ့ လိုက်ရလျှင် ရင်ထဲမှာ ဒိန်းခနဲပင် အသံမြည်ပြီး ကျေနပ်ပီတိ ဖြစ်သွားတာတော့ မငြင်းချင်။ သူ့ရဲ့မျက်မှောင်ကြုတ်ကြုတ်ကြီးကို မြင်ချင်သည်။ ပီဘလေးနဲ့ ဘေးပစ်သလို ပြောတာကို ကြားချင် သည်။ ကိုယ့်ကို တစ်စက်မှ အကောင်းမပြော အကောင်းမမြင် ကဲ့ရဲ့အထင်သေးနေသော သူ့မျက်နှာ အမူအရာကိုပဲ ဒေါသဖြစ်

www.burmeseclassic.com



ဖြစ်နှင့် ကြည့်နေချင်သည်။ သူဟာ ဝတ်ဆံညိုကို လုံးဝအရေး မထားသော၊ လုံးဝ အထင်မကြီးသော၊ လုံးဝ ဂရုမစိုက်သော ယောကျ်ားလေးတစ်ယောက်လည်း ဖြစ်၍ ကိုယ့်ကို ဂရုတစိုက် ရှိလာစေချင်နေသည်။ သူ့လိုပုံတုံးတုံးကြီးကိုပဲ ကိုယ့်ရှေ့မှာ ဒူး ထောက်ခ,စားလာတာ မြင်ချင်သည်။

ဝတ်ဆံညိုသည် သူ့ဆီသွားလိုက်ဖို့ ဆုံးဖြတ်လို့ ရသွားပြီးလျှင် ...

"ငါ သူ့နား သွားကလိလိုက်ဦးမယ်"

ပြောပြီး သူငယ်ချင်းတွေနားက လှစ်ခနဲ။

"ဝတ်ဆံညိုလားဟင်"

ခြေလှမ်းတွေ သုံး,လေးလှမ်းပင် မပြည့်သေး။ နောက်ကျောဆီမှ ခေါ်လိုက်သံ တစ်သံက ဝတ်ဆံညိုရဲ့ ခြေလှမ်း တွေကို ဟန့်တားလိုက်သလိုပင်။

"ရှင် ... ဟုတ်ကဲ့"

"ကျွန်တော် မှတ်မိပါတယ်"

မိုးအိမ်ခန့်သည် ရိုက်ကွင်းနားနားချင်းပင် သူအစ တည်းက ကြိုပြီးမြင်ထားသော ဝတ်ဆံညိုထံ ခပ်သွက်သွက် လျှောက်သွားလိုက်မိသည်။ ဒါပေမဲ့ ဝတ်ဆံညိုက သူ ထင်ထား





ို မူလနေရာမှာ ရပ်မနေဘဲ သူမရဲ့သူငယ်ချင်းအုပ်စုကို းခဲ့ပြီး တစ်နေရာကို လှစ်ခနဲ ထွက်သွားတော့မလို ခြေလှမ်း လိုက်တာမို့ သူ နှုတ်က အသံထွက်ပြီး လှမ်းခေါ်လိုက်ရတော့ သည်။ မိုးအိမ်ခန့်ကို ဝေ့နေကြသော ပရိသတ်ကတော့ ဒီ ဖြစ်အပျက်ကို ငေးမောနေကြဆဲတည်း။

"ကိုမိုးအိမ်ခန့် VCD လာရိုက်တာနော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ စုပေါင်းခွေတစ်ခွေလုံး ဒီမှာပဲ ရိုက်မှာပါ။ ကျွန်တော့်သီချင်းက နှစ်ပုဒ်ပါလို့ နှစ် ပုဒ် ရိုက်ရမယ်"

"ဪ ... ဟိုတလောကထွက်တဲ့ 'သီချင်းတွေရဲ့သီချင်း' ဆိုတဲ့ အဆိုတော်ငါးယောက်ပါတဲ့ အခွေအတွက်လား"

"ဝတ်ဆံညို သိသားပဲ"

"ဝတ်ဆံက ကိုမိုးအိမ်ခန့်ရဲ့ ပရိသတ်လေ၊ ဘာတွေပဲထွက် ထွက် ဝယ်ပါတယ်၊ နားထောင်ပါတယ်"

"ခုလို ကြားရတာ ကျေးဇူးတင်ပါတယ်ဗျာ"

မိန်းကလေးပရိသတ်ကတော့ ဝတ်ဆံညိုကို အားကျ တ်နဲ့ ကြည့်ကြသည်။ ပို့ုတိုင်းကြိုက်တဲ့ နှင်းဆီနိုင် ဆေးကျောင်း သား၊ ဥစ္စာပေါ ရုပ်ချော အဆိုတော်လေးရဲ့ အရေးပေးမှုကို ခံရ

www.burmeseclassic.com



သော မိန်းကလေးတစ်ဦးအဖြစ် မိန်းကလေးချင်းပင် မနာလို အားကျစွာ ငေးမောကြရသည်။

သို့ပေမဲ့ ကာယကံရှင်ဖြစ်သော ဝတ်ဆံညိုမှာ အဖြစ်အပျက်ကို မသာယာ၊ မယစ်မူး၊ မကြည်နူးနိုင်ပါဘဲ သူ ရဲ့မြင်ကွင်းမှ ပျောက်သွားတော့မဲ့ ဉာဏကိုသာ အာရုံတရစ် ဖြစ်နေသည်။ မိုးအိမ်ခန့် နားက မြန်မြန်သွားချင်လှပြီ။

ဟိုတယ်ရဲ့ ဘန်ဂလိုအိမ်လေးထဲကို ပြန်ဝင်သွား တော့မလို ပြင်နေသော ခြေလှမ်းတွေနဲ့ ဉာဏကို တွေ့ခွင့်ရလိုက် ချင်သည်။ သူ ဘယ်ဟိုတယ်မှာ တည်းသလဲ။ ဘယ်ဘန်ဂလိုမှာ ရှိလဲ။ သူ ဘာလာလုပ်တာလဲ။ မိသားစုနဲ့ လာတာလား။ မိုးအိမ် ခန့်နဲ့အတူတူ လာတာလား။ အို ... နေဦး။ သူ့ကို မမီလည်း သူ ဘယ်မှာတည်းတယ်။ ဘာလာလုပ်တယ် ဆိုတာတော့ မိုးအိမ်ခန့်ကို မေးရင် ရမယ်ထင်တယ်။ သူ ရောက်နေတာ မိုးအိမ်ခန့်လည်း သိမယ်ထင်တယ်။

ဝတ်ဆံညိုသည် ဉာဏ ချိုးကွေ့ဝင်သွားရာကို မသိမသာ ငဲ့ကြည့်ရင်း ...

"ကိုမိုးအိမ်ခန့် အခုလို VCD လာရိုက်ရတော့ အိမ်က အဖော်လိုက်လာရမှာပေါ့နော်"





ဟု မိန်းကလေးပီပီ ပရိယာယ်သုံးပြီး စုံစမ်းစုလိုက် ပါသည်။

မိုးအိမ်ခန့်သည် ချစ်စရာကောင်းမလေးကို ငေးနေ မိသည်။ သရီးကွာတားဘောင်းဘီ အနက်လေးနှင့် အနက်ရောင် ခါးတိုစပို့ရှပ် အောက်ခံမှာ အပေါ်က အနီရဲရဲ ချိုင်းပြတ်ဂဝ်စ ကုတ်လေး ထပ်ဝတ်ထားပြီး နားကွင်းကြီး တစ်ဖက်တစ်ဖက်ဟာ မိန်းမဝဝကြီးတစ်ယောက် ဝတ်ရသော လက်ကောက်လောက်ကြီး တဲ့ နားကွင်းလှလှနဲ့ ဘယ်လိုလှမှန်းမသိ တောက်ပစွာ လှနေသည့် ဝတ်ဆံညိုကို သူကိုယ်တိုင်လည်း စကားတွေ အများကြီး ပြော ချင်နေမိပြန်သည်။

သိပ်ထူးဆန်းတာပဲ။ ဒီမိန်းကလေးကို တစ်ခါပဲ သေသေချာချာ ဆုံဖူးပေမဲ့ သူ ဘာကြောင့်များ အမှတ်ရနေသလဲ။ ပြန်တွေ့ကြရတဲ့အခါ အရင့်အရင်တွေထဲက ခင်မင်ထားပြီးသား သူတစ်ယောက်လိုပဲ ဘာကြောင့် မိုးအိမ်ခန့် စိတ်ထဲမှာ ခံစားနေ ရသလဲ။

"အမြဲတမ်းတော့ ကျွန်တော့်ရဲ့ bodyguard လို ဖြစ်နေတဲ့ အမေ့ရဲ့တူနှစ်ဝမ်းကွဲလောက် တော်တဲ့ အစ်ကိုတစ်ယောက် ပေါ့၊ ကိုထွေးတဲ့ သူ့နာမည်က။ သူပဲ ဒိုင်ခံလိုက်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အမေလည်း ရန်ကုန်ရိုက်ကွင်းတွေ တော်တော်များများမှာ ပါတတ်ပါတယ်။ နယ်တွေကျ သိပ်မလိုက်ဖြစ်ပါဘူး"

"ဪ ... ဒါဖြင့် အခုရော ဘယ်သူပါလဲ"

"ကိုထွေး ပါတယ်၊ ဪ ... ကျွန်တော့်သူငယ်ချင်း တစ်ယောက်လည်း ပါပါတယ်"

သူ့သူငယ်ချင်း ဘယ်သူဆိုတာ ထည့်မပြောခြင်းမှာ အမှန်တော့ ဝတ်ဆံညိုဟာ ဉာဏကို အမြင်ကတ်ပြီး မုန်းတီးနေခဲ့သည်ဟုထင်၍ နာမည်ထည့်မပြောခြင်းပင်။ ဉာဏဘက်က ရိုင်းရိုင်းပျပျတွေ ပြောထား၊ ဆက်ဆံထား၍ ဝတ်ဆံညိုကို သူ အလိုလို အားနာနေမိတာလည်း ပါပါသည်။

"ကိုမိုးအိမ်ခန့် ဒီလို ခရီးထွက်ရတော့ ကျောင်းပျက်ရမှာပေါ့နော်"

"ကျောင်းလား ... ကျောင်းမပျက်ပါဘူး။ ကျောင်းတစ်ပတ်ပိတ်ထားတယ်လေ"

ဝတ်ဆံညို စိတ်ထဲမှာတော့ ဪ ... သူတို့ကျောင်း တစ်ပတ်ပိတ်ထားပါလား၊ ဒါကြောင့် ဉာဏဆိုတဲ့ လူရိုင်းကြီး Beach ကို ပါလာတာ ဖြစ်မယ်လို့ ဆက်၍တွေးလိုက်ပါသည်။





"ဒါနဲ့ ဝတ်ဆံညိုတို့က ဘယ်ကျောင်းကလဲ"

"ဒဂုံတက္ကသိုလ်မှာ Day တက်ပါတယ်၊ Physics နဲ့ပါ"

"ဝတ်ဆံညိုကို ကျွန်တော် တစ်နေရာရာမှာ မြင်ဖူးထားသလိုလိုပဲ ခံစားရတယ်။ ဘယ်တုန်းက မြင်ဖူးထားမှန်း မသေချာဘူး။ ဟို ... အော်တိုလာရေးခိုင်းတုန်းက မြင်ဖူးလို့မဟုတ်ဘူး၊ အဲဒီ မတိုင်ခင်ကတည်းကပဲ မြင်ဖူးသလိုပဲ"

"ဝတ်ဆံက စတိတ်ရှိုး အကြည့်များတယ်၊ ပြီးတော့ ဝါသနာအရ Miss ပြိုင်ပွဲတွေ ခဏခဏ ပြိုင်ဖူးတယ်"

"ဟုတ်လား၊ ဆုတွေ ချိတ်ပြီးပြီလား"

"ကိုယ့်ထက်လှတဲ့ သူတွေချည်းပဲဆိုတော့ ဆုအကြီးကြီးတော့ မရဖူးပါဘူး။ ဆုအသေးလေးတွေပေါ့၊ Miss Photogenic တို့ ဘာတို့ပေါ့၊ အဲဒါလောက်တော့ ရဖူးပါတယ်၊ ဒါလည်း အထင်မကြီးပါနဲ့။ ပွဲတိုင်း ဝင်ပြိုင်လွန်းလို့ အားနာပြီး အပေးခံရတာ ဖြစ်မှာပါ"

"ဒါတော့ မဖြစ်နိုင်ပါဘူး။ တကယ် ရသင့်တဲ့ ဆုတွေမို့ ရတာဖြစ်မှာပါ။ ဒါကြောင့်ထင်တယ်၊ ကျွန်တော့်စိတ်ထဲမှာ မြင်ဖူးသလိုပဲလို့ ထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားရပ်ပြောနေခြင်း မဟုတ်ဘဲ မရည်ရွယ်ပါဘဲ သဲသောင်ပြင်မှာ အတူတွဲလျှောက်ရင်း စကားတွေပြောဖြစ်လာတာ ဖြစ်ပါသည်။ တော်တော်လေး လျှောက်ပြီးတော့ ဝတ်ဆံညိုက သတိရပြီး ...

"သြော် ... ကိုမိုးအိမ်ခန့် ရိုက်တာ ပြီးရဲ့လား၊ ပြီးသွားပြီလား"

"ဒီနေ့အတွက်က ပြီးသွားပါပြီ"

"ဘယ်နရက် ရိုက်ရမှာလဲ"

"သုံးရက်ရိုက်ရမှာ ဒါဒုတိယနေ့ပါ၊ မနက်ဖြန် ရိုက်ပြီးရင် ပြီးပြီ၊ သန်ဘက်ခါကျ breakfast စားပြီးတာနဲ့ ပြန်မယ်၊ ဝတ်ဆံညိုတို့ကရော ဘယ်တုန်းက ရောက်လဲ"

"ဝတ်ဆံတို့က ဒီနေ့မနက်မှ ရောက်တာပါ၊ မနက်ဖြန်တစ်ရက်ပါနေပြီး သန်ဘက်ခါမှာပဲ ပြန်မှာပါ"

"ဒါဆို အပြန်လမ်း အတူတူပေါ့၊ ဘာနဲ့လာလဲ"

"သူငယ်ချင်းတွေထဲမှာ တစ်ယောက်က Travels & Tours ကုမ္ပဏီလုပ်တယ်၊ အဲဒါ သူ့ကုမ္ပဏီကကားကို ယူလာတယ် Lite Ace Van ကားပါ"

"တစ်အုပ်စုလုံးပေါ့"





"ကောင်လေးတွေ မပါဘူး။ သူတို့က ငပလီထိ သွားချင်ကြတယ်ဆိုပြီး သူတို့ဘာသာ သီးသန့်သွားကြလေရဲ့။ ဝတ်ဆံတို့ မိန်းကလေးတွေကသာ အဝေးကြီးမသွားချင်တာနဲ့ ဒီပဲ ထွက်လာတာပါ၊ ဒီကိုတော့ ခဏခဏ ရောက်တယ်"

"ဘယ်မှာတည်းလဲ"

"Lai Lai မှာ"

"ဟာ ... ကျွန်တော်တို့လည်း အဲဒီမှာပါပဲ၊ အခန်းနံပါတ် (...)မှာလေ"

"ဟုတ်လား ... ဒါဆို ဝတ်ဆံတို့နဲ့ မဝေးဘူးပဲ။ ဝတ်ဆံတို့က(...)မှာ"

မိုးအိမ်ခန့် ရင်ထဲလည်း ပျော်သွားသလို ဝတ်ဆံညို ရင်ထဲလည်း ပျော်သွားပါသည်။ သူတို့ ပျော်ရသော အကြောင်းရင်းခြင်းက တူချင်မှ တူမှာပေမဲ့ တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်နိုင်တာ မဟုတ်၍ နှစ်ယောက်စလုံး အပြုံးတွေ ဝေနေသော မျက်နှာကိုသာ အပြင်ပန်း မြင်နိုင်ပါလိမ့်မည်။

ဝတ်ဆံညိုရဲ့ သူငယ်ချင်းတွေကတော့ ဝတ်ဆံညို တစ်ယောက် ဦးတည်ချက် ပြောင်းသွားပြီး မိုးအိမ်ခန့်နှင့် တတွဲတွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေပြီဖြစ်သော အခြေအနေကို အချင်းချင်း လက်တို့ပြ
ပြီး မေးငေါ့ကုန်ကြတော့လေသည်။ သူတို့လည်း အခြေအနေ
သိချင်ပြီး မလှမ်းမကမ်းမှ လိုက်လျှောက်လာခဲ့ကြပါသည်။

သူတို့နေထိုင်ကြရာ ဘန်ဂလိုတွေဘက် ရောက်သော
အခါ ဘန်ဂလိုရှေ့ ဝရန်တာမှာ ချထားသော ပလတ်စတစ်ခုံ
မှာ ထိုင်နေသည့် ဉာဏာက လှမ်းကြည့်နေပါသည်။ သူ
မိုးအိမ်ခန့်နှင့် တွဲရက်ပါလာသူ ဝတ်ဆံညိုကို မြင်တော့ မြင်
ပေမဲ့ သူ့ပုံစံက တအံ့တဩ အထူးအဆန်း ဖြစ်မနေခဲ့ချေ။

"ဟော့ကောင် ဉာဏာ"

မိုးအိမ်ခန့်က ဉာဏာကို လက်ပြနှုတ်ဆက်လို
သည်။

သူ့ဘေးမှာ ဝတ်ဆံညို ပါနေပေမဲ့ ဉာဏာရဲ့ မျက်လုံး
တွေက မိုးအိမ်ခန့်ထံမှာသာ ရှိနေသည်။

"မင်းပါတဲ့ scene တွေ ပြီးခဲ့ပြီလား"

"အေး ... ပြီးပြီ"

"ဒါဆို မင်း ရေချိုးပြီး နားရင် ခဏနားလေ၊ ပြီးမှ dinne
သွားစားကြတာပေါ့"

"မင်း ဆာပြီလား"





"မဆာသေးပါဘူး၊ ခုနလေးတင် Lipton သုံးခွက်စာတစ်အိုး
မှာသောက်ထားတယ်"

"ငါလည်း မဆာသေးဘူးကွ၊ နေ့လယ်က ငါးကင်တွေ
စားတာ များသွားတယ်"

"ညကျ Pharmacology ဖတ်မယ်၊ Antibiotics အခန်းက
အရေးကြီးတော့ အဲဒါ ဖတ်မယ်နော်"

"အေးပါကွာ၊ အေးပါ ဖတ်ပါ့မယ်"

ဝတ်ဆံညိုသည် သူမကို လုံးဝအသိအမှတ်ပြုခြင်း
ကြည့်ခြင်းပင် မရှိသော ဉာဏာ၏ အမူအရာကို ရင်ထဲမှာ ကလိ
ကလိ ဖြစ်နေသည်။ မိုးအိမ်ခန့်မှာသာ အားနာပြီး ...

"ဟော့ကောင် ... ဉာဏာ၊ ဒါ ဝတ်ဆံညိုလေ၊ မင်း မှတ်မိ
လား"

ဉာဏာ ခေါင်းတစ်ချက်သာ ညိတ်ပါသည်။ ဝတ်ဆံညို
သည် သူ့ကိုပြေးပြီး ကုတ်ဆွဲပစ်ချင်သွားပါသည်။

"ဩော် ... ညနေစာကို ကျွန်တော် ကျွေးမယ်လို့ ဖိတ်ပါ
ရစေ၊ ဝတ်ဆံညိုတို့ သူငယ်ချင်း တစ်အုပ်စုလုံးကို ညနေ
စာ ကျွေးချင်တယ်၊ ဘယ်လိုလဲ ... လက်ခံမလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



မိုးအိမ်ခန့်က သူ့သဘောနဲ့သူ အကြံရပြီး လှည့်ပြောလိုက်ချိန်တွင် ဉာဏကတော့ ရှိုင်းပျစ္စာပင် သူ့အခန်းထဲ သူ ဝင်သွားခဲ့ပါပြီ။

"ဘာအထိမ်းအမှတ်နဲ့ ကျွေးမှာလဲ"

"မိတ်ဆွေဖြစ်ရတဲ့ အထိမ်းအမှတ်ပေါ့၊ ပြီးတော့ ဟိုတယ်တစ်ခုတည်း အတူတူ တည်းဖြစ်သွားကြတာလည်း ပြန်ဆုံဖို့ ရေစက်ပါလို့ပဲ မဟုတ်လား။ ဝတ်ဆံညိုနဲ့ ပြန်ဆုံရတာကို ကျွန်တော် ပျော်သွားတယ်၊ ဒါကြောင့် ညစာ အတူစားဖို့ ဖိတ်ခေါ်လိုက်တာပါ"

"ဝတ်ဆံရဲ့ သူငယ်ချင်းတွေကလည်း နာမည်ကြီး အဆိုတော်တစ်ယောက်နဲ့ dinner အတူတူစားရမှာကို ဝမ်းသာစွာနဲ့ လက်ခံကြမှာပါရှင်"

"အိုခေ ... ဒါဆို ဘယ်နှနာရီ စားကြမလဲ"

"ခြောက်နာရီခွဲလောက် ဆိုရင်ရော"

"အကောင်းဆုံးပေါ့"

"ဒါဆို ဟိုတယ်က ထမင်းစားခန်းစားပွဲတစ်ခုမှာပဲ ဆုံကြတာပေါ့။ အရင်ရောက်တဲ့သူ စောင့်ကြေးလေ"

"ကျွန်တော်တို့ အရင်ရောက်မှာပါ"





ဝတ်ဆံညိုသည် ဉာဏနှင့် ပြန်ဆုံတွေ့ရဦးမည့် ညနေစာကို အင်မတန်မှ မျှော်လင့်တကြီး ရင်ခုန်နေခဲ့မိပြန်သည်။ ဉာဏနှင့် ပတ်သက်ရင် သိပ်ကို လှုပ်ရှားလွန်းနေသော သူမရဲ့ စိတ်အခြေအနေကို သူမဘာသာပင် အဖြေမရှာနိုင် ဖြစ်နေဆဲ။

ညနေစာ စားရမည့်အချိန် နီးလာတော့ ဝတ်ဆံညို တစ်ယောက် မှန်ရှေ့မှ မခွာနိုင်အောင် အခါခါ မှန်ကြည့်ပြင်ဆင်နေမိပြန်ပါသည်။ သူငယ်ချင်းတွေကတော့ ...

"နင်က ဘယ်သူ့ကို ရွေးမှာလဲ၊ ဉာဏလား မိုးအိမ်ခန့်လား။ ငါတို့ အနေနဲ့ကတော့ မိုးအိမ်ခန့်နဲ့ပဲ နင်နဲ့ လိုက်ဖက်တယ်လို့ မြင်တယ်နော်"

လို့ ဆိုပေမဲ့ ဝတ်ဆံညိုကတော့ သူမရဲ့ ရင်တွင်းအခြေအနေကို ဘယ်သူ့မှ ဖွင့်မပြောခဲ့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

ညနေစာစားပွဲတွင် စကားအများဆုံး ပြောသူမှာ မိုးအိမ်ခန့်နှင့် ဝတ်ဆံညို ဖြစ်နေပါသည်။ ဉာဏမှာတော့ ဒီလို ရောရောထွေးထွေး ဆုံစည်းရခြင်းကို စိတ်အပျက်ကြီးပျက်လျက် သူ့ပန်းကန်ထဲမှာ ရှိနေသော ထမင်းဟင်းတွေလောက် ဘယ်သူ့ကိုမှ သိပ်အာရုံမထားဘဲ မြန်မြန်ပြီး အေးရှောသဘောဖြင့် ခပ်မြန်မြန်ပဲ စားနေပါသည်။

မိန်းကလေးတွေကတော့ ထုံးစံအတိုင်း နာမည်ကြီး အဆိုတော်ဖြစ်သော မိုးအိမ်ခန့်ကိုပဲ သူ့ရဲ့ကိုယ်ရေးကိုယ်တာ၊ မိသားစုအကြောင်း၊ ဆေးကျောင်းမှာ စာတွေ ဘယ်လိုကျက်ရသလဲ ဆိုတဲ့အကြောင်း၊ သူ့ရဲ့သီချင်းတွေ အကြောင်းတွေ စပ်စုမေးမြန်းသံ တစ်ယောက်တစ်ပေါက်ကြားမှာ မိုးအိမ်ခန့် တစ်ယောက် ဖြေရတာ မောရပန်းရမှန်းပင် မသိ။ သူကတော့ ဒီညနေခင်းမှာ





မိုးပြာရောင် ဂါဝန်ရှည်လေးနှင့် လှနေသော ဝတ်ဆံညိုကို ရင်ထဲ သည့်ထားချင်နေပြီဖြစ်သည့် အချစ်စိတ်တို့ဖြင့် လန်းဆန်းတက်ကြွ ပျော်ရွှင်နေပါသည်။ နေ့ခင်းက VCD ကို နေပူကြီးထဲ ရိုက်ခဲ့ရတာပင် ပင်ပန်းရမှန်းမသိ ဖြစ်နေသည်။ ခါတိုင်း ထမင်းစားနေရင်းနဲ့ပင် ...

"အိပ်ငိုက်လာပြီကွာ၊ ဒီနေ့တော့ စာမကျက်ဘဲ အိပ်ကြရအောင်လား ဉာဏရာ"

လို့ ဈေးဆစ်ချင်နေသူက ခုတော့ အိပ်ငိုက်ချင်စိတ်ပင် မရှိ။

"ဟေ့ကောင် ... ဉာဏ၊ ပြီးပြီလား စားတာ မြန်လိုက်တာကွာ၊ ဝ,ရဲ့လား"

"ဝ,ပါပြီ၊ ငါ သွားတော့မယ်"

"ဟာ ... မသွားပါနဲ့ဦး၊ ဒီမှာ ငါစားလို့ မပြီးသေးဘူး"

"မင်းက ဒီနေ့ စားလို့ရော ပြီးမှာလား"

"မင်းကလည်းကွာ တစ်ညတလေပဲ၊ ဘာဖြစ်လို့ လောနေရတာလဲ"

ဝတ်ဆံညိုက တမင်ပဲ သူတို့နှစ်ယောက် စကားဝိုင်း ဝင်ပါလိုက်သည်။ တကယ်တော့ ကိုယ်နဲ့မဆိုင်ဘဲ သူများစကားဝိုင်းထဲ ဝင်ပါတာဟာ သိပ်ကို ရိုင်းပျပြီး လူမှုရေးနားမလည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူတွေမှ လုပ်မှန်းသိပေမဲ့လည်း မတတ်နိုင်။ ဉာဏ ဆိုတဲ့ ပုံတုံးကြီးက ကိုယ့်မှ တစ်ချက်မကြည့်။ စကားလည်း တစ်ခွန်းမှ မပြောဘဲ နေတာကိုး။ ကိုယ့်မှာတော့ အများက ဝတ်ဆံညိုနဲ့ သိပ်လိုက်လှပါသည် ပြောသော မိုးပြာရောင်ဝတ်စုံလေးကို ဝတ်ထားလိုက်ရတာ။ သူကတော့ ဝတ်ဆံညိုကိုလည်း မကြည့်။ တခြား ဘယ်သူ့ကိုမှလဲ မကြည့်။ ထမင်းဟင်း ပန်းကန်တွေကလွဲရင် ဘာကိုမှ စိတ်မဝင်စားပုံနဲ့ နေနိုင်နေလိုက်တာ။ သူ့ကို ဒီစကားဝိုင်းထဲက ပ,ထားတဲ့ လူလိုပဲ။ တကယ်ပဲ။ မုန်းဖို့လည်း ကောင်းတယ်။ ဒါပေမဲ့လည်း ...။ ဒါပေမဲ့လည်းပေါ့လေ ... ..."

"ဘာလုပ်စရာရှိလို့ လောနေတာလဲဟင်"

ဟူသော ဝတ်ဆံညို ဖြတ်မေးလိုက်သော အမေးကို ဉာဏ တစ်ယောက် ရှုတည်တည်ကြီး ဖြစ်ပြီး မဖြေ။ မိုးအိမ်ခန့်ကပဲ ...

"ဩော် ... သူက ညတိုင်း ကျွန်တော့်ကို စာကျက်ပေးရတယ်လေ။ အခု ဖြေပြီးတဲ့ 1st term မှာ အခြေအနေ သိပ်မကောင်းတော့ နောက်ဖြေမဲ့ 2nd term မှာ အောင်ချင်တာနဲ့ ခုတည်းက စာကြိုဖတ်ထားတာပါ၊ နေ့ဘက်ကျ VCD ရိုက်ရလို့ ကျွန်တော်က ပင်ပန်းနေတော့ ညဆို ဆယ်နာရီအလွန်ဆုံးပဲ နေနိုင်တယ်၊ ဒါကြောင့် ညနေစာ စောစောစားပြီးတာနဲ့ စာစ,ကျက်ကြရတယ်။ ကျွန်တော်ကသာ ဆယ်နာရီ အိပ်ရာဝင်ပေမဲ့ ဉာဏကတော့ ညနှစ်နာရီ တစ်ခါတလေ သုံးနာရီလောက်ထိ စာဖတ်နေတတ်တယ်"

ထိုအခါ အားလုံးသော မိန်းကလေးတွေရဲ့အသံက ...

"ဟယ် ... ဟုတ်လား၊ အပျော်ခရီး ထွက်လာတယ် ထင်တာ၊ အမှန်တော့ စာကျက်ပေးဖို့ သူက လိုက်လာတာကိုး"

ဟူသော အစီပွာယ်မျိုး သက်ရောက်သည့် စကားလုံးတွေသာ တစ်ပြိုင်တည်း တစ်ယောက်တစ်ပေါက် ပြောကြတော့လေသည်။

"ကျွန်တော်က ကျောင်းပိတ်ရက်နဲ့လည်းတိုက်လို့ ဉာဏကို အပျော်ခရီးထွက်ဖို့ ခေါ်လာတာပါဗျာ၊ ဒါပေမဲ့ ဒီကောင်က မရဘူး။ ကျွန်တော်က သူနဲ့အတူ စာကျက်ပါ့မယ် ကတိပေးမှ လိုက်မယ်ဆိုလို့ အဲဒီကတိနဲ့ အတင်းပါအောင် ခေါ်လာရတာပါ၊ ဒါကြောင့် မနက် နေ့လယ် VCD ရိုက် ညကျ စာကျက်နေရပါတယ်ဗျာ"

"ဩော် ... သူက တကယ့်စာဂျပိုးကြီးပဲကိုး"

ဝတ်ဆံညိုက တမင်ပြောပစ်လိုက်သည်။ ဉာဏသည် ကောင်မလေး သူ့ကို တမင်ရန်စနေမှန်းသိ၍ ဘာစကားမှ ပြန်မချေပဘဲ စားပွဲမှ ထရပ်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဉာဏက ကျောင်းမှာ စာသိပ်တော်တဲ့ Top Ten ကျောင်းသားစာရင်းထဲမှာ အမြဲပါတဲ့လူလေ၊ ဒီတော့ သူက သူ့ဂုဏ်ကို ထိန်းထားနိုင်အောင် အချိန်တိုင်း နေ့ရာတိုင်း ကျောင်းစာကို သွားလေရာ သယ်သွားတယ်၊ သူ့ခေါင်းထဲမှာ ကျောင်းစာပဲ ရှိတယ်၊ စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့ပဲ ရှိတယ်၊ တစ်နေ့ကျ သိပ်တော်တဲ့ ပရော်ဖက်ဆာကြီး ဖြစ်ဖို့ပဲ တွေးတယ်"

"ဟော့ကောင် အိမ်ခန့်၊ ငါ သွားပြီနော်၊ မင်းကြိုက်တဲ့အချိန်မှ လိုက်လာခဲ့။ ငါ စောင့်ပြီး စာဖတ်ထားနှင့်မယ်၊ ဒါပေမဲ့ ပြန်ရောက်မှ အိပ်ချင်တယ် ဘာဖြစ်တယ်တော့ မပြောနဲ့ Antibiotics တစ်ခန်းလုံး[illegible]ပြီး ဖတ်မယ်လို့ မင်း ငါ့ကို ကတိပေးထားပြီးသား"

"အေးပါကွာ၊ အေးပါကွာ၊ ဖတ်ပါ့မယ်ကွာ"

ဉာဏ ဆတ်ခနဲ လှည့်ထွက်လိုက်သည်။ သူက မိုးအိမ်ခန့်ကလွဲရင် ဘယ်သူ့ကိုမှ နှုတ်လည်းမဆက်၊ စကားလည်းမပြော။ ဒီတော့ ကျန်သော မိနစ်ကလေးတစ်သိုက်မှာ မချိမဆံ့သာ အံတွေကြိတ် လက်သီးတွေဆုပ်ပြီး ကျန်ခဲ့ရသည်။

ဝတ်ဆံညိုကား ဒီတိုင်းမနေ။





"ဒါနဲ့ အဲဒါက ဘာသဘောလဲ၊ ဒီတိုင်းပဲ ထွက်သွားလို့ရလား ဉာဏ။ ဒီဝိုင်းမှာ ကျန်ခဲ့တဲ့လူတွေက လူမဟုတ်ဘူးလား။ အသိအမှတ်ပြုပြီး နှုတ်ဆက်စရာ မလိုဘူးလား"

အားလုံးက ဝတ်ဆံညိုထံမှ ထင်မှတ်မထားဘဲ ထွက်ပေါ်လာသော အသံစူးစူးကို တအံ့တဩ ဖြစ်သွားပါသည်။

ဉာဏပင်လျှင် ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်ရတဲ့ အဖြစ်ကို ရောက်သွားပါသည်။ ဉာဏသည် ညအမှောင်နဲ့ မီးရောင်တွေအောက်မှာ တလက်လက် တောက်ပနေသော ဝတ်ဆံညိုရဲ့ မျက်လုံးတွေကို တည့်တည့်ရင်ဆိုင်ကြည့်လိုက်သည်။

မိုးအိမ်ခန့်မှာ အခြေအနေကို နားမလည်နိုင်ဖြစ်ပြီး ဉာဏကို တစ်လှည့်၊ ဝတ်ဆံညိုကို တစ်လှည့် အကဲခတ် ငြိမ်သက်လျက် ...။

"နင်နဲ့ငါ ဘာဆိုင်လဲ၊ နင်နဲ့ငါ မိတ်ဆွေတွေလည်း မဟုတ်ဘူး။ အိမ်ခန့်နဲ့ ပတ်သက်တဲ့သူတွေလေ၊ ဒီတော့ ငါ ဘာဝင်ပြောစရာလိုလဲ၊ ဘာကြောင့် သတိတရနဲ့ ကျွန်တော် သွားပါတော့မယ်ခင်ဗျာလို့ နှုတ်ဆက်စရာလိုလဲ"

"အဲဒီစိတ်ဓာတ်ကိုက သိပ်ရိုင်းနေတာပေါ့၊ လူမှုရေး သိတတ်တဲ့ သူတွေကတော့ ဒီလိုလုပ်မယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက ဝတ်ဆံညိုကို ...

"ဟဲ့ ... ဝတ်ဆံ၊ တော်တော့ ပြောမနေပါနဲ့"

ဟု လက်ကုတ်ပြီး တားပေမဲ့ ဝတ်ဆံညိုကမ ကိုယ့်ကို သိပ်ပြီး ဥပေက္ခာပြုလွန်းလျက် လူကို မတူသလို မတန်သလိုလို ပုံဖမ်းပြတာကို မခံမရပ်နိုင် ဖြစ်နေပါသည်။ သူ ဆီက အသိအမှတ်ပြုစကားလေးကိုပဲဖြစ်ဖြစ် ကြားချင်နေခြင်းမှာ ဝတ်ဆံညိုရဲ့ မသိစိတ်ထဲမှ ရှုံးသွပ်မှုလည်း ဖြစ်လေသည်။

"ငါ့ကိုတွေ့တိုင်း ဒုက္ခပေးနေတဲ့ မိန်းကလေးမျိုးကိုတော့ ငါ အရေးတယူ နှုတ်ဆက်မနေချင်လို့ ဒီတိုင်းထွက်သွား တာပဲ၊ ကဲ ... ဘာသိချင်သေးလဲ"

"ဘာဒုက္ခပေးလို့လဲ"

"အဲဒါကြောင့် ပြောတာပေါ့၊ လူတွေက ကိုယ်လုပ်ထားတာ ကျ ချက်ချင်းမေ့ပစ်တတ်ကြတယ်ဆိုတာ သိပ်မှန်တာပဲ ခံလိုက်ရတဲ့သူက ဘယ်တော့မှ မမေ့ဘူးလေ"

"ဒီလောက် ပြဿနာလေးကိုပဲ အငြိုးအတေးကြီး ပြ လိုက်တာ"

"အငြိုးအတေးမကြီးပါဘူး။ နင်နဲ့ငါ ဘာမှမပတ်သက် အတွက် မပတ်သက်တဲ့အတိုင်းပဲ ထားလိုက်တာပါ"

မိုးအိမ်ခန့်သည် မနေသာတော့ဘဲ ...





"ဟော့ကောင် ဉာဏ ရာ၊ မင်းကလည်း ပြေပြေလည်လည် ပြောပါကွာ။ မိန်းကလေးတွေကို အားနာစရာ"

ဟု ဝင်ဖျောင်းဖျ၊ ဉာဏ ပခုံးကိုလည်း ထပြီးသိုင်း ဖက်ကာ စိတ်ပြေဖို့ ဝင်ပြောရတော့သည်။ သူလည်း စဉ်းစားမရ ဖြစ်နေသည်။ ဉာဏဟာ ဘာကြောင့် ဝတ်ဆံညိုကို ကြည့်မရ သလဲ။ ဘာကြောင့် မဆက်ဆံ မပတ်သက်ချင်ရသလဲ။ ဝတ်ဆံ ညိုကရော ဘာကြောင့် ဉာဏ သူမကို အသိအမှတ်မပြုခြင်းအား သည်းသည်းလှုပ် ဒေါသဖြစ်နေရသလဲ။ ဘာကြောင့် မခံမရပ်နိုင် ဖြစ်ပြီး ထ,ပေါက်ကွဲပြရသလဲ။

"ဒီကောင့်အစား ကျွန်တော်ပဲ တောင်းပန်ပါတယ်၊ သူက စာအုပ်ကြီးသမားဆိုတော့ ကျောင်းမှာလည်း ဒီလိုပဲဗျ။ ပြီးတော့ သူက အေးအေးဆေးဆေးလည်း နေတတ်တော့"

"ဟော့ကောင် ... မင်း ငါ့အကြောင်း ဘာမှပြောပြနေစရာ မလိုဘူး အိမ်ခန့်။ ငါ သွားတော့မယ် ပြန်ထိုင်နိုင်းမနေနဲ့"

ဉာဏ ဖြတ်ပြောလိုက်ရာ မိုးအိမ်ခန့်ပင်လျှင် စိတ် ထဲမှာ မျက်သွားပါသည်။ ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် စိတ်တို စိတ်ဆတ်နေရသလဲ။

"ဉာဏ"

"ဘာလဲ"

"မင်း ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး။ ငါ ပြန်နားနေချင်နေပြီ။ ငါ့မှာ ပြော စရာစကားလည်း ရှိမှမရှိတာ၊ ပြန်ရုံပဲ၊ အဲဒါ ဘာမှားလို့လဲ"

"မင်း ငါ့ညီသည်တွေကို အသိအမှတ်ပြုဖို့တော့ သင့်တယ်"

ဝတ်ဆံညိုသည် သူမကြောင့် သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းကွဲကြရတော့မလိုပုံ ဖြစ်နေသည်ကို မျက်လုံးဝိုင်းပြီး ကြည့်နေမိသည်။ ကျန်တဲ့ကောင်မလေးတွေလည်း တိတ်ဆိတ်ပြီး ငြိမ်သက်လျက် ကြည့်နေခဲ့ကြပါသည်။

"ဆောရီးပဲ အိမ်ခန့်။ ငါ သွားမယ်။ ဒီကိစ္စအတွက် မင်း ငါ့ကို မကျေနပ်ရင် ရတယ်၊ ဒါပေမဲ့ ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့တော့ မင်းဟာ ငါ့သူငယ်ချင်း ဘဝကနေ ဘယ်တော့မှ မထွက်သွားစေရပါဘူး။ မင်း ငါ့ကို ဘယ် လောက် စိတ်ဆိုးဆိုး ငါကတော့ မင်းကို အမြဲ Welcome ပါ၊ မင်းစကျက်ချင်တဲ့ စိတ်ရှိရင် ငါ့အခန်းဆီ လာနိုင် တယ်၊ ခုတော့ ငါ သွားမယ်ကွာ"

"ဉာဏရာ မင်းကလည်းကွာ"

မိုးအိမ်ခန့် ဘာမှ မပြောသာတော့ဘဲ စိတ်ပျက်ပြီး ကျန်ခဲ့ရသည်။ ဉာဏကတော့ ဘန်ဂလိုဆီ ပြန်လျှောက်သွားရာ လမ်းကလေးမှာ တစ်ယောက်တည်း။ အုန်းပင်တွေ မိုးထားသော ညမှောင်မှောင်နှင့် ဘန်ဂလိုတွေမှာ ထွန်းထားသော မီးရောင်တို့





ကြားမှာ ရုပ်အကျီလက်ရှည်အဖြူ၊ ပုဆိုးချပ်ချပ်ရပ်ရပ် ဝတ်လျက် တည်ငြိမ်အေးဆေးစွာ လျှောက်သွားပြီဖြစ်သော ကောင်ကလေး သည် ကျန်ခဲ့ရသူ အားလုံးရဲ့စိတ်ကို ခံစားချက်ပေါင်းစုံဖြင့် ချန် ရစ်တာလည်း ဖြစ်ပါသည်။

ဝတ်ဆံညိုသည် သူ ထွက်သွားရာကို မေးကလေး ထောက်ငေးရင်း ရင်ထဲမှာနာကျင်နေသည်။ သူကကိုယ့်ကို အသိ အမှတ်မပြုလေလေ ကိုယ့်ရင်ထဲမှာ နာနာကျင်ကျင်နဲ့ ခံစားရ လေလေ။

သူ ထွက်သွားတော့ ကောင်မလေးတွေက မိုးအိမ်ခန့် ကို အကဲခတ်လျက် ...

"သူက ဘယ်လိုကြီးလဲ မသိဘူးနော်"

ဟု စကားစလာပါသည်။

မိုးအိမ်ခန့်သည် သူ့သူငယ်ချင်းကို သံယောဇဉ်ကြီး လှသူ ဖြစ်လေရာ ရယ်ရယ်မောမောနဲ့ပင် ...

"ဉာဏက စိတ်သဘော ကောင်းပါတယ်ဗျာ"

လို့ ဉာဏဘက်လိုက်၍ ဖြေရှင်းချက် ထုတ်ပါသည်။

"မဟုတ်ဘူးလေ၊ သူ့စိတ်သဘောကို ပြောတာ မဟုတ်ပါ ဘူး၊ ကြော့တို့ ပြောတာက လူငယ်တစ်ယောက်ပီပီ ပျော် သင့်တဲ့နေရာ ပျော်သင့်တဲ့အချိန်မှာ ပျော်ဖို့ပြောတာပါ"

www.burmeseclassic.com



"ဟုတ်တယ်နော်၊ ဟန်နီလည်း သူ့ကို သတိထားမိတယ်၊ သူ့ပုံက ဘာကို serious ဖြစ်နေမှန်း မသိဘူး။ သူ့ကြည့်ရတာ တစ်စုံတစ်ခုကို ခေါင်းထဲမှာ အကြီးအကျယ် တွေးနေသလိုပဲ"

မိုးအိမ်ခန့်က ...

"ဉာဏ ခေါင်းထဲမှာ သူ ကျက်ထားပြီးသား စာတွေကို အမြဲ ပြန်တွေးနေတယ်။ သူ စမ်းသပ်ထားဖူးတဲ့ Patient (လူနာ)တွေကို ဘယ်လိုစမ်းသပ်ခဲ့ရသလဲဆိုတာ အမြဲပြန်စဉ်းစားနေတယ်လို့ သူ ကျွန်တော့်ကို ပြောဖူးတယ်"

ဝတ်ဆံညိုသည် မျက်လုံးလေး ပြူးလိုက်ရင်း ...

"ဘုရားရေ ... အဲဒီလောက်တောင်ပဲလား၊ သူ့ခေါင်းထဲမှာ အဲဒါတွေပဲ ထည့်ထားတတ်သလား"

ဟု မယုံကြည်နိုင်သလို မေးမိသည်။

"သူက ... အင်း ... ဟုတ်တယ်၊ ဘယ်မိန်းကလေးမှလဲ စိတ်မဝင်စားဘူး။ ကျောင်းမှာလည်း ချောတဲ့လှတဲ့ မိန်းကလေးတွေ ရှိတာပဲ။ အဲဒါလည်း သူ ရောယောင်ပြီးတောင် မငေးဖူးဘူး။ ကြည့်လည်း မကြည့်ဘူး။ စိတ်လည်း မဝင်စားဘူး။ သူ့ခေါင်းထဲမှာ တွေးတာဆိုလို့ ကျောင်းစာအကြောင်းပဲ ရှိတယ်"





"မိန်းကလေးတွေ စိတ်မဝင်စားဘူး ဆိုတော့ ဟီ ဟီ ... ပြောရင် စိတ်မဆိုးနဲ့နော် ရှင့်သူငယ်ချင်းက ခြောက်နေတာလား"

ဒီလိုပြောခံရတော့ ဉာဏ အစား မိုးအိမ်ခန့်က မခံချင်စွာ ချက်ချင်းပဲ ငြင်းလိုက်မိသည်။

"ဒီလိုလည်း မဟုတ်ပါဘူး။ သူက ကျောင်းတက်နေချိန်မှာ ကျောင်းစာပဲ ခေါင်းထဲထည့်မယ်တဲ့၊ ဆရာဝန် တစ်နေ့ဖြစ်မှာပေမဲ့ တကယ့်ကို တတ်ကျွမ်းသိနားလည်တဲ့ ဆရာဝန်ပဲ ဖြစ်ချင်တယ်တဲ့၊ ဒါကြောင့် ကျောင်းတက်နေတုန်းမှာ စိတ်ထွေပြားစရာ ဘာကိစ္စမှ ခေါင်းထဲမထည့်တဲ့ သဘောပါ။ သူ ကျွန်တော့်ကို ပြောဖူးပါတယ်၊ တစ်နေ့ကျရင် သူ့ရည်ရွယ်ချက်ပြည့်ရင် သာယာလှပတဲ့ မိသားစုတစ်စုကို ဖြစ်အောင်ဖန်တီးမှာပါတဲ့"

"သူ့ရည်ရွယ်ချက်က ဘာတဲ့လဲ"

"သိပ်တော်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ချင်တာပါ။ သူက ဆရာဝန်လုပ်ဖို့ကို တကယ်ပဲ ဝါသနာပါလို့ ဆယ်တန်းကျောင်းသားဘဝမှာ တအားဖိကြိုးစားထားခဲ့တာလေ။ ကျွန်တော်ကတော့ သူ အတင်းတွဲခေါ်လို့ သူနဲ့အတူ စာလိုက်ကျက်ရင်း မထင်မှတ်ဘဲ ဆေးကျောင်းရောက်သွားရတဲ့သူပါ"

www.burmeseclassic.com



"သူ့ရဲ့ သာယာလှပတဲ့ မိသားစုတစ်စုကို ဖန်တီးနိုင်ရေးမှာ သူချစ်တဲ့ မိန်းကလေးတစ်ယောက်ကို လက်တွဲမှရမှာပေါ့။ သူက ဘယ်သူ့ကိုချစ်မှာတဲ့လဲ"

ဝတ်ဆံညို ထိုသို့ မေးသည်ကို မိုးအိမ်ခန့်ကတော့ ဘာအဓိပ္ပာယ်ကြောင့် မေးသည်မှန်း မရိပ်မိပါ။ ဝတ်ဆံညိုရဲ့ သူငယ်ချင်းတွေကတော့ အထာပေါက်လျက် ဝတ်ဆံညိုရဲ့ ခြေထောက်ကို စားပွဲအောက်မှ မသိမသာ ကန်သူကန်၊ နင်းသူနင်းနှင့်။ ဟဲ့ ... ကောင်မ ဘာဖြစ်လို့ ဒီပုံကြီးကို စိတ်ဝင်စားနေရသလဲ ဆိုတဲ့ အပြစ်တင်ချင်ဟန်တွေနဲ့ ကြည့်သူကလည်း ကြည့်။

မိုးအိမ်ခန့်သည် ပခုံးတစ်ချက် ဟန်ပါပါတွန့်ရင်း ...

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးဗျ။ ဒါပေမဲ့ ခုထိ သူချစ်တဲ့ မိန်းကလေး မရှိသေးတာတော့ သေချာတယ်"

ထိုစကားသံသည် ဒီညဥ့်ယံမှာ ကြားရသမျှစကားတွေထဲမှာ အချိုသာဆုံးသော စကားသံအဖြစ် ဝတ်ဆံညိုတစ်ယောက် ကျေနပ်စွာ နားထောင်ခဲ့ပါသည်။





## ၈

"ကိုမိုးအိမ်ခန့် ... ကိုမိုးအိမ်ခန့် ... ထပါဦး ... ထပါဦး၊ ဒီမှာ နိုးလာတို့ပါ၊ အကူအညီ လိုလို့ပါ"

မိုးအိမ်ခန့်သည် သူ့ဘာန်ဂလိုတံခါးကို တဘုန်းဘုန်း လာပုတ်ခါ အော်နိုးနေကြသံတွေကြောင့် အိပ်မောကျနေရာမှ ဖျတ်ခနဲ နိုးသွားပါသည်။

နာရီကြည့်လိုက်တော့ မနက်ခြောက်နာရီ။ အစောကြီးရှိသေးတာပဲ။ ဒီနေ့ ပြန်ရမဲ့နေ့ဖြစ်၍ မနက်ခုနစ်နာရီမှာ ထမည်။ တစ်ခါတည်း ရေမိုးချိုး အဝတ်လဲမည်။ Breakfast စားပြီးတာနဲ့ ပြန်မည်ဟု တိုင်ပင်ထားသဖြင့် ညက စောစောပဲ အိပ်ရာဝင်ကြတာ။ ဉာဏပင်လျှင် အိမ်ခန့်လိုပဲ ညဆယ်နာရီလောက် အိပ်ရာဝင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မိန်းကလေးတွေ တံခါးတဘုန်းဘုန်းပုတ်ပြီး နှိုးသံ၊ ခေါ်သံတွေကြောင့် တစ်ဖက် ဘန်ဂလိုမှ ဉာဏပင် နိုးသွားပါသည်။ နိုးသွားပေမဲ့ တံခါးထမဖွင့်ဘဲ အပြင်မှ အသံကို အသာနားစွင့်နေမိသည်။

မိုးအိမ်ခန့်သည် အိပ်မှုန်စုံမွှားဖြင့် တံခါးကို ဖွင့်ပေးလိုက်လျှင် နီလာမေ၊ ကြော့ကြော့နှင့် မြတ်မုံလွင်တို့ သုံးဦးသား မျက်နှာငယ်လေးတွေနဲ့ အိပ်ရာနိုးခါစ မျက်နှာတွေနဲ့။

"ဘာဖြစ်လို့လဲ"

"နှိုးရတာ အားတော့နာပါတယ်၊ ဒီလိုပါ ... ဝတ်ဆံရယ်၊ ကဗျာရယ်၊ သဥ္ဇာရယ် သုံးယောက်စလုံး မနက်အစောကြီး ထ, ဝမ်းတွေသွားလိုက်၊ အန်ချင်တယ်ဆိုပြီး အန်လိုက် ဖြစ်နေလို့ပါ၊ အဲဒါကြောင့် ဘာလုပ်ကြရမှန်း မသိဘဲ ကိုမိုးအိမ်ခန့်ဆီ ပြေးလာတာ"

"ရှင်တို့က ဆေးကျောင်းသားတွေဆိုတော့ တစ်ခုခုများ လုပ်ပေးနိုင်မလားလို့ပါ"

မိုးအိမ်ခန့်မှာ စိုးလည်းစိုးရိမ်သွားသည်။ ဒါပေမဲ့ ဘာလုပ်ပေးရမှန်းမသိဖြစ်ပြီး ခေါင်းပင်ဖွလိုက်မိပြီး အင်း ... အဲ နှင့် ဖြစ်နေပြန်သည်။





"ဘာဆေးမှ မပါကြဘူးလား"

"မပါလို့ပေါ့ ကိုမိုးအိမ်ခန့်ရဲ့ ... ပါရင် ဒီပြေးလာပါ့မလား။ ကိုယ့်ဘာသာပဲ သူတို့ကို ဆေးတိုက်ထားလိုက်မှာပေါ့"

"ဝမ်းပျက်ပြီး အထက်လှန်အောက်လျှော ဖြစ်နေတာလေ။ အဲဒါ ဘာဆေးသောက်ရမလဲ။ ဝတ်ဆံဆို ဝမ်းငါးခါလောက်သွားပြီးတော့ အဖျားပါငွေ့ငွေ့ရှိလာလို့"

"ဒီနေ့ ပြန်ကြမှာ၊ ဒီနေ့မှ ဖြစ်တော့ လမ်းခရီးမှာ ပြန်မို့ ခံနိုင်ရည် ရှိပါ့မလား"

မိန်းကလေးတွေ တစ်ယောက်တစ်ပေါက် ပြောကြလျှင် မိုးအိမ်ခန့်ပင်လျှင် နားတွေအူပြီး ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် ...

"သူတို့ ဘာအစားမှားလို့လဲ"

ဟူသော တစ်ဖက်မှ ရုတ်တရက် လူရောအသံပါ ပေါ်လာသည့် ဉာဏကို တွေ့လိုက်ကြရပါသည်။ ကောင်မလေးတွေဟာ ဉာဏရဲ့ ခပ်တည်တည်နေတတ်သောဟန်၊ အလကားနေရင်း သူမတို့ကို အထင်သေး ရှုတ်ချစွာ ကြည့်နေသောအကြည့်၊ သူ့ကိုယ်သူသာ အလကားနေရင်း ဘဝင်မြင့် အထင်ကြီးနေတတ်



www.burmeseclassic.com

www.burmeseclassic.com



ပုံ စသော အချက်တွေကြောင့် သူလာမေးတော့ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဖြစ်ကာ ကြောင်နေသည်။

"Seafood တွေ သိပ်စားလိုက်သလား"

ဉာဏ မေးပုံမှာ တကယ့် ဆရာဝန်တစ်ယောက်က မေးပုံမျိုး ဖြစ်နေပါသည်။ မြတ်မုံလွင်က ဒီတော့မှ သတိရသလိုဖြင့် ...

"ဟုတ်တယ်၊ ဟုတ်တယ်၊ မနေ့ကညနေကတော့ အားလုံးပဲ မုံတို့အပါအဝင်ပါပဲ တွေ့သမျှ ခေါ်ဝယ်စားနေတာ၊ ဈေးသည်တွေ လာပြသမျှ ဂဏန်းတွေ ပုစွန်တွေ ခရုတွေ ရေဘဝဲတွေ အစုံပဲ ပြုတ်နိုင်းပြီး Tomato sauce နဲ့ တို့စားတာတစ်မျိုး၊ ပြီးတော့ အိမ်ကပါလာတဲ့ လက်ဖက်သုပ် ချင်းသုပ်တွေလည်း ထိုင်စားကြတယ်၊ သရက်ပြားတွေလည်း စားကြတယ်၊ နောက်ပြီး ..."

"ကဲ ... ကဲ ... တော်ပါတော့၊ ဒီလောက်ဆို သိပါပြီ၊ Food allergy ဖြစ်ကုန်တာပေါ့၊ ခင်ဗျားတို့လည်း သတိထား၊ အခု မဖြစ်ပေမဲ့ ရန်ကုန်ရောက်ရင် ဖြစ်ရင်ဖြစ်လာလိမ့်မယ်၊ ခံနိုင်ရည်ရှိတဲ့သူက ချက်ချင်း မဖြစ်သေးတာပဲ ရှိမယ်၊ ဒီလောက် အစုံရောစားမှ ဖြစ်မှာပေါ့"





လူကြီးလေးတစ်ယောက်လိုပဲ ဆူပြော ပြောလိုက်သဖြင့် ကောင်မလေးတွေ နှုတ်ခမ်းတွေ စူကုန်ကြ၏။ သို့သော် ရန်လည်းမလုပ်ရဲ။ ဉာဏ ကြည့်ရတာ ဒီလိုဖြစ်တာကို ကုပေးနိုင်သလို ပုံစံနဲ့ကိုး။

"ဉာဏ ... မင်း ကုတတ်ရင် ကုပေးလိုက်ပါကွာ"

"ကုတတ်လို့တော့ မဟုတ်ပါဘူး။ လောလောဆယ် အိမ်ပြန်လို့ရအောင် ခဏသက်သာအောင်တော့ ဆေးသောက်ခိုင်းလို့ ရပါတယ်၊ ဒါကြောင့် မေးတာပါ၊ ငါ့မှာဆေးတွေ ပါပါတယ်၊ ငါက ခရီးသွားရင် ဆေးမျိုးစုံ လိုရမယ်ရ ဆောင်တတ်တယ်လေ"

ဒီလို ကြားလိုက်ရတော့ မိန်းကလေး တစ်သိုက် မျက်နှာတွေ ဝင်းပသွားပါသည်။

"ခဏလေး စောင့်ဦးနော်၊ ကျွန်တော် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးရင် ဆေးတွေယူလာပြီး လာခဲ့ပါ့မယ်"

"အခန်းနံပါတ်(...)မှာပါ၊ အဲဒီကို လိုက်လာခဲ့နိုင်မလား။ အခု ဟိုမှာဖြစ်နေတဲ့ သုံးယောက်ကို ဟန်နီ တစ်ယောက်တည်းစောင့်ပြီး ကျန်ခဲ့ရလို့ပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သွားနှင့်ပါ၊ ကျွန်တော်နဲ့ အိမ်ခန့် လိုက်ခဲ့မယ်၊ သိပ်မကြာပါဘူး။ အအန်ပျောက်အောင်တော့ တစ်ယောက်ဆီကို သကြား လက်ဖက်ရည်ဖွန်း တစ်ဖွန်းစီလောက် စားထားခိုင်းလိုက်ပါလား"

"ရပါတယ်၊ ဟိုတယ်က Kitchen ကို အကျိုးအကြောင်းပြောပြီး သွားတောင်းယူထားလိုက်ပြီး ကျွေးထားလိုက်မယ်"

"ကျေးဇူးပါပဲ ကိုဉာဏရယ်"

ကောင်မလေးတွေ နှုတ်ဆက်ပြီး ခပ်သွက်သွက် ပြေးထွက်သွားကြပါသည်။

"ကဲ ... အိမ်ခန့် မင်းလည်း မြန်မြန် ကိုယ်လက်သန့်စင်ပြီး ငါနဲ့ လိုက်ခဲ့လေကွာ၊ မင်း ကောင်မလေး[illegible] လိုက်ပြုစုသင့်တယ်"

ဉာဏ ခပ်နောက်နောက်လေး လှမ်းပြောသည်။ မိုးအိမ်ခန့်က ဒီရက်ပိုင်းလေးအတွင်းမှာပင် သူဟာ ဝတ်ဆံညိုဆိုသော မိန်းကလေးကို ချစ်သွားမိပြီဖြစ်ကြောင်း ဉာဏကို ရင်ဖွင့်မိ၍ပင်။ ဉာဏမှာ ကိုယ့်အချစ်ဆုံး သူငယ်ချင်းကြီးက ဒီဆပ်စလူးစိန်ကလေးကိုမှ ချစ်မိပါပြီဆိုတော့လည်း ကြည့်ရသည်ဖြစ်စေ၊ ကြည့်မရသည်ဖြစ်စေ အဆင်ပြေပြေ ပြောဆိုဆက်ဆံ





တော့မည်ဟုလည်း သူ့သူငယ်ချင်း အိမ်ခန့်ကို ကတိပေးထားခဲ့ပြီးလေပြီတည်း။

ဉာဏရော မိုးအိမ်ခန့်ပါ ခပ်မြန်မြန်ပင် သွားတိုက်၊ မျက်နှာသစ် လုပ်ပြီး ညဝတ်အင်္ကျီတွေလဲလှယ်ကြသလို ဉာဏလည်း သူမှာ ပါလာသမျှ ဆေးတွေ ထည့်ထားသည့် အိတ်ငယ်လေးကို မမေ့မလျော့ ယူလာပါသည်။

ကောင်မလေး သုံးယောက်တို့ကတော့ အခန်းဆီ ပြန်ရောက်တာနဲ့ ...

"သူတို့ လိုက်လာကြလိမ့်မယ်၊ မပူနဲ့၊ ဉာဏမှာ ဆေးတွေပါတယ်လို့ ပြောတယ် ဝတ်ဆံ"

ဝတ်ဆံညိုမှာ အိပ်ရာထဲ လှဲရင်း ယဲ့ယဲ့လေး ဖြစ်နေတာတောင် ...

"ဟန်နီ ငါ့ကို မှန်ယူပေးပါဦး"

လို့ လှမ်းတောင်းသဖြင့် သူငယ်ချင်းတွေက ဟင်း ဟင်းတွေ ဖြစ်ကုန်ကြသည်။

"ဘာဖြစ်ရပြန်တာလဲ၊ လူမမာက လူမမာရုပ် ပေါက်အောင်နေပေါ့၊ ဘာဖြစ်လို့ မှန်ကြည့်ပြီး အလှပြင်ချင်ရတာလဲ၊ ဘာ,မှန်လဲ မပေးဘူး"



www.burmeseclassic.com

"ပေးပါ နီလာမရယ်၊ ခေါင်းလေး ဘာလေး ဖြီးရုံပါ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူ ရှေ့မှာ ကြည့်ကောင်းရှုကောင်းတဲ့ပုံစံလေး ဖြစ်ချင်တာကို ကိုယ်ချင်းစာရမှာပေါ့"

"ဟဲ့ ... ဉာဏကို ဒီတစ်ခါတော့ အင်္ကျီနဲ့ ဘောင်းဘီနဲ့ တွေ့ခဲ့တယ်"

မြတ်မုံလွင်၏ အပြောကို ကျန်တဲ့သူတွေက ...

"နင် ပြောပုံကြီးကလည်းဟယ်၊ ခါတိုင်းတော့ ခန္ဓာကိုယ်မှာ ဘာမှ မပါဘဲ တွေ့ဖူးတဲ့ပုံစံနဲ့"

"ဟဲ့ ... သူ့ကို အမြဲရှပ်လက်ရှည် လည်ကတုံးလိုမျိုးနဲ့ ပုဆိုးရှည်ရှည်နဲ့ပဲ တွေ့နေကြဆိုတော့ အခု ညဝတ်အင်္ကျီ Pyjama ဝတ်စုံပွပွ၊ ဘောင်းဘီပွပွနဲ့ Free style တွေ့ရတဲ့ပုံစံက တစ်မျိုးထူးဆန်းနေတယ်၊ ဒါကြောင့်ပါ၊ ဝတ်ဆံသာ ဒီပုံမြင်လိုက်ရင် ပိုပြီး ရူးသွားနိုင်တယ် သိလား။ သူနဲ့ အဲဒီ Free style လေးနဲ့လည်း လိုက်တာပဲ"

"အေးဟယ်၊ ဘာကြောင့်များ အဘိုးကြီးပုံ ဖမ်းနေလဲ မသိဘူးနော်"

"ဟဲ့ ... ဟဲ့ ... တိတ်တိတ်နေ၊ လာကြပြီထင်တယ်၊ ရယ်တာတွေရပ်၊ မျက်နှာပိုးသေကြတော့"





ဝတ်ဆံညိုသည် ခေါင်းကလေး ငြိမ့်ပြီး ခေါင်းအုံးကို ကျောမှီ၍ ပြင်ထိုင်လိုက်သည်။ ကဗျာဦးနှင့် ခိုင်သဉ္ဇာကိုဟို့လည်း ယောကျ်ားလေးတွေ ကိုယ့်အခန်းထဲ လာမည်ဆို၍ ခေါင်းငြိမ့်ပြီး သပ်သပ်ရပ်ရပ်လေး ပြင်ထိုင်လိုက်ကြသည်။

တံခါးခေါက်သံကြားမှ ကြော့ကြော့က သွားဖွင့်လိုက်ပါသည်။ ဝတ်ဆံညိုသည် တံခါးဝမှာ ပေါ်လာသော ရှပ်အဖြူလက်ရှည်လေးနှင့် သူ့ကို ငေး၍ အားကိုးတကြီး ကြည့်နေမိသည်။ မိုးအိမ်ခန့်ကတော့ ဝတ်ဆံညို ခုတင်နား ချက်ချင်းပဲ သွားရပ်ပြီး ...

"ဘယ်လိုနေသေးလဲ ဝတ်ဆံ၊ အအန်သက်သာသွားပြီလား။ ဉာဏ ပြောလိုက်သလို သကြားတစ်ဇွန်းစိ စားပြီးပြီလား"

ချက်ချင်း မေးပါသည်။

"စားလိုက်ပြီးပါပြီ၊ အန်ချင်တဲ့စိတ်တော့ ရှိပေမဲ့ အန်မထွက်တော့ဘူး"

"ဝမ်းရော ဘယ်နှခါ သွားလဲ"

ဝတ်ဆံညိုမှာ ရှက်သလိုလေး လုပ်ပြီး ဉာဏကို ချတ်ခနဲ ကြည့်နေသည်။ ဉာဏကတော့ လုပ်စရာရှိတာ လုပ်ပေး သူ့ရဲ့ လက်ဆွဲအိတ်ငယ်ကို ဖွင့်နေပေမဲ့ ခုထိ ဘယ်သူ့ကိုမှ ကားစ,မပြောသေး။ မေးလည်း မမေးသေး။

www.burmeseclassic.com



"စိတ်မပူပါနဲ့၊ ဉာဏာမှာ ဆေးတွေ အစုံပါတယ်တဲ့"

မိုးအိမ်ခန့်က အားပေးသလို ပြောပါသည်။ ဉာဏာ တော့ ဆေးထုပ်လေးတွေ ကိုင်ရင်း ...

"ကျွန်တော်က ဆရာဝန် မဟုတ်ပါဘူး။ သိပ်လည်း အထင်မကြီးကြပါနဲ့။ ခဏသက်သာအောင်ပဲ လုပ်ပေး သဘောပါ။ ဖတ်ထားဖူးတဲ့ ဗဟုသုတရစေတဲ့ စာအုပ် ထဲကအတိုင်းပဲ အကြံပေးမှာပါ"

အားလုံးကို စေ့ကြည့်ပြီး ပြောပါသည်။

"ရိုးရိုးသာမန် ဝမ်းပျက်ဝမ်းလျှောဖြစ်တာဆိုတော့ ဓာတ် ဆားရည်ပဲ မပြတ်မနေ သောက်ပေးပါ"

ရောဂါခံစားနေရသူ မိန်းကလေး သုံးယောက် သား ...

"ဟင် ... ဓာတ်ဆားရည်ကြီး"

လို့ သံပြိုင်အော်ပါသည်။ ဉာဏာထံမှ ရှားပါးသော အပြုံးလှဲ့လှဲ့လေး တစ်ချက်ကို ငေးရင်း ဝတ်ဆံညိုမှာ သေယေ နှင့် မျောတော့မလို ဖြစ်သွားပြန်သည်။ "သူ့ရဲ့ အပြုံးမှာ ရင် သည်"ဟူသော သီချင်းစာသားလေးတစ်ပိုင်းတစ်စကို ဖျတ်ခနဲ သတိရလိုက်ပါသေးသည်။





"ဓာတ်ဆားရည် ဆိုပေမဲ့ အဝင်ဆိုးတဲ့ ဓာတ်ဆားရည် မဟုတ်ပါဘူး။ လိမ္မော်နံ့ပါတဲ့ ဓာတ်ဆားရည်ပါ၊ အညွှန်း မှာ ပါတဲ့အတိုင်း ရေသန့်နဲ့ အမှုန့်ကိုရောဖျော်ပြီး သောက် ပေးပါ၊ နောက်ပြီး ဒီဆေးထုပ်နာမည်က Bioflorလို့ ခေါ် တယ်။ သူ့ကိုလည်း ဒီမှာ ဆေးညွှန်းပ တဲ့အတိုင်း ဆေးမှုန့် ကို ခုပဲ ဖျော်သောက်လိုက်ပါ၊ လောလောဆယ် ရေနွေး ကြမ်းဖြစ်ဖြစ်၊ ရေသန့်ပဲဖြစ်ဖြစ် သောက်ပါ။ ကော်ဖီ၊ တီးနဲ့ ဖျော်ရည်တွေ၊ အသီးအနှံတွေ မစားပါနဲ့ဦး။ အစာ ကိုလည်း အဖတ်စားမယ်ဆိုရင် ငရုတ်သီးပါတဲ့ဟင်းတွေ တော့ ရှောင်ပါ၊ ဖြစ်နိုင်ရင် ကြက်သားကြော်နဲ့ ထမင်းပေါ့၊ အဲဒီလိုပဲ အခြောက်အတိုင်း စားတတ်ရင်စားပါ၊ Seafood တွေတော့ ရပ်ထားလိုက်ပါဦး"

မိုးအိမ်ခန့်က ဘာမှ ေသေသချာချာ မပြောတတ်၊ မရှင်းတတ်သူမို့ ဉာဏာက ဝတ်ဆံညိုထံ ကမ်းပေးသော Bioflor အမည်ရှိ ဆေးထုပ်ကိုယူ၊ ဆေးညွှန်းဖတ်ပြီး ရေသန့်တစ်ဖန်ခွက် ထဲ ဆေးမှုန့်ထည့်ဖျော်ပြီး တိုက်ပါသည်။ ကျန်တဲ့ ကဗျာဦးနှင့် နိုင်သဉ္ဇာကိုတို့ကိုတော့ သူငယ်ချင်းတွေက အသီးသီး ဖျော်တိုက် လိုက်ပါသည်။

www.burmeseclassic.com



"ဝမ်းကတော့ ချက်ချင်း ရပ်သွားမှာ မဟုတ်ဘူး၊ သွားဦးမှာပဲ၊ ဒါပေမဲ့ အကြိမ်ရေ တဖြည်းဖြည်း နည်းသွားလိမ့်မယ်"

"ဝမ်းပိတ်ဆေး သောက်လို့မရဘူးလား"

ဝတ်ဆံညိုက မေးလိုက်တော့ ...

"ဝမ်းပိတ်ဆေးတွေက မကောင်းဘူး၊ ဝမ်းသွားချင်နေတာကို မသွားအောင် ပိတ်ပစ်လိုက်တာမျိုးဆိုတော့ ဗိုက်ကြီးကယ်ပြီး အခံရခက်မယ်၊ ဝမ်းရောဂါ လေရော ချုပ်သွားလိမ့်မယ်၊ ဒါကြောင့် မတိုက်တာပါ။ ဝမ်းပျက်ဝမ်းလျှော ဖြစ်ရင် အခါကက ဓာတ်ဆားရည် သောက်ပြီး ကုန်ခန်းသွားတဲ့ ရေနဲ့ သတ္တုဓာတ်ကို ပြန်ဖြည့်ပြီး ကုတာ အကောင်းဆုံးပဲ။ ဗိုက်ထဲမှာ ရှိနေတဲ့ မကောင်းတဲ့ allergy ဖြစ်နေတဲ့ အစာတွေ ကုန်သွားရင် ကောင်းသွားမှာပါ"

"ဝတ်ဆံက ကိုယ်လည်းပူနေသေးတာ"

"ဝမ်းသွားလို့ ကိုယ်ပူတာပါ၊ သိပ်မပူရင် ဘာဆေးမှ မသောက်ပါနဲ့၊ သက်သာသွားမှာပါ။ သိပ်ပူပြီး မခံနိုင်ဘူးဆိုရင်တော့ ပါရာစီတမောလ်ပဲ တစ်ခါသောက် နှစ်လုံးလောက် သောက်ထားပါ"



BURMESE CLASSIC .com



"အဖျားတိုင်းပေးပါလား"

ဝတ်ဆံညိုက သူ့ ကိုယ့်နား လာစေချင်၍ ချော့ချော့ ညက်ညက် အသံလေးဖြင့် ပြောမိသည်။ သူက သိက္ခာတော်ဝါတော်ရ ဘုန်းတော်ကြီးကျနေတာပဲ၊ မိန်းမနား မကပ်ဘဲ အဝေးကနေ ရပ်ပြီး တရားဟောသလို ဟောနေတာကိုး။ ဝတ်ဆံကတော့ သူ ကိုယ့်ကိုများ အဖျားတိုင်းပေးမလား။ ဆေးလေးဘာလေး ကိုယ်တိုင် လာတိုက်မလား မျှော်လင့်နေတာ။ မိုးအိမ်ခန့်ကတော့ ဝတ်ဆံညိုရဲ့ အတွင်းသဘောကို မသိသဖြင့် ...

"အေးကွာ ဉာဏ မင်းမှာ သာမိုမီတာ ပါရင် ဝတ်ဆံကို အဖျားတိုင်းပေးပါဦး"

"ပါပါတယ်၊ ရော ... မင်း တိုင်းပေးလိုက်"

"ဟာ ... ငါက"

"ဟော့ကောင် 3rd M.B ကျောင်းသားပဲ ဖြစ်နေပြီ သာမိုမီတာရဲ့ ပြဒါးတံကို မကြည့်တတ်ဘူးဆိုရင် မဟုတ်သေးဘူး။ သာမိုမီတာမှာပြတဲ့ ပြဒါးကို လူပြိန်းတောင် သင်ထားရင် ကြည့်တတ်တယ်ကွ"

မိုးအိမ်ခန့် ရှက်ရှက်နှင့် ဉာဏကို ဘုကြည့်ကြည့်သည်။ ဉာဏ လှမ်းပေးသော သာမိုမီတာကို ယူပြီး ဝတ်ဆံညိုကိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဖျားတိုင်းပေးမယ်နော်"

ဟု ခွင့်တောင်းလိုက်ပါသည်။

"ဟော့ကောင် ... လျှာအောက်မှာထားခိုင်း"

ဉာဏ လှမ်းပြောတဲ့အတိုင်း မိုးအိမ်ခန့် မပြောခင် ဝတ်ဆံညိုကပဲ လျှာအောက်ယူထိုးထည့်လိုက်သည်။ သူ ကိုယ့်နား မလာချင်တာကို ရင်နာနာနဲ့ပဲ လက်ခံနေရပြီလေ။ လူနာတစ်ယောက် အဖျားတိုင်းဖို့ ပြဒါးတံကို လျှာအောက်ထည့်ခိုင်းရမှန်းပင် မသိသော မိုးအိမ်ခန့်ကို စိတ်ထဲမှာ အပြစ်တော့ မမြင်ပေမဲ့ သူ ငါ့နားမှာ ရှိနေလို့ ဉာဏ အနားမလာတာလားဆိုသော သံသယစိတ်တော့ ဖြစ်လာမိပါသည်။ သူတို့က သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့ ငါနဲ့ ပတ်သက်ပြီး သူတို့ ကြားမှာ ဘာတွေများ ပြောထားကြသလဲ။ မိုးအိမ်ခန့် အမူအရာတွေဟာ ငါ့အပေါ် တစ်မျိုးလေး ထူးခြားနေမှန်း ရိပ်မိပေမဲ့ ဒါကို တကယ် မဖြစ်ပါစေနဲ့လို့ စိတ်ထဲက လိမ်ညာနေမိတာ။

"ရပြီ၊ ထုတ်လိုက်တော့ အိမ်ခန့်"

"မင်း လာကြည့်ပေးကွာ"

ဉာဏ အနားလာရပ်ပြီး ...





"ဒီမှာ သာမိုမီတာကို ဒီလိုကိုင်၊ ဒီမှာ တွေ့လား၊ ဒီ အမည်းရောင်တန်းလေး ဘယ်အမှတ် ရောက်နေလဲ၊ မီးရောင်မှာဖြစ်ဖြစ်၊ လင်းတဲ့ ဘက်မှာဖြစ်ဖြစ် ထောင်ကြည့်လိုက်"

မိုးအိမ်ခန့်ကို သင်ပေးလိုက်ပါသည်။ မိုးအိမ်ခန့် မ်းသာအားရဖြင့် ...

"အေး ... ငါ တွေ့ပြီကွ၊ နေဦး ... ၉၉ ရှိတယ်ကွ ဉာဏရဲ့ ဟုတ်တယ် မဟုတ်လား။ ငါ ကြည့်တာ မှန်လား"

"မှန်တယ်၊ အဖျားဒီဂရီ ၉၉ ပဲ ရှိတယ်"

ဝတ်ဆံညိုကိုပါ လှည့်ပြောလိုက်သော ဉာဏ မျက်လုံးတွေထဲမှာ တည်ကြည်မှု၊ နူးညံ့ညင်သာမှုတို့သည် ဝတ်ဆံညို စားနေရသော ရောဂါဝေဒနာတွေကို တကယ်ပဲ တစ်ဝက်သက်သာသွားစေပါသည်။ သူ့ဆီမှာ တစ်ခါမှ မတွေ့ဖူးခဲ့သော ထိုအမူအရာသည် ဝတ်ဆံညိုကို ရူးသွပ်စေတယ်ဆိုရင် ပြောတာလွန်လားမသိ။ ဝတ်ဆံညို သူ့ကို သိပ်ချစ်မိပြီ။ ရင်ထဲမှာ လေးစားအားကိုးမိခြင်းနဲ့အတူ တကယ်ပဲ လိုလားခင်တွယ်မိပြီ။ သူ့နဲ့ ကိုယ် ပုံစံချင်း၊ အကြိုက်ချင်း၊ နေပုံထိုင်ပုံချင်း တခြားစီပေမဲ့ ဒီ Opposite ဖြစ်တာကိုပဲ သဘောကျနှစ်ခြိုက်နေမိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"99 (နိုင်းတီနိုင်း)ဆိုရင် ပါရာစီတမောလ် သောက်မနေပါနဲ့ မလိုပါဘူး။ ကျွန်တော် ပြောတဲ့ ဓာတ်ဆားရည်ပဲ ခဏခဏ သောက်ပေးပါ။ ဝမ်းသွားချင်ရင်လည်း အောင့်မထားနဲ့ သွားပေါ့၊ ဒီလို သွားရင်းနဲ့ပဲ သက်သာလာမှာပါ၊ တစ်ခုပဲ ရှိတယ်၊ သွားတဲ့ဝမ်းထဲမှာ ချွဲတွေပါရင်တော့ antibiotic သောက်ဖို့လိုမယ်၊ ဝမ်းက အရည်ပဲလား။ ချွဲပါလား"

ဝတ်ဆံညိုရော ကျန်တဲ့ မိန်းကလေးနှစ်ယောက်ပါ ရွယ်တူယောက်ျားလေးက မေးသဖြင့် ဖြေကြရမှာ ရှက်ပြီး ငြိမ်နေသည်။

"ကျွန်တော့်ကို မရှက်ပါနဲ့၊ လိုအပ်ရင် ဆေးပေးမလို့ပါ၊ Metronidazoleဆိုတဲ့ ဝမ်းကိုက်ပိုးသတ်ဆေးလည်း ပါလို့ပါ၊ အဲဒါပါ ပေးသင့်ရင် ပေးခဲ့မလို့ပါ"

ကဗျာဦးကပဲ ခပ်ရှက်ရှက် မျက်လုံးလေးဖြင့် ...

"အရည်ပဲ သွားတာပါ၊ ချွဲတော့ မပါသေးဘူး"

"ဒါဆို မလိုပါဘူး။ ရန်ကုန်ရောက်ရင်လည်း ကိုယ်သွားတဲ့ ဝမ်းကို ဂရုစိုက်ပြီး ကြည့်ပေါ့နော်၊ ချွဲပါလာရင် ဆရာဝန်ကိုတော့ သွားတိုင်ပင်သင့်တယ်။ ဆရာဝန်ဆီမှာတော့ ကျွန်တော့်ထက် ပိုကောင်းတဲ့ ဆေးကုသနည်း ရှိမှာပါ၊





ကျွန်တော်ကတော့ ကျောင်းသားအဆင့်နဲ့ ကြားဖူးနားဝ ဗဟုသုတနဲ့ သက်သာအောင် ကုပေးတဲ့ သဘောပါ"

"ဘယ်အချိန် ပြန်ကြမှာလဲ"

ဝတ်ဆံညိုက ဘယ်သူ့ကို မေးမှန်းမသိ လှမ်းမေးသည်ကို မိုးအိမ်ခန့်ကပဲ ဖြေပါသည်။

"Breakfast စားပြီးရင် ပြန်ဖို့အသင့်ပဲ ဝတ်ဆံ။ ဝတ်ဆံတို့ကရော"

"ဝတ်ဆံတို့က ဆယ်နာရီလောက်မှ ထွက်မှာ"

"ကျွန်တော်တို့နဲ့ တစ်ခါတည်း ရှေ့ဆင့်နောက်ဆင့် ပြန်ပါလား။ ဒါမှ လမ်းမှာ လိုအပ်တဲ့ အကူအညီ ပေးလို့ရတာပေါ့"

မိန်းကလေးတစ်သိုက် စဉ်းစားသွားပါသည်။ ဉာဏကတော့ သူ့ရဲ့ ဆေးအိတ်လေးကို ဇစ်ပြန်ဆွဲပိတ်ပြီး ဘာမှ ဝင်မပါတော့ဘဲ အသာရပ်စောင့်နေသည်။ သူ လုပ်ပုံကိုင်ပုံ၊ ဆက်ဆံပုံဟာ တကယ်ပဲ ဆရာဝန်တစ်ယောက်က လူနာကိုလာကြည့်ပြီး ပြန်တဲ့ပုံစံပေါက်နေသည်ဟု ဝတ်ဆံညို တွေးနေမိသည်။

"နော် ... ဟော့ကောင် ဉာဏ၊ လမ်းမှာ ငါတို့နဲ့ အတူတူဆိုရင် ကူညီလို့ရမှာပေါ့"

www.burmeseclassic.com



"အဲဒါက သူတို့သဘောပါ။ အခု ဝမ်းသိပ်သွားနေတယ် ဆိုရင်တော့ အေးအေးဆေးဆေးမှ ပြန်ကြပေါ့၊ လမ်းခရီးမှာကျ ဝမ်းသွားချင်လာရင် ဒုက္ခရောက်မယ်လေ။ ဒီမှာ တစ်ရက် ပိုနေပြီး နားလိုက်ရင်လည်း ကောင်းတာပဲ။ အဲဒါဆို ဝမ်းသွားတာ အကြိမ်ရေ နည်းသွားတော့ ခရီးသွားလို့ကောင်းသွားတာပေါ့။ ကျွန်တော် ပေးထားတဲ့ Bioflor ဆေးထုပ်နဲ့ ဓာတ်ဆားရည် မှန်မှန်သောက်ရင် နောက်နေ့မနက်ဆိုရင်ပဲ လုံးဝ မသွားတော့အောင် သက်သာသွားမှာပါ၊ ဒီတော့ သင့်တော်သလိုပဲ စဉ်းစားကြပါ"

"ဝတ်ဆံကတော့ ဒီနေ့ပဲ အိမ်ပြန်ချင်နေပြီ"

"ဒါဆိုလည်း ပြန်ပါ၊ ရပါတယ်၊ ကျွန်တော်ကတော့ ဝတ်ဆံညိုတို့ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ကောင်းတဲ့ဘက်ကပဲ လှည့်တွေးပြီး ကောင်းတယ် ပြောမှာပါ"

မိန်းကလေးတွေ အားလုံးကလည်း ပြန်ချင်နေပြီမို့ ပြန်လိုက်ကြရန်သာ တိုင်ပင်နေကြသည်။ မိုးအိမ်ခန့်က ဒီအခန်းထဲမှ ပြန်သေးမည့်ပုံ မပေါက်၍ ဘဏကပဲ ...

"အိမ်ခန့် ငါ ပြန်နှင့်မယ်၊ မင်း နောက်မှလိုက်ရင် လိုက်ခဲ့လေ"

ဟု အရင်ဆုံး သွားနှင့်မဲ့အကြောင်း လှမ်းပြောသည်။





"ဖြည်းဖြည်းပေါ့ကွ၊ ပစ္စည်းတွေ အကုန်လုံး သိမ်းပြီးပြီပဲ၊ ကိုထွေးက မနက်ခုနစ်နာရီခွဲမှ ထွက်မှာ"

"ငါ ရေပြန်ချိုးလိုက်ဦးမယ်"

"အေး ... ဒါဆို ငါလည်း ပြန်လိုက်ခဲ့မယ်လေ"

သူတို့နှစ်ယောက် ပြန်ထွက်သွားသောအခါ ဝတ်ဆံညိုတို့ သုံးယောက် အောင့်ထား၍ အလုအယက် အိမ်သာပြေးဝင်ဖို့ ဝရုန်းသုန်းကား ထကြတော့သည်။ အခန်းက ခုနစ်ယောက်ကို သုံးယောက်ခန်း နှစ်ခန်း ငှားထား၍သာ တော်တော့သည်။

ဝမ်းသွားနေကြသော ထိုသုံးယောက်အဖြစ်ကို သနားလည်းသနား၊ ရယ်လည်း ရယ်ချင်ကာ ကျန်တဲ့ လေးယောက်ကတော့ ပစ္စည်းတွေ စတင်သိမ်းဆည်းပြီး ပြန်ကြဖို့ ပြင်ဆင်နေပါသည်။ ဝတ်ဆံညိုတစ်ယောက် အိမ်သာထဲမှ ပြန်ထွက်လာလာချင်းပဲ ရေနွေးကြမ်းဓာတ်ဘူးထဲမှ ရေနွေးကြမ်းတွေ ငှဲ့ပြီး တစ်ကွပ်ကွပ် သောက်ချနေတာ မြင်လျှင် ...

"အမယ်လေး ... ရေနွေးကြမ်း တစ်သက်လုံး မသောက်တဲ့ မိန်းမက ခုတော့ ကိုကိုဒေါက်တာ့စကား တစ်သဝေမတိမ်း နားထောင်ပြီး ရေနွေးကြမ်းကို သောက်လို့ပါလား၊ တယ်လိမ္မာပါလား"

www.burmeseclassic.com



ဟု ဝိုင်း၍ နောက်ပြောင်လိုက်ကြသည်။

ဝတ်ဆံညိုက ပြုံးစိစိလေး လုပ်ပြီး ဝန်ခံလိုက်ပါသည်။

"သူ့ကို ချစ်တော့လည်း သူ့အလိုကျ နာခံမိတာဟာ မဆန်းပါဘူးနော်"


"နင် ကြည့်လည်းလုပ်ဦး၊ မိုးအိမ်ခန့်က နင့်ကို သဘောကျနေပုံပဲ၊ နင်က ဉာဏကို မျှော်လင့်နေ။ ဟိုက သူ့ရဲ့ ဉာဏကို ရင်ဖွင့်ပြီးပြီလား မသိဘူး"

"အေးလေ အဲဒါဆို ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလဲဘူး။ မိုးအိမ်ခန့်ကို ငြင်းမှာပေါ့၊ ငါ ချစ်တာ ဘယ်သူဘယ်ဝါပါဆိုတာကို ပြောပြလိုက်မှာပေါ့"








www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကိုဉာဏလား"

ဉာဏသည် ရုတ်တရက် နောက်ကနေ တဖုန်းဖုန်း ပြေးလိုက်လာပြီး ခေါ်လိုက်သံကြောင့် ဟင် ... ဟု ယောင်ရ ထူးလိုက်မိသည်။ လူက လှည့်လည်း လှည့်ကြည့်လိုက်မိသည်။

ဝတ်ဆံညို ...။

ဉာဏ စိတ်ထဲမှာ ခေါ်လိုက်မိသည်။ ရှည်လျားပြီး ပန်းထိပင် ရှည်တော့မလို ကျောက်ရောင်စုံနားဆွဲကြီး ဝတ်ထားလျက် ဝတ်နေကျ ပုံစံအတိုင်း ပန်းသိုင်းကြိုး မပါသော ရယ်ဒီမိတ် စပို့ရှပ်ပန်းဆီရောင်နှင့် အဖြူရောင် စကတ်ရှည်တို့ကို ဝတ်ထားသော ဝတ်ဆံညို၏ မျက်နှာမှ အပြုံးတို့ကတော့ တောက်ပြောင်ပီပြင်လှပါသည်။





ဝတ်ဆံညိုမှာလည်း ဉာဏ၏ ပုံစံကို အထူးအဆန်း ဖြစ်ပြီး အံ့သြသဘောကျလျက် ရှိသည်။ အားကစားဘောင်းဘီတိုနှင့် စပို့ရှပ်ဖြူတို့ကို ဝတ်ထားပြီး အားကစားဖိနပ်လည်း စီးထားသည်။ တင်းနစ်ရက်ကက်ထည့်သော အိတ်ကိုလည်း လွယ်ထားသည်တို့ကို ကြည့်ပြီး အသွင်တစ်မျိုးလို ဖြစ်နေသော ဟန်ပန်သည် သူ့ရဲ့ Trade Mark မဟုတ်ပေမဲ့ အရုပ်မြင့်မြင့် ကိုယ်ဟန်မတ်မတ် သူ့ပုံနဲ့ လိုက်ကိုလိုက်ဖက်လှသည်။

"ဘယ်သာတာလဲ"

နှစ်ယောက်သား ပြိုင်တူမေးလိုက်ကြပြီးမှ ရယ်မောမိသွားပါသည်။

ဉာဏရဲ့ ရယ်မောဟန်သည် ဝတ်ဆံညိုအတွက်ပဲ သီးသန့်ဖြစ်နေသဖြင့် ဒီတစ်ခါလည်း ဝတ်ဆံညို တစ်ယောက် သေလုမျှောပါး ရင်ခုန်ရပြန်သတဲ့။

"ကိုဉာဏ အရင်ဖြေ"

"ဟုတ်ပါပြီ၊ ကျွန်တော်က ဒီ Club မှာ ရှိတဲ့ တင်းနစ်ကုတ်မှာ လာလာကစားပါတယ်"

"အမြဲတမ်းလား"



www.burmeseclassic.com

www.burmeseclassic.com



“တစ်ပတ်နှစ်ရက်ပေါ့၊ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေပါပဲ။ ကျောင်းဖွင့်ရက်တော့ မလာနိုင်ဘူးလေ”

“ကိုဉာဏကို ဒီလို တွေ့လိုက်ရတော့ အမြင်များ မှားနေသလားဆိုပြီး အံ့သြသွားတယ်”

“ဘာဖြစ်လို့လဲ”

“အမြဲတမ်း စာပြီးရင်း စာဖတ်နေတဲ့ စာဂျပိုးကြီး ထင်လို့လေ၊ အဲ ... ဆောရီး ... ဆောရီး၊ ဝတ်ဆံ ပြောတာ မှားသွားပြီထင်တယ်”

“ကျွန်တော် စာတော့ အမြဲတမ်း ကျက်နေပါတယ်၊ ဒါပေမဲ့ အိမ်တွင်းအောင်းပြီး ကုပ်ချည့်နေသလို ဖြစ်မှာစိုးလို့ အားကစားတစ်ခုခုကို လုပ်ဖို့ ရွေးချယ်တဲ့အခါ တင်းနစ်ကစားတာကို သဘောကျလို့ ကစားပါတယ်။ အိမ်ခန့်လည်း အရင်က ကျွန်တော်နဲ့ ပုံမှန် လိုက်ကစားသေးတယ်၊ ခုတော့ သူက အလုပ်ပိုပိုများလာတော့ ကစားလိုက်၊ မကစားလိုက်ပါပဲ”

ဉာဏသည် မိုးအိမ်ခန့်အကြောင်း သတိတရ ထည့်ပြောလိုက်သေးသဖြင့် ဝတ်ဆံညို အလိုက်သင့်ပဲ နားထောင်နေလိုက်ပါသည်။ အေးလေ ... သူက သူ့သူငယ်ချင်းကို သိပ်ခင်တဲ့ လူ





ဆိုတော့ သူ့သူငယ်ချင်းအကြောင်း ထည့်ပြောတာ သိပ်တော့ ဆန်းလှပါဘူး။

“အခု ရိုက်ပြီးပြီလား”

“ပြီးပြီ၊ ပြန်တော့မှာ”

“ဝတ်ဆံလည်း ပြန်မှာ”

“ဝတ်ဆံညိုက ဘယ်လာတာလဲ”

“ဒီမှာလေ၊ အဟင်း ... လက်သည်းခြေသည်း အလှလာပြင်တာပေါ့။ တွေ့လား၊ လက်သည်းလေးတွေ ညီပြီး ကြွေရောင် တောက်နေတယ်”

ဝတ်ဆံညိုက သူမရဲ့ လက်ချောင်းလေးတွေ ဖြန့်ပြရင်း သူမကိုယ်သူမ သဘောကျသလို ပြောပြပါသည်။ ဉာဏမှာတော့ ကြံဖန်ပြီး လက်သည်းခြေသည်းတွေကို ပိုက်ဆံအကုန်ခံ အလှလာပြင်သော မိန်းကလေးကို ရွတ်ချချင်ပေမဲ့ ကိုယ့်သူငယ်ချင်း မျက်နှာထောက်ပြီး အသာအယာပဲ ခေါင်းညိတ်ပြလိုက်ရသည်။ အိမ်ခန့်တော့ သူ ရှာသမျှ ပိုက်ဆံကို ဘယ်လို ဖြုန်းရမလဲလို့ စဉ်းစားနေမဲ့ မိန်းကလေးမျိုးနဲ့ တွေ့ပြီ ထင်ပါရဲ့။

“ကိုဉာဏ အချိန်ပေးနိုင်ရင် ဝတ်ဆံနဲ့ ကော်ဖီ လိုက်သောက်ပါလား၊ ဒီ Club ထဲက ကော်ဖီဘားမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကျွန်တော်"

"မငြင်းနဲ့နော် မရဘူး။ ဒီလောက်အချိန်လေး ဖြုန်းလိုက်ရတာနဲ့ ကိုဉာဏ စာမေးပွဲ ကျမသွားပါဘူး။ ဝတ်ဆံက ကိုဉာဏကို အရင်တစ်ခါ ကူညီကတည်းက ခင်သွားပြီး ကျေးဇူးတင်စကားလည်း ပြောချင်နေတာ၊ ပြီးတော့ ဝတ်ဆံနဲ့ ကိုဉာဏ အရင်က တစ်ယောက်နဲ့တစ်ယောက် မတည့်ဘဲ ဘုနဲ့ဘောက် ဖြစ်ခဲ့တာကိုလည်း ကျေအေးတဲ့ အနေနဲ့ မိတ်ဖြစ် ဆွေဖြစ် စကားပြောချင်တာပါ၊ လက်ခံရမယ်နော်၊ ဝတ်ဆံ အကြာကြီး အချိန်မဖြုန်းပါဘူး၊ ခဏပါ"

မိန်းကလေးတစ်ယောက်က ဒီလောက်ကြီး ပြောနေသောအခါ ဉာဏ အိး ... အဲနှင့် ငြင်းရခက်နေသည်။ အရင်က စိတ်နဲ့ဆို အပြတ်ပြောပြီး ရှောင်ထွက်မှာပေမဲ့ အခုကျ ကိုယ့်သူငယ်ချင်းက ဒီမိန်းကလေးကို ချစ်မိနေပြီလို့ သိထားသောအခါ အပြတ်ကြီး မဆက်ဆံချင်တော့ပါ။ သူငယ်ချင်းနဲ့ ပတ်သက်ပြီး ကိုယ်နဲ့လည်း ဆက်ဆံ စကားပြောနေရမည်ဖြစ်ရာ မိုးအိမ်ခန့် မျက်နှာကို မြင်ယောင်တိုင်း ဝတ်ဆံညိုကို အရင်ကလောက် မပြတ်သားချင်တော့ပါ။





"ကိုဉာဏကလည်း ဘာလဲ ... ကောင်မလေး မြင်ရင် အထင်လွဲမှာစိုးလို့လား။ စိတ်ချ၊ အထင်လွဲသွားရင် ဝတ်ဆံ ကိုယ်တိုင်ပဲ လိုက်ပြီး ရှင်းပေးမယ်"

"ကောင်မလေး မရှိပါဘူး"

"မရှိတာလား မရှိသေးတာလား၊ ရှိလာတော့မှာလား"

"မေးခွန်းတွေများနေပြီ၊ ဘာဖြေရမှန်းတောင် မသိတော့ဘူး"

ဝတ်ဆံညိုသည် ဒေါက်မြင့်ဖိနပ်အချွန်လေးတွေ ထားသော ခြေလှမ်းတွေ မြောက်ကြွ မြောက်ကြွ ဖြစ်ပြီး သွက် က်လျက် လူက ရွှင်ပျနေသည်။ သူမ နံဘေးမှာ အရပ်ကြီး င့်မြင့်မားမားနှင့် ဉာဏ ပါလာနိုင်သည့်အတွက် တစ်လောက ကို ကြွားဝါချင်နေမိသည်။ ဉာဏ၏ ပခုံးကျော်ကျော် နားရွက် းလောက်သာရှိသည့် ဝတ်ဆံညိုရဲ့ ငယ်ထိပ်လေးကို ဉာဏဟာ စ်ချက်မှ ငုံ့မကြည့်ပေမဲ့ ဝတ်ဆံညိုကတော့ နှစ်နှစ်ခြိုက်ခြိုက် င် မကြာခဏ မော့မော့ကြည့်ရတာ အမော။ သူ့ရဲ့ ဘေးတိုက်ဂ ်င်ရတဲ့ နားသယ်စပ်၊ မေးဖျား၊ မေးရိုးကျပုံကအစ နားရွက်ဖျား သးတွေကိုပင် တမက်တမော မော့မော့ကြည့်ရတာ။ အိုး ... ိယ်တော့ မိန်းမနောက်ပိုး လုံးလုံးတကယ် ဖြစ်နေပါပြီကွယ်။ ့နဲ့ကျမှပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



Club ဖွင့်ထားရာ ဟိုတယ်ကြီးရဲ့ အောက်ထပ်မှာ Restaurant နှင့် တွဲပြီး ကော်ဖီဘား ရှိပါသည်။ Beer Pub လည်း ရှိပါသည်။ ဝတ်ဆံညိုတို့က ကော်ဖီဘားထဲသို့ တွန်းဝင်လိုက်ကြသည်။

စားပွဲဝိုင်းတစ်ဝိုင်းမှာ နေရာယူပါသည်။ မျက်နှာချင်းဆိုင် ထိုင်ပြီးသောအခါ ဝတ်ဆံညိုက ...

"ကော်ဖီပဲလား ကိုဉာဏ"

ဟု စပြီး မေးသည်။

"ကျွန်တော် ကော်ဖီ မကြိုက်ဘူး"

"ဟင် ... ဝတ်ဆံနဲ့ တခြားစီပဲ၊ ဝတ်ဆံက ကော်ဖီဆိုရင် ခါးမှ။ သိပ်ခါးတဲ့ Espresso မှ ကြိုက်တယ်"

"ကျွန်တော် Tea ပဲ သောက်ပါမယ်၊ Lipton Yellow Label Tea တစ်ခွက်ပဲ မှာလိုက်ပါ"

"မုန့်စားဦးနော်"

"မဟားတော့ပါဘူး၊ ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ထမင်းတ[illegible] ကာ[illegible] ထမင်းစားချိန်မှာ ထမင်း စားလိုက်ရမှ တင်းတိမ်တယ်၊ ဒါကြောင့် တခြား ဘာမှ စားလေ့မရှိဘူး"





"ဝတ်ဆံကတော့ ထမင်းလွတ်နေပြီး အစုံလျှောက်စားရင် စားတာပဲ"

"ဒါကြောင့် ဟိုတစ်ခါက အစားစုံပြီး ဒုက္ခများကုန်တာ ပေါ့"

ဝတ်ဆံညိုက ချောင်းသာအဖြစ်ကို သတိရ၊ ရှက်လည်းရှက်ပြီး မျက်နှာလေးနီလျက် ပြုံးပါသည်။

"ဒီက ပြန်ရင် ကိုဉာဏ ဘာလုပ်မှာလဲ"

"ရေချိုး ထမင်းစားပြီးရင် စာကျက်မှာပေါ့"

"TV မကြည့်ဘူးလား"

"TV အစီအစဉ်တွေကို မစွဲလမ်းအောင် နေတယ်၊ ဒါကြောင့် မကြည့်ဘဲနေတယ်"

"ဟင် ... ဒါဆို ပျင်းစရာကြီး"

"မပျင်းပါဘူး၊ ကျွန်တော်သိပ်ကြည့်ချင်လာရင် Discovery Channel လောက်ပဲ ကြည့်တယ်၊ ဗဟုသုတလည်း ရတယ်၊ အဲဒါမျိုးပဲ ကျွန်တော် ခံစားလို့ရတယ်"

"MTV တွေရော မကြိုက်ဘူးလား"

"ကြည့်မိရင် ကြိုက်နေမှာစိုးလို့ မကြည့်ဘဲ နေတယ်လေ"

"ဒါဖြင့် သီချင်းရော နားထောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"စာကျက်တဲ့ အချိန်ကလွဲရင် အားတဲ့အချိန်ဆို အမြဲသီချင်း ဖွင့်ပြီး နားထောင်တယ်၊ ကျွန်တော် သီချင်းတော့ ကြိ တယ်၊ ဒါပေမဲ့ အိမ်ခန့်လိုတော့ မဆိုတတ်ဘူး။ လူရှေ့ ဆိုလည်း မဆိုရဲဘူး၊ အိမ်ခန့်ကတော့ သူ လုပ်ချင်တာ ဖြစ်အောင် လုပ်သွားပြီ"

အင်း ... သူ့သူငယ်ချင်းအကြောင်း ထည့်ပြော ပြီ။ ငါ့ကို သူ့သူငယ်ချင်းနဲ့ သက်ဆိုင်သူလို့ သူ ယူဆထားပုံ အို ... ဒီလိုတော့ ဘယ်ရမလဲ။ ရှင်းစရာလင်းစရာ ရှိရင် ရှင်း မှာပဲ။ ရှင်းရမဲ့အချိန်ကိုပဲ စောင့်နေတာ။

"အိမ်ခန့်က ခုလည်း သီချင်းဆိုရုံမကဘူးဗျာ၊ ဘယ် မြှောက်ပေးတယ်မသိပါဘူး။ ဗီဒီယိုတောင်တစ်ကားလော စရိုက်တော့မယ် ဖြစ်နေပြီ။ ဒီကောင်တော့ မလွယ်ဘူ 2nd termမှာ အောင်စေချင်လို့ ကျွန်တော် ကျက်ပေးထားသ အလကား ဖြစ်တော့မှာပဲဗျာ။ စာမေးပွဲ ပြန်နီးလာပြီ ခုထိကျောင်းစာကို ထဲထဲဝင်ဝင် မဖတ်နိုင်သေးဘူး။ ဟိုလ စီစဉ်တဲ့ အတွဲခွေထဲပါ၊ ဒီလူ စီစဉ်တဲ့ အတွဲခွေလည်းပါ ကြော်ငြာလည်းရိုက်နဲ့ မအားရတဲ့ထဲ အခု ဗီဒီယိုပါ ရိုက် တော့မယ်ဆိုတော့ ဘယ်လို ဆွဲခေါ် ရမလဲတောင် မသိဘူး ကျွန်တော်က သူ ကျန်ခဲ့မှာ သိပ်စိုးရိမ်နေတာဗျာ"





ဟော ... တွေးရင်း အတွေးက မဆုံးသေးဘူး။ သူ့ သူ့သူငယ်ချင်းအကြောင်း ပြောနေပြန်ပြီ။ အေးလေ ... သည်းခံပြီး နားထောင်ပေးရမှာပဲပေါ့။

"သူ့မိဘက မပြောဘူးလား"

"မပြောဘူးဗျ၊ သူ့အစ်မတွေကလည်း သူ ဒီလို အောင်မြင်လာတာကို သိပ်သဘောကျနေကြတာ။ မောင်လေးတစ်ယောက်တည်း တစ်ဦးတည်းသော သားလေးတစ်ယောက်တည်းက ပညာရေးလည်း ထူးချွန်ပြီး အနုပညာလောကမှာလည်း အောင်မြင်နေနိုင်တာကို သိပ်ဂုဏ်ယူနေကြတယ်"

"အင်းလေ ... ဒါလည်း ဟုတ်တာပဲ၊ ဂုဏ်ယူသင့်ပါတယ်"

ဉာဏသည် ဝတ်ဆံညို ဒီလို ထောက်ခံလိုက်သည်ကိုပင် မကျေမနပ် ကြည့်ပါသည်။ မိန်းကလေးတွေဟာ အဲဒီလိုပဲ အနုပညာလောကမှာ အောင်မြင်တဲ့ Celebrity ဖြစ်ရတာကိုပဲ ပိုပြီး သဘောကြတယ်။ ဆရာဝန်တစ်ယောက်ရဲ့ လူ့လောကကြီးထဲမှာ အရေးပါပုံကိုတော့ ခေါင်းထဲ မထည့်ဘူး။ သူတို့သိတာ အောင်မြင်မှုရယ်၊ ငွေကြေးမြောက်မြားစွာ ရနေခြင်းရယ် လူသိများရတာရယ်ပဲ။

"ကျွန်တော်ကတော့ အိမ်ခန့်ကို ဆရာဝန်ပဲ ဖြစ်စေချင်တာ"

www.burmeseclassic.com



"သူ တစ်နေ့ ကျောင်းပြီးရင် ဆရာဝန် ဖြစ်မှာပဲ"

"ကျွန်တော်က နားကြပ်ကိုင်တဲ့ ဆရာဝန်မျိုး ဖြစ်စေချင်တာ"

"ကိုညဏ ဖြစ်ရင် ပြီးရော မဟုတ်လား။ သူ့ကို ဘာလို့ ဒီလောက်တောင် ထည့်တွက်ပြီး ပူပန်ပေးနေရတာလဲ ဟင်"

"သူဟာ ကျွန်တော်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံး သူငယ်ချင်းပါ။ ကျွန်တော်နဲ့ သူ့ရဲ့ ရပ်တည်မှုဟာ အတူတူပဲ ဖြစ်ချင်တယ်။ တစ်ယောက်တစ်လမ်းစီ မဖြစ်ချင်ဘူး"

ဝတ်ဆံညို တိတ်တခိုး သက်ပြင်းချမိပါသည်။ သူဟာ တကယ် မလွယ်ဘူး။ မိုးအိမ်ခန့်ကို သိပ်သံယောဇဉ်ကြီးလွန်းတယ်။

"ကဲ ... သူ့အကြောင်း ထားပါတော့၊ ကိုညဏမှာရော မောင်နှမတွေ ရှိလား"

"ကျွန်တော့်မှာ အစ်မတစ်ယောက်ပဲ ရှိတယ်၊ သူက တက္ကသိုလ်က ဆရာမပါ"

"ဝတ်ဆံမှာတော့ မောင်နှမ မရှိဘူး။ ဝတ်ဆံက တစ်ဦးတည်းသောသမီး။ ဒါကြောင့် အပေါင်းအသင်း မင်တယ်၊





သူငယ်ချင်း အများကြီးထားတယ်၊ ဝတ်ဆံတို့ အုပ်စုက ဆယ့်နှစ်ယောက်တောင် ရှိတာ။ အားလုံး အထက်တန်းကျောင်းမှာကတည်းက အတူတူခင်လာကြတဲ့ သူငယ်ချင်းတွေလေ။ မကြာခင် လူက လျော့လျော့လာတော့မှာ၊ တချို့က နိုင်ငံခြားသွား စာသင်ကြတော့မှာပေါ့"

"ဝတ်ဆံညိုရော မသွားဘူးလား"

"ဝတ်ဆံလား ... အဟဲ ... မသွားချင်သေးလို့ ပတ်ရှောင်နေတာလေ။ ဝတ်ဆံက မြန်မာပြည်မှာ နေရတာ ပျော်တယ်၊ မြန်မာပြည်မှာပဲ ကျောင်းပြီးအောင် တက်လိုက်ဦးမယ်၊ ဘွဲ့ရမှ ဖေဖေက အတင်းသွားခိုင်းမှ သွားမယ်။ မသွားခိုင်းရင် မသွားဘူး"

"နိုင်ငံခြား မရောက်ရသေးလို့ ပြောတာ ဖြစ်မှာပါ၊ လူတော်တော်များများကတော့ နိုင်ငံခြားသွားစာသင်ပြီးရင် ဟိုမှာ ပျော်ကုန်ကြတယ်လို့ ကြားဖူးတယ်"

"ဝတ်ဆံ ခဏခဏ သွားလည်ဖူးပါတယ်၊ ဗန်ကောက်၊ ဖူးခက်၊ စင်ကာပူ၊ မလေးရှားတင်မကဘူး အင်ဒိုနီးရှားက ဘာလီကျွန်းတောင် ရောက်ဖူးတယ်၊ ဒါပေမဲ့ ခဏပဲ သွားလည်ချင်တယ်၊ အကြာကြီး မနေချင်ဘူး။ မပျော်ပါဘူး၊ ဒါကြောင့် မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဥာဏာသည် ဒီလို ကြားလိုက်ရတော့ ကောင်မလေး ကို အံ့သြသွားပါသည်။ ဝတ်ပုံစားပုံက နိုင်ငံခြားစတိုင်လည်း အပြည့်ဖြစ်နေသူလေးက နိုင်ငံခြားကို မသွားချင်ပါဘူး။ မြန်မာ ပြည်မှာပဲ ပျော်ပါတယ်ဆိုသောအခါ သူ ပြောတာ ယုံရပါ့မလား လို့တောင် သံသယ ဖြစ်မိသည်။ လူကြားကောင်းအောင် ပြော သလား၊ တကယ်ပဲ စိတ်ထဲကပါလို့ ပြောနေသလား။

ဥာဏာရဲ့ စိတ်က ဝတ်ဆံညိုနဲ့ ပတ်သက်လာ အကောင်းမြင်လို့ သိပ်မရလေရာ ဝတ်ဆံညို တကယ်အမှန်အတိုင်း ပဲပြောပြော၊ မယုံတာက များနေသည်။

"ပြန်ရင်ကောင်းမယ်နော်၊ ညနေစောင်းနေပြီ၊ ဝတ်ဆံညို လည်း အိမ်ပြန်မှာ မဟုတ်လား"

ဥာဏာပင် စပြီး ပြန်ဖို့ ပြောတော့မှ ဝတ်ဆံညိုလည်း ပြန်ဖို့ပြင်သည်။ တကယ်တော့ ဝတ်ဆံက သူ့ကို စကားတွေ အများကြီး ပြောချင်နေသေးတာ။

"ဝတ်ဆံ အိမ်မပြန်သေးပါဘူး"

"ဟင် ... ဘယ်သွားဦးမလို့လဲ၊ ညနေခြောက်နာရီကျော် နေပြီ"

"ဝတ်ဆံ အိမ်ကို ရှစ်နာရီလောက်မှ ပြန်နေကျ"

"ဒါဖြင့် အခု ဘယ်သွားမလို့လဲ"





"ဒီလိုပဲပေါ့၊ သူငယ်ချင်းအိမ် သွားရင်သွား၊ မသွားရင် ရှော့ပင်းမောလ်ကို သွားတယ်၊ အဲဒါတွေ မသွားချင်ရင် ကားလျှောက်မောင်းနေတယ်၊ အိမ်မှာ နေရတာ ပျင်းလို့ ပါ။ အိမ်မှာ ဖေဖေကလည်း သူ့အလုပ်ကိစ္စနဲ့သူ။ မေမေ ကလည်း သူ့စိန်ထည်ရွှေထည်ကိစ္စနဲ့သူ၊ ဝတ်ဆံမှာ မောင်နှမ လည်း မရှိတော့ စကားပြောရမဲ့ အဖော်လည်း မရှိဘူး၊ သိပ်ပျင်းတာပဲ၊ ဒါကြောင့် လျှောက်သွားနေတာ"

ဥာဏာသည် ဒီလို ကြားလိုက်ရတော့ တော်တော်ကြီး ပင် စိတ်ပျက်သွားသည်။ ဒီမိန်းကလေးဟာ တကယ့်ကို စည်းပျက် ကမ်းပျက်ကလေးပါလား။ အိမ်ခန့် သူ့ကို မရွေးရင် ကောင်းမယ်။ ဒီမိန်းကလေးဟာ သူ့အတွက် ဇနီးကောင်းဖြစ်မဲ့ပုံ မပေါ်ဘူး။

"ကိုဥာဏာ ဝတ်ဆံကို အထင်သေးသွားပြီ ... ဟင်း ဟင်း"

ဝတ်ဆံညိုကလည်း ဥာဏာ အမူအရာကို ကြည့်ပြီး တမင်ပဲ ပြောချလိုက်တော့သည်။ ဥာဏာ ဒီစကားကို ဘာမှ မတုံ့ ပြန်ဘဲ ...

"တကယ်တော့ မိန်းကလေးဆိုတာ ညနေခြောက်နာရီ လောက်ဆို ကိုယ့်အိမ်မှာပဲ ရှိနေသင့်တယ်"

ဆိုသော ဆုံးမစကားကိုသာ အားမနာတမ်းစွာ ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို သူနဲ့လည်း ဘာမှ မဆိုင်ဘဲနဲ့ ငါ့ကို လားအမိန့်ပေးတယ်။ ဆုံးမတယ်ဆိုပြီး ဝတ်ဆံတစ်ယောက် ဆတ်ဆတ်ခါအောင် ဒေါသဖြစ်မိမှာပါ။ ခုတော့ ...။ ခုတော့ အင်း ... ခုတော့လည်း ... သူ ငါ့ကို ဆုံးမချင်စိတ် ရှိနေပြီဆို ပြီးတော့ပဲ ...။

အိမ်အပြန်လမ်းမှာ ဉာဏတစ်ယောက်ကတော့ အိမ်ခန့်နဲ့ တွေ့ရင် ဝတ်ဆံညို မကောင်းကြောင်းတွေ ပြောဖို့ တွေးလာပေမဲ့ ဝတ်ဆံညိုသည်ကား ဉာဏ ဆုံးမစကားပြောလိုက် တာလေးကို ကျေနပ်နာခံပြီး ဒါကိုပဲ တစိမ့်စိမ့် ကြည်နူးလျက် သူမရဲ့ အိမ်ကိုပင် တန်းတန်းမတ်မတ် ပြန်သွားလိုက်ပါပြီ။

သူငယ်ချင်းတွေနဲ့ ဆုံရင် ကြွားဖို့ပင် စိတ်ကူးနေမိ ပြီ။





၁၀

ကျောင်းကို မိုးအိမ်ခန့် ရောက်လာသောအခါ သူ အရေးတကြီးပဲ ဉာဏကို လိုက်ရှာသည်။ တွေ့သမျှအတန်းထဲက သူငယ်ချင်းတိုင်းကို ...

"ဉာဏကို တွေ့မိလား"

ဟု မေးရင်း၊ ရှာရင်းနဲ့ အခန်းလွတ်တစ်နေရာမှာ အအုပ်တစ်အုပ်ဖြင့် ထိုင်နေသော ဉာဏကို နောက်ဆုံးမှာ တွေ့ ရပါသည်။

"ဟေ့ကောင် ရှာလိုက်ရတာကွာ၊ မင်း ဒီနေ့ အတန်းလည်း မတက်ပါလား။ အတန်းတက်နေလားဆိုပြီး ငါ သိရေတာ နောက်ပေါက်ကနေ ခိုးဝင်ပြီး မင်းကို ရှာသေးတယ်၊ မင်း မရှိတာနဲ့ အံ့ဩသွားတယ်၊ ဒါနဲ့ ဆရာမ ဟိုဘက်လှည့်



www.burmeseclassic.com

တုန်း မြန်မြန်လစ်ထွက်လာပြီး မင်းကို တစ်ကျောင်းလုံး ပတ်ရှာနေတာ"

"ငါလည်း အမြဲတမ်း အတန်းတက်နေတဲ့ကောင် မဟုတ်ပါဘူး၊ တစ်ခါတလေ စိတ်မပါရင် ထိုင်နားထောင်နေလည်း အလကားပဲဆိုပြီး အပြင်မှာပဲ နေလိုက်တယ်"

"ဘာလို့ စိတ်မပါတာလဲ"

"ခုတလော တွေးစရာတစ်ခု ရောက်နေလို့"

"ဟုတ်လား"

မိုးအိမ်ခန့် ဉာဏာဘေးမှာ ဝင်ထိုင်လိုက်သည်။ ဉာဏာက ဖွင့်ဖတ်လျက်သား ဘာသာရပ်ဆိုင်ရာ စာအုပ်ကို စာမျက်နှာ မှတ်သော ကြိုးလေးဖြင့် မှတ်ပြီး ပိတ်ထားလိုက်ပါသည်။ ဉာဏာက ဆေးကျောင်းသား၊ စာလည်း အဖတ်များသူပေမဲ့ ကံကောင်းသည်ပဲ ပြောရမည်။ မျက်စိအားတော့ ကောင်းသဖြင့် မျက်မှန်တပ်စရာ မလိုပါ။ အိမ်ခန့်ကတော့ တမင်ပဲ ရှိုးထုတ်ပြီး တပ်သလားမသိ။ မျက်မှန်လေးတွေက လေးထောင့်ဖြစ်လိုက်၊ အဝိုင်းဖြစ်လိုက်၊ ဘဲဥပုံဖြစ်လိုက်နှင့် "သူ ကျောင်းလာတက်သောနေ့မျိုးဆိုရင် တစ်နေ့တစ်မျိုး မရိုးရအောင် မျက်မှန်ပုံစံကလည်း အဆန်းထွင်သည်။





"ဒါနဲ့ နေပါဦး၊ မင်းက ဘာဖြစ်လို့ ငါ့ကို အရေးတကြီး လိုက်ရှာနေတာလဲ"

"မင်းကို တိုင်ပင်စရာရှိလို့"

"ဘာတိုင်ပင်မှာလဲ"

"ငါ သူ့ကို ချစ်နေတဲ့အကြောင်း ပြောလိုက်တော့မလို့"

ဉာဏာ ချက်ချင်းပဲ ဝတ်ဆံညိုကို မြင်ယောင်သွားပါသည်။ ခုတလောမှ ဘယ်ကဘယ်လို သူ့အိမ်ဖုန်း၊ သူ့ Mobile ဖုန်းနံပါတ်တွေ ရသည်မသိ။ ဝတ်ဆံညို တစ်ယောက် ဖုန်းဆက်ဆက်နေသဖြင့် သူ တော်တော်စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။

ဖုန်းဆက်ပြန်လျှင်လည်း ဘာမှ အရေးမရ အဖတ်မရတွေ ပြောသည်။ ဉာဏာမှာတော့ မိုးအိမ်ခန့် မျက်နှာနှင့် အားနာနာနှင့်ပင် အီး ... အင်းနှင့် စကားကို သည်းခံပြော၊ သည်းခံနားထောင်ပေးရပါသည်။ သို့သော် သူက စည်းကမ်းတော့ သိသည်။ အလွန်ဆုံး ဆယ်မိနစ်လောက်ကလွဲလျှင် ပိုပြီးအချိန်မပေး။ ပိုလည်းမပြော။ ဆယ်မိနစ်လောက် ပြောပြီးလျှင် ...

"ကျွန်တော် မအားပါဘူး။ စာကျက်စရာလေး ရှိလို့ ဖုန်းချကြရအောင်"

www.burmeseclassic.com



ဆိုပြီး သူပဲ အရင်စပြော၊ အရင်ဖုန်းချပစ်ရတာ ခဏခဏ။ ဒါကို တချို့ မိန်းကလေးတွေသာဆို ခဏခဏ ဒီလို စကားဖြတ်ပြီး ဖုန်းချခံရပေါင်းများလျှင် သူတို့လည်း ကိုယ့်မာနနဲ့ ကိုယ် ရှောင်သွားမှာပေမဲ့ ဝတ်ဆံညိုကတော့ အဲဒီလို မဟုတ်။ ဘာကြောင့်မှန်းမသိ သူ့ကို တမင်ပဲ ဒုက္ခပေးနေသလား။ တကယ်ပဲ စိတ်ပါလို့ ဖုန်းဆက်ဆက်နေသလား မသိ။

နှစ်ရက်ခြား သုံးရက်ခြားလောက် ဖုန်းဆက်ဆက်နေတတ်သည်။ ကြာတော့ သူမ ဖုန်းဆက်တတ်သော ညခုနစ်နာရီခွဲ ရှစ်နာရီ ဝန်းကျင်ကိုပင် စောင့်နေမိသလို ဖြစ်လာသည်။

ဖုန်းဆက်လျှင် ဘာတွေ ပြောကြသလဲဆိုတော့ အဓိက ဝတ်ဆံညိုကပင် ပြောသွားတာများနေသည်။

"အခု ဝတ်ဆံ ညဆို ညနေခြောက်နာရီလောက် အိမ်ပြန်တယ်သိလား။ အိမ်မှာပဲ အေးအေးဆေးဆေးနေပြီး MTV ကြည့်ရင်ကြည့်တယ်၊ DVDကားတွေ ငှားကြည့်ရင် ကြည့်တယ်၊ အခု လိမ္မာနေပြီ တစ်ခါတလေမှ Club သွားတယ်၊ စတီတ်ရှိုးဆိုလည်း ကိုယ်သိပ်ကြိုက်တဲ့ အဆိုတော်များများ ပါမှ သွားတော့တယ်၊ သူငယ်ချင်းတွေကတောင် ပြောလာပြီ၊ နင် သိပ်ပြောင်းလဲနေပြီ ဝတ်ဆံတဲ့"





ဟူ၍ သူမအကြောင်းတွေ တောက်လျှောက်ပြောသွားတာမျိုး။ ဒါကို အင်းမလုပ်၊ အဲမလုပ် တုံ့ပြန့်လည်း ဝတ်ဆံညိုက မဖြုံ။

"ဝတ်ဆံ ဆံပင်တွေ အခု လိမ်ကျစ်နေအောင် မကောက်ထားတော့ဘူး။ အကုန်ပြန်ဖြောင့်လိုက်ပြီး ဆံပင် ဖြောင့်လေးကိုပဲ နှစ်ဖက်ခွဲပြီး ကျစ်ဆံမြီး ကျစ်ရင်ကျစ်၊ တစ်ခါတလေကျလည်း မကျစ်ဘဲ ဒီတိုင်း အရုပ်ကြိုးလေးတွေနဲ့ ချည်ထားတယ်သိလား"

ဟူ၍လည်း သူမ ဆံပင်ပုံစံ အပြောင်းအလဲကအစ ဖုန်းထဲ ထည့်ပြောတတ်သည်။ အဲဒီလို အရည်မရ အဖတ်မရတွေ လာလာပြောပြသော ကောင်မလေးတစ်ယောက်အပေါ် အလကား နေရင်း သူ ငေါ့ကိုများ သဘောကျနေလို့လားဟုလည်း တစ်ဖက်သတ် မတွေးမိချင်ပါ။ ရှင်းရှင်းပြောရရင် ဉာဏလို ခေတ်ပေါ် ဒီဇိုင်းနဲ့ မဟုတ်သော ကောင်လေးတစ်ယောက်ကို ဝတ်ဆံညို၊ ပို ခေတ်ရှေ့ပြေးနေသော မိန်းကလေးက ဘယ်လိုမှ စိတ်ဝင်စားစရာ မရှိ။ သဘောကျစရာ မရှိလို့လည်း ယူဆပါသည်။ ဝတ်ဆံညိုဟာ အကြောင်းတစ်ခုခုနဲ့ တမင် ဖုန်းဆက်ဆက်နေသည်။ ဘာအကြောင်းလဲ ဆိုတာပဲ မသိတာမျိုး၊ စဉ်းစားမရတာမျိုးမို

www.burmeseclassic.com



အရင်က ကျောင်းစာကိစ္စကလွဲရင် ခေါင်းရှင်းခဲ့သော ဉာဏထဲတွင် ဒီအကြောင်းအရာက တွေးစရာတစ်ခုလိုပဲ ခေါင်းထဲ ဝင်ဝင်နေပါသည်။

"ဟေ့ကောင် ဘာတွေ ငြိမ်နေတာလဲ၊ ငါ ပြောတာတော့ နားမထောင်ဘူး"

"ဩော် ... အင်း ... ဘာလဲ ... ဘာပြောနေတာလဲ၊ ငါ မကြားလိုက်ဘူး"

"ငါ သူ့ကို ဖွင့်ပြောတော့မလို့"

"ဝတ်ဆံညိုကိုလား"

"အေး ..."

"သေချာလို့လားကွာ"

"ဟ ... ဘာကို သေချာရမှာလဲ"

"မင်းနဲ့ သူ တွေ့တာဖြင့် ဘာကြာသေးလို့လဲ၊ အဲဒါကို"

"မင်းက တကယ်ချစ်ပါပြီ၊ ကြိုက်ပါပြီ ဖွင့်ပြောချင်ပါပြီဆိုတော့ ငါ မယုံလို့ပါ"

"သူနဲ့ ချောင်းသာမှာ ထပ်ပြီး ဆုံလိုက်ရတဲ့ နေ့တွေမှာကတည်းက သေချာနေပြီလေကွာ၊ မင်းကိုတောင် ရင်ဖွင့်ထားတာပဲ"





"ငါတော့ အဲဒီကောင်မလေးရဲ့ နေထိုင်မှုပုံစံကို မကြိုက်ဘူးကွာ"

"မင်း အမြင် မင်း အယူအဆနဲ့တော့ မကြိုက်ပေမဲ့ ငါ့အမြင်မှာတော့ သူဟာ လူငယ်တစ်ယောက်ပီပီ လွတ်လွတ်လပ်လပ် ဝတ်စားဆင်ယင်မယ်၊ သွားမယ်၊ လာမယ်၊ လည်မယ်၊ ပတ်မယ်၊ အဲဒါဟာ ဘာပြဿနာမှ မရှိဘူး။ ကိုယ် သွားချင်တဲ့နေရာ ရဲရဲဝံ့ဝံ့ သွားမယ်၊ နိုးမသွားဘူး၊ ကြောင်သွားတယ်၊ အဲဒါလည်း ပြဿနာ မရှိဘူး၊ တချို့ အိမ်တွင်းပုန်းလုပ်ပြီး ကုပ်ကမြင်းနေတာမှ ပိုကြောက်ဖို့ကောင်းတယ်"

"အေးလေ ... မင်း ပြောတာလည်း ဒါလည်း ဟုတ်တာပဲ ဆိုပြီး စဉ်းစားစရာပေါ့"

"အဲဒါ မင်း ဘယ်လို သဘောရလဲ"

"ငါ့သဘောကို မေးမနေနဲ့လေ၊ မင်း တကယ်ချစ်လို့ပဲ မင်းနားမှာ ဝိုင်းနေတဲ့ ကောင်မလေးတွေ အများကြီးထဲကမှ သူ့ကို ချစ်ပြီး ရွေးတယ်ဆိုတော့ ငါ့သဘောမလိုတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်ဘူးလေ၊ မင်းနဲ့ သူက သိပ်မတည့်တော့ ငါ သူ့ကို ငါ့ရည်းစားအဖြစ် ရွေးတဲ့အခါ မင်းနဲ့ ငါ့ကြားမှာ အခြေအနေတွေ ပြောင်းသွားနိုင်တာများ ရှိသလားလို့"

ဉာဏာက အဓိပ္ပာယ်မရှိ လာမေးသော မိုးအိမ်ခန့် စကားကို ပြုံးပါသည်။

"မင်းနဲ့ ငါ့ကြားမှာ ဘာအကြောင်းကြောင့်မှ ခင်မင်မှုက ပြောင်းလဲသွားနိုင်စရာအကြောင်း မရှိပါဘူး"

"အေးကွာ ... ဒါဆိုရင် ငါ သူ့ကို တစ်ရက်မှာ ဖွင့်ပြောတော့မယ်"

"မင်းမလည်း၊ မင်းရဲ့ အနုပညာကိစ္စ၊ ကျောင်းစာကိစ္စတင်မက အခု အချစ်ရေးပါ ခေါင်းထဲ ထည့်ပြန်ပြီကွာ၊ ကဲ ... ဘယ်လိုလဲ 2nd term အတွက် မင်း ငါ့ကို ဘာကတိပေးမလဲ"

"ကျက်ထားသမျှက မင်းနဲ့အတူတူ လာကျက်သလောက်ပဲ ရှိတယ်ကွာ"

"ဟူး ... မလွယ်ပါလား"





"Final နီးလာရင်တော့ ငါ တကယ်ပါကွာ၊ တကယ် လုပ်မှာပါ၊ တစ်လခွဲလောက် လုံးဝ အားလုံး နားထားလိုက်ပြီး မင်းနဲ့ နေ့တိုင်း စာကျက်ပါ့မယ်၊ ငါ Supply (ဆပ်ပလီ) မထိချင်ဘူး။ ကျောင်းပြန်တက်ပြီး စာမေးပွဲ ထပ်မဖြေချင်ဘူး။ Final exam ပြီးလို့ အားလုံး အနားရတဲ့အချိန်မှာ ငါလည်း စိတ်လွတ် ကိုယ်လွတ်နဲ့ နောက်စီးရီးကို အပြီးသွင်းချင်တယ်၊ ဒါကြောင့် ငါ Final ကိုတော့ တစ်ခါတည်းနဲ့ အောင်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

မိုးအိမ်ခန့်က ဉာဏာကို ကတိတွေပေးပြီးမှ သတိရသွားသလိုဖြင့် ...

"ဒါနဲ့ နေပါဦး၊ ငါ စဝင်လာလာချင်းတုန်း မင်းကို ဘာကြောင့် အတန်းမတက်လဲ မေးတော့ စိတ်ထဲမှာ တွေးစရာတစ်ခုရပြီး စိတ်မပါလို့တဲ့ ဖြေတယ်။ အဲဒါ ဘာလဲကွ၊ ဘာတွေ တွေးစရာရှိနေပြီလဲ"

ဉာဏာသည် အမှန်အတိုင်း ဖြေလိုက်ဖို့ကို လုံးဝ စိတ်ကူးမရှိသည်ဖြစ်ရာ တခြားလွှဲပြောဖို့သာ အာရုံစိုက်ပါသည်။ ကိုယ့်အချစ်ဆုံး သူငယ်ချင်း ချစ်နေသော မိန်းကလေးက ကိုယ့်... အကြောင်းမရှိ အကြောင်းရှာ ဘယ်က ဘယ်လို ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ရှာပြီး ဖုန်းဆက်နေသည် မသိသော အခြေအနေကို အသိမပေးလို့ပါ။

"ဘာရယ် မဟုတ်ပါဘူး"

"ဟော့ကောင် ... မင်း မညာပါနဲ့ကွာ။ မင်း မျက်နှာက မညာတတ်တော့ မင်း ညာမှန်း သိသာနေ ပေါ်လွင်နေတယ်"

"ကောင်မလေးတစ်ယောက်ပါကွာ"

"ဟာ ... ဟ ... ကောင်မလေးတဲ့။ မြတ်စွာဘုရား ... ငါ နားကြားများ မှားသလား မသိဘူး။ ဉာဏ ပါးစပ်က ကောင်မလေးတစ်ယောက် အကြောင်း ပြောတော့မယ်တဲ့ ကမ္ဘာကြီး ပြောင်းပြန်များ လန်သွားပြီလား"

"မင်း ငါ့ကို လှောင်မယ်ဆိုရင် မပြောတော့ဘူး"

"ပြောပါကွာ၊ ပြောပါ၊ သိချင်ပါတယ်၊ မင်းဆီက ခုလို ထူးထူးဆန်းဆန်းတွေ ကြားရတာ ငါက ဝမ်းတောင်သာပါတယ်၊ နောက်မို့ ငါ့သူငယ်ချင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဝါတော် ဆယ်ဝါလောက် ရနေတဲ့ ဘုန်းကြီးလို ဣန္ဒြေ သိက္ခာကြီးနဲ့ ဖြစ်နေတာကို မြင်ရတာ အားမရ ဖြစ်နေမိတယ်"





မိုးအိမ်ခန့်ကတော့ ဝမ်းသာရွှင်မြူးစွာ ဉာဏ ပြောမှာကို စိတ်ဝင်တစား ဖြစ်နေသည်။ ဉာဏသည် အသင့်တော်ဆုံး အခြေအနေကိုသာ ရွေးပြီး ပြောပြဖို့ ရည်ရွယ်ထားပါသည်။

"ဘယ်က ကောင်မလေးမှန်း မသိပါဘူးကွာ၊ ငါ့ Mobile ဖုန်းကို ဖုန်းဆက်လိုက်၊ အိမ်ကို ဆက်လိုက်နဲ့"

"သူ့နာမည် ပြောလား"

"မပြောဘူး"

"ဟ ... မင်း ဖုန်းကို ဆက်တယ်ဆိုတော့ သူ ဆက်တဲ့ ဖုန်းနံပါတ်ပေါ်မှာပေါ့။ ဒါဆို ဘယ်ကလဲ ဆိုတာ စုံစမ်း ကြည့်ပါလား"

"စုံစမ်းလို့ မရနိုင်ဘူး၊ တစ်ခါဆက် ဖုန်းနံပါတ် တစ်မျိုးစီနဲ့၊ အိမ်ဖုန်းတော့ မဖြစ်နိုင်ဘူး။ လမ်းဘေးဖုန်းဆိုင်လေးတွေက ဆက်တာ ထင်တယ်"

အမှန်တော့ ဝတ်ဆံညိုရဲ့ ဖုန်းနံပါတ် ပေါ်ပါသည်။ ဒါပေမဲ့ လိမ်ထားသောကြောင့် ဒီလိုပဲ ကြည့်ကျက်လိမ်ရတာပင်။

"ပဟေဠိ လုပ်တာပေါ့"

"ဟုတ်မှာပါ၊ အလကားပါ၊ ဖုန်းသရဲ လုပ်တာပါ"

"သူ့ဘာသာ ဖုန်းသရဲပဲ လုပ်လုပ်၊ မင်း ရင်ထဲကို သူ ဝင်နေပြီမို့ မင်း ဒီအကြောင်းကို တွေးနေမိတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲဝင်တာတော့ မဟုတ်ပါဘူးကွာ၊ စိတ်အနှောင့်အယှက် ဖြစ်တော့၊ ခေါင်းထဲ တွေးမိတာပါ၊ ငါ့ကို ဘယ်က ဘယ်လိုသိပြီး ဖုန်းဆက်သလဲပေါ့၊ အဲဒါပဲ တွေးမိတာပါ"

"ငါနဲ့ မင်း အချစ်ဆုံးသူငယ်ချင်းတွေဆိုတာ သိပြီး၊ မင်းကိုပါ ရောပြီး ကောင်မလေးက စိတ်ဝင်စားသွားတာလည်း ဖြစ်နိုင်တယ်"

"အေးပါ၊ ဒါပဲ ဖြစ်မှာပါ။ ငါလည်း အဲဒါကိုပဲ [illegible] ဆုံးထားပြီး တွေးပါတယ်"

"ဟ ... ဒါက ဘယ်လဲ"

ဉာဏက ပြောလည်းပြော၊ ကျောပိုးအိတ် လွယ်ပြီးဏ,လည်းရပ်သဖြင့် မိုးအိမ်ခန့်က မေးလိုက်ပါသည်။

"တစ်ချိန် သွားတက်မယ်လေ။ အခုလာမဲ့ အချိန်က အရေးကြီးတယ်၊ မတက်ရင် မရဘူး"

"ငါက မင်းနဲ့ တိုင်ပင်ချင်သေးတာ"

"ဟော့ကောင် ... ဘာမှ တိုင်ပင်စရာ မလိုတော့ဘူး၊ ဓာတ်လမ်းက ပြီးနေပြီ။ မင်း သူ့ကို ကြိုက်တယ် ဖွင့်ပြောမယ်ဆို ပြော။ ဘာမှ တွေဝေမနေနဲ့၊ ဘာမှ ထပ်တိုင်





ပင်မနေနဲ့၊ အချိန်ဖြုန်းတာပဲရှိမယ်၊ အဖြေက ဒါက ဒါပဲ ထွက်မှာ၊ ဒီတော့ သူ့ကဏ္ဍနဲ့သူ ထားလိုက်ပါ။ စာသင်စရာရှိသင်၊ မင်း သီချင်းဆိုစရာရှိဆို၊ ဗီဒီယို ရိုက်စရာရှိရိုက်၊ ရည်းစားနဲ့ အချိန်ဖြုန်းစရာရှိဖြုန်း ဒါပဲ၊ အားလုံး တစ်ကဏ္ဍစီပဲ၊ ရောမပစ်နဲ့"

"ဟာ ... ဟာ ... ဟုတ်ကဲ့ပါ ဆရာ။ ဆရာ့စကားပဲ နားထောင်ပါ့မယ်"

သူတို့ လည်ပင်းဖက်၍ စာသင်ကြားရာ သီရေတာတွေဘက် လျှောက်လာခဲ့ကြတော့သည်။ မိုးအိမ်ခန့် စိတ်ထဲမှာတော့ ဝတ်ဆံဆီ ဘယ်တော့ ဖုန်းဆက်ရမလဲ။ ဘယ်လို အခြေအနေ ဘယ်လိုနေရာမျိုးမှာ ရည်းစားစကား ပြောရမလဲ။ ဘယ်လိုမျိုး ပြောရမလဲ။ ဘယ်လိုနည်းနဲ့ ပြောရလဲ၊ ဒါ ပထမဦးဆုံးမို့ ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာ တွေးပြီး အဲဒီတစ်ရက်ကို ကြိုရင်ခုန်လာခဲ့ပါသည်။

ဉာဏ စိတ်ထဲမှာကျတော့ အိမ်ခန့်ဟာ ဝတ်ဆံညိုကို ဖွင့်ပြောခဲ့ရင် ဒီကောင်မလေးဘက်က ဘယ်လို တုံ့ပြန်မလဲ။ ဘာတွေ တုံ့ပြန်မလဲဆိုတာ သိချင်လာသည်။ ဘာရည်ရွယ်ချက်နဲ့ မှန်းမသိ သူ့ဆီ ဖုန်းဆက်ဆက်နေသော ဝတ်ဆံညိုသည် အမှန်



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာတော့ အိမ်ခန့်ကို အသည်းစွဲ သဘောကျနေခဲ့သည့် အိမ်ခန့်ရဲ့ ပရိသတ်စစ်စစ်လည်းဖြစ်သည်။ မိန်းကလေး အများစုဟာ Celebrity တစ်ယောက်ရဲ့ ချစ်သူရည်းစားဘဝကို ပိုမိုနှစ်သက်လိုလားကြသူများတာမို့ ဝတ်ဆံညိုလည်း ဒီပုတ်ထဲက ဒီပဲပါပဲဟု ထင်လိုက်ရမလိုပင်။ ဉာဏကိုတော့ တမင်သက်သက် အပျင်းပြေကစားသည်။ ဓာတ်လမ်းလုပ်သည်။ အပျော်သဘောဖြင့် စ,ကြည့်သည်ဟုလည်း ထင်မိပါသည်။ အရေးကြီးတာက ဝတ်ဆံညို ကိုယ့်ကို ဘာပဲလုပ်လုပ် ကိုယ်က မသိချင်ဟန်ဆောင်ရမှာဖြစ်သည်။ သူ့ကို မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုသာ ဆက်ဆံပြနိုင်ရမှာဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ တစ်နေ့ကျရင် ဝတ်ဆံညိုဟာ ကိုယ့်အချစ်ဆုံး သူငယ်ချင်းရဲ့ ချစ်သူမိန်းကလေးတစ်ဦး ဖြစ်လာနိုင်ဖွယ်ရှိသော အနေအထားကြောင့်ပင်လျှင် ဝတ်ဆံညိုကို သူ မိတ်မပျက်အောင် ဆက်ဆံနေရမှာဖြစ်သည်။





## ၁၁

"မနက်ဖြန် ဝတ်ဆံရဲ့ ကျောင်းကို ကျွန်တော် လာခဲ့စရာ အကြောင်းရှိတယ်၊ စောင့်နေနိုင်မလား၊ ဒါမှမဟုတ် ကျွန်တော် ရောက်လာခဲ့ရင် လက်ခံပြီး တွေ့နိုင်မလား"

ဆိုသော မိုးအိမ်ခန့်၏ စကားတွေကို ပြန်သတိရသွားပါသည်။ မိုးအိမ်ခန့်ထံမှ ဖုန်းဆက်ပြောထားပြီးဖြစ်၍ သူ ရောက်လာသောအခါမှာ ဝတ်ဆံညိုသည် သူ ကြိုပြောထားသော စကားတွေကို အမှတ်ရရင်း သူ တကယ်ရောက်လာပါလား ဟူ၍ တအံ့တသြလည်း ဖြစ်နေသည်။

နာမည်ကြီးအဆိုတော် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခါစ မိုးအိမ်ခန့်က ဝတ်ဆံညိုထံ တကူးတက ရောက်လာသော အခြေအနေသည် မြင်ရသူတိုင်း အားကျငေးမောသွားရစေသော အဖြစ်



www.burmeseclassic.com

ပင်။ မိုးအိမ်ခန့်နှင့် ဝတ်ဆံညိုတို့ အတွဲကို အံ့သြအရှာပင် ကြည့်နေကြသူတွေ အများကြီးထဲမှာ ဝတ်ဆံညိုသည် မိန်းကလေးပီပီ ယစ်မူးပျော်ရွှင်ချင်သွားသည်။

သို့ပေမဲ့ ထိုအပျော်က ဖြစ်လိုက် ပျောက်လိုက်နဲ့။ ဉာဏရဲ့ တည်ကြည်သော မျက်ဝန်းနက်နက်တစ်စုံတို့ကို ဖျတ်ခနဲ အမှတ်ရလိုက်တိုင်း ခုချိန်မှာ ငါ့ဘေးမှာ လျှောက်လာသူဟာ သူဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ ခဏခဏ တောင့်တနေမိပြန်သည်။

"ကျွန်တော် ရောက်လာတော့ တခြားကျောင်းသူကျောင်းသားတွေက ဝတ်ဆံကို ဘယ်လို ထင်ကြမလဲ မသိဘူးနော်"

မိုးအိမ်ခန့်သည် ဘယ်ကဘယ်လို ရည်းစားစကားကို စပြောရမှန်းမသိ၍ စွတ်ရွတ် ပြောချလိုက်သည်။ သူတို့ ကားရပ်ထားရသော ကားပါ့ခ်ကို လျှောက်လာရင်း ပြောတာဖြစ်သည်။ ထိုကားပါ့ခ်မှာက သစ်ပင်ကြီး အရိပ်တွေလည်းရှိသည်။ ဝတ်ဆံညိုရဲ့ ပုပုလုံးလုံး ဘာကားအမျိုးအစားမှန်းမသိသည့် ကားအဝါရောင်လေးလည်း ရပ်ထားသလို မိုးအိမ်ခန့်ရဲ့ ပြားပြားရှည်ရှည် Two doors သာပါသော နှစ်ဆန်းဆလွန်းလေးလည်း ရပ်ထားပါသည်။





ဝတ်ဆံညိုသည် မိုးအိမ်ခန့် စီးသော ကားငွေမင်ရောင်ကို မြင်လျှင် ဉာဏကတော့ ရိုးရိုးနိုင်းတိမော်ဒယ်လ် ရှုပါဆလွန်းအဖြူရောင်လေးကို စီးတယ်လို့ သတိတရ နှိုင်းယှဉ်တွေးမိသည်။

"ဘယ်မှာ ထိုင်ကြမလဲ"

"ထိုင်ပြီး ပြောရလောက်အောင် စကားတွေ အများကြီး ရှိလို့လား"

"ရှိတာပေါ့"

"ဒီလိုပဲ ရပ်ပြောရင်ရော"

မိုးအိမ်ခန့်သည် ဝတ်ဆံညို တမင်ညစ်ကျယ်သည်ဟု ထင်ကာ ပန်းကို ဟန်ပါပါတွန့်ရင်း ဟက်ခနဲ တစ်ချက်ရယ်ပါသည်။

"ရည်းစားစကားကို မတ်တတ်ကြီး ရပ်ပြောတဲ့အခါ ကိုယ်ချစ်တဲ့ မိန်းကလေးကို အလေးမထားရာ ရောက်တယ်လို့ ထင်မိလို့ပါ"

"ဘာရယ်"

မိုးအိမ်ခန့် သူ့ဘာသာ လွှတ်ခနဲ ပြောထွက်သွားမိပြီးမှ သူ့ပါးစပ်သူ လက်နဲ့ အသာပိတ်လိုက်ရင်း ...

www.burmeseclassic.com



"ဟောဗျာ ... ကြိုတင်ပြီး နိမိတ်ပြပြောလိုက်မိသွားပြီ"

"ဝတ်ဆံကို ရည်းစားစကား ပြောမလို့တဲ့လား"

"ဟုတ်တယ်၊ ကျွန်တော် ဝတ်ဆံကို ချစ်နေပြီဆိုတဲ့ အကြောင်း ပြောပြချင်လို့ပါ"

ဝတ်ဆံညိုသည် တစ်နေ့ကျရင်တော့ မိုးအိမ်ခန့်ဟာ ဒီစကားကို ပြောရင်ပြောနိုင်မယ်လို့ မျှော်လင့်ထားခဲ့မိပေမဲ့ ဒီလောက် မြန်မြန်ကြီး ကြားရလိမ့်မည် မထင်လေရာ အံ့လည်းအံ့သြနေသည်။ တစ်ဖန် စိတ်လည်း ရှုပ်သွားပါသည်။ သူ ဖွင့်မပြောနိုင်ခင်မှာ ကိုယ်က ဉာဏရဲ့ စိတ်တွေ ကိုယ့်ဆီ ယိမ်းယိုင်လာအောင် ကြို လုပ်ထားမလို့ပါ။ မိုးအိမ်ခန့်လို အလုပ်များလှသူတစ်ဦးဟာ ကောင်မလေးတစ်ယောက်ကို ချစ်တဲ့အကြောင်း ပြောဖို့ အချိန် မပေးနိုင်သေးဘူးလို့လည်း လျှော့တွက်ခဲ့တာလည်း ပါပါသည်။ ခုတော့ သူက ဦးနှင့်နေပြီ။ သူ့ကို ငြင်းရမှာပဲ။ ငြင်းမှ ဖြစ်မယ် လေ။ ဝတ်ဆံမှ သူ့ကို ချစ်ကြည့်လို့ မရတာကို။

"သေချာလို့လား ကိုမိုးအိမ်ခန့်ရဲ့"

"ဟောဗျာ ... ဘာမသေချာစရာရှိလို့လဲ"

"ကိုမိုးအိမ်ခန့် ဘေးမှာ ဝတ်ဆံထက် ချောတဲ့ လှတဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာလေ၊ ဝတ်ဆံက သူတို့လောက် မလှပါဘူး"





"လှတိုင်း ချစ်သွားရရောတဲ့လားဗျာ၊ အင်း ... ခက်တာပဲ၊ ကျွန်တော် အချစ်အကြောင်း သီချင်းတွေသာ ရေးတတ်တယ်။ ပြောမပြတတ်ဘူး၊ ဒါပေမဲ့ ဝတ်ဆံကို ချစ်တော့ ချစ်တယ်ဆိုတာ သေချာတယ်၊ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ သိပါတယ်"

မိုးအိမ်ခန့်သည် ဝတ်ဆံညိုရဲ့ မျက်နှာအမူအရာကို အကဲခတ်ရင်း တဖြည်းဖြည်းနဲ့ လန့်လာသည်။ ကောင်မလေး မျက်နှာမှာ သူ့အတွက် ရလာမဲ့အဖြေကို ကြိုတွေ့နေရသည်ဟု ခံစားလာရသည်။

သူ မျှော်လင့်ထားတာက သူ့သီချင်းတွေကို ကြိုက်ပြီး သူ့ပရိသတ်လည်း ဖြစ်နေသော မိန်းကလေးဟာ သူက ချစ်တယ်ပြောလာလျှင် အံ့သြဝမ်းသာသွားမည်။ ကျေနပ်သွားမည်။ အဖြေကို မဆိုင်းမတွပေးမည် ဟူ၍ပင်။ သို့သော် ခုကျ ထင်သလို မမြင်ရဘဲ ဝတ်ဆံညို မျက်နှာက သွေးအေးလွန်းပြီး တည်ငြိမ်လွန်းလှလေရာ မိုးအိမ်ခန့် ရင်ထဲမှာ ကြားရမည့်အဖြေစကားကို ရင်မဆိုင်ရဲသလို ဖြစ်လာပါသည်။

"အဲဒါ ဝတ်ဆံ သိအောင် ဖွင့်ပြောတာပါ။ ကျွန်တော့်ကို ဘယ်လို အဖြေမျိုး ပြန်ပေးမှာလဲ ဆိုတာကိုလည်း သိချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးအိမ်ခနံ့သည် ဝတ်ဆံညိုရဲ့ မျက်နှာအမူအရာတို့ကို အကဲခတ်နိုင်ပေမဲ့လည်း ပြီးဆုံးသည်အထိတော့ ပြောလိုက်ပါသည်။ ဝတ်ဆံညိုက သူမ၏ ကားအဝါရောင် ဘေးကို မှီရပ်လက်ပိုက်ထားရင်း ဖိနပ်ဦးလေးဖြင့် မြေပြင်ကို ထိုးဖွကစားနေသည်။ ဘယ်လိုအဖြေမျိုး ပေးရမလဲတဲ့။ ပေးစရာအဖြေက ရှိပြီးသားလေ။ ဒါပေမဲ့ ချက်ချင်းကြီး ပေးလိုက်ရင် ကောင်းမလား။ မငြင်းသေးဘဲ ဉာဏကို အသိပေးရင်ရော ... အင်း ... သူကတော့ မိုးအိမ်ခနံ့ဘက် လိုက်မှာပဲပေါ့။ သူ့ဘက်က ကိုယ့်အပေါ် ဘယ်လိုမှ သဘောထားလို့ မရသေးတာ ကိုယ် သိနေတာပဲ။ ကိုယ်ကသာ အတင်းဖွတ်လိုက်နေရတဲ့ သဘောနဲ့လေ။

ဒီတော့ ...

"ဝတ်ဆံ သိပ်ပြီး ငြိမ်သွားတယ်၊ ဘာဖြစ်လို့လဲဟင်၊ ဝတ်ဆံ ကျွန်တော့်ကို အဖြေမပေးချင်သေးလို့လား။ စဉ်းစားနေရမှာမို့လား"

မိုးအိမ်ခနံ့ ရင်ထဲမှာ နှမြောဝမ်းနည်းသလို ဖြစ်လျက် မေးချလိုက်ရသည်။ ကိုယ် တကယ်ချစ်လာသောအခါမှာ ကိုယ် ချစ်တဲ့သူက ကိုယ့်ကို ပြန်မချစ်မှာ အင်မတန်မှ စိုးရိမ်လာတာ အမှန်ပင်။





"ဝတ်ဆံ စဉ်းစားစရာမလိုပါဘူး"

"ဩော် ..."

"အဖြေက ရှိပြီးသား"

"ဘယ်လို အဖြေမျိုးလဲ"

"ကိုမိုးအိမ်ခနံ့ကို လူကိုပဲ ခင်တာ၊ ကိုမိုးအိမ်ခနံ့ရဲ့ သီချင်းတွေကိုပဲ ကြိုက်တာပါ။ ချစ်သူတစ်ယောက်လို ချစ်ဖို့ စိတ်ကူးထဲမှာ မရှိခဲ့ဖူးဘူး"

"မရှိခဲ့ဖူးဘူးလို့ မပြောပါနဲ့၊ အရင်က ဘာမှ မသိကြသေးတဲ့ လူတွေချင်းမို့မရှိခဲ့ဖူးတာ ဖြစ်မှာပါ။ အခု တစ်ယောက်နဲ့ တစ်ယောက် ခင်လည်းခင်မင်နေကြပြီးပြီ။ ရင်းလည်းရင်းနှီးနေကြပြီ။ တစ်ယောက်အကြောင်းလည်းတစ်ယောက် သိပြီးပြီဆိုတော့ စိတ်ကူးထဲမှာ ထည့်ကြည့်လို့ရမှာပဲပေါ့"

"မဟုတ်ဘူး၊ အဲဒီလိုလည်း မဟုတ်ဘူး။ ဝတ်ဆံ တကယ် ပြောနေတာပါ။ ကိုမိုးအိမ်ခနံ့ကို ဝတ်ဆံ မချစ်ဘူး"

"ဘာကြောင့်လဲ"

မိုးအိမ်ခနံ့သည် အငြင်းခံလိုက်ရပြီ။ တကယ်လည်း ...၊ ဆတ်ဆတ်ကြားလိုက်ရပြီဟု သေချာသောအခါ စိတ်ထဲမှာ ...ချင်လည်း ဖြစ်မိသည်။ ငါလို လူတစ်ယောက်ကို ငြင်းရသတဲ့

www.burmeseclassic.com



လား ဆိုသော မာနကလည်း ဖြစ်လာပါသည်။ ငါ့ကို ငြင်းရလောက်အောင် သူ့မှာ ငါ့ထက်ပိုပြီးသာတဲ့ ဘယ်လိုလူမျိုးကို ရှိနေသလဲ။

"ဝတ်ဆံမှာ ချစ်ရမဲ့သူ ရှိနေလို့ပါ"

"ဩော် ... သူက ကျွန်တော့်ထက် သာတယ်ပေါ့"

"သာတာ မသာတာတွေ ထည့်မတွက်ပါဘူး၊ ဘယ်သူမဆို ကိုယ် တကယ်ချစ်တဲ့သူကို တွေ့ပြီဆိုရင် သူ့ထက်သာတဲ့ ဘုရင့်သားတော်တွေ့လည်း မမက်ဘူး။ ကိုယ်ချစ်တဲ့သူသာလျှင် ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ။ မက်မောစရာ အကောင်းဆုံးဟာလည်း ကိုယ့်ချစ်သူပဲလို့ ယူဆကြတယ်လေ၊ ဝတ်ဆံလည်း အဲဒီလိုပါပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ ကျွန်တော့်အားမှာ မယ်စကြဝဠာပဲ ရောက်လာလာ ဝတ်ဆံလောက် ကျွန်တော် မမက်ဘူး၊ ဝတ်ဆံသာလျှင် ကျွန်တော့်တဝရဲ့ အကောင်းဆုံး လက်တွဲဖော်လို့ ထင်ထားတယ်"

"ဆောရီးပဲ ကိုမိုးအိမ်ခန့်၊ ဝတ်ဆံ ရှင့်ကို မချစ်နိုင်ဘူး။ ဝတ်ဆံ သူ့ကိုပဲ ချစ်တယ်၊ သူ့ကိုပဲ လက်တွဲနိုင်တဲ့အထိ ကြိုးစားမယ်"

"ကြိုးစားမယ်၊ ဟုတ်လား"





"ဟုတ်တယ်"

"ဘာကြောင့်လဲ"

"သူက ဝတ်ဆံကို စိတ်မှ မဝင်စားတာ။ ဝတ်ဆံ လုပ်သမျှ အကောင်းမမြင်ဘူး။ ဝတ်ဆံကိုဆို အမြဲ အထင်သေးတယ်၊ ကဲ့ရဲ့တယ်၊ အပြစ်ပြောတယ်"

မိုးအိမ်ခန့် မျက်စိထဲ ဉာဏကို ပုံဖော်မိသွားသလို ဖြစ်လာပါသည်။ ဘုရားရေ ... ဉာဏတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဉာဏလို ပုံတုံးကြီးကို ဝတ်ဆံက ဘာကြောင့် အသည်းအသန် ချစ်နေစရာလဲ။

"ဒါပေမဲ့ ဝတ်ဆံ သူ့ကို ချစ်တယ်၊ တစ်ခါတလေ ဝတ်ဆံကို သူ အထင်သေးလို့ မုန်းတယ်။ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံကို ကြည့်ပြီး ဒီမိန်းကလေးရဲ့ စိတ်သဘောဟာ ဘယ်လိုဆိုပြီး ယူဆချင်တဲ့ ခပ်တုံးတုံး စိတ်ကို ပိုင်ဆိုင်ထားလို့ သူ့ကို အမြင်လည်းကတ်တယ်။ ဒါပေမဲ့ ဝတ်ဆံ သူ့ကို စကားပြောရရင် သူ ဘာပဲပြောပြော နားထောင်ချင်တယ်၊ သူနဲ့ စကားပြောရရင် ပျော်တယ်။ လူကို မတွေ့သလို မတန်သလို ဆက်ဆံပြီး အပြစ်ပြောတတ်တာကိုလည်း ဒေါသဖြစ်မိတာတွေလည်း ရှိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံတော့ ကိုယ့်စိတ်ကိုယ် နားမလည်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ သူ့ကို ဝတ်ဆံ ချစ်ပါတယ်၊ အဲဒါတော့ သေချာတယ်"

ဝတ်ဆံညိုသည် မျက်ရည်လေးတွေ ဝဲပြီး စကားပြောနေလျှင် မိုးအိမ်ခန့်ပင်လျှင် တအံ့တသြနှင့် ငေးကြည့်နေမိသည်။ ကောင်မလေးရဲ့ စိတ်ထဲမှာ သူ့ချစ်သူကို တော်တော် အလေးအနက်ထားပါလားလို့ သိမြင်လိုက်ရသောအခါ ထိုစိတ်ကလေးကို သဘောကျမိပါသည်။ ဝတ်ဆံညိုရဲ့ အချစ်ကို ခံထားရသော သူကိုပင် မနာလိုချင်လောက်အောင် ဖြစ်လာသည်။

"သူက ဉာဏလားဟင်"

မိုးအိမ်ခန့်သည် နောက်ဆုံးမှာတော့ အဖြေရှိပြီးသားဖြစ်နေသဖြင့် သူ့ဘာသာပင် ဘယ်သူဘယ်ဝါဆိုတာ အဖြေထုတ်ပြီး ခပ်တိုးတိုး မေးလိုက်သည်။

ဝတ်ဆံညို မဖြေပါ။ သို့သော် သူမရဲ့ အမူအရာထဲမှာ အဖြေရှိပြီးသလိုပဲ ထင်ရစေလေသည်။ အမြဲတမ်း တဟားဟားရယ်လိုက်၊ စလိုက်၊ နောက်လိုက်၊ ခုန်လိုက်၊ ပေါက်လိုက်၊ လှုပ်လှုပ်ရှားရှား နေပြတတ်သော ဝတ်ဆံညိုက အရင် ဝတ်ဆံညို မဟုတ်တော့လောက်အောင်ပင် ပြောင်းလဲပြီး ဒီစကားတွေ ပြောစဉ်





တည်ငြိမ်နေသလို၊ မိုးအိမ်ခန့် မေးတော့လည်း အဖြေကို ဝန်ခံသလိုလိုပုံစံဖြင့် တိတ်ဆိတ်ပြနေသောအခါ မိုးအိမ်ခန့်ကို အဖြေပေးနေမှန်း သိသာစေပါသည်။

"သူ ကျွန်တော့်ကို ထူးဆန်းတာ တစ်ခုတော့ ပြောထားတာရှိတယ်"

"ဘာလဲဟင်"

ဝတ်ဆံညို မျက်နှာက မျှော်လင့်ချက်တွေနဲ့ အရောင်တောက်နေသည်။ သူမနဲ့ ပတ်သက်ပြီး ဉာဏဆီမှာ ဘာတွေရှိသလဲ သိချင်လှသည်။

"သူ့ဆီ ကောင်မလေးတစ်ယောက် ဖုန်းဆက်ဆက်နေတယ် ဘယ်ကောင်မလေးမှန်း မသိရဘူးလို့ ပြောတယ်၊ အဲဒါ ဝတ်ဆံလားဟင်"

"သူက ဘယ်ကောင်မလေးမှန်း မသိဘူးလို့ ပြောတယ်လား"

ဝတ်ဆံညို အသံက ဝန်ခံလိုက်သလို ဖြစ်နေသည်။

"ဟုတ်တယ် ... သူ ကျွန်တော့်ကို အဲဒီလိုပဲ ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ဆံညို ဆိုတဲ့ မိန်းကလေးတစ်ယောက် ဆက်ပါတယ် ဆိုတာ သိရက်သားနဲ့ ဘယ်ကောင်မလေးမှန်း မသိဘူးလို့ ပြောရသလား"

"ဝတ်ဆံညို ဆက်တာပါလို့ ပြောပြီး သူ့ဆီ ဆက်လား"

"ပြောတာပေါ့၊ ဘာမပြောရဲစရာရှိလဲ။ ဘာမှ နိုးကြောင် နိုးဝှက် လုပ်နေစရာ မရှိလို့ ပြောကိုပြောတယ်၊ သူလည်း သိနေတာပဲ"

"ကျွန်တော့်ကို ဘာကြောင့် ညာပြောလဲ"

ဝတ်ဆံညို အဖြေမပေးဘဲ မိုးအိမ်ခန့်ကို အကဲခတ်နေသည်။ ဉာဏဟာ မိုးအိမ်ခန့် ငါ့ကို ချစ်တယ် ပြောတော့မယ်မှန်း သိပြီးပြီ ထင်ပါရဲ့။ ဘယ်ကိစ္စမဆို ယောကျ်ားလေးတွေဟာ သူတို့ အခင်ဆုံးသူငယ်ချင်းကို ပြောတတ်ကြတယ်။ အရင်ဆုံး အသိပေးတတ်ကြတယ်ဆိုတော့ ဉာဏကို အသိပေးပြီးပြီ ထင်ပါရဲ့။ ပေးပေါ့ ... ဘာဖြစ်လဲ။ သူငယ်ချင်းက ဒီမိန်းကလေးကို ချစ်တယ် ပြောတာနဲ့ နောက်ဆုတ်ပေးရမယ်လို့ ဘယ်ဥပဒေမှ မပြဋ္ဌာန်းထားဘူး။ သူ ငါ့ကို ချစ်လာစေရမယ်။ မိုးအိမ်ခန့်နဲ့ ယှဉ်ပြီးတော့တောင် လုရဲလာစေရမယ်။





ဝတ်ဆံညို ထင်တဲ့အတိုင်း မိုးအိမ်ခန့်ကတော့ လွယ်လွယ်နဲ့ အလျှော့မပေးပါ။ ပြန်ခါနီးလေးမှာ ပြောသွားတာ ရှိသေးသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝတ်ဆံညိုကိုပဲ ချစ်နေပါတယ်။ ဝတ်ဆံညိုရဲ့ မသေချာမရေရာတဲ့ အချစ်ရေးဟာ မပီပြင်သေးသရွေ့ ကျွန်တော် ဘယ်တော့မှ နောက်မဆုတ်ပါဘူး ...

ကျွန်တော် ဉာဏကို ခင်ပါတယ်။ ဒါပေမဲ့ သူ့ကို ခင်တာနဲ့ပဲ ကျွန်တော် ချစ်တဲ့ ချစ်သူကို သူငယ်ချင်းလက်ထဲ ထိုးထည့်အောင်သွယ်ပေးဖို့ထိတော့ မသထာပါဘူး။ ဘယ်သူမဆို ကိုယ့်ချစ်သူပဲ ကိုယ်ပိုင်ဆိုင်ချင်ကြတယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ ဝတ်ဆံညိုကို လွတ်လပ်စွာ ချစ်နေခွင့်ရှိတယ်၊ ကြိုးစားနေခွင့် ရှိတယ်။ ဝတ်ဆံညိုနဲ့ ဉာဏ ဘယ်လိုမှ မပတ်သက်သေးသရွေ့ ကျွန်တော်ကတော့ ကျွန်တော့်ဘက်က အနိုင်ရအောင် နည်းမျိုးစုံသုံးပြီး မိန်းမပိုးပါ့မယ်။ တရားသော နည်းလမ်းနဲ့ မိန်းမပိုးခြင်းဟာ ဘယ်သူ့ကိုမှ မထိခိုက်ပါဘူး၊ ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံညိုလည်း မိုးအိမ်ခန့် အပေါ် မိတ်လည်း မပျက်ချင်တာမို့ ...

"ကိုမိုးအိမ်ခန့်ရဲ့ သဘောကို ဝတ်ဆံ ဘာမှ တားပိုင်ခွင့် မရှိတာ"

ဟူ၍သာ။





## ၁၂

ဉာဏာသည် တင်းနစ်ရိုက်အပြီး အရင်ကလိုပဲ ပြန်ထွက်လာလျှင် ဒီတစ်ခါတော့ ကားပါခ်မှာ တမင်ပဲ သူ့ကားနားမှာ မှီရပ်ပြီး စောင့်နေသော ဝတ်ဆံညိုကို တွေ့လိုက်ရသဖြင့် အံ့သြသွားသည်။ ကျောင်းသူမလေးတစ်ယောက်လိုပဲ အဖြောင့်ဆံပင်နက်ကို ခွဲပြီး နှစ်ဖက်ချည်ထားကာ လက်ဖောင်းအင်္ကျီဖြူလည်ပင်းမှာ အဖြူအနက်ကြား ခလေးထောင့်ကော်လာအပြားကြီးကြီးပါသော ပုံစံနှင့် ထောင့်ချွန်လေးတွေပါသော ဒူးဖုံးစကတ်တိုအနက်ကို ချစ်စဖွယ် ဝတ်ဆင်ထားပါသည်။ ဒီတစ်ခါတော့ ကြိုးတွေ ရှုပ်ထွေးနေသော ဒေါက်မြင့်ချွန်လေးကို ဝတ်မထားပါ။ ထိပ်ပိတ်ရှူးဖိနပ်အပါး နက်နက်ပြောင်ပြောင်လေးကိုသာ ဝတ်ထားသည်။ ဖိနပ်ပါးလေး ဝတ်ထားတော့ ဝတ်ဆံညိုရဲ့ ပုံစံမှာ

www.burmeseclassic.com



ပုပုသေးသေးလေးနှင့် ချစ်ဖို့လည်း ကောင်းနေသည်။ ခါတိုင်းလို ရှုပ်ရှုပ်ယှက်ယှက် နားဆွဲတွေ၊ လက်ကောက်တွေ၊ ကြိုးသိုင်းဖိနပ်တွေ မပါတာကိုက ဝတ်ဆံညိုကို ပုံစံပြောင်းပေးထားသလို ဖြစ်နေသည်။

ဝတ်ဆံညိုကို ကြည့်ပြီး လျှောက်လာနေသော ဉာဏကို ဝတ်ဆံညိုကလည်း ပြန်စောင့်ကြည့်နေခဲ့ပါသည်။ ဉာဏ နားထဲမှာတော့ ...

"သူ ငါ့ကို ချက်ချင်း အဖြေပေးတယ်၊ သူလည်း ငါ့ကို ချစ်နေခဲ့တယ်တဲ့"

ဟူသော အိမ်ခန့် ပြောတာကို ပြန်ကြားယောင်သည်။

ဩော် ... သူတို့ ချစ်သူတွေ ဖြစ်သွားကြပြီပဲ။ ဒါဆို ငါ့ဘက်က ပိုပြီး အလေးထား ဆက်ဆံရတော့မယ်။ ဝတ်ဆံညိုဟာ အိမ်ခန့်ရဲ့ ချစ်သူအဖြစ် ငါ ပိုပြီး ခင်မင်ပြရမယ်။ စောင့်ရှောက်စရာရှိ စောင့်ရှောက်ရတော့မယ်။ သူ ဘာသဘောနဲ့ ဖုန်းဆက်ဆက် မသိချင်ဟန်ဆောင် သည်းညည်းခံပြီး လက်ခံ စကားပြောပေးရတော့မယ်။

"ကိုဉာဏ"

ဝတ်ဆံညိုက အရင်ဆုံး ပြုံးပြီး နှုတ်ဆက်ပါသည်။





"ဘယ်လာတာလဲ ဝတ်ဆံညို"

"ဒီကိုလာတာပဲ၊ တမင် ဒီအချိန်ရွေးလာတာ၊ ကိုဉာဏ ဒီရက်တွေဆို ညနေပိုင်း တင်းနစ် လာရိုက်တတ်မှန်း သိထားပြီးလို့ တမင် လာတာသိလား"

"ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စမှ မရှိပါဘူး"

ဉာဏသည် ကားသော့ကို ဖွင့်ရင်း စိတ်လည်း ရှုပ်သွားပါသည်။ ဝတ်ဆံညိုဟာ ဘယ်လို မိန်းကလေးလဲ။ အိမ်ခန့်နဲ့လည်း ချစ်သူတွေ ဖြစ်နေသေးတယ်။ ဘာကြောင့် ငါ့ကို အရောဝင်ချင်သလိုလို၊ ဘာအဓိပ္ပာယ်ကိုပဲ သိစေချင်သလိုလို ပြောပြောနေတာ ဘာကြောင့်လဲ။ မင်းဟာ လှေနှစ်စင်းဖက်နင်း ချင်တဲ့ မိန်းကလေးတော့ မဖြစ်တန်ကောင်းဘူး ထင်ပါရဲ့။ အဲဒီလိုတော့ မဖြစ်လိုက်ပါနဲ့ ဝတ်ဆံညိုရယ်။

"ဝတ်ဆံ ကိုဉာဏ ကားနဲ့ လိုက်မယ်နော်"

"ခင်ဗျာ"

"ဝတ်ဆံ ဒီလာကတည်းက ကားမပါဘူး။ ဝတ်ဆံ သူငယ်ချင်း ဟန်နီခင့်ကားနဲ့ လာတာ။ သူ့ကားကို ပြန်လွှတ်လိုက်ပြီ။ ဘာကြောင့်လဲဆိုတော့ ကိုဉာဏ ကားနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလို့။ ကိုဉာဏ ကားကို တစ်ခါမှ မစီးရသေးလို့ လိုက်စီးမလို့ပါ"

ဉာဏ ဆတ်ခနဲပင် လှည့်ကြည့်ပစ်လိုက်သည်။ ဉာဏထံမှ အထင်သေးဟန်ပါသော အကြည့်စူးစူးသည် ဝတ်ဆံညိုရဲ့ ရင်ထဲကို ပြင်းထန်စွာ လာရိုက်ခတ်ပါသည်။

အို ... သူ ငါ့ကို တကယ်အထင်သေးနေခဲ့တာပဲ။ ငါဟာ တွေ့ကရာ ယောကျ်ားလေး တစ်ယောက်ရဲ့ ကားပေါ် လိုက်ထိုင်ပြီး ကားကြုံလိုက်စီးတဲ့ မိန်းကလေးလို့ သူ ထင်သွားပြီ။

"ဘာလဲ ... မလိုက်စေချင်ဘူးလားဟင်"

ဝတ်ဆံညိုသည် ပြောင်ပဲ ဖွင့်မေးချလိုက်ပါသည်။

"ဘာကြောင့် သူငယ်ချင်းကားနဲ့ မပြန်ဘဲ ကျွန်တော့် ကားကို စောင့်ပြီး စီးသလဲ"

"ကိုဉာဏ ကားကို စီးချင်လို့ပါဆို"

"ကျွန်တော့်ကားက ဘာမှ မဆန်းပြားပါဘူး၊ အိမ်ခန့် ကားကမှ ဆန်းပြားတာ။ CD Player ကြီးလည်း ထည့်ထားတယ်။ ကား CD ကို ဖွင့်လိုက်ရင် ရင်ဘတ်ကို တဒုန်းဒုန်းနဲ့ လာထုသလို ခံစားရစေတဲ့ စောင်းဘောက်(စ)ကြီးတွေလည်း





တပ်ထားတယ်၊ ကားထဲမှာ စိတ်ဝင်စားစရာ အရုပ်တိုးလိုးတွဲလောင်းတွေ လှုပ်တုတ် လှုပ်တုတ်ဖြစ်တဲ့ အရုပ်တွေလည်း ရှိတယ်။ ကားမီးလုံးကလည်း မျက်စိအဖွင့်အပိတ် လုပ်လို့ရအောင် တမင် ပြန်ထည့်ထားတာတဲ့။ ကားဘန်ပါကိုလည်း နိုင်ငံခြားက ပြိုင်ကားတွေ ပုံစံ တမင် ပုံစံပြောင်းထည့်ထားတော့ ဘန်ပါကြီးပဲ တစ်သိန်းလောက် တန်တယ်ဆိုပဲ။ နင်းကွဲမီးတွေလည်း မလိုအပ်ဘဲ ထည့်ထားသေးတယ်။ ဘရိတ်မီးတန်းကိုလည်း နောက်မှာ ဘောနက်ပေါ်မှာ ဘယ်လို ခေါ်မလဲ၊ အတောင်လိုလို အမြီးလိုလိုလေး ထပ်တင်ပြီး ပြင်ထားတာ၊ သူ့ကားက စိတ်ဝင်စားစရာကောင်းတယ်။ ကျွန်တော့် ကားထဲမှာ ဘာမှ မရှိဘူး။ ဘာမှလဲ Modified လုပ်မထားဘူး။ ရိုးရိုးပဲ။ ကားထဲမှာ ဆေးစာအုပ်တွေ၊ ဆေးပညာဂျာနယ်တွေပဲ တွေ့ရမယ်၊ အရုပ်လည်း မရှိဘူး"

ဉာဏ ရှည်ရှည်ဝေးဝေး ပြောလျှင် ဝတ်ဆံညိုသည် မိန်းကလေးတန်မဲ့နဲ့ ကိုယ်က အောက်ကျခံပြီး သူ့ကား စီးပါရစေ ပြောတာကို ပေးမစီးဘဲ အကြောင်းပြချက် ပေးနေခြင်းခံရသဖြင့် ကိုယ့်ကိုယ်ကိုယ် အောက်သည်ဟု ထင်လာသည်။ သူနဲ့ ပတ်သက်

www.burmeseclassic.com



ရှင် ခံစားနေရတဲ့ ခံစားမှုအတိုင်းပဲ သူ့ကို မုန်းလာပြန်သည်။ သူ အရေးတယူ မရှိလှတာကို ဝမ်းနည်းလာသည်။

ဒါနဲ့ပဲ ...။

ဝတ်ဆံညိုသည် ဘာမှ ဆက်ပြောမနေတော့ဘဲ ဆတ်ခနဲ လှည့်ထွက်လိုက်တော့သည်။ ဝတ်ဆံညိုရဲ့ ဝမ်းနည်းနေသော ခြေလှမ်းတွေက ဟိုတယ်လ်ကြီးရဲ့ ကားပါခ်မှ လျှောက်နင်းပြီး ထွက်လာခဲ့တော့သည်။ ဉာဏသည် ကောင်မလေး မပြောမဆိုနဲ့ ချာခနဲ လှည့်ထွက်သွားသဖြင့် သူပင် အံ့သြငေးကြောင်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ ဘာပဲပြောနေနေ သူ့ကားနဲ့သာ လိုက်ရမို့ အခြေအနေ ဖြစ်နေပြီမို့ သူကလည်း ကားတံခါး ဖွင့်ပေးပြီး တက်လိုက်လာနိုင်းတော့မလို့ပါ။ ဒါကို ကောင်မလေးက ဘာစိတ်ကူးပေါက်သွားသည်မသိ။ ဆတ်ဆို မပြောမဆို လှည့်ထွက်သွားသောအခါ ဉာဏသည် ...

"ဟေ့ ... ဟေ့ ... ဝတ်ဆံညို ဘယ်ထွက်သွားတာလဲ"

လို့ အော်ခေါ်လည်းခေါ်။ နောက်ကလည်း ပြေးလိုက်သွားမိပြီး ဖြစ်နေတော့သည်။

ယောကျ်ားလေးခြေလှမ်းမို့ ချက်ချင်းပဲ မီသွားပါသည်။ ဝတ်ဆံညိုကတော့ ခြေလှမ်းတွေကို လျှော့ချမပစ်ဘဲ





ဆောင့်ဆောင့်အောင့်အောင့် နင်းပြီး သွားနေဆဲဖြစ်ပါသည်။ ဉာဏ ဘေးကနေ ယှဉ်လျှောက်လိုက်ရင်း ...

"ကျွန်တော့် ကားနဲ့ လိုက်မလို့ဆို"

"ကိုဉာဏက ခေါ်မှ မခေါ်ချင်ဘဲ"

"မခေါ်ဘူးလို့ တစ်ခွန်းမပြောမိပါဘူး"

"မခေါ်ဘူးဆိုတဲ့ စကားမျိုး မပါပေမဲ့ ကိုဉာဏ လှည့်ပတ်ပြောနေပုံတွေက မခေါ်ချင်မှန်း သိသာတယ်၊ မလိုက်စေချင်မှန်း သိသာတယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အောက်ကျနောက်ကျနိုင်တယ် ထင်လာပြီး လှည့်ထွက်လာတာ၊ တော်ပြီ ဆက်မပြောနေတော့ဘူး။ လူလူချင်း အတူတူကို မတူသလို မတန်သလိုလည်း ဆက်ဆံခံရတယ်၊ ဒါကြောင့် ထွက်လာတာ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က မသင့်တော်ဘူး ထင်လို့ပါ။ ဘာမှ မဆိုင်တဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ကား အတူတူစီးပြီး သွားဖို့ မသင့်ဘူး ထင်မိလို့ပါ"

"အဲဒီလို မသင့်တော်ဘူးထင်လည်း မခေါ်နဲ့ ရတယ်၊ ဝတ်ဆံဘာသာ ကားငှားပြီး ပြန်မယ် ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ပဲ လိုက်ခဲ့ပါ ဝတ်ဆံညို"

"ရှင်ပဲ မသင့်တော်ဘူးဆို"

"ညနေစောင်းကြီး မိန်းကလေးတစ်ယောက်တည်း ကားထွက်ငှားမယ်၊ အငှားကားနဲ့ ပြန်မယ်ဆိုတာကမှ ပိုပြီး စိတ်မချစရာကောင်းတယ်။ ပိုပြီးလည်း မသင့်တော်ဘူး"

"ကိုဉာဏ စိတ်မပါဘဲ ခေါ်ရတာမို့ ဝတ်ဆံ မလိုက်ချင်တော့ဘူး"

ဉာဏသည် အစကတည်းက ကောင်မလေးအပေါ် အမြင်ကြည်လို့လည်းမရ။ စိတ်ရှည်လက်ရှည် ချော့မော့ချင်စိတ်လည်း ရှိမထားလေရာ ...

"မင်း ဘယ်လို ကောင်မလေးလဲ၊ အစကတော့ ကားကြုံစီးဖို့ စောင့်တောင်နေရတယ်၊ ခုကျ လိုက်ပြီး စီးပါပြောတော့လည်း မလိုက်ပြန်ဘူး။ တော်ပြီ ငါ စိတ်ကုန်တယ်၊ မခေါ်တော့ဘူး။ မင်းဘာသာ လိုက်ချင်လိုက်၊ မလိုက်ချင်နေ"

ဟု ပြောပစ်လိုက်ပြီးလျှင် ချက်ချင်းပဲ ပြန်လှည့်ထွက်သွားတော့သည်။





ဝတ်ဆံညိုသည် စိတ်ကောက်မယ်မှ မကြံသေးဘူး။ သူက တစ်ဖန် စိတ်ပြန်လုပ်ပြီး လှည့်ထွက်သွားသဖြင့် ကြောင်အမ်းအမ်းပင် ဖြစ်သွားသည်။ အစကတော့ သူ ပြောလိုက်လာပြီး ချော့မော့တဲ့အတွက် ဒီက ကြည်နူးပြီး ခြေလှမ်းတွေ မြောက်ကြွမြောက်ကြွတောင် ဖြစ်နေတာ။ ဈေးကိုင်လို့ ရပြီဆိုပြီး ဈေးကိုင်နေတာ။ ခုတော့ သူက ချက်ချင်းပဲ စိတ်ဆိုး ဘုတောပြီး ပြန်လှည့်ထွက်သွားတော့လျှင် ဝတ်ဆံညိုမှာ နေရာမှာ ရပ်ပြီး ကျန်ရစ်ရသည်။

သူ့နောက် ပြေးလိုက်သွားရဲလောက်အောင်ထိ သတ္တိမရှိသဖြင့် ဒီနေရာမှာ ဒီတိုင်း ရပ်ကျန်ခဲ့စဉ် ဉာဏကတော့ သူ့ကားပေါ် စက်ပင်နှိုးနေပြီ၊ ကားကို ဝေါခနဲ မောင်းထွက်လာသည်။ ဝတ်ဆံညို ရပ်နေသော ရှေ့မှပင် ဖြတ်ကျော်မောင်းသွားလေပြီ။ ဝတ်ဆံညိုမှာသာ လက်ကလေးနှစ်ဖက် ဘေးချ၊ အံကြိတ် လက်သီးဆုပ်ပြီး လေးကန်သော ခြေလှမ်းတွေနဲ့ ဆက်၍ လျှောက်လာခဲ့ရပါသည်။

ဉာဏသည် ကားကို ဒေါသတကြီး မောင်းထွက်လာခဲ့မိပြီးမှ ငါ လုပ်လိုက်တာ လွန်သွားသလားလို့ ပြန်တွေးမိပြန်သည်။ အိမ်ခန့် မျက်နှာကို ထောက်ထားရမှာတွေ ရှိတယ်။ သူ့ချစ်သူ မိန်းကလေးကို တွေ့ရက်သားနဲ့ ကားကြုံတောင်



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဘဲ ထားပစ်ခဲ့တယ်။ ညနေစောင်းကြီး လမ်းမှာ တစ်ယောက်တည်း လျှောက်ရင်း ကားငှားပြန်ဖို့ အခြေအနေကို ရင်ဆိုင်ခိုင်းခဲ့တယ်၊ ချေချင်ငံ မပြောဘဲ ဘုပြောပစ်ခဲ့တယ် ဆိုတာတွေ အိမ်ခန့် ပြန်ကြားရင် မကောင်းပါဘူး။ အားနာစရာ။

ကောင်မလေး ဘယ်လိုစိတ်ဓာတ်ပဲ ရှိနေနေ။ အိမ်ခန့်က ချစ်နေပြီပဲ။ သူလည်း အိမ်ခန့်ကို ပြန်ချစ်ပြီးပြီပဲ။ ဒီတော့ ငါ သူတို့ရဲ့ အကောင်းဆုံး မိတ်ဆွေအဖြစ် ဆက်ဆံသင့်တယ်။

ဉာဏ ဒီလိုတွေးပြီး ကားကို နောက်ပြန်ဆုတ်လာပါသည်။ ကားနောက်ကြည့်မှန်ထဲမှာ မြင်နေရသော ဝတ်ဆံညိုရဲ့ ပုံရိပ်လေးသည် ဉာဏ ကားနောက် ပြန်ဆုတ်လာသည်ကို လုံးဝ ဂရုမစိုက်ဘဲ သူမဘာသာ အေးအေးလူလူ လျှောက်နေလေသည်။ ဝတ်ဆံညိုနား ကားရပ်ပြီးပြီးချင်း သူမဘက်အခြမ်း ကားတံခါးကို အတွင်းမှ ဖွင့်ပေးကာ ...

"ကဲ ... တက် ... တက် ... ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ ကျွန်တော်တို့နှစ်ယောက် ကြားမှာ အာဃာတတွေ မရှိချင်ဘူး ဝတ်ဆံညို။ ဒီတော့ ကျွန်တော့်ကားပေါ်ပဲ တက်လိုက်ခဲ့ပါ။ ကျွန်တော် ပြောခဲ့ဆိုခဲ့တာတွေ မှားနေရင်လည်း တောင်းပန်ပါတယ်၊ ကျေနပ်နော်၊ ကဲ ... တက်"





ဝတ်ဆံညိုသည် ဒီတစ်ခါတော့ မှတ်သွားပြီမို့ ဘာမှဆက်အငြင်းပွားမနေတော့ဘဲ ကားထဲ ပစ်ပြီး ဝင်ထိုင်လိုက်သည်။ ဉာဏရဲ့ ကားလေးက ညင်သာစွာ မောင်းထွက်ခဲ့ပါသည်။ ဝတ်ဆံညိုက သူမ လွယ်လာသော ဝက်ဝံရုပ်ခေါင်းပုံ မေးပွ အိတ်ကြီးကို ပေါင်ပေါ်တင်ထားရင်း ဝက်ဝံရုပ်ရဲ့ အမွေးတွေကို လက်ဖြင့် ပွတ်နေမိသည်။ ဘာစကားစပြောရင် ကောင်းမလဲ။ ဘယ်က စပြောရင် ကောင်းမလဲ။ ဝတ်ဆံညိုလည်း ကိုယ့်ဘာသာ လုပ်ချင်ရာလျှောက်လုပ်မိပြီး ခုမှ သူ့ကို ရှက်နေမိပြန်သည်။

"သီချင်း ဖွင့်လိုက်မယ်နော်၊ ဒါ အိမ်ခန့်ရဲ့ သီချင်းခွေပဲ၊ ကျွန်တော့် ကားထဲမှာ CD Player တော့ ထည့်မထားဘူး၊ ရိုးရိုး Tape ပဲ နားထောင်လို့ရတယ်"

ဉာဏ သူ့ဘာသာ စကားစ,ပြောပြီး ကက်ဆက်ခွေလေးကို ထည့်ရန်ပြင်လျှင် ဝတ်ဆံညိုကလည်း ...

"သူ့သီချင်းတွေ ခဏခဏ နားထောင်နေရတော့ ရိုးနေပြီ။ တခြားခွေ မရှိဘူးလား"

"တခြားခွေဆိုရင် ခပ်ဟော့ဟော့တွေတော့ မရှိဘူး။ ကျွန်တော်က ခပ်အေးအေးတွေပဲ ကြိုက်တယ်။ ဝတ်ဆံညို နားထောင်ချင်မှာ မဟုတ်ဘူး၊ ကျွန်တော် အိမ်ခန့်ခွေကို နားထောင်တယ်ဆိုတာလည်း ကိုယ့်သူငယ်ချင်းမို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ဖွင့်မနေပါနဲ့"

"ဝတ်ဆံညိုက သီချင်းအေးတွေ မကြိုက်ဘူးလား"

"သီချင်းဆို အကုန်ကြိုက်ပါတယ်၊ ဒါ့ပေမဲ့ ခုတော့ ဘယ်သူ့မှ နားမထောင်ချင်သေးလို့ပါ"

သီချင်းသံတွေလည်း ရှိမနေသောအခါ သူကိုကြားမှာ ဘာစကားမှ ပြောစရာမရှိသလိုဘဲ ပြန်တိတ်ဆိတ်သွားပြန်ပါ ရသည်။ ပြီးမှ ဖြိုင်တူပင် ...

"ခုနက ကိစ္စကို"

ဟု ပြောလိုက်မိကြလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ပစ်လိုက်မိကြတော့သည်။ ဝတ်ဆံညို သည် သူနဲ့ ဒီလိုပဲ ပဋိပက္ခဖြစ်လိုက်၊ ပြန်တည့်လိုက် ဖြစ်နေရတာကို ပင် ဘိန်းစွဲသလို စွဲနေမိပြီထင်သည်။ ဉာဏလည်း စိတ်လွတ် ကိုယ်လွတ် ရယ်မောမိသလို ဖြစ်သွားသော သူ့ကိုယ်သူ ပြန်ထိန်း ချုပ်ရင်း သတိပေးလိုက်ရသည်။ ငါ ဘာလို့ သူ့ကို ဒီလောက်ထိ အရောတဝင် နေပြစရာလဲ။ သူက ငါ့သူငယ်ချင်းရဲ့ ချစ်သူ။ ငါတို့ချင်းလည်း မိတ်ဆွေဖြစ်တာတောင် သိပ်မရင်းနှီးပြသင့်ဘူး။

ရယ်မောနေရင်းမှ ချက်ချင်း တည်သွားပြန်သော ဉာဏ အမူအရာတွေကို ဝတ်ဆံညို ဂရုစိုက်မနေတော့ပါ။ ရိုးနေပြီ လေ။ သူက ဒီလိုပဲ။ ခုတစ်မျိုး တော်ကြာတစ်မျိုး။ စိတ်မှ မမှန်





တာ။ ဟုတ်တယ် ... မိုးအိမ်ခန့် တစ်ခါက ပြောဖူးသလိုပဲ။ သူက နည်းနည်း ဂေါက်နေတယ်။ ဝတ်ဆံညိုသည် အပျော်ဓာတ်ခံ ဖြင့် ခပ်မြူးမြူးလေးတွေးရင်း ...

"ဝတ်ဆံ အရင်ပြောမယ်နော်"

လို့ စကားဆက်လိုက်သည်။ ဉာဏ ခေါင်းအသာ အယာ ညိတ်ပါသည်။

"ဝတ်ဆံ မှားနေတာရှိရင်လည်း ခွင့်လွှတ်ဖို့ တောင်းပန် ချင်ပါတယ်"

"ကျွန်တော်လည်း အဲဒီလို ထပ်ပြောချင်လို့ပါ၊ ကျွန်တော့် ဘက်က ဆက်ဆံရေး မပြေပြစ်ရင်လည်း တောင်းပန်ပါ တယ်လို့"

"ကိုဉာဏက ခု ဝတ်ဆံကို ဘယ်ပို့မလို့လဲ"

"ခင်ဗျာ"

"အိမ်ပြန်ပို့မှာ မဟုတ်ဘူးလား"

"အိမ်ပြန်ပို့မလို့ပါ"

ဝတ်ဆံမှာ ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ဉာဏသည် ဝတ်ဆံညို ရယ်မောသည်ကို အူတူတူ အတတဖြင့် ကြည့်နေမိသည်။ ဘာကြောင့်ရယ်မှန်း သူ လုံးဝ မသိပါ။

"အိမ်က ဘယ်မှာရှိလဲလို့ မမေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်သားပဲ၊ အဲဒါကြောင့် ရယ်တာလား"

"အဲဒါကြောင့် ရယ်တာလည်းပါတယ်၊ ဝတ်ဆံရဲ့ အိမ်ကို ကျော်လာပြီမို့ ရယ်ချင်တာလည်း ပါတယ်"

"ဟာ ... ဟုတ်လား၊ အိမ်ကို ကျော်သွားပြီလား"

"ဟုတ်တယ်"

"ဒါဖြင့် ကွေ့လို့ရတဲ့ နေရာကျ ပြန်ကွေ့မယ်လေ"

"ကွေ့လို့မရတော့ဘူး၊ မီးပွိုင့်ထိ ရောက်အောင် မောင်းပြီးမှ ဒီဘက်ခြမ်းပိုင်း ပြန်မောင်းယူပြီး မီးပွိုင့်တစ်ခါ ပြန်စောင့်ပြီးမှ လမ်းကြောယူလို့ရမယ်"

"အိမ်က ဘယ်မှာလဲ"

ဝတ်ဆံညိုက ရပ်ကွက်နေရာတစ်ခုကို အမည်ပြောပြပါသည်။ သူ့ဒွေးရပ်ကွက် တစ်နေရာမှာ ရှိမည်ဖြစ်သော မိန်းကလေးရဲ့ အိမ်သည် ဘာပဲဖြစ်ဖြစ် ခံ့ညားတင့်တယ်နေမည်ဆိုတာ အိမ်ကို မမြင်ရသေးခင် ဉာဏ ခန့်မှန်းလို့ရသည်။ အိမ်ကို မြင်ရတော့ သူ ခန့်မှန်းထားသလို ဖြစ်နေ၍ ပို၍ အံ့သြမနေတော့ပါ။ အိမ်ခန့်ကလည်း ဉာဏထက်စာရင် အဆများစွာ ပိုပြီး ချမ်းသာကြွယ်ဝသလို၊ ကိုယ်တိုင်လည်း ဝင်ငွေ ရှာနိုင်သူ၊ ကောင်မလေးကလည်း တစ်ဦးတည်းသော သမီး၊ ငွေပုံပေါ် ထိုင်နေသူ၊ ငွေကို ကြိုက်သလောက် ဖြုန်းနိုင်သူ။ အင်း ... လိုက်ဖက်





လွန်းလှပါပေရဲ့။ အိမ်ခန့်နဲ့ ကောင်မလေးရဲ့ ဘဝအခြေအနေချင်း မကွာခြားလှတာမို့ သူတို့ချင်း လက်တွဲမည်ဆိုလျှင် ဘယ်သူမှ ကန့်ကွက်စရာမြင်မည် မထင်ပါ။

"ကိုဉာဏ အိမ်ထဲ ဝင်လည်ပါဦး"

လို့ ဝတ်ဆံညိုက ဖိတ်ခေါ်ပေမဲ့ ဉာဏကတော့ ...

"နောက်မှပဲ လာခဲ့ပါ့မယ်"

ဟု ခပ်မြန်မြန်ပဲ ငြင်းပြီး ကားကို မောင်းထွက်လာခဲ့ရပါသည်။ ဘာကြောင့်လဲဆိုတော့ အိမ်၏ တစ်နေရာမှာ ရှိနေသော ဝတ်ဆံညို၏ မိခင်ဖြစ်ဟန်တူသည့် အန်တီကြီးထံမှ လေ့လာအကဲခတ်နေသော မျက်လုံးတွေကို မြင်လိုက်ရ၍ပင်။ သူနှင့် ဘာမှမဆိုင်သော မိန်းကလေးတစ်ယောက်၏ မိခင်ကို လိုက်တွေ့စရာ ဘာမှမလိုသောကြောင့် သူ မြန်မြန်ပဲ ကားကို မောင်းထွက်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

မိုးအိမ်ခန့် အိမ်ကို ရောက်လာပြီး စာကျက်သော အခါမှာ ဉာဏသည် မနေ့ညနေက အဖြစ်အပျက်ကို ပြောရင် ကောင်းမလား၊ မပြောရင် ကောင်းမလား ဟူ၍ တတွေးတွေးနဲ့ အဖြေကား ထုတ်မရဖြစ်နေပါသည်။ ဉာဏ မျက်နှာ အမူအရာ အပြောင်းအလဲကိုဆို အကဲခတ်နိုင်စွမ်းရှိလွန်းနေသော မိုးအိမ်ခန့်ကလည်း တစ်စတစ်စ ရိပ်မိလာပြီး နောက်ဆုံးမှာ မေးလိုက်တော့သည်။

"ဉာဏ မင်း ဘာဖြစ်နေတာလဲ"

"မင်း ဘာဖြစ်လို့ မေးတာလဲ"

"မင်း ငါ့ကို ကြည့်လိုက်၊ တစ်ခုခုကို တွေးလိုက်၊ သက်ပြင်းချလိုက်နဲ့ ဘာအပြောရခက်နေလို့လဲ"





"ငါ အပြောရခက်နေတာ မဟုတ်ပါဘူး။ မင်းကို ငါ့စိတ်ထဲမှာ ဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ဘဲ သိပ်သိစေချင်တယ်၊ သိသွားလို့ မင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်မှာလားလို့လည်း တွေးပြီး ပူတယ်၊ အဲဒါကြောင့်ပါ"

"ဘာမှ စိတ်အနှောင့်အယှက် မထားဘူး။ မင်း ပြောလိုက်မှာဟာ ဘာပဲဖြစ်ဖြစ် ငါ ချင့်ချိန်ပြီး တွေးကြည့်မှာပေါ့"

အမှန်တော့ မိုးအိမ်ခန့်လည်း မနေ့ညနေက အကြောင်းကို သိပြီးနေပြီ။ သူ ညစဉ်ပဲ ဝတ်ဆံညိုထံ ဖုန်းဆက်ပြီး စကားအနည်းအကျဉ်း ပြောခြင်းဖြင့် သူငယ်ချင်းမိတ်ဆွေလိုပဲ အဆက်အဆံ မပျက်အောင် ဆက်သွယ်နေသေးရာ ညစဉ်တိုင်းနီးပါး ဖုန်းဆက်ပါသည်။ အလုပ်သိပ်များသော နေ့တွေမျိုးမှသာ မဆက်ဖြစ်တာရှိသည်။ ဒါကြောင့် မနေ့ညနေက ဖုန်းဆက်တော့ ဝတ်ဆံညိုထံမှ ...

"ဒီနေ့ ညနေတောင် ကိုဉာဏနဲ့ တွေ့ခဲ့သေးတယ်။ ဝတ်ဆံ သူ့ကားကို ကားကြုံလိုက်စီးခဲ့သေးတယ်"

ဆိုတုန်းက မိုးအိမ်ခန့် ရင်ထဲမှာ မနာလိုခြင်းတစ်ဝက်၊ စိုးရိမ်ခြင်းတစ်ဝက် ဖြစ်လိုက်သေး၏။

မနာလိုတာကတော့ ဝတ်ဆံရဲ့ စိတ်တွေဟာ တကယ်ပဲ ဉာဏထံ အကုန်ပေးထား၍ပဲဖြစ်သည်။ စိုးရိမ်ရခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က တစ်ဖက်သတ်ကြီး လိမ်ညာထားမိသော ကိစ္စကြောင့် ဖြစ်သည်။

ဝတ်ဆံညိုက အဖြေမပေးပါဘဲ ဝတ်ဆံညိုနဲ့ သူ ချစ်သူတွေ မဖြစ်ကြပါဘဲ ဉာဏဘက်ကိုတော့ ဉာဏ ခြေလှမ်းတွေ ရှေ့မတိုးသာအောင် ...

"ငါတို့ ချစ်သူတွေ ဖြစ်သွားကြပြီ"

ဟူ၍ ပြောထားမိ၍ပင်။ ဉာဏ စိတ်ပြောင်းပြီး ဝတ်ဆံညိုကို ချစ်သွားခဲ့ရင် သူ့ဘက်မှာ ဘာမှ မျှော်လင့်ချက်ထားလို့မရတော့မှာမို့ သူ့ဘာသာ အနိုင်ပိုင်းပြီး ဝတ်ဆံညိုကို သူပဲ ပိုင်ထားပြီးသယောင်ယောင် တစ်ဖက်သတ်စကား ပြောထားလိုက်တဲ့သဘောလည်းဖြစ်သည်။

ဒါကြောင့် ဝတ်ဆံညို ဉာဏကို ဘယ်လောက်ပဲ မျှော်လင့်နေနေ ဉာဏဘက်ကလည်း သူငယ်ချင်းရဲ့ ချစ်သူအဖြစ် သိထားသဖြင့် ဒီထက် မပိုလာလျှင် ဝတ်ဆံညိုရဲ့ စိတ်တွေ သူ့ဘက် ပြန်လည်လာလိမ့်မလားဆိုသော မျှော်လင့်ချက်ကိုလည်း ထားထားမိပါသည်။

"ဝတ်ဆံတို့ ဘယ်တွေ သွားကြသေးလဲ"

လို့ သူ အလောတကြီး မေးတော့ ဝတ်ဆံညိုဟာ စိတ်တို ဒေါသဖြစ်နေသော လေသံဖြင့် ...





"ရှင့်သူငယ်ချင်းက ကားနဲ့တောင် မခေါ်ချင့်ခေါ်ချင်ဖြစ်ပြီး လူမှုရေးအရ ခေါ်တင်လာရတာမို့ ဘယ်မှ သွားခွင့်မရပါဘူး။ အိမ်ပဲ တန်းပြန်ပို့ပေးတယ်၊ လူကိုလည်း ဆုံးမလိုက်၊ ပြောဆိုလိုက်တာ သူနဲ့ တွေ့မှပဲ ကိုယ့်မှာ ဘာတန်ဖိုးမှ မရှိတော့သလို ခံစားရတယ်"

တော်ပါသေးရဲ့ သူတို့ဘာကြောင်းမှ မပြောဖြစ်ကြဘူးဟု တွေးပြီး မိုးအိမ်ခန့် ရင်ထဲမှာ စိုးရိမ်စိတ်တွေ လျော့ခဲ့ရပေမဲ့ သူတို့နှစ်ဦး တွေ့ဖြစ်ကြတယ်ဟူသော အကြောင်းအရာကို တစိမ့်စိမ့် တွေး၍ မကျေမနပ်တော့ ဖြစ်နေခဲ့သည်။

သူ့သဘောက ဉာဏကိုလည်း ချစ်သည်။ ခင်လည်း ခင်ပါသည်။ ဒါပေမဲ့ သူ ချစ်ရသော မိန်းကလေးကို ဉာဏ ရသွားမှာကျတော့လည်း မနာလိုပြန်။ ဉာဏကို ကျန်တဲ့ နေရာတွေမှာ အကုန်အရှုံးပေးချင်ပေးမည်။ ဝတ်ဆံညိုနဲ့ ပတ်သက်ရင်တော့ အရှုံးမပေးချင်။ သူသာလျှင် အနိုင်ရချင်ဟူသော တစ်ဖက်သတ် ပြိုင်ဆိုင်လိုစိတ်ကလည်း ရှိနေပါသည်။

ဉာဏသည် စိတ်ဆုံးဖြတ်လို့ ရသွားပြီးသော မျက်နှာဖြင့် ...

"ငါ မနေ့ညနေက ဝတ်ဆံညိုကို သူ့အိမ် လိုက်ပို့ပေးလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးအိမ်ခန့်သည် သူ သိပြီးသားပေမဲ့ ခုမှ သိရဟန် ဆောင်ပြီး ...

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"သူ (...) ဟိုတယ်က Beauty Saloon ကို လာတာပါ။ ငါက မင်း သိပါတယ်၊ အဲဒီက Club မှာ Member ဝင်ပြီး တင်းနစ် သွားသွားရိုက်တယ်လေ၊ အဲဒီမှာ အမှတ်မထင် ဆုံတာပါ။ သူ့မှာ ကားမပါဘူး ဆိုတာနဲ့ ကားကြုံလိုက်ပို့ပေးရတယ်။ အဲဒါ မင်းစိတ်ထဲမှာ ကသိကအောက် ဖြစ်မှာစိုးလို့"

မိုးအိမ်ခန့်သည် ဟန်ဆောင်ကောင်းစွာပင် တဟားဟား ရယ်ပါသည်။ ဉာဏမှာ တကယ့်အရိုးခံ အပြုံထည်သမားမို့ မိုးအိမ်ခန့် ရယ်နေတော့ သူ တအံ့တဩဖြင့် ကြည့်နေလေသည်။ မိုးအိမ်ခန့်က ဉာဏ ပခုံးကို ပုတ်လိုက်ပြီး ...

"အဲဒါများကွာ၊ ငါ သိပြီးသားပါ၊ ဝတ်ဆံ ငါ့ကို ပြန်ပြောပါတယ်၊ ငါ တမင်မသိချင်ဟန်ဆောင်ပြီး မင်းကို ပြန်မေးတာပါ"

ဉာဏ ဒီတော့မှ မျက်မှောင်ကြုတ်နေတာတွေ ပြေလျော့လျက် ရယ်ရယ်မောမော ဖြစ်လာလေသည်။

"ဩော် ... ဟုတ်လား၊ မင်း သိပြီးသားလား"





"သိပါတယ်၊ သူ ပြန်တိုင်တာကွ၊ ဟား ဟား ... မင်းက သူ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပြီး လိုက်ပို့ရမှာ လိုက်မပို့ချင်ဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ စုံနေတာပဲ၊ တိုင်လိုက်တာ။ ငါက ဖျောင်းဖျလိုက်ပါတယ်၊ ဉာဏက ဒီလိုပါပဲ စိတ်ရင်းကောင်းပါတယ်၊ အပြောဆိုးပေမဲ့ ကူညီစရာရှိ ကူညီပါတယ်ပေါ့၊ ချောင်းသာမှာ သူတို့ ဝမ်းသွားပြီး အထက်လှန်အောက်လျှော ဖြစ်ကြတော့ မင်း ဘယ်လို ကူညီခဲ့တာပဲ ကြည့်ပေါ့၊ အဲဒီလို ပြန်ပြောပြီး မင်း ဘက်ကနေ ရှေ့နေလိုက်ပါတယ်ကွာ"

"ငါက မင်း အထင်လွဲမှာ စိုးလို့ပါ"

"ဘာအထင်လွဲစရာရှိလဲ၊ ငါက မင်းတို့ နှစ်ယောက်ကို တောင် ပြေလည်စေချင်နေတာ။ သူကလည်း မင်းကို အခုဆို ခင်ခင်မင်မင် ဆက်ဆံတော့မယ်လို့ ငါ့ကိုပြောထားတယ်။ မင်းနဲ့ ငါက အခင်ဆုံး သူငယ်ချင်းတွေဆိုတော့ သူနဲ့မင်း မတည့်ရင် မဖြစ်ဘူးဆိုပြီး ရင်းနှီးချင်နေတာပါ"

"ဩော် ... ဒီလိုလား"

"အေး ... အဲဒီလိုပါကွာ၊ သူ့ကို ဘာမှ အထင်မလွဲပါနဲ့"

"မင်း အထင်လွဲသည်ဖြစ်စေ၊ မလွဲသည်ဖြစ်စေကွာ မင်း ကောင်မလေးကို နည်းနည်းပါးပါးတော့ ကြည့်ပြောထားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘာဖြစ်လို့လဲ"

မိုးအိမ်ခန့်သည် ရုတ်တရက်တော့ ရင်ထဲမှာ ထိတ်သွားပါသည်။ ဝတ်ဆံညိုက ဦးဏကို သိသာသော အမူအရာတွေပြပြီး ညှို့ငင်ဆွဲဆောင်တာမျိုးများ လုပ်သလား။ စကားလမ်းတွေများ ကြောင်းပေးလေသလား။ ဒါဆိုရင် ခက်ပြီ။ ကြာရင် သူ့ဘက်က တစ်ဖက်သတ် လိမ်ထားတာတွေ ပေါ်သွားနိုင်မည်။ သူ ဒီလို တွေးပြီး ချွေးပင်စို့လာပါသည်။

"ညနေစောင်းတွေမှာ မိန်းကလေး တစ်ယောက်တည်း ထင်ရာစိုင်းပြီး လျှောက်မသွားသင့်ဘူးလို့ ပြောချင်တာပါ။ ငါက အစက ငါ့ကားနဲ့ မလိုက်သင့်တဲ့အကြောင်း ပြောပြီး ဆုံးမတာကို စိတ်ကောက်ပြီး သူ့ဘာသာ ဟိုတယ် အပြင်ဘက်ကို လမ်းလျှောက်ထွက်သွားတယ်၊ သူ့ဘာသာ တက္ကစီနဲ့ ပြန်မယ်လုပ်တယ်။ စိတ်ထင်တိုင်း အရွဲ့တိုက်ပြီး လုပ်ပြတာဟာ မကောင်းဘူး။ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်ကြီးတယ်"

မိုးအိမ်ခန့်မှာ သက်ပြင်း ကျိတ်ချလိုက်ရသည်။ ဝတ်ဆံညို ဘာမှ စကားလမ်းကြောင်းပေးတာတွေ မလုပ်ပေမဲ့ ဦးဏအပေါ် အနိုင်ယူ စိတ်ကောက်ပြခြင်း၊ အရွဲ့တိုက်ခြင်းတွေဟာလည်း မိန်းကလေးတစ်ယောက်ရဲ့ မူယာမာယာတွေပဲ





ဖြစ်ကြောင်း မိုးအိမ်ခန့် ရိပ်မိပါသည်။ ကိုရွှေဦးဏ လူရိုးကြီးကသာ မရိပ်မိလေသလား။ ဒါမှမဟုတ်လည်း မိုးအိမ်ခန့်ရဲ့ သက်ဆိုင်သူ ချစ်သူအဖြစ်နဲ့သာ မြင်သဖြင့် မသိလေသလား။ မိုးအိမ်ခန့်သည် ဦးဏကို ကြည့်ပြီး ဝတ်ဆံညိုကို သတိတရ တွေးမိပြန်သည်။ ဒီလို ရိုးရိုးအေးအေး ပုံတုံးကြီးကို ဘာကြောင့်များ ဒီကောင်မလေး စွဲစွဲလမ်းလမ်း ချစ်သွားရသလဲ။ မိန်းကလေးတွေရဲ့ စိတ်နေသဘောထားက ဘယ်လိုပါလိမ့်။ သူမအပေါ် တစ်စက်မှ မျက်နှာသာလည်းမပေး၊ အကောင်းလည်းမပြော ပြောပြန်ရင်လည်း တကယ့် တုတ်တိုးအိုးပေါက်၊ တဲ့တိုးကြီး အားလည်းမနာ ပြောတတ်တာ။ ဒါကို အစကတော့ ဆတ်ဆတ်ထိမခံ နာကြည်းသယောင်ယောင်နဲ့ ခါးခါးသီးသီးပဲ မုန်းသလိုလိုနဲ့။

အခုကျမှ ဒီလူ့ကိုမှ ချစ်ရပါသည်။ သူ ဘာပြောပြော နာလည်း ခဏပဲ၊ စိတ်ဆိုးလည်း ခဏပဲ၊ ခွင့်လွှတ်လို့ ရပါသည်ဆိုပြီး ဦးဏဘက်က နဲ့လာအောင်နဲ့ဖို့ စိတ်ကူးနေသည်မှာ တွေးကြည့်ရင် အင်မတန်တော့ ဆန်းကြယ်ပါသည်။

ပုံစံချင်း၊ အကြိုက်ချင်း၊ စိတ်ဓာတ်ချင်း တစ်စက်မှ မတူသော ယောကျ်ားလေးတစ်ယောက်ကိုမှ ချစ်သွားခဲ့သည့် ဝတ်ဆံညိုဆိုတဲ့ မိန်းကလေးရဲ့ အချစ်စိတ်ဓာတ်ကလည်း ဆန်းကြယ်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါက မင်းကို ဒီလို မိန်းကလေးမျိုးနဲ့ ချစ်သူ မဖြစ်စေချင်ခဲ့ဘူးကွာ”

ဉာဏ ထိုစကားကို တွေးတွေးဆဆ ပြောတာဖြစ်ပါသည်။ ကိုယ်က တစ်ဖက်မိန်းကလေးကို ပြောပစ်လိုက်ချင်ပေမဲ့ ကိုယ့်သူငယ်ချင်း စိတ်ကိုလည်း ကြည့်ရဦးမယ်လေ။

“ဘယ်လိုမိန်းကလေးမျိုးနဲ့ ချစ်သူဖြစ်စေချင်တာလဲ”

“ရိုးရိုးသားသား၊ အေးအေးဆေးဆေးနေပြီး ...”

မိုးအိမ်ခန့် တဟားဟား ဖြတ်ရယ်လိုက်ပါသည်။

“မင်း ပြောပုံက ဆံပင်ရှည်ကြီးမှာ အုန်းဆီတွေ ရွှဲနေအောင် လိမ်းထားပြီး ကျစ်ဆံမြီးတစ်ချောင်းကျစ်၊ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းတဲ့ မြန်မာရင်ဖုံးအင်္ကျီ၊ ထဘီတွေ ဝတ်တဲ့ မိန်းကလေးပုံစံမျိုးလား”

“ဟော့ကောင် ... ငါ့ကို မရွဲ့ပါနဲ့။ အဲဒီပုံကြီး မင်း မကြိုက်မှန်း သိတယ်၊ ငါ ပြောတာက ဝတ်တာစားတာ၊ ခေတ်မီလို့ရပါတယ်၊ ဥပမာကွာ ငါတို့ ကျောင်းမှာလည်း ခေတ်မီမီ ဝတ်စားကြတာပဲ၊ ဒါပေမဲ့ သူ့နေရာနဲ့သူပေါ့။ သင့်တော်ရုံလေး ခေတ်မီအောင် ဝတ်ပေါ့၊ ခုတော့ ဝတ်ဆံညှိ ပုံစံက ကိုရီးယားကားတွေထဲက မင်းသမီးတွေပုံစံ အတုခိုးပြီး စကတ်တိုလေးတွေ ဝတ်လိုက်၊ အင်္ကျီအတို အပြတ်လေး





တွေ ဝတ်လိုက်နဲ့ မြန်မာမျက်စိနဲ့ကျတော့ ကလက်တယ်လို့ ထင်ရတယ်”

“အံမာ ... အံမာ ... TV ကလာတဲ့ ကိုရီးယားကားတွေ မင်း ကြည့်ဖူးတာကျနေတာပဲ၊ မြင်ဖူးတဲ့ ပုံစံနဲ့ ပြောနေပြီ”

“တစ်ကားလုံး စွဲစွဲမြဲမြဲ ထိုင်မကြည့်ဖူးပေမဲ့ စာကျက်ရင်း တစ်ခါတလေ အပန်းဖြေတဲ့အနေနဲ့ အမေတို့ မမတို့ ကြည့်နေရင် နည်းနည်း တစ်ကွက်လောက်ဖြစ်ဖြစ် ကြည့်ဖူးပါတယ်၊ ဒါကြောင့် သူတို့ ဘယ်လိုပုံစံ ဝတ်တယ်ဆိုတာ မြင်ဖူးနေတယ်”

“အေးပါကွာ၊ မင်း သူ့ဝတ်စားဆင်ယင်မှုကို မကြိုက်ဘူးဆိုလည်း ငါ ပြောလိုက်ပါ့မယ်၊ နောက်တစ်ခါ ဉာဏနဲ့ ဆုံမယ်ဆိုရင် လုံချည်လေး ဘာလေး ဝတ်ပြလိုက်ဦးလို့”

“ဟာ ... ဟော့ကောင်၊ ငါနဲ့ ဘာဆိုင်လဲ၊ ငါ့ကို ဆွဲထည့်ပြီး မပြောနဲ့လေ။ မင်းဘာသာ ကိုယ့်ချစ်သူ ကိုယ် ပြုပြင်ပြောင်းလဲတဲ့သဘောနဲ့ ပြောပေါ့”

“တကယ်တော့ကွာ၊ လူတစ်ယောက်ရဲ့ စိတ်ဆိုတာ အပေါ်ယံ ဝတ်စားဆင်ယင်မှုကို ကြည့်ပြီး ဆုံးဖြတ်လို့ မရပါဘူး။ ဝတ်တာ စားတာ Hot နေပေမဲ့ အတွင်းစိတ်က ပြ



www.burmeseclassic.com

နေရင် ပြီးတာပဲ။ တချို့ကျ အပြင်မှာ ရိုးသားစွာ ဝတ်စား နေထိုင်ပြပြီး အတွင်းမှာ ကုပ်ကမြင်းဖြစ်နေရင် ခက်မယ်၊ ငါက မင်းကိုသာ စိတ်ပူတာ။ မင်းက ရိုးရိုးအေးအေးကြီး ဆိုတော့ မသိနားမလည်ဘဲ အဲဒီလိုဟာမျိုးနဲ့ ဆုံသွားမှာ စိုးရိမ်နေတာ"

ထိုအခါ ဉာဏကား အေးဆေးစွာ ပြေသည်မှာ ...

"ခလောလောဆယ် ငါ့ခေါင်းထဲမှာ ကျောင်းစာကိစ္စကလွဲရင် ဘာမှကို မထည့်ဘူး။ တစ်ခုတော့ စိတ်ထဲမှာ ထားတယ်၊ လူဆိုတာ သူ့ ဖူးစာပါတဲ့လူနဲ့ ဆုံရမှာပဲ၊ ကိုယ့်ဘာသာ လိုက်ရှာနေစရာ မလိုဘူး၊ တစ်နေ့ မတွေ့ချင်လည်း တွေ့မှာပဲလို့ ငါ ယုံကြည်ထားတယ်"

မိုးအိမ်ခန့် ရင်ထဲမှာတော့ မင်းရဲ့ ဖူးစာရှင်ဟာ ဝတ်ဆံညို ဖြစ်မလာပါစေနဲ့၊ တိတ်တိတ်ခိုး၍ တွေးတောဆုတောင်း နေမိပါသည်။








www.burmeseclassic.com

www.burmeseclassic.com



၁၄

မနက်ဖြန်လို အတန်းတင် Final exam ဖြေရမည့်နေ့မှာ ဉာဏတစ်ယောက် ဖတ်ပြီးသား စာတွေကို ပြန်မှတ်မိအောင် ဖတ်နေစဉ် မမ အခန်းဝမှာ ရပ်လာသည်။ စာကျက်နေသော ဉာဏက အခန်းတံခါးကို ခပ်ဟဟလေး ဖွင့်ထားသဖြင့် အသာတွန်းဖွင့်ပြီး ရပ်လိုက်ပြီး ...

"ဉာဏတဲ့၊ ဖုန်းလာတယ်"

"စပေါ့(ထ်)ပေးမှာဆိုရင် မမပဲ မှတ်ထားလိုက်လေ၊ ခါတိုင်းလည်း မှတ်ထားပေးနေကြပဲ"

ဆေးကျောင်းမှာ စာမေးပွဲဖြေလျှင် ဖုန်းတွေဖြင့် အဆက်အသွယ်လုပ်ကာ စပေါ့(ထ်)တွေ ဖလှယ်ကြသော ဓလေ့စရိုက်ကတော့ ရှိပါသည်။ ထိုသို့ စာမေးပွဲရက်များတွင် အိမ်ရှိ





လူကုန်မနေရဘဲ ဖုန်းလာတိုင်း စပေါ့(ထ်)ပေးတိုင်း ဝိုင်းမှတ်ပေးရစမြဲ။ ပါခဲ့သည်ဖြစ်စေ၊ မပါခဲ့သည်ဖြစ်စေ ကျောင်းသားတွေပီပီ ကိုယ့်ကို ပေးလာသော စပေါ့(ထ်)ကို ရချင်ကြသည်ဖြစ်ရာ ထို စပေါ့(ထ်)ကိုလည်း အလွတ်မပေးရဲ။ ကိုယ့်ဘာသာလည်း ရသလောက်ဖတ်ရသော အခြေအနေမို့ ဖုန်းကိုင်ပြီးမှတ်ဖို့ အချိန်မပေးနိုင်ပါ။ အိမ်မှာ မှတ်ထားတတ်သောလူက ရေးမှတ်လိုက်၊ လာပေးလိုက် လုပ်ပေးရလေရာ မမမေခကတော့ တက္ကသိုလ်က ဆရာမတစ်ယောက်လည်း ဖြစ်တာမို့ ဉာဏတို့ရဲ့ ဆေးစာအမည်တွေကို မှတ်သားပေးနိုင်ပါသည်။ ဒါကြောင့် မမမေခ အမြဲမှတ်ပေးနေကြပင်။

ခုမှ လာခေါ်၍ ဉာဏ ပြန်ပြောရင်း စာအုပ်တွေထဲခေါင်းကို မြှုပ်ထားတာတော့ မပျက်။ ဉာဏအတွက်က အောင်မှာ မပူရ။ ဉာဏက နှစ်တိုင်း ဂုဏ်ထူးရလိုသော ကျောင်းသားပီပီ သူများထက် ပိုဖတ်ရပါသည်။

"ကျောင်းက သူငယ်ချင်း မဟုတ်ဘူးလို့ ပြောတယ်၊ ငါမေးပါတယ်၊ ညီမလေး စပေါ့(ထ်)ပေးမလို့လားဆိုတော့ သူ အစက ကြောင်သွားတယ်၊ အစ်မ ဘာမေးတာလဲ၊ ဘာစပေါ့(ထ်)လဲ လုပ်နေသေးတယ်။ ငါက မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအတွက် စပေါ့(ထ်)ပေးမှာကို ပြောတာဆိုတော့ သူက ဩော် ... ဟုတ်လား၊ စာမေးပွဲ ရှိလားတဲ့၊ သူ မသိဘူးတဲ့။ သူက မောင်လေးတို့ကျောင်းက မဟုတ်ပါဘူးလို့ ပြောတယ်”

“ဟုတ်လား၊ ဟာ ... ဘယ်သူပဲဖြစ်ဖြစ် ဒီအချိန်မှာ စကားမပြောနိုင်ဘူး၊ စာကျက်နေတယ်၊ ဖုန်းမပြောနိုင်ဘူးလို့ ပြောလိုက်ဗျာ”

“သူ့ကိုယ်သူ ဝတ်ဆံညိုလို့ ပြောတယ်”

ဉာဏ ရင်ထဲမှာ ဒိန်းခနဲ အသံကျယ်ကြီး မြည်သွားသလိုပဲ ခံစားလိုက်ရသည်။ ခုတလော ဖုန်းလည်း မဆက်၊ လူချင်းလည်း မဆုံတော့၍ သူတောင် သတိတရရ ဖြစ်မိနေပေမဲ့ ဒီလို ခပ်ကင်းကင်းနေတော့လည်း ကောင်းတယ်ဟု ဖြေပြီး တွေးမိသေးသည်။

မိုးအိမ်ခန့်နဲ့ ချစ်သူတွေဖြစ်ပြီးတာတောင် သူ့ဆီ အကြောင်းမဲ့ ဖုန်းဆက်ဆက်နေသော မိန်းကလေးကို ပဟေဠိတော့ ဖြစ်ရပေမဲ့ အိမ်ခန့် မျက်နှာထောက်ပြီး အလိုက်အထိုက်တော့ ဆက်ဆံနေခဲ့ပါသည်။ ချစ်သူရှိရက်နဲ့ တခြားယောကျ်ားလေးကို အဆက်အသွယ် လုပ်ချင်သော ဝတ်ဆံညိုရဲ့ စရိုက်ကိုလည်း



အထင်သေး ရွံချမိခဲ့သည်။ သို့သော် ဖုန်းဆက်နေကျကနေ မဆက်လာသောအခါမှာလည်း သူ ဖုန်းမဆက်တော့ဘူးဆိုပြီး သတိတရရဖြင့် မျှော်နေခဲ့မိပြန်တာ မညာချင်။

“ဝတ်ဆံညိုဆိုတာ မောင်လေးဆီ ခဏခဏ ဖုန်းဆက်နေတဲ့ ကောင်မလေး မဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ အခု စကားမပြောနိုင်သေးဘူး။ စာမေးပွဲရှိလို့ စာကျက်နေတယ်ပဲ ပြောပေးပါ”

ဉာဏမှာ စာမေးပွဲရှိ၍ ဖုန်းပြောရမှာပင် စိုးရိမ်ကာ Cordless ဖုန်းကိုလည်း အခန်းထဲ ယူမထား။ သူ့ရဲ့ Mobile ဖုန်းကိုလည်း ပိတ်ထားပါသည်။

“အေး ... အေး ... ပြောပေးမယ်”

မမမေခ အပြင်ပြန်ထွက်သွားပြီး ပြောနေပေမဲ့ ဉာဏ စိတ်တို့က ဝေခွဲမရ ဖြစ်နေသည်။ ဝတ်ဆံညိုကို ခဏလောက်ပဲဖြစ်ဖြစ် စကားပြောချင်သလိုလို ဖြစ်နေပြန်သည်။ ဒါပေမဲ့ စိတ်ကို မျိုသိပ်ပြီး စာတွေ ဆက်ဖတ်မလို့ပြင်လျှင် မမမေခ အခန်းထဲပါ ဝင်ချလာပြီး Cordless ဖုန်းကို ပေးကာ ...

“အရေးကြီးလို့ ပြောစရာရှိလို့ပါတဲ့”

“ဟာဗျာ”

www.burmeseclassic.com

www.burmeseclassic.com



“ခဏာပြောလိုက်ပါဟယ်၊ ဘာဖြစ်တာမှတ်လို့ နင်က လည်း၊ အကဲကိုမိုတယ်”

မမမေခ ဖုန်းကို ချထားပြီး ပြန်ထွက်သွားသည်။ ဉာဏ ဖုန်းကို အသာနားထောင်လိုက်ပါသည်။

“ဟဲလို”

“ကိုဉာဏလားဟင်”

“ဟုတ်တယ်”

“ကိုဉာဏ ဝတ်ဆံကို စိတ်မရှိပါနဲ့နော်၊ ဝတ်ဆံ အရမ်း အားငယ်နေလို့ပါ၊ ကြောက်လည်း ကြောက်နေလို့ပါ၊ ဒါကြောင့် စကားပြောချင်တယ်။ ကိုဉာဏဆီက နှစ်သိမ့်တဲ့ စကားကို ကြားချင်တယ်၊ အဲဒါကြောင့် ဖုန်းဆက်မိတာပါ၊ စာမေးပွဲရှိမှန်း သိပေမဲ့ ဝတ်ဆံ အကြာကြီး မပြောပါဘူး ခဏပါ။ ခဏပဲ ပြောမှာပါနော်”

ဉာဏသည် ဝတ်ဆံညိုထံမှ ဆက်တိုက် ကြားလိုက်ရသော စကားတွေကို ပြီးအောင် နားထောင်ပြီးမှ ...

“ကဲ ... ပြော ... ပြော ... ဘာဖြစ်လို့လဲ”

“မေမေလေ ... ဝတ်ဆံရဲ့ မေမေလေ ... Breast မှာ အကျိတ်တွေ့လို့တဲ့၊ အဲဒါ Biopsy ယူထားလိုက်ကြပြီ၊





အဲဒါ ... အဲဒါ ... အဟင့် ဟင့် ... ဘာဖြစ်မှာလဲဟင်၊ မေမေ ကင်ဆာဖြစ်နေပြီလား၊ မေမေ့ အခြေအနေက စိုးရိမ်ရလားဟင်၊ ဝတ်ဆံ အရမ်းအားငယ်ပြီး ငိုပဲငိုနေမိတယ်၊ ကိုဉာဏကို အားကိုးတကြီး တိုင်ပင်ချင်လာတယ်၊ မေးချင်လာတယ်၊ အဲဒါ အဟင့် ဟင့် ... ဝတ်ဆံတို့ ဘာလုပ်ရမှာလဲဟင်”

ဝတ်ဆံညိုသည် ငိုသံတစ်ဝက်၊ ရှိုက်သံတစ်ဝက်ဖြင့် တိုင်တည်သလိုလေး ပြောပါသည်။ ဉာဏသည် ဒီလို ရုတ်တရက် သိလိုက်ရတော့ ဝတ်ဆံညိုကို သနားသွားမိသည်။ ကရုဏာလည်း သက်မိသည်။

မိခင်အရင်း တစ်ယောက်လုံး ဒီလို ဖြစ်နေသဖြင့် တစ်ဦးတည်းသောသမီးပီပီ ပူပန်ခြင်းကို ကိုယ်ချင်းစာမိပါသည်။ ဒါပေမဲ့ တစ်ဆက်တည်းမှာ စဉ်းစားမရသည်မှာ ဝတ်ဆံညိုဟာ ဘာကြောင့် သူ့ကိုမှ ရွေးပြီး အားကိုးတကြီး တိုင်ပင်ချင်လဲ။ ဘာကြောင့် သူမရဲ့ ချစ်သူ မိုးအိမ်ခန့်ကို အားမကိုးချင်သလဲ။ ဘာကြောင့် အိမ်ခန့်ဆီ မဆက်လဲ။

“Biopsy Result ကို စောင့်ကြည့်ပါဦး၊ သိပ်လည်း ကြိုပြီး စိတ်ပူမနေပါနဲ့၊ တစ်ခါတလေလည်း အကျိတ်တွေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ဆာ မဟုတ်ပါဘူး၊ လိုးဖြတ်ပြီး ဆေးကုလိုက်ရင် ပျောက်သွားနိုင်တဲ့အမျိုး ရှိပါတယ်"

"မဟုတ်ဘူး၊ ဝတ်ဆံ သိတာ ကြာပြီ၊ မေမေ့ကို ဆရာဝန်နဲ့ သွားပြနိုင်းတာ ကြာပြီ၊ မေမေက ခေါင်းမာတယ်၊ မသွားဘူး။ အကျိတ်ကလည်း တဖြည်းဖြည်း ကြီးလာတယ်။ ဟိုလေ ... ဟို ... Nipple ကနေ Discharge တွေလည်း ရှိလာတယ်၊ အဲဒီကျမှ သူ့အခြေအနေ သူ ညာမနေရဲတော့ဘဲ ဆရာဝန်ဆီ သွားပြလိုက်တာပါ။ မေမေက သူ ဘာဖြစ်နေတယ်ဆိုတာ သူ့ကိုယ်သူ သိတယ်တဲ့၊ ဒါပေမဲ့ ဆရာဝန် ပါးစပ်ကနေ Breast Cancer ပါလို့ ပြောလိုက်မှာကြီးကို မကြားရဲလို့ ဒီလို ကျိတ်ခံပြီး ခေါင်းမာနေခဲ့တာတဲ့၊ အခုကျမှဆိုတော့ အချိန်လွန်ကုန်ပြီထင်တယ် ကိုဉာဏရယ်"

ရင်သားမှာ အကျိတ်လည်းတွေ့တယ်။ အကျိတ်က တဖြည်းဖြည်းလည်း ကြီးလာတယ်။ နို့သီးခေါင်းကနေ ပုံမှန်မဟုတ်သော အရည်တွေ ထွက်တယ်ဆိုခြင်းမှာ တော်တော့်ကို သေချာနေသော ကင်ဆာရဲ့ လက္ခဏာတွေပင်။ ဉာဏလည်း ဒီလို ကြားလိုက်ရတော့ စိတ်မကောင်းဖြစ်သွားခဲ့သည်။





"ကိုဉာဏကို အားတော့နာပါတယ်။ ဝတ်ဆံမှာ တစ်ခုခု ရင်ဖွင့်ချင်ရင် ရင်ဖွင့်ပြီး ငိုလို့ရတဲ့ သူငယ်ချင်းတွေ ရှိပေမဲ့ ဝတ်ဆံလေ ကိုဉာဏဆီက အားပေးနှစ်သိမ့်စကားကို ကြားချင်လွန်းလို့ စာမေးပွဲရှိမှန်း သိရက် ဖုန်းပြောမိတာပါ။ ကိုဉာဏ စာမေးပွဲ ဘယ်တော့ပြီးမှာလဲ ဟင်"

"အိမ်ခန့် မပြောဘူးလား"

"ရှင် ..."

"အိမ်ခန့်နဲ့ အဆက်အသွယ် ရှိတယ် မဟုတ်လား"

"ကိုမိုးအိမ်ခန့် ဖုန်းဆက်ရင်တောင် ဝတ်ဆံ မကိုင်ဘဲ နေတာများပြီ၊ ခုတလော မေမေ့ကိစ္စနဲ့ စိတ်ဆင်းရဲပြီး ဘယ်သူ့ကိုမှ စကားမပြောချင်လို့လေ"

ကျွန်တော့်ကိုကျတော့ ဘာဖြစ်လို့ စကားပြောချင်ရသလဲ ဝတ်ဆံညိုရယ်။ စိတ်ချင်း အရင်းနီးဆုံးဖြစ်မဲ့ ချစ်သူကိုတောင် စကားမပြောချင်ဘူးတဲ့။ ဘာသဘောလဲ မိန်းကလေးရယ်။ မင်း သိပ်ပဟေဠိဆန်တာပဲ။

"ကိုဉာဏ"

"ဟင် ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲပြီးရင် ဝတ်ဆံနဲ့ မေမေ့ကို လာတွေ့နိုင်မလား ဟင်"

"ခင်ဗျာ"

"မေမေ့ကို (...) ဆေးရုံမှာ တင်ထားတယ်၊ Biopsy Resultရတာနဲ့ လှီးထုတ်ပစ်ဖို့တို့၊ Chemoပေးဖို့တို့အတွက် ဆေးရုံမှာနေတာ ကောင်းတယ်ဆိုလို့ အခု ဆေးရုံ တင်ထားရပြီ"

"ဪ ... ဟုတ်လား၊ ဆေးရုံမှာလား"

"ဟုတ်တယ်၊ ဝတ်ဆံ ဆေးရုံကနေ ဝတ်ဆံရဲ့ Mobileနဲ့ ဆက်နေတာပါ။ ဝတ်ဆံလည်း မေမေ့ အနားမှာပဲ တစ်ချိန်လုံး နေပေးနေတယ်လေ"

"ကျွန်တော့် စာမေးပွဲက နှစ်ပတ်ကျော် ကြာမယ်"

"စာမေးပွဲ ပြီးရင် လာတွေ့မှာလားဟင်"

ဉာဏသည် ဝတ်ဆံညိုရဲ့ အားငယ်ဝမ်းနည်းနေမည့် မျက်လုံးလေးတွေကို မြင်ယောင်လိုက်ရင်း သက်ပြင်း အခါခါ ချမိလျက် ...

"လာခဲ့ပါ့မယ်၊ ဆက်ဆက်လာတွေ့ပါ့မယ်"





"ကျေးဇူးတင်လိုက်တာ ကိုဉာဏရယ်၊ မေမေ့ အခြေအနေက ကုရင် ပျောက်မှာပါနော်၊ ဝတ်ဆံကို အဲဒီလိုမျိုး စိတ်ချမ်းသာအောင် တစ်ခွန်းလောက် ပြောပါလားဟင်"

"ဝတ်ဆံညိုရဲ့ မေမေ ကောင်းကောင်းဆေးကုသမှု ခံယူလိုက်ရင် ပျောက်သွားမှာပါ"

"ကိုဉာဏ"

"ဟင် ..."

"ဝတ်ဆံကို လာအားပေးနှစ်သိမ့်ပါနော်"

"စိတ်ချပါ"

ဉာဏသည် ဝတ်ဆံညို၏ ဖုန်းပိတ်သံကို ကြားမှ သူလည်း ဖုန်းကို ပိတ်လိုက်ပါသည်။ ရင်ထဲမှာ ပဟေဠိတွေ တသီကြီးနှင့် ဖြစ်နေသည်။

မိန်းကလေး တစ်ယောက်ဟာ ချစ်သူ ရှိပါရက် ကိုယ့်ချစ်သူဆီတော့ ဖုန်းမဆက်ဘဲ ဘာကြောင့် ချစ်သူရဲ့ သူငယ်ချင်းကိုမှ ရွေးပြီး ဖုန်းဆက်သလဲ။ ဘာကြောင့် ထိုသူဆီက အားပေးစကားကိုမှ ကြားချင်ပါသည်ဟု တဖွဖွ ပြောသလဲ။ တဖြည်းဖြည်းနဲ့ ဉာဏသည် ဘယ်သူ့ကို အပြစ်မြင်မှန်းမသိ ဖြစ်လာသည်။ သူ့ကိုယ်သူလည်း အပြစ်မြင်ချင်လာသည်။ စိတ်ဓာ



www.burmeseclassic.com

www.burmeseclassic.com



မပြတ်မသားနဲ့ ဒီလို မိန်းကလေးကို မျက်နှာသာပေးမိသလား။ အခွင့်အရေး ပေးမိသလား။ ဒါမှမဟုတ် မသိစိတ်မှာ တွယ်တာနေမိသလား။

ဝတ်ဆံညိုကိုလည်း အပြစ်မြင်ရသည်မှာ ချစ်သူရှိရက်နဲ့ ဖောက်လွှဲဖောက်ပြန် လုပ်သူလား။ ဒါမှမဟုတ် သဘောရိုးနဲ့လား။ ဒါမှမဟုတ် အိမ်ခန့်နဲ့ရော တကယ်ပဲ ချစ်သူဖြစ်နေရဲ့လား ဆိုသော တွေးစရာတွေနဲ့ ဖြစ်လျက် သူ့ကို စိတ်လှုပ်ရှားမှုတွေ ပေးနိုင်လွန်းသော မိန်းကလေးအဖြစ် အပြစ်မြင်ရမလို။

အိမ်ခန့်ကိုပဲ တိုက်ရိုက်မေးကြည့်ရတော့မလား။ မင်းတို့ ပြတ်သွားကြပြီလား လို့ပဲ မေးရမလား။ ဒါမှမဟုတ် မင်းတို့ ချစ်သူရော တကယ်ဖြစ်ရဲ့လားဆိုပြီး ငါ ကိုယ်တိုင် ဖွင့်မေးရဲပါ့မလား။

ဉာဏသည် ခေါင်းထဲမှာ အဲဒီတွေးတောစရာတွေ တွေးလိုက်၊ စာမေးပွဲတွေကို ဖြတ်သန်းလိုက်ဖြင့် ...။ စာမေးပွဲရက်တွေမှာ အိမ်ခန့်နဲ့ ဆုံပေမဲ့ ဒီကိစ္စကို ရေးကြီးခွင်ကျယ် လုပ်ပြီး မမေးမိပါ။ အိမ်ခန့်ကို တွေ့ရင်တော့ ဖျတ်ခနဲ သတိရပေမဲ့ စာမေးပွဲက အရေးကြီးလေရာ မမေးဖြစ်ခဲ့ပါ။





စာမေးပွဲ နောက်ဆုံးနေ့သည် ပရယ်တီကယ်နှင့် နှုတ်ဖြေ Viva ဖြေရသောနေ့ဖြစ်သည်။ ဆေးကျောင်းရဲ့ ထုံးစံအရ နေ့လယ်စာမေးပွဲများ အားလုံး ပြီးတာနဲ့ ညနေစောင်းလျှင် အောင်စာရင်း ထွက်လေရာ အိမ်ပြန်ခဏနားကြပါသည်။ ကျောင်းရှေ့ကို ညနေ ငါးနာရီလောက် ပြန်လာကြပြီး အောင်စာရင်းစောင့်ဖြစ်ကြသည်။ ဉာဏ အရင်ရောက်ပြီး သိပ်မကြာခင်မှာမှ မိုးအိမ်ခန့် ရောက်လာပါသည်။

တစ်ယောက်တည်း ထိုင်နေသော ဉာဏ အနားသို့ အိမ်ခန့် လျှောက်လာခဲ့လျှင် ဉာဏ ခေါင်းထဲမှာ ဝတ်ဆံညို အကြောင်းက ပေါ်လာသည်။ ဒီလိုအချိန်မှာ ဝတ်ဆံညိုနဲ့ ပတ်သက်တာ တစ်ခုခုတော့ ပြောပြသင့်ပြီ ထင်တယ်။ တခြားအကြောင်းအရာတွေ ထားလိုက်ဦး။ သူလေးရဲ့ အမေ့အခြေအနေကို ပြောပြသင့်တယ်။

"ဟော့ကောင် ... မင်း သိပြီးပြီလား အိမ်ခန့်"

"ဘာလဲ ... စာမေးပွဲမှာ အအောင်များလား၊ အကျများလား ကိစ္စကိုလား"

မိုးအိမ်ခန့် ခေါင်းထဲမှာတော့ ကောင်းကောင်းမဖြေလိုက်နိုင်သော စာမေးပွဲရက်များ အကြောင်းကိုသာ တရေးရေးတွေးနေလေရာ ထိုသို့ ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဝတ်ဆံညို အကြောင်း"

"ဝတ်ဆံ ... ဟုတ်လား၊ သူ ဘာဖြစ်လို့လဲ"

"မင်းတို့ အဆက်အသွယ် မရှိကြဘူးလား"

"ငါ စာမေးပွဲရှိတယ်ဆိုတာသိလို့ မတွေ့ကြဘူး။ ဖုန်းလည်း မဆက်ကြဘူး"

အမှန်တော့ မိုးအိမ်ခန့် ဆက်မြဲဆက်ပေမဲ့ ဝတ်ဆံညို အမြဲ အိမ်မှာမရှိတာနဲ့ ကြုံနေသည်။ mobile ဖုန်း ဆက်တော့လည်း အမြဲပိတ်ထားတာနဲ့ ကြုံနေသည်။ ဘာကြောင့် ဒီလိုဖြစ်နေရသလဲ ဆိုတာ စိတ်တော့ပူပေမဲ့ ကိုယ့်မှာလည်း စာမေးပွဲကိစ္စ တစ်ဖက်နဲ့မို့ ခေါင်းထဲ ကြာကြာမထားခဲ့နိုင်။ စာမေးပွဲပြီးမှ အိမ်ထိ သွားတွေ့ပြီး ဆုံဖြစ်အောင်လုပ်မည်။ ဘာကြောင့် အဆက်အသွယ် ပြတ်ရသလဲ ဆိုတာ မေးမည်ဟု ဆုံးဖြတ်ထားခဲ့ပါသည်။

ဉာဏကလည်း ကိုယ့်အကြံနဲ့ကိုယ်။ အိမ်ခန့်ပုံစံက သူ့ဘက်ကပဲ အပိုင်ကြီးလိုလို ပြောသဖြင့် သေချာအောင် လှည့်ပတ်မေးဖို့ စိတ်ကူးထားပါသည်။

"မင်းနဲ့ ဖုန်းအဆက်အသွယ် ပြတ်တာ၊ မတွေ့ဖြစ်ကြတာ တော်တော်ကြာပြီလား"

"မင်း ဘာဖြစ်လို့ မေးတာလဲ"





"ငါ သိချင်စရာအကြောင်းရှိလို့ပါ။ ဝတ်ဆံညို အကြောင်း ပြောပြစရာရှိလို့ပါ"

"ဘာလဲ ... ဟဲ ဟဲ၊ သူ့မကောင်းကြောင်းတွေလား"

"အဲဒါတွေ ထားပါကွာ၊ မင်းနဲ့သူ နောက်ဆုံး ဘယ်ရက်မှာ အဆက်အသွယ် ရှိခဲ့လဲ"

မိုးအိမ်ခန့်သည် ဉာဏ မျက်နှာဟာ ခါတိုင်းလည်း တည်ပေမဲ့ အခု ပိုပြီးတော့ တည်ကြည်လွန်းလေရာ သူ့ရင်ထဲမှာ လန့်သလိုပင် ခံစားလာရပါသည်။ ဘုရားရေ ... ဒီကောင် ဘာများ သိထားပါလိမ့်။

မိုးအိမ်ခန့်သည် မှန်းမှန်းဆဆဖြင့် ...

"ရေးပြေ ပြေပြီး ကျောင်းပိတ်ရက် သုံးရက်ပေးတယ်လေကွာ၊ အဲဒီတုန်းက ခဏ အပြင်အတူထွက်ပြီး မုန့်စားကြတယ်။ ဩော် ... ဆိုင်သိချင်သေးလား။ ဆရာစံလမ်းက Mr. Guitar မှာကွာ"

"မင်းကို သူ ဘာမှမပြောဘူးလား"

"မပြောပါဘူး"

"သူ ပျော်ပျော်ရွှင်ရွှင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်၊ သူ့ကို တွေ့နေကျပုံစံအတိုင်း လွတ်လပ်ပေါ့ပါးတဲ့ စတိုင်လ်လေးနဲ့ပဲပေါ့၊ မင်း ကြည့်မရတဲ့ ကိုရီးယားမင်းသမီးတွေရဲ့ ဝတ်စားဆင်ယင်မှု ပုံစံလေးနဲ့ပဲပေါ့"

"ဒါဆို တစ်ခုခုတော့ မှားနေပြီထင်တယ်"

"ဘာမှားလို့လဲ"

"သူ ငါ့ဆီ ဖုန်းဆက်တယ်"

မိုးအိမ်ခန့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်။ ဉာဏကို ရင်ဆိုင်ကြည့်ရမှာ မရဲဝံ့သလို ဖြစ်နေပါသည်။

"လွန်ခဲ့တဲ့ နှစ်ပတ်ကျော်ကျော်ပေါ့။ မနက်ဖြန်လို စာမေးပွဲ စတော့မယ်ဆိုရင် ဒီနေ့ပေါ့၊ အဲဒီရက်မှာ ဖုန်းဆက်လာတယ်၊ ဖုန်းထဲမှာ သူ ငိုနေတယ်၊ သူ သိပ်ကို ပူဆွေးသောကရောက်နေခဲ့တယ်"

"ဟာ ... မဖြစ်နိုင်ဘူး၊ မင်းကို လာနောက်တာ ဖြစ်မယ်"

မိုးအိမ်ခန့် ရအောင်ပြန်ငြင်းမိသေးသည်။ ဉာဏကား အားလုံးကို ချင့်ချိန်တွေးတောနေသော မျက်လုံးတွေဖြင့် တည်ကြည်လေးနက်နေပါသည်။





"သူ နောက်နေတာလား၊ မနောက်နေတာလား သိရအောင် အောင်စာရင်း ကြည့်ပြီးရင် မင်းနဲ့ ငါ (......)ဆေးရုံက အထပ်(...)မှာရှိတဲ့ အခန်းနံပါတ်(...)ကို သွားကြည့်ကြရအောင်၊ ဘယ်လိုလဲ အိမ်ခန့်"

"ဘာလဲ ... မင်းကို သူ ဘာပြောထားလို့လဲ၊ မင်းက ငါ့ကို စိန်ခေါ်သလို အသံနဲ့ မေးနိုင်ရလောက်အောင် မင်း ဘာတွေ ပိုသိထားလို့လဲ၊ မင်းနဲ့ သူ ဘယ်လိုပတ်သက်ထားလို့လဲ"

"ပတ်သက်လား၊ မပတ်သက်လားတွေ ငါ မသိပါဘူး၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ပဟေဠိဖြစ်နေတာ ရှင်းချင်လို့ပါ။ မင်းနဲ့ ငါ့ကြားမှာ လျှို့ဝှက်ချက်တွေ ရှိနေခဲ့ရင်လည်း ရှင်းချင်လို့ပါ"

အောင်စာရင်းစာရွက်များ ကပ်ထားရာ ဘုတ်ကြီးကို ကျောင်းရှိ ဝန်ထမ်းတွေ မ,ယူလာသဖြင့် ကျောင်းသားတွေ တဝုန်းဝုန်း တိုးခွေ့ကြည့်နေသည်ကိုပင် သူတို့နှစ်ယောက် ပြေးမသွားအား။ ပြေးမကြည့်အားသေးဘဲ တစ်ယောက်နဲ့ တစ်ယောက်ကြားက မကျေလည်မှုကို ရှင်းလင်းနေကြဆဲ။

"ငါ ဘာမှ မလျှို့ဝှက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ မင်း မလျှို့ဝှက်ထားလည်း ရပါတယ် မင်း ငါ့ကို အမှန်အတိုင်း အကုန်ပြောတာ ဖြစ်ပါစေလို့ ငါ ဆုတောင်းနေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဘာ မဟုတ်တဲ့ ပြဿနာလေးနဲ့ မင်းနဲ့ ငါ့ကြားက ခင်မင်မှုကို အစွန်းအထင်း မခံနိုင်လို့ပါ။ ငါ့ဘက်က ဘာမှ စိတ်ထား ပြောင်းမှာ မဟုတ်ပေမဲ့ မင်း စိတ်ထားပြောင်းသွားမှာ စိုးရိမ်လို့ပါ။ ငါ အဲဒီတစ်ခုပဲ စိုးရိမ်နေတာပါ"

"မင်း ဘာသိထားလဲ ပြောလေ၊ အဲဒီဆေးရုံကို သွားပြီး ဘာကိုကြည့်ရမှာလဲ။ ဘယ်သူ့ကိုကြည့်ရမှာလဲ၊ ဘယ်သူ ဘာဖြစ်တယ်လို့ သူ ပြောထားလို့လဲ"

"ဆေးရုံရောက်ရင် အဖြေသိမှာပါကွာ၊ သူပြောသလိုဖြစ် နေတဲ့သူ တကယ်မရှိဘူးဆိုရင် မင်း ယူဆသလို သူ ငါ့ ကို တမင်နောက်လိုက်တာပဲပေါ့။ ဒါဆို ငါ စိတ်ရှင်းသွား မယ်၊ အကယ်၍ ရှိနေခဲ့ရင်တော့ ... ဟူး ... ကံပါကွာ၊ နောက် မိနစ်ပိုင်းအတွင်းမှာ ဖြစ်မဲ့ကိစ္စကို ခဏမေ့ထား လိုက်ရအောင်။ ခုတော့ အောင်စာရင်း သွားကြည့်ရအောင်"

မိုးအိမ်ခန့်သည် သူ့တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါ မှာတော့ ကိုယ့်ခြေလှမ်းတွေကိုယ် မယုံကြည်ရဲခြင်း၊ စိုးရွံ့ခြင်း





တွေနဲ့ လျှောက်နေရတော့သည်။ ခုလောလောဆယ် သူ့ခေါင်းထဲ မှာ သူ ဘယ်နှဘာသာ အောင်လဲ၊ အကုန်အောင်လား၊ Supply ပါလားလည်း သိချင်စိတ် မရှိတော့။ မကြာခင် မိနစ်ပိုင်းအတွင်း မှာ ကြုံရမဲ့ ဘာမှန်းမသိတဲ့ ပြဿနာကိုသာ စိုးရွံ့တုန်လှုပ်နေ မိပါသည်။ အောင်စာရင်း တိုးဝှေ့ကြည့်နေသော ညဏာရဲ့ ကျော ပြင်ကိုကြည့်ပြီး အမှန်အတိုင်း ပြန်ဝန်ခံလိုက်ရင် ကောင်းမလား လို့လည်း တွေးနေမိပြန်သည်။

ညဏာကား သူ့ခုံနံပါတ်နံဘေးမှာ ပါသော အောင် သော ဘာသာနှင့် (ဒီ)ရသော ဘာသာကို ကျေနပ်စွာ ကြည့်ပြီး မိုးအိမ်ခန့်အတွက် ကြည့်လျှင် ရင်ထဲမှာ ဟာခနဲ ဖြစ်သွားပါ သည်။ စိတ်မကောင်းသော မျက်လုံးတွေနဲ့ အိမ်ခန့်ဘက် ပြန် လှည့်လာလျှင် မိုးအိမ်ခန့်သည် ...

"ဘာလဲ ... ငါ Supply နဲ့လား"

ဟု အလိုက်တသိ မေးလိုက်သည်။

"မင်း နှစ်ဘာသာတောင် ထိတယ်၊ microbiology တစ်ခု ပဲ အောင်တယ်"

"အားပါး ... နှစ်ဘာသာတောင် ပြန်ကျက်ရမှာ အိစိမ့်နေ မှာပဲ၊ ဒါနဲ့ မင်းရော"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပါတယ်"

"မင်းကိုအောင်လား မေးတာမဟုတ်ဘူး။ (ဒီ)ဘယ်နှခုပါ

လဲ မေးတာ"

"pathology တစ်ခုပဲ ပါတယ်"

"နမြောစရာကြီး၊ မင်း သုံးဘာသာစလုံး grand viva ထိုင်

လိုက်ရတာနော်"

"ငါပြောတဲ့ viva ကို မကြိုက်ကြလို့ ဖြစ်မှာပေါ့"

"ကဲ ... အခု ..."

မိုးအိမ်ခန့်သည် ဖြစ်လာမှာကို ရင်ဆိုင်ရဖို့ပဲရှိတော့

လေရာ ဥက္ကာကို အရင် သူပဲ စပြောလိုက်ပါသည်။

ဥက္ကာက ...

"သွားကြတာပေါ့"

ဟု ပြန်ဖြေလိုက်သည်။





၁၅

"ဟင် ... ကိုဥက္ကာ၊ တကယ်ရောက်လာတယ်နော်"

ဝတ်ဆံညိုသည် တံခါးဝမှာ ပေါ်လာသော ဥက္ကာကို မြင်လိုက်လျှင် ချက်ချင်းပြေးလာသည်။ အိပ်ရာပေါ်မှာ မိန်းမော လဲလျောင်းနေသော ဝတ်ဆံညိုရဲ့ မေမေကတော့ မျက်လုံးပင် ဖွင့်မကြည့်နိုင်ပါ။

ဥက္ကာထံ ပြေးလာပြီး ဥက္ကာ လက်ဖဝါးတွေကို အားကိုးတကြီး ဆုပ်ကိုင်လိုက်ပြီးမှ သူမဘာသာ လန့်ဖြန့်ပြန်ဆယ် လျက် လက်ပြန်ရုပ်သွားသော ဝတ်ဆံညိုသည် ဥက္ကာနောက်မှာ မိုးအိမ်ခန့်ပါ ပါလာသည်ကို မြင်လိုက်ရလျှင် ...

"သြော် ... ကိုမိုးအိမ်ခန့်ပါ ပါလာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏသည် အခြေအနေ အဖြစ်အပျက်တို့ကို သုံးသပ်လို့ ရသွားပါသည်။ အိမ်ခန့်ရဲ့ အပျက်ကြီးပျက်နေသော မျက်နှာသည် ဉာဏ အတွက် တကယ်ပဲ ပဟေဠိဆန်နေသည်။ ဝတ်ဆံညိုနဲ့ အိမ်ခန့် ဘာမှ အဆက်အဆံ မရှိကြဘူး။ ဘယ်လိုမှ မပတ်သက်ခဲ့ဘူး ဆိုသော အဖြေကို ခပ်ရေးရေး မြင်စပြုလာသော အခါ အိမ်ခန့် ဘာကြောင့် ဒီလို လိမ်ညာပြောရသလဲလို့ တွေးစရာ ဖြစ်လာသည်။

သူ သိပ်ချစ်ရသော သူငယ်ချင်းဟာ ဘာကြောင့် ဒီလိုစိတ်မာတ် ရှိရသလဲ။ ဘာကြောင့် ကိုယ်နဲ့ မသက်ဆိုင်သော မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကိုမှ မငဲ့။ ချစ်သူတွေပါလို့ ပြောထွက်ရဲရသလဲ။ ဒါဟာ တကယ့်ကို ယောကျ်ားမပီသတဲ့စိတ်ပဲ ဖြစ်သည်။

"အခု အန်တို့ အခြေအနေ ဘယ်လိုလဲ"

"မနေ့က အော်ပရေးရှင်း လုပ်တယ်၊ လိုးထုတ်လို့ရသမျှ လိုးထုတ်လိုက်တယ်လို့ ပြောတယ်"

"ပြီးရင် chemo ဆက်ယူရမှာပေါ့"

"ဟုတ်တယ်"

"Chart ဖတ်ကြည့်မယ်နော်"





"ဖတ်ပါ ... ဖတ်ပါ၊ ကိုဉာဏ ဖတ်ပြီး သိသမျှ ဝတ်ဆံကို ပြောပြပါ၊ ရှင်းပြပါနော်၊ ဝတ်ဆံလေ မေမေ့ကို ဆုံးရှုံးရမှာ သိပ်ကြောက်နေလို့ပါ။ မေမေ့ကို ဆေးကုလို့ ရ,မရ သိပ်သိချင်လို့ပါ၊ ဖေဖေလည်း ရှိသမျှပိုက်ဆံ ပုံအောပြီး ကုမယ်ပြောပေမဲ့ ပိုက်ဆံရှိတိုင်းလည်း အသက်ရှင်အောင်လုပ်လို့မှ မရတာဆိုတော့ ..."

"ကဲ ... ကဲ ... ဝတ်ဆံ ထိုင်နားပါဦး။ စိတ်သောက သိပ်များလွန်းနေပြီ ထင်တယ်။ မတွေ့ရတဲ့ အချိန် တစ်လကျော်လောက်ပဲရှိမယ်၊ ပိန်ကပ်သွားတာပဲ"

သူတို့နှစ်ဦး စကားတွေ တသီကြီး ပြောဖြစ်နေပေမဲ့ မိုးအိမ်ခန့်သည် အပြင်လူတစ်ယောက်လိုပဲ ဖြစ်လျက် လက်ပိုက်ရပ်ကြည့်နေရပါသည်။ ဝတ်ဆံညိုအမေ ဘာဖြစ်လို့ ဖြစ်မှန်းပင် မသိသော သူသည် ဝတ်ဆံညိုနဲ့ ပတ်သက်မှု လုံးဝမရှိခဲ့ကြောင်း ခုလောက်ဆို ဉာဏ သဘောပေါက်တော့မည်။ ကဲ ... ဒီတော့ ဘာဖြစ်လဲ။ ဝန်ခံပြီး ရှင်းလိုက်ရုံပဲ။ အေး ... ဟုတ်တယ်၊ မင်းကို မနာလိုလို့ ငါ လိမ်ပြောတာပဲပေါ့။

"ဝတ်ဆံမေမေ ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကိုတောင် မပြောပြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ breast cancer ဖြစ်တာပါ၊ ဝတ်ဆံ ကိုဉာဏကို တော့ ဖုန်းနဲ့ ပြောပြလိုက်ပါတယ်"

ဉာဏကား ဘေးပတ်ဝန်းကျင်ကို စိတ်မဝင်စားဘဲ Chart ကို အသေအချာ ဖတ်ပေးနေပါသည်။ သူ တတ်သိထား သမျှလောက်လေးနဲ့ပဲ ဖတ်ကြည့်ရသမျှကတော့ သိပ်အားရစရာ မရှိလှသော CA breast ရဲ့ ပျံ့နှံ့မှုကို တွေ့နေရသည်။ ဘယ်ရွေ့ ဘယ်မျှခံမည်။ နေရမည် ဆိုတာကို မသိပေမဲ့ အသက်ရှင်ဖို့လမ်း နည်းပါးနေပြီဖြစ်သော ရောဂါအခြေအနေအကြောင်း မှန်းဆမိ လျှင် ဝတ်ဆံညိုကို သနားလာမိသည်။

မြင်တွေ့နေကျ စကတ်တို အင်္ကျီအကပ်လေးတွေ နဲ့ပေမဲ့ အမေကို စိတ်ပူပြီး စိုးရိမ်ကြောင့်ကြနေသော မျက်နှာလေး သည် ဉာဏ ရင်ကို များစွာလှုပ်ခတ်စေပါသည်။ ဉာဏ ရင်ထဲ က အကြင်နာတရားကို အပိုင့်ရယူသွားစေပါသည်။

"ကိုဉာဏ ... ဘာတဲ့လဲဟင်"

ဝတ်ဆံညိုသည် Chart ကို ခုတင်နောက်မှာ ပြန် ချိတ်နေသော ဉာဏကိုပဲ အားကိုးတကြီး မော့၍မေးလေသည်။ မိုးအိမ်ခန့်မှာ ထိုမြင်ကွင်းကို မြင်ရတိုင်း ရင်ထဲမှာ မနာလိုစိတ် က တရိပ်ရိပ် တက်နေပါသည်။ သူ ချစ်သောမိန်းကလေးရဲ့ အားကိုးမှုကို သူ ဘယ်တော့မှ မရနိုင်တော့ပြီ။





"စိတ်မပူပါနဲ့ ဆေးတွေဆက်သောက်ရမယ်၊ radiotherapy လည်း ပေးရမယ်လို့ပဲ ရေးထားပါတယ်၊ ကျွန်တော်လည်း ဆရာဝန်ကြီးလုံးလုံး မဖြစ်သေးတော့ အဲဒီလောက်ပဲ နား လည်တယ်၊ အဲဒီလောက်ပဲ ဖတ်လို့ရပါတယ်"

"ဝတ်ဆံကို အမှန်အတိုင်း မပြောပြချင်လို့လား၊ ဘယ်နှလ ခံမယ်၊ ဘယ်နှနှစ်ခံမယ်ဆိုတာ ပေးမသိချင်လို့လားဟင်"

"မဟုတ်ပါဘူး၊ တကယ် မသိသေးလို့ပါ။ အဲဒါ ဆရာဝန် ကြီးတွေမှပဲ သိမှာပါ၊ တကယ်ပြောတာပါ ဝတ်ဆံညို။ ကျွန်တော် မညာရက်ပါဘူး"

"ဝတ်ဆံဆီ အမြဲမလာနိုင်ရင်တောင် ဖုန်းဆက်ပြီး စကား ပြောပါနော်၊ ဝတ်ဆံ အနားမှာ ဘယ်သူမှ မရှိဘူးလို့ ခံစားရလို့ပါ"

"စိတ်ချပါ ဝတ်ဆံညို။ ကျွန်တော် အမြဲလာပါ့မယ်၊ အမြဲ လာတွေ့ပါ့မယ်"

ဝတ်ဆံညိုသည် ဝမ်းသာ၍လား၊ အမေအတွက် ဝမ်းနည်း၍လား မသိ မျက်ရည်လေးတွေ တို့သုတ်နေပါသည်၊ ဝတ်ဆံညိုဟာ မိုးအိမ်ခန့်ကို ညှိုသည်တစ်ယောက်ထက် ပို မဆက်ဆံ၊ စကားလည်း မပြော၊ ဉာဏ အနားသာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ် တိုင်တည်နေခဲ့သည်။ ဝတ်ဆံညိုရဲ့အဖေ ရောက်လာတော့လည်း ...

"ဩော် ... သမီး ပြောပြောပြနေတဲ့ မောင်ဉာဏ ဆိုတာလား"

ဟူသော အရေးတယူ နှုတ်ဆက်သံသည် မိုးအိမ်ခန့်ကို အရှုံးကြီး ရှုံးရဖို့ ထပ်ဆင့်လိုက်သလိုပဲ ဖြစ်သွားစေပါသည်။

ဉာဏသည် သမီးဖြစ်သူ၏ အရေးတယူ နေရာပေးခံထားရသော ယောက်ျားလေးတစ်ဦး အဖြစ် မိဘတွေကပါ အရေးတယူ နေရာပေး ခံထားရပြီတည်း။

"သား သိနားလည်ရင် ပြောပါဦး။ အန်ကယ့်လ်မိန်းမ အခြေအနေ မျှော်လင့်ချက်ရော ရှိရဲ့လား"

"ကျွန်တော်လည်း သိပ်မသိပါဘူး အန်ကယ်လ်၊ တချို့ CA breast တွေလည်း လိုးထုတ်ပြီး ဆေးကုသမှု ခံယူလိုက်ရင် အရှင်းပျောက်သွားတာ ရှိသလို၊ တချို့လည်း တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်ပေါ့ အဲဒီလောက်ပဲ အသက်ရှင်ခွင့်ရတဲ့ အမျိုးအစားလည်း ရှိတတ်တယ်၊ သူ့ရဲ့ကင်ဆာဆဲလ်တွေ ပျံ့နှံ့မှုကို သေသေချာချာ သိရရင်တော့ ပြောနိုင်ပါတယ် ခင်ဗျာ"





"အေးကွာ ... လူဟာ ပညာတတ်ပေမဲ့ ကျန်းမာရေးအသိပညာမှာတော့ လိုတယ်ဆိုတာ ခုမှ သဘောပေါက်တော့တယ်။ သမီးတို့အမေဟာ အကျိတ်ရှိနေတာကို သူ့ဘာသာသိနေတာ ကြာပြီ။ သူ့ကိုယ်သူ diagnose (ဒိုင်ယာဂနို့စ်) အလုပ်ခံရမှာကြောက်ပြီး အချိန်ဆွဲနေခဲ့တာ။ နောက်ဆုံး မခံမရပ်နိုင်လောက်အောင် နာကျင်တာတွေ ဖြစ်လာမှ ပုံမှန်မဟုတ်တဲ့ အရည်တချို့ သူ့ Nipple က ထွက်လာမှပဲ အန်ကယ်လ်ရော သမီးရော အတင်းဆေးရုံဆွဲခေါ်ပြီး ပြရတော့တာပဲ၊ အချိန်က နှောင်းတောင်နေပြီလား မသိပါဘူးကွယ်"

ဉာဏ ဘယ်လိုစကားနဲ့ နှစ်သိမ့်ရမှန်းမသိဖြစ်ပြီး ဝတ်ဆံညိုဖခင် ပြောသမျှ ခေါင်းတညိတ်ညိတ် နားထောင်ပေးနေပါသည်။ မိုးအိမ်ခန့်မှာ ဉာဏနဲ့ သူ နှစ်ယောက်စလုံးဟာ ဆေးကျောင်းသားတွေ ဖြစ်ပါလျက် ဉာဏကပဲ ပိုပြီးသိသလိုလို၊ တတ်သလိုလို လူကြီးတွေက နေရာပေး အတိုင်ပင်ခံရခြင်း အတွက် မနာလို မဖြစ်မိပါ။ လူတွေဟာ စာတော်တယ်လို့ သတင်းကြီးတဲ့ လူမျိုးကိုမှပိုပြီး အထင်ကြီးတတ်ကြတာကို သိပါသည်။ သို့ပေမဲ့ သူသည်လည်းပဲ ဝတ်ဆံညို၏ ညှိသည်ထား



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် ဒီကိုပါလာပါရဲ့ သူ့ကို ပြုံးပြနှုတ်ဆက်ရုံကလွဲရင် လူနာအခြေအနေ သူ့ကို တိုက်ရိုက်မပြော၊ မဆွေးနွေး၊ အကြံဉာဏ် မတောင်းခံခြင်းကို ခံလိုက်ရတာကျတော့ သူ တကယ် အခံရခက်နေသည်။

ယုတ်စွအဆုံး ဝတ်ဆံညို ကိုယ်တိုင်က ...

"မေမေ ... ဒါက ဘယ်သူဘယ်ဝါလေ"

လို့ အမှတ်တရလေးတော့ မိတ်ဆက်ပေးစေ့ချင်ပါသည်။

"ကိုဉာဏ်တို့ ဒီနေ့မှ စာမေးပွဲပြီးတာ မေမေ"

"ဪ ... ဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်လ်၊ အောင်စာရင်းပါ စောင့်ကြည့်နေလို့ အခုညဘက်ကျမှပဲ အန်တီ့ကို လာကြည့်နိုင်တော့တယ်"

"အောင်စာရင်းပါ တစ်ခါတည်း ထုတ်သလား"

"ဟုတ်ကဲ့၊ နေ့လယ်လောက် စာမေးပွဲတွေ အားလုံးပြီးတာနဲ့ ညနေစောင်း ခြောက်နာရီကျော်လောက်ဆို အောင်စာရင်း တစ်ခါတည်း ကပ်ပါတယ်၊ တစ်ခါတည်း သိရတာပေါ့ခင်ဗျာ"





"ဒါဆို နောက်နှစ်ဆိုရင် ဘယ်နနှစ် ရောက်ပြီလဲ"

"final part I ပါ ခင်ဗျာ၊ ကျောင်းပြီးဖို့တော့ နှစ်နှစ်ခွဲလောက် လိုသေးပါတယ်"

"သမီးနဲ့ ဘယ်လိုအသိမိတ်ဆွေ ဖြစ်ကြတာလဲ"

ဉာဏ်နဲ့ ဝတ်ဆံညိုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသော အပြုံးကို မိုးအိမ်ခန့် ငေး၍နေဆဲ။ ဝတ်ဆံညို အမေထံမှ လှုးလွန့်လှုပ်ရှားသံကြောင့် အားလုံးရဲ့ အာရုံသည် လူနာထံ ကျရောက်သွားခဲ့ကြပါသည်။ ခွဲစိတ်ခံထားရ၍ ပတ်စန်းကျင်ကို ကောင်းကောင်း မလှေ့လာနိုင်သေးသော အမေဖြစ်သူကို ဝတ်ဆံညိုက လက်ကလေး ကိုင်ရင်းဖြင့် ...

"မေမေ ဧည့်သည်တွေ ရောက်နေတယ်"

ဟု မိတ်ဆက်ပေးလေသည်။

ဉာဏ်ရော မိုးအိမ်ခန့်ပါ အလိုက်တသိ ကိုယ်ကို ညွတ် ရယ်ပြုံးနှုတ်ဆက်ကြပြီး ...

"ကျွန်တော်တို့ ဝတ်ဆံညိုရဲ့ သူငယ်ချင်းတွေပါ"

ဟူသော စကားဖြင့် ကိုယ့်ကိုယ်ကိုယ် အသီးသီး မိတ်ဆက်လိုက်ကြသည်။ ထို့နောက် အနည်းငယ် စကားစမြည် ပြောပြီးသောအခါ ဉာဏ်တို့နှစ်ယောက် အလိုက်တသိပင် နှုတ်ဆက်ပြီး ပြန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံညိုကတော့ ဉာဏာကို အားကိုးသော မျက်လုံးတွေဖြင့် ကြည့်ရင်း ...

"နေ့တိုင်း လာပြီး အားပေးနိုင်မလားဟင်"

"ကျွန်တော် အားရင် လာခဲ့ပါ့မယ်"

"မအားလို့ မလာဖြစ်ရင်လည်း ဝတ်ဆံဆီ ဖုန်းဆက်ပါနော်၊ ဝတ်ဆံ ခုဆို ကိုယ့်ဘေးမှာ ဖေဖေ ရှိသေးပေမဲ့ သိပ်အားငယ်တာပဲ"

"ကျွန်တော်လည်း လာအားပေးမယ်လေ ဝတ်ဆံရဲ့၊ လာလို့ရတယ် မဟုတ်လား"

"ကိုမိုးအိမ်ခန့်က အမြဲတမ်း မအားတဲ့သူမို့လို့၊ ဝတ်ဆံက မခေါ်တာပါ။ ကိုမိုးအိမ်ခန့် လာခဲ့ရင်လည်း ဝမ်းသာပါတယ်"

ဝတ်ဆံညို ရင်ထဲမှာ မပါသော ဖိတ်ခေါ်ကမ်းလှမ်းမှုဖြစ်ကြောင်း မိုးအိမ်ခန့် ခံစားလို့ ရနေပါသည်။ အပြန်လမ်းမှာ ဉာဏာကလည်း သူ့ကားနဲ့သူ၊ မိုးအိမ်ခန့်ကလည်း သူ့ကားနဲ့သူ ပြန်ရုံပင်။ သူတို့ ဆေးရုံထဲမှ ထွက်လာကြပြီး ကားပါ့ခ်ကို ထွက်လာလျှင် ဉာဏာ ထံမှ စကားသံစ,ပြီး ထွက်လာလေသည်။





"မင်းကို ငါ နားမလည်နိုင်တော့ဘူး အိမ်ခန့်၊ မင်းနဲ့ ဝတ်ဆံညို ဘာမှမသက်ဆိုင်သေးဘဲ မင်းနဲ့သူ ချစ်နေပါပြီဆိုပြီး ဘာလို့ ငါ့ကို ပြောထားသလဲ"

မိုးအိမ်ခန့် မဖြေဘဲ အသံထွက် အဓိပ္ပာယ်မဲ့ ရယ်မောပြလိုက်သည်။ ဉာဏာက လှည့်ကြည့် အကဲခတ်ရင်း ...

"တကယ်ဆို ကိုယ် တကယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးအပေါ် တန်ဖိုးထား မြတ်နိုးတယ်ဆိုရင် သူ့ဂုဏ်သိက္ခာထိခိုက်စေတဲ့ စကားမျိုး ကွယ်ရာမှာ မပြောသင့်ဘူး မဟုတ်လား၊ မင်း ငါ့အပြင် ဘယ်သူ့တွေကိုရော ပြောထားသေးသလဲ"

"နေစမ်းပါဦး၊ မင်း ကိုယ်တိုင်လည်း တန်ဖိုးမထားဘဲ အမြဲ အထင်သေး ရှုတ်ချနေတဲ့ မိန်းကလေးကို ဘာကြောင့် သူ့ဂုဏ်သိက္ခာတွေ မင်း ထည့်တွက်နေသလဲ။ မင်း ဘာကြောင့် သူ့အတွက် သိပ်ဂရုစိုက်နေရသလဲ"

"ငါ အစကတော့ မင်းမျက်နှာကို ထောက်ထားပြီး သူ့ကို အလိုက်အထိုက် ဆက်ဆံနေခဲ့တာပါ၊ ခုကျတော့ ကရုဏာသက်စိတ်နဲ့ သူ့ကို ညီမလေးတစ်ယောက်လိုပဲ ခင်မင်လာတယ်၊ ဒါကြောင့် မင်းကို ပြောရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား ... ဟား ဟား ... ရယ်ရတယ်ကွာ၊ ကိုယ်နဲ့ သွေးမတော် သားမစပ်တဲ့ မိန်းကလေး တစ်ယောက်ကို ဘာကိစ္စ ညီမလေးလို သဘောထားချင်လာရမှာလဲ၊ အဓိပ္ပာယ်မရှိတာတွေ၊ မင်း ကြိုက်သွားရင် ကြိုက်သွားတယ် ဝန်ခံစမ်းပါ၊ ဘာ ဝန်မခံရဲတာလဲ"

ဉာဏသည် သူမေးတာတခြား၊ မိုးအိမ်ခန့် ပြောနေတာတွေ တခြားဖြစ်နေ၍ စိတ်ပျက်ပြီး မျက်မှောင်ကြုတ်နေမိသည်။

"မင်း ဘာတွေ လျှောက်ရမ်းနေတာလဲ၊ ငါ မေးတာက မင်းနဲ့သူ ချစ်သူတွေ မဟုတ်ဘဲ ဘာကြောင့် ချစ်နေကြပါပြီလို့ ပြောသလဲဆိုတာကိုပါကွာ၊ တခြား ဘာကိစ္စမှ မပါဘူး၊ မင်း ဒီလို မပြောသင့်ဘူးလို့ ငါ သတိပေးမလို့ပါ"

"အဲဒါ ငါ့စိတ်နဲ့ ငါ့ကိုယ်ပဲ၊ ငါပြောချင် ပြောမယ်၊ ဘာဖြစ်လဲ၊ မင်း ငါ့ကို ဘာကြောင့် တားမြစ်ချင်ရတာလဲ"

"မင်း ငါ့တစ်ယောက်တည်းကိုပဲ ရည်ရွယ်ပြီး ပြောတယ်ဆိုရင် ကိစ္စမရှိပါဘူး။ ငါက စကားပွမဲ့လူ မဟုတ်ဘူး"

"မင်း သူ့ကိုချစ်နေပြီလား ဉာဏ"





"ခုထိ ငါ့ကိုယ်ငါ မသိသေးဘူး။ ပကယ်ပြောတာ၊ သူ ကလာခဲ့ပါ၊ လာအားပေးပါလို့ အားကိုးတကြီး တောင်းဆိုလာတဲ့အခါကျတော့ ငါ မငြင်းချင်ဘူး။ အဲဒီလိုမငြင်းချင်တဲ့ နေရာမှာ မင်းမျက်နှာကို ထောက်ပြီး မငြင်းချင်တာမျိုး မဟုတ်ဘဲ၊ ငါ့သဘောနဲ့ငါ မငြင်းရက်ဘဲ စာမေးပွဲအပြီးမှာ လာတွေ့မယ်လို့ ပြောခဲ့တယ်၊ သူ့ကို မြင်လိုက်တိုင်း သူဟာ မင်း ချစ်မြတ်နိုးနေတဲ့ မိန်းကလေးလို့လည်း မြင်တယ်၊ တစ်နေ့ကျ ငါတို့ မဖြစ်မနေ သိကျွမ်းရင်းနှီးကြရတဲ့ အနေအထားမျိုးနဲ့မို့ မင်းကို ခင်တဲ့စိတ်နဲ့ ငါ သူ့ကို အရေးတယူ ဆက်ဆံခဲ့မိတာတွေလည်း ရှိတယ်၊ အဲဒါ အမှန်အတိုင်းပဲ၊ ငါ သူ့ကို ချစ်လား၊ မချစ်လားတော့ ငါ မသိဘူး။ သေချာတာက သူ့ type ကို ငါ မကြိုက်ဘူး။ အစတည်းက မကြိုက်သလို ခုထိလည်း မကြိုက်သေးဘူး၊ အေး ... ဒါပေမဲ့ လူ့စိတ်ဆိုတာ အမြဲ ပြောင်းလဲနေတာမို့ နောင်တစ်ချိန် ဆိုတာကိုတော့ ငါ ကြိုပြီး အာမ,မခံနိုင်ဘူး"

ဉာဏသည် စိတ်ထဲရှိသည့်အတိုင်း အကုန်လုံးပင် တောက်လျှောက် ပြောပြလိုက်ပါသည်။ မိုးအိမ်ခန့်ကတော့ အတွေကြီးစွာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကို ချစ်ဖို့မသင့်ဘူးလေ။ သူ့ကို ငါ အရင်ချစ်ထားတယ်၊ ငါ ဖွင့်ပြောထားတယ်၊ မင်းက ငါ့သူငယ်ချင်း အရင်းကြီး၊ မင်းနဲ့ ငါ ပြိုင်သင့်သလား၊ ပြိုင်လုသင့်သလား"

ဉာဏက တကယ့်ကို serious ဖြစ်နေသော အိမ်ခန့်ကို တွေးတွေးဆဆ ကြည့်ရင်း ...

"မင်း သူ့ကို တကယ်ပဲ သိပ်ချစ်နေသလား အိမ်ခန့်"

ဟု မေးလိုက်ပါသည်။ မိုးအိမ်ခန့်သည် စိတ်ဓာတ်ပျော့ပျောင်းသော ဉာဏ၊ သူ့ကို ဘယ်တော့မဆို စိတ်ချမ်းသာစေချင်သော ဉာဏ၊ ကိုယ့်ကိုယ်ကိုယ်ထက် မိုးအိမ်ခန့် အတွက်ပိုပြီး ဦးစားပေးတတ်သော ဉာဏ၊ ထိုဉာဏ၏ စိတ်နေသဘောထား တည်ကြည်မှုတို့ကိုလည်း သိထားပြီးဖြစ်ရာ သူက ဒီအချက်ကို အနိုင်ယူပြီး အပိုင်ပြောဖို့ ဆုံးဖြတ်မိသည်။ သူ ဘာကြောင့်မှန်းမသိ ဉာဏဟာ ဝတ်ဆံညိုကို ပိုင်ဆိုင်ခွင့် ရသွားမှာ သိပ်ကို စိုးရိမ်နေခဲ့မိသည်။ မိုးအိမ်ခန့်သည် သူ့ကိုယ်သူ အတ္တကော်တော်ကြီးမှန်းလည်း သိပါသည်။ ဒါပေမဲ့ သူ့အတ္တသူ လျှော့၍လည်းမရ။ ထိန်းချုပ်၍လည်းမရ ဖြစ်နေပြန်သည်။

ရိုးသားပြီး စိတ်ရှင်းသော ဉာဏကတော့ ...





"မင်း သိပ်ချစ်တယ်ဆိုတာ သေချာရင် သူ့ကို ငါ့စိတ်ထဲမှာ နေရာပေးမိရင်တောင် ဖယ်ပစ်လိုက်မှာပါ။ ငါ မင်းနဲ့ ပြိုင်မလုချင်ပါဘူး။ သူငယ်ချင်းကောင်းဆိုတာက ရယူပိုင်ဆိုင်ရဖို့ ခက်တယ်လို့ ငါထင်တယ်။ ချစ်သူရည်းစားဆိုတာမျိုးက ဒီတစ်ယောက်ကို ချစ်ခွင့်မရလည်း နောင်နှစ်တွေကြာတဲ့အခါမှာ နောက်ထပ် အချစ်သစ်တစ်ခုဟာ ဖြစ်ပေါ်လာလို့ရတယ်လို့ ငါထင်ထားတယ်၊ ဒါကြောင့် ငါ မင်းလိုသူငယ်ချင်းကောင်းကိုတော့ မစွန့်လွှတ်နိုင်ပါဘူး"

ဟူသော သူ့စိတ်ထဲမှာ ထည့်ထားသည့် ခံယူချက်ကို အသိပေးလိုက်တော့လေသည်။ သံယောဇဉ်တွယ်မိတော့မလိုလိုဖြစ်နေသော ဝတ်ဆံညိုသည် မိုးအိမ်ခန့်ရဲ့ ဘဝအတွက် မရှိမဖြစ်ချစ်သူဆိုပါလျှင် သူ ဘာကြောင့် ဒီ ခပ်ပါးပါး သံယောဇဉ်လေးကို မဖြတ်တောက်နိုင်ရမှာလဲ။ သံယောဇဉ်ဆိုတာ ပါးတုန်းဖြတ်ဖို့လွယ်တယ်။ ထူထဲသိပ်သည်းလာမှသာ ဖြတ်ရခက်တာမျိုးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ဝတ်ဆံညိုသည် မေမေ့နံဘေးမှာ အားပေးရင်း တပွဲပွဲ သတင်းလာမေးကြသော ဖေဖေ မေမေရဲ့ မိတ်ဆွေတွေကိုလည်းကောင်း၊ လာအားပေးကြသော သူငယ်ချင်းတွေကိုလည်းကောင်း၊ စကားသာ ပြန်ပြောနေရသည်။ ဝတ်ဆံညို မျှော်နေသောလူတစ်ယောက်ကတော့ ရောက်ကို ရောက်မလာ၍ စိတ်ဓာတ်ကကျပြီးရင်းကျ၊ စိတ်ထဲမှာ ကြေကွဲပြီးရင်း ကြေကွဲလျက် နှလုံးသားမှာ နွမ်းကြေနေသလို ခံစားရသည်။

မေမေ့ကို တစ်ခေါက်သာ လာကြည့်ပြီး သူကတစ်ရက်လည်း ပေါ်မလာ၊ နှစ်ရက်လည်း ပေါ်မလာ၊ ဖုန်းနဲ့တောင် တစ်ချက်လေး သတိတရ သတင်းမေးဖော် မရခဲ့ပါ။ မိုးအိမ်ခန့်ကတော့ လူရောက်မလာနိုင်ပေမဲ့ မကြာခဏ ဖုန်းလှမ်း





လှမ်းဆက်ကာ သတင်းမေးပါသည်။ အားပေးနှစ်သိမ့် စကားတွေပြောပါသည်။ သူ့အကြောင်းတွေလည်း အသိပေးပါသည်။

"စာမေးပွဲမှာ နှစ်ဘာသာ ကျထားတယ် ဝတ်ဆံရဲ့။ အဲဒါသူများကျောင်းပိတ်ရက်မှာ ကျွန်တော်ကတော့ ကျောင်းမပိတ်ဘူး။ ကျောင်းတက်ပြီး ကျတဲ့ဘာသာတွေအတွက်စာပြန်သင်ခံနေရတယ်၊ စာလည်း ကျက်နေရတယ်၊ Supply ပြန်ဖြေရမယ်လေ။ အောင်မှ နောက်တစ်တန်း တက်ရမှာမို့ မအောင်မှာလန့်ပြီး ကြိုးစားနေရတယ်၊ ဒီကြားထဲ Live Show နှစ်ပွဲလည်း လက်ခံထားမိပြီးသား ဖြစ်နေတော့ ဆိုပေးနေရသေးတယ်၊ မအားတော့ မအားပေမဲ့ဝတ်ဆံဆီတော့ လာပါဦးမယ်။ ခုတော့ ဖုန်းနဲ့ပဲ သတင်းမေးတာပေါ့နော်"

ဝတ်ဆံညိုကတော့ မိုးအိမ်ခန့် ပြောပြသည်ကို ဝတ်ကျေတမ်းကျေသာ နားထောင်ပြီးတာနဲ့ ...

"ကိုဉာဏရော"

လို့ မေးဖြစ်အောင် မေးလိုက်ပါသေးသည်။

"သူလား ... သူက အောင်ပါတယ်၊ ဝမ်းဒီတောင်ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူ အောင်မအောင်ကို မေးတာမဟုတ်ပါဘူး။ သူ ဘာကြောင့် ဝတ်ဆံဆီ ရောက်မလာလဲ သိချင်လို့ပါ၊ သူ ဘာတွေမအားဘူးလဲ သိချင်လို့"

"သူလား ... သူ့ကိစ္စတွေ တော်တော်များများ မသိဘူး ခင်ဗျ။ သူတို့လို စာတော်ပြီးသား အုပ်စုနဲ့ သွားပေါင်းပြီး နောက်တစ်တန်းအတွက် စာတွေကြိုဖတ်ရင် ဖတ်နေမယ် ထင်တယ်"

"အဲဒီအုပ်စုထဲမှာ မိန်းကလေးတွေပါလား"

"ပါတာပေါ့၊ မိန်းကလေးတွေ ယောကျ်ားလေးတွေ စာတော်တဲ့အုပ်စုတစ်စု ရှိတယ်၊ သူတို့က အချင်းချင်း အပြင်မှာတော့ ခင်သလိုလိုနဲ့ အတွင်းမှာ ကျိတ်ပြိုင်ပြီး စာကိုအတူတူကြိုဖတ်ပြကြတယ်၊ ဒါပေမဲ့ တကယ်မှာ ကိုယ်ကပိုသာအောင် ပိုပြီးကျိတ်ဖတ်ကြတတ်တယ်"

"မိန်းကလေးတွေလည်း ပါတယ်ဆိုရင် အဲဒီမိန်းကလေးတွေထဲမှာ ကိုဉာဏ လေးစား အထင်ကြီးရလောက်တဲ့ ဉာဏ်ပညာမျိုးရှိတဲ့ မိန်းကလေးရော ရှိနေမလား"

"ရှိရင် ရှိနေမှာပေါ့လေ၊ များသောအားဖြင့်တော့ စာတော်တဲ့သူတွေဟာ သူတို့အချင်းချင်းပဲ လက်တွဲပြီး နောင်တစ်ချိန်





ကျရင် အထူးကုဆရာဝန်ကြီးစုံတွဲဖြစ်ဖို့ စီမံကိန်းတွေ ထားတတ်ကြတယ်"

မိုးအိမ်ခန့်ရဲ့ စိတ်ကူးဖြင့် ဖန်တီးကြံဖန် ပြောသည်ကို ဝတ်ဆံညိုက တကယ်ပဲ မသိနားမလည်သူ ဖြစ်လေရာ ဒီစကားကို အဟုတ်မှတ်ပြီး ကိုယ့်ကိုယ်ကိုယ် အားငယ်နေမိပါသည်။ ကိုဉာဏဟာ ငါ့ဆို အကောင်းမမြင်ဘူး။ အမြဲပဲ အထင်သေး ရှုတ်ချနေတာ။ ငါ ဝတ်ပုံစားပုံ နေပုံထိုင်ပုံတွေကို အပေါ်ယံရှုပ်ကြည့်ပြီး သူ့စိတ်ထဲမှာ ဘယ်လိုမှ အထင်ကြီးလို့မရ ဖြစ်နေတာ။ ဒါကြောင့် ငါ့ကို လူမှုရေးအရ လာကြည့်ရှု အားပေးရုံအပြင် မပိုဘူး ထင်ပါရဲ့။ သူ့အပေါ် သိသာစွာ အမူအရာတွေပြပြီး အားကိုးတကြီး တိုင်ပင်ပြ၊ သူ့ကို အရေးတယူ ဆက်ဆံပြနဲ့။ ဒါတွေကိုတောင် သူ တမင်ဥပေက္ခာပြုနိုင်နေတယ်။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကိုယ့်ကို ဒီမိန်းကလေး ဘယ်လိုသဘောနဲ့ဆက်ဆံနေတယ် ဆိုတာတွေကို မသိဘဲနေမှာ မဟုတ်ဘူး။ သိရက်နဲ့ တမင်ရှောင်လွှဲနေတာ၊ ဒါဟာ ငါ့ကို အလေးအနက် မထားလို့ပဲပေါ့။

ဝတ်ဆံညိုသည် သူမ လက်ထဲမှာ mobile ဖုန်းလေး ရှိသဖြင့် ခေါက်ပိတ်ထားသော သတ္တုရောင် ကင်မရာဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်လိုက်၊ ချီတုံချတုံဖြစ်ပြီး ပြန်ပိတ်လိုက်ဖြင့် ဘောကသူငယ်ချင်းတွေ ပြောသမျှကိုပင် စိတ်မပါနိုင်သလို ဖြစ်နေသည်။ သူက ဖုန်းတောင်ဆက်မလာတော့ ကိုယ်ကပဲ ဆက်ရတော့မှာလား။ သူ့ကို အဲဒီလောက်ထိ ခ,ယပြီး ထပ်ခေါ်သင့်ရဲ့လား။

"သမီးကောင်လေး မလာလို့ မျှော်နေတာလား"

မေမေက နည်းနည်းထူထူထောင်ထောင် ဖြစ်လာပြီဖြစ်သဖြင့် ဝတ်ဆံညိုရဲ့ အမူအရာတွေကိုကြည့်ရင်း တိုးတိုးမေးပါသည်။ တစ်ခါက အိမ်လိုက်ပို့ပေးခဲ့သော ဉာဏကို မေမေ မြင်တုန်းက ...

"ဟဲ့ ... ဘယ်သူပါလိမ့်၊ သမီးသူငယ်ချင်းတွေထဲမှာ ဒီလို ရိုးသားကြိုးစားပုံလေး ရှိသေးလား၊ ကောင်လေးက ရိုးလိုက်တာ။ မေမေ သူ့ကိုလှမ်းကြည့်နေတာ မြင်တာနဲ့ ကြောက်ပြီး ပြေးပြီ၊ အခုခေတ်ကလေးတွေက ဒီလိုမဟုတ်ပါဘူး။ လူကြီးကို စကားရောဖောရောနဲ့ နှုတ်ဆက်တတ်ကြပါတယ်၊ သူ့ကျမှ ..."

ဟူ၍ တအံ့တဩ ပြောလျှင် ဝတ်ဆံညိုသည် ကိုယ့်ကိုယ်ကိုယ် မိုင်နိုင်သေချာနေပြီးသဖြင့် ...

"သူက သူငယ်ချင်း မဟုတ်ဘူး မေမေ"





လို့ ရဲရဲဝံ့ဝံ့ ပြန်ဖြေခဲ့သည်။

"အံမယ် ... ငါ့သမီး ယောကျ်ားလေး သူငယ်ချင်းတွေ ဒီလောက်များတာ။ အခုကျမှ သူငယ်ချင်း မဟုတ်ဘူး ပြောလာတော့ ဘာလဲ၊ သူက ရည်းစားလား"

"သူ့ကိုတော့ ဝတ်ဆံ သဘောကျတယ် မေမေ၊ ဝတ်ဆံ တစ်နေ့ကျ သူနဲ့ ချစ်သူဖြစ်ချင်တယ်၊ သူနဲ့ပဲ ဘဝကို ရင်ဆိုင်ချင်တယ်၊ သူက သိပ်ကိုရိုးသားအေးဆေးပြီး သာမန်မိသားစုက ဆင်းသက်လာတဲ့ ဆေးကျောင်းသားလေးပါ။ ဒါပေမဲ့ ဝတ်ဆံအတွက် သူကတော့ တကယ့်ကို အားကိုးထိုက်တဲ့ လူတစ်ယောက်လိုပဲ၊ သူနဲ့တွေ့တိုင်း ခံစားရတယ်"

"သူ့နာမည်က ဘာတဲ့လဲ"

"ဉာဏတဲ့ မေမေ"

"အေး ... တစ်နေ့ ခေါ်လာဦးကွယ်"

မေမေတောင် သူ့ကို သေသေချာချာ မသိရသေးဘဲ ဝတ်ဆံရဲ့ တစ်ယောက်သော သံယောဇဉ်တွယ်ရသူ ယောကျ်ားလေးအဖြစ် အသိအမှတ်ပြုပေးဖော်ရခဲ့တာ။ သူကတော့ ဝတ်ဆံကို ဥပေက္ခာပြုနိုင်လွန်းတယ်။ ကိုယ့်ဘက်က မေတ္တာစွမ်းအင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားရင် သူ့ဘက်ကလည်း တုံ့ပြန်တဲ့မေတ္တာတရားကို ပြန်ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝတ်ဆံဟာ ကိုယ့်ဘက်ကိုယ် သိပ်ယုံကြည် သေချာနေခဲ့တာပါ။ ဒါပေမဲ့ ခုတော့ အဲဒီသဘောတရားဟာ မမှန်တော့ဘူး ထင်ပါရဲ့။

"သူ့ကို မျှော်နေတာလား ဝတ်ဆံညို"

မေမေက တစ်ခါတစ်ရံ ဝတ်ဆံညိုကို ဝတ်ဆံညိုဟုပင် ခေါ်တတ်ပါသည်။

"ဟုတ်တယ် မေမေ"

"သူ လာမှာပါ"

"မေမေ ဘယ်လိုလုပ် သိလဲ"

"သူ သမီးကိုကြည့်တဲ့ မျက်လုံးတွေကို မေမေ မြင်ခဲ့ပြီလေ"

"မေမေ အဲဒီနေ့က ပတ်ဝန်းကျင်ကိုတောင် သေသေချာချာ အာရုံမစိုက်နိုင်သေးဘူး။ ခွဲစိတ်ထားရတဲ့ အရှိန်နဲ့ မိန်းမောနေတာလေ၊ သူ့ကို ခဏပဲ မြင်လိုက်တာလေ"

"ဒါပေမဲ့ ကိုယ့်သမီးလေးက အားကိုးခင်တွယ်နေတဲ့သူမို့လို့ မေမေ ဂရုတစိုက် ကြည့်လိုက်ပါတယ်၊ သူ သမီးကို အရေးတယူ မရှိဘဲနဲ့ သမီးဖုန်းဆက်ခေါ်တော့ ရောက်လာ





စရာ အကြောင်းမရှိဘူး။ သူ ရောက်လာခဲ့တယ်လေ၊ ပြီးတော့ သူ သမီးကို ကြင်ကြင်နာနာ ကြည့်တယ်။ သူ့မျက်လုံးတွေထဲမှာ သမီးအပေါ် သံယောဇဉ်ဖြစ်နေတဲ့ အရိပ်အယောင်တွေ ရှိနေတယ်"

"ဒါဖြင့် သူ ဘာလို့ ရောက်မလာလဲ မေမေရယ်၊ တကယ်ဆို မေမေ့အတွက် ဝတ်ဆံ အားငယ်ပြီး သူ့ကိုတိုင်တည်ချင်နေတယ်၊ သူပြောတဲ့ အားပေးစကားတွေကို ကြားချင်နေတယ် ဆိုတာ သူ သိရက်သားနဲ့။ ဝတ်ဆံ မေမေ့ကို ဆုံးရှုံးရမှာ သိပ်ကြောက်နေတဲ့အချိန်မှာ သူ့ဆီက အားပေးစကား တစ်ခွန်းလောက်ကိုဖြစ်ဖြစ် ကြားချင်သေးလို့ပါ"

ဝတ်ဆံညိုရဲ့ မေမေက ...

"မေမေ မရှိရင် သမီးမှာ ဖေဖေ ရှိသားပဲ"

ဟု နှစ်သိမ့်လေသည်။ ပြီးမှ မေမေ့ဘာသာ မျက်ရည်ဝဲလျက် ခပ်တိုးတိုး ရယ်သည်။

"ဖေဖေ့အကြောင်း သိသားနဲ့လို့ သမီး ဘာလို့ မပြောလဲ"

"ဒါတွေ ထားလိုက်ပါ မေမေရယ်"

"မေမေ မရှိတော့ရင် သူ ဟိုမိန်းမ မိသားစုကို အိမ်ပေါ်ခေါ်တင်မှာပဲ ထင်တယ်။ အဲဒါကို တွေးလိုက်တိုင်း မေ



www.burmeseclassic.com

www.burmeseclassic.com



ရမှာ မဖြောင့်ဘူး။ ငါ့ကျမှ ဘာဖြစ်လို့ ဒီရောဂါကြီး ဖြစ်လာရသလဲဆိုပြီး ယူကျုံးမရ ဖြစ်မိတယ်၊ သမီးကို တစ်ယောက်တည်း ထားခဲ့မိသလို ဖြစ်နေပြီနော့်"

သားအမိနှစ်ယောက် မျက်ရည်တွေ အပြိုင်ကျလျက် အသံတိတ် ဖက်ငိုမိသည်။ ဖေဖေ့မှာ နောက်အိမ်ထောင်တစ်ခုကို အတိအလင်း ယူထားပြီးသည်မှာ သုံးလေးနှစ်တောင် မက,တော့။ ထိုအိမ်ထောင်ဖြင့် နှစ်,နှစ်အရွယ် သားလေးတစ်ယောက်ကိုပင် ရထားပြီးပြီ။ ဒါ့အပြင် ထိုဒုတိယမိန်းမမှာ နောက်ထပ် ကိုယ်ဝန်ပင် ရှိနေပြီဖြစ်ကြောင်း နီးစပ်ရာမှတစ်ဆင့် သတင်းကြားပြီး ဖြစ်ရာ ဖေဖေ့အတွက် ဟိုဘက်မှာ သံယောဇဉ်ကြိုးက ပိုများသလို ဖြစ်နေပါသည်။ ဒါကြောင့်လည်း မေမေ မရှိတော့လျှင် ဟူသော အသိက ဝတ်ဆံညိုကို များစွာ ချောက်ချားတုန်လှုပ်စေသည်။ ကိုယ့်မှာ အဖေတစ်ယောက်လုံး ရှိသေးပေမဲ့ ထိုဖခင်ထံမှာ နောက်ထပ် သံယောဇဉ် အစွယ်အပွားတွေလည်း ရှိနေပြီဖြစ်ရာ ဝတ်ဆံညိုမှာ အားကိုးရာမဲ့သလို ဖြစ်နေပါသည်။ အဲဒါကြောင့် ပင်လျှင် ဉာဏကို ပိုပြီး အားကိုးချင်သလို ဖြစ်နေတာပင်။

ဉာဏသည် စေ့ထားသော အခန်းတံခါးကို အသာ ခေါက်လိုက်ပေမဲ့ သူ့ကိုယ်သူ ငါဘာတွေလုပ်နေမိပြီလဲလို့ မေး





တော့ မေးနေမိဆဲ ဖြစ်သည်။ မလာတော့ဘူး ဆုံးဖြတ်ထားပြီးမှ ရောက်လာမိသော ခြေလှမ်းတွေကို သူ ရပ်တန့်၍ မရနိုင်ခဲ့ပါ။

"ဝင်ခဲ့ပါ"

ဝတ်ဆံညိုရဲ့ အသံတုန်တုန်လေးကို ကြားလိုက်ရမှ သူ ထိုအခန်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။

"ဟင် ... ကိုဉာဏ လာတယ်"

သားအမိနှစ်ယောက် မျက်ရည်တွေသုတ်ရင်းဝမ်းသာအားရ ပြုံးသွားသော မျက်လုံးတွေကို ဉာဏ ငေးကြည့်မိလျက် ...

"အန်တီ သတင်းလာမေးတာပါ"

"လာပါ၊ ထိုင်ပါ သားရယ်"

ဉာဏသည် လူနာခုတင်ဘေးက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။ ဝတ်ဆံညိုက တစ်ဖက်ခုံမှာမို့ နှစ်ယောက်သား မျက်နှာချင်းဆိုင် ဖြစ်နေသည်။ တစ်ယောက်မျက်လုံးတွေထဲ ကျန်တစ်ယောက် ကြည့်မိသောအခါ ဉာဏ ရင်ထဲမှာ နွေးထွေးသလို ခံစားလိုက်ရသည်။ သူ ရောက်လာခဲ့၍ ကျေနပ်ဝင်းပနေသော ဝတ်ဆံညို၏ မျက်လုံးတွေထဲမှ တစ်စုံတစ်ရာကို ခံစားမိလိုက်သလိုလိုပင်။ ကိုယ့်ကို မင်း ရင်ထဲမှာ တကယ်ပဲ အင်း ... ဆက် မတွေးတော့ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ဘယ်လိုနေသေးလဲခင်ဗျာ"

"သက်သာသလိုလိုပါပဲကွယ်၊ အန်တီက ဆေးရုံက ဆင်းချင်လှပြီ။ သမီးတို့ သားအဖက စိတ်ချရအောင် ဆက်နေပါဦး ဆိုတာနဲ့ နေနေရတယ်၊ ကိုယ့်ကိုယ်ကိုယ်တော့ လူကောင်းတစ်ယောက်လိုပဲ ထင်သွားတာပေါ့"

"တကယ် သက်သာသွားပြီ ဆိုရင်လည်း အိမ်ပြန်ချင်ပြန်ပေါ့၊ ဆေးရုံမှာ နေရတာ လူကိုပိုပြီး စိတ်ဓာတ်ကျစေတယ်၊ အနားယူပြီဆိုရင် အိမ်မှာပဲနေပြီး ဆေးသောက်ဖို့ လိုတာပါ။ ဆေးရုံက ရက်ချိန်းပေးတဲ့နေ့ လာပြရုံပါ"

"အေး ... အဲဒါ သားရဲ့ဝတ်ဆံညိုကိုပဲ ဖျောင်းဖျပါကွယ်၊ အန်တီက သူ့သဘောကိုလိုက်ပြီး သူ စိတ်ချမ်းသာအောင် ဆေးရုံမှာ ဆက်နေနေရတာပါ၊ သူက သားပြောမှ အဟုတ်ထင်နေတာ၊ သားကိုပဲ သိပ်အားကိုးနေတာ"

ဝတ်ဆံညိုသည် မေမေက ဒီလို တွဲတိုးကြီးပြောပြီး စ,နောက်လျှင် ရှက်ပြီး ဥာဏကို မဆီမဆိုင် မျက်စောင်းထိုးမိပါသည်။

"အိမ်ခန့်ရော လာသေးလား"

ဥာဏ နှုတ်ဖျားမှ မေးလိုက်သော မေးခွန်းကို ဝတ်ဆံညို တော်တော်စိတ်ပျက်သွားပါသည။ ဥာဏ ခေါင်းထဲမှာ





မိုးအိမ်ခန့်ကို မဖျောက်သေးသရွေ့ ဝတ်ဆံညိုဟာ ဘယ်တော့မှ နေရာရ,မလာနိုင်ပါ။

"သူ Supply ထိထားလို့ ကျောင်းပြန်တက်နေရတယ်၊ Live Show တွေလည်း လက်ခံပြီးသား ဖြစ်နေလို့ ဆိုပေးနေရတယ်လို့ ဖုန်းဆက်ပြောပါတယ်၊ လူတော့ ရောက်မလာပေမဲ့ ဖုန်းတော့ ဆက်သေးတယ်ပေါ့။ ကိုဉာဏကသာ တစ်ပတ်လောက်ရှိပြီ ပေါ်မလာဘူး၊ ဖုန်းလည်း ဆက်ဖော်မရဘူး"

ဥာဏမှာ ဖြေစရာအဖြေမရှိသလိုဖြစ်လျက် ငြိမ်နေမိသည်။

"ဘာလဲ ... မအားလို့ပါလို့ ပြောမလို့လားဟင်"

"မဟုတ်ပါဘူး၊ အားပါတယ်"

"ဒါဖြင့် ဘာဖြစ်နေလို့လဲ"

ဥာဏမှာ ဝတ်ဆံညိုရဲ့ မိခင်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ကျွန်တော်နဲ့ အိမ်ခန့်ရဲ့ ခင်မင်မှု အတိုင်းအတာကို ဝတ်ဆံညို သိနေမယ်ဆိုရင် ကျွန်တော် ဘာကြောင့်ရောက်မလာခဲ့သလဲ ဆိုတာကို နားလည်မယ် ထင်တယ်"

"သူက ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အဲဒါကို နောက်မှပြောရင် ကောင်းမယ် ထင်တယ်နော်"

"နောက်မှ ပြောမယ်ဆိုရင် ကိုဉာဏ အိမ်ပြန်ရောက်တာနဲ့ ဝတ်ဆံဆီ ဖုန်းဆက်ပြီး ပြောမယ်ဆိုတဲ့ သဘောလို့ ယူဆချင်တယ်"

"ဝတ်ဆံညို သိပြီးသား ထင်တယ်"

"သိပြီးခဲ့ရင်လည်း ရှင်းရှင်းလင်းလင်း ထပ်သိချင်လို့ ဆိုရင်ရော ကိုဉာဏ ဘယ်လိုသဘောရလဲ၊ ဒါက ကိုဉာဏ သဘောပါ။ ကိုဉာဏ ဖုန်းစ,မခေါ်ရင် ဝတ်ဆံလည်း မခေါ်ပါဘူး။ ဝတ်ဆံ ကိုယ့်စည်းကိုယ့်ကမ်းကို သိပါတယ်"

ဝတ်ဆံညို မိခင်ကတော့ အသာစောင်းအိပ်ရင်း အိပ်ချင်ဟန် ဆောင်ပေးနေသည် ထင်ပါသည်။ သူတို့စကားပြောနေသည်ကို နားလည်းမထောင်။ ဝင်လည်းမပြောပါ။ ဉာဏနဲ့ ဝတ်ဆံညိုမှာသာ တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်နေရသလို မျက်လုံးတွေဖြင့် အပြန်အလှန် စိုက်ကြည့်ပြီး ဉာဏ ပြောလာမည့် အဖြေကို ဝတ်ဆံညိုက စောင့်နေခဲ့သည်။

ဉာဏသည် စိတ်ဆုံးဖြတ်ပြီးသော အသံဖြင့် ...

"ကျွန်တော် ဖုန်းဆက်ပါ့မယ်"





ဟု ကတိပေးပြီးပြီးချင်းပဲ ပြန်ဖို့ပြင်သည်။

"အန်တီ အိပ်သွားပြီ ထင်တယ်နော်"

"အင်း ... ဟုတ်တယ်၊ ဆေးအရှိန်နဲ့ ပြန်အိပ်သွားပြီ"

"ဒါဆို ကျွန်တော် ပြန်တော့မယ်နော်"

"ဝတ်ဆံဆီကို လာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ဖုန်းဆက်ပြီး စကားပြောမယ်နော်"

ဝတ်ဆံညိုသည် ထိုစကားကို အမြတ်တနိုး သိမ်းဆည်းပြီး ကျန်ရစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(နောက်တစ်နှစ်ခန့် အကြာမှာ...)

၁၇

မိုးအိမ်ခန့်သည် ဥာဏကို တကြည့်ကြည့် လုပ်နေပါသည်။ ဥာဏကတော့ သတိမထားမိဘဲ သူ့ထုံးစံအတိုင်း မိုးအိမ်ခန့်ကို ကျွေးရမည့် စာတွေကိုသာ ရွေးချယ်နေသည်။ စာမေးပွဲနီးလျှင် ဖြစ်နေကျအတိုင်း ခုလည်း အိမ်ခန့်မှာ ကျက်စရာစာတွေ တသီကြီးနဲ့ ဗျာများနေပြီ ဖြစ်သဖြင့် အိမ်ခန့်လိုပဲ ဥာဏပါ လိုက်ပြီး ရောယောင်ဗျာများနေရပြန်သည်။

"ကဲ ... အိမ်ခန့် အသင့်ဖြစ်ပြီလား၊ patho ထဲက အရင်ဆုံးဖတ်ရင် ကောင်းမယ်၊ မနှစ်ကလည်း မင်း patho ထိထားတော့ ..."





"ဥာဏ"

မိုးအိမ်ခန့်သည် ဥာဏ စကားမဆုံးခင် ဖြတ်ခေါ်လိုက်ပါသည်။ ဥာဏ စိတ်ရှုပ်သလိုဖြင့် ...

"ဘာလဲ ... ဘာစကားများဦးမလို့လဲ၊ တော်ပြီ ... တော်ပြီ၊ မင်းရဲ့ ဒုတိယ Single ခွေကိစ္စတွေ၊ ရုပ်ရှင်ကားကြီး ရိုက်ချင်တဲ့ ကိစ္စတွေ လာမတိုင်ပင်နဲ့ဦး။ အဲဒါတွေ မေ့ထားလိုက်ဦး၊ စာမေးပွဲက ဆယ်ရက်အလိုနော်။ တစ်လအလို မဟုတ်ဘူး၊ အချိန်ဘာမှ မရတော့ဘူး"

"ငါ တစ်ခွန်းပဲ ပြောစရာရှိလို့"

"ပြော ... ပြော ... ဘာလဲ၊ ပြော ... မြန်မြန်ပြော"

"ဝတ်ဆံရဲ့အမေ ဆုံးသွားပြီ"

"ဟုတ်လား"

ဥာဏသည် မျက်စိထဲမှာ နားဆွဲလေးတစ်ခါခါနှင့် စကတ်တိုနှင့် အင်္ကျီဆန်းဆန်းပြားပြားလေးတွေ ဝတ်သော ဝတ်ဆံညိုကို ဖျတ်ခနဲ သတိတရ မြင်ယောင်သွားပြီး စိတ်မကောင်းစွာ ရေရွတ်လိုက်မိသည်။

"ငါ ဒီနေ့မနက် သတင်းစာထဲက နာရေးကြော်ငြာမှာ တွေ့လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ချမှာလဲ"

"ဒီနေ့ပဲ"

"ဒီနေ့ သတင်းစာထဲပါ ဒီနေ့ချလား"

"မဟုတ်ဘူး၊ သတင်းစာထဲပါတာ နှစ်ရက်ဆက်တိုက်ကွ။ ငါတောင် ဒီနေ့ သတင်းစာပါ ဒီနေ့ချ ထင်နေတာ။ မသေချာတာနဲ့ မနေ့က သတင်းစာကိုပါ ပြန်ရှာတော့ တွေ့တယ်၊ နှစ်ရက်ဆက်တိုက် ထည့်တာပါ"

"မင်း မသွားဘူးလား"

"ငါ သွားဖို့ မလိုဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ၊ မင်း သူ့ကို ချစ်တယ်ဆို"

"သူ့အတွက် ငါ မလိုအပ်ဘူး ဉာဏ။ သူ လိုအပ်တာ မင်းပဲ၊ မင်းရဲ့ အားပေးနှစ်သိမ့်မှုပဲ လိုတယ်၊ သူက မင်းကိုပဲ အမြဲမျှော်လင့်နေခဲ့တာလေ၊ မင်း သိမှာပါ"

"ဒါပေမဲ့ ... ငါက .."

"ငါ မှားသွားတယ်၊ ငါ အတ္တကြီးကြီးနဲ့ မင်းကို အနိုင်ယူပြီး ပိတ်ပင်သလို လုပ်ခဲ့မိတယ်။ သူ မင်းကို မျှော်လင့်လို့မရတော့ရင် ငါ့ကို တစ်နေ့ ချစ်လာမယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အဲဒါ ဖြစ်မလာခဲ့ဘူး။ အချစ်ဆိုတာ လုပ်ယူလို့ မရဘူး။ သူ ငါ့ကို ဘယ်တော့မှလဲ ချစ်မှာမဟုတ်





ဘူး ဆိုတာ ငါ တဖြည်းဖြည်း သိလာတယ်၊ ဒါနဲ့ ငါ လက်လျှော့ပြီး အသည်းကွဲနေသလိုလို ဖြစ်နေတုန်း မထင်မှတ်ဘဲ ငါ့အတွက် အချစ်သစ်တစ်ခုကို ထပ်မွေးဖွားဖို့ ဖြစ်လာတယ်။ ငါ ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ထပ်တွေ့တယ်။ မင်း တစ်ခါက ပြောဖူးသလိုပဲ အချစ်ဆိုတာ တစ်ခါသေဆုံးသွားပြီးရင် နောက်တစ်ခါ ထပ်ပြီး မွေးဖွားလို့ ရပါတယ် ဆိုတာ တကယ်မှန်သွားပါတယ်။ ငါ ထပ်ဆုံတွေ့ရတဲ့ ငါ့အချစ်သစ်ကို မွေးဖွားစေတဲ့ မိန်းကလေးကို ငါ မြတ်မြတ်နိုးနိုး ချစ်လို့ရတယ်၊ ဝတ်ဆံညိုကို ချစ်ခဲ့ဖူးသလို အချစ်မျိုးထက်သာအောင်တောင် ချစ်နိုင်တယ်၊ သူကလည်း ငါ့ကို ချစ်တယ်၊ ငါတို့အပြန်အလှန် အချစ်ချင်း ညီတဲ့ ချစ်သူဘဝကို ပိုင်ဆိုင်ရတယ်။ ဒီအကြောင်းတွေ မင်းကို အသိပေးချင်တာ ကြာပါပြီ။ ဒါပေမဲ့ မင်းနဲ့ငါက ကျောင်းမှာတောင် သေသေချာချာ မဆုံရတော့ အခုလို စာမေးပွဲနီးလို့ စာလာကျက်မှပဲ ရင်ဖွင့်ရတော့တာပါကွာ၊ ဆောရီးပါ ဉာဏရာ"

ဉာဏသည် မိုးအိမ်ခန့်ဆီက ဒီလိုဖြေရှင်းချက်ကို ကြားလိုက်ရတော့ ချက်ချင်းပဲ ဝတ်ဆံညိုဆီ ပြေးသွားရတော့မှာလား၊ ပြေးသွားသင့်သလားလို့ ဇဝေဇဝါ ဖြစ်နေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှ မေ့မရအောင် ချစ်ခဲ့မိပေမဲ့ သူ့အချစ်တွေကို သူငယ်ချင်းအတွက် ဦးစားပေးပြီး မျိုသိပ်နိုင်ခဲ့ပါသည်။ သူ တကယ်ပဲ ခံစားကြေကွဲနေခဲ့ပါသည်။

"ငါချစ်တဲ့ ကောင်မလေးကို မင်းမြင်ရင် အံ့ဩသွားမယ်။ သူက အကျီလက်ပြတ်မဝတ်၊ စကတ်မဝတ်တဲ့ မြန်မာဆန်ဆန်ဝတ်တတ်တဲ့ ခပ်ရိုးရိုးကောင်မလေးပဲ၊ သူ့မိဘက ရပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးကြီးဖြစ်ပေမဲ့ သူကတော့ သိပ်ကို ရိုးသားအေးဆေးတယ်"

"မင်းနဲ့ opposite ပုံစံပေါ့"

"မင်းနဲ့ ဝတ်ဆံညိုလည်း opposite ပုံစံပဲ"

"သူ့ဆီ ငါသွားတွေ့သင့်ရဲ့လား"

"ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူနဲ့ငါ နောက်ဆုံးအကြိမ် ဖုန်းဆက်စကား ပြောကြတုန်းက ငါပြောလိုက်တဲ့ စကားတွေကို သူ တော်တော်နာကြည်းသွားတယ်၊ သူ ငါ့ကို သိပ်ပြီး မုန်းသွားခဲ့လိမ့်မယ်။ အဲဒီထဲက သူနဲ့ငါ လုံးဝ အဆက်အသွယ် မရှိတော့တာပဲ ကြည့်လေ။ သူ ငါ့ကို စိတ်နာသွားလို့ပဲပေါ့"

"မင်း ဘာပြောလိုက်လို့လဲ"





ဉာဏသည် ဝတ်ဆံညိုကို သူ ဖုန်းဆက်မည်ဟု ကတိပေးပြီး ပြန်လာသောအခါမှာ အိမ်ရောက်ရောက်ချင်း ဖုန်းဆက်သောနေ့ကို ပြန်သတိရလာသည်။ သူ အဲဒီနေ့က ဝတ်ဆံညိုကို ပြောခဲ့သည်မှာ ...

"ဝတ်ဆံညိုကို ကျွန်တော့်သူငယ်ချင်း မိုးအိမ်ခန့်က အရင်ဆုံး ချစ်ခဲ့တယ်၊ သူ အရင်ဆုံး ဖွင့်ပြောပြီးထားပြီလို့ ကျွန်တော် သိထားပါတယ်၊ ဒါကြောင့် ဝတ်ဆံညိုဟာ ကျွန်တော့် အချစ်ဆုံး သူငယ်ချင်းရဲ့ သက်ဆိုင်သူအဖြစ်ပဲ ကျွန်တော် လက်ခံထားပါတယ်"

ထိုအခါ ဝတ်ဆံညိုက ခါးခါးသီးသီးဖြစ်လျက် ...

"အို ... သူက ဝတ်ဆံကိုချစ်တိုင်း ဝတ်ဆံက သူနဲ့သက်ဆိုင်ရမှာလား။ ဒါ မတရားတာပဲ။ ဝတ်ဆံလည်း မိန်းကလေးတစ်ယောက်ပဲ၊ ကိုယ်ချစ်တဲ့သူကိုတော့ ချစ်ခွင့်ရှိပါတယ်၊ ရွေးချယ်ခွင့် ရှိပါတယ်၊ သူက တစ်ဖက်သတ်ရွေးချယ်ထားတိုင်း ဝတ်ဆံက ဘာလို့ လက်ခံနေရမှာလဲ၊ အဲဒါ လုံးဝမတရားဘူး"

"ကျွန်တော်ကတော့ ကျွန်တော့်သူငယ်ချင်းအတွက် ဝတ်ဆံညိုကို စောင့်ရှောက်တယ်။ ဝတ်ဆံညို အကူအညီလိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ ဝတ်ဆံညိုဟာ မိုးအိမ်ခန့်ရဲ့ တစ်စုံတစ်ယောက်လို့ လက်ခံပြီးသားပါ"

"ရှင် ဒါဖြင့် ဝတ်ဆံကို အခုလာတွေ့နေတာတွေ၊ အားပေးနေတာတွေဟာ ရှင့်စိတ်ထဲမှာ လုံးဝမပါဘူးလား။ ရှင့်စိတ်ထဲမှာ တကယ်လုပ်ချင်လို့ လုပ်နေတာ မဟုတ်ဘူးလား"

ဉာဏသည် မျက်လုံးကို စုံမှိတ်ပြီးတော့သာ ...

"ကျွန်တော့် စိတ်ထဲမှာ လုံးဝမပါပါဘူး။ အိမ်ခန့်က တိုက်တွန်းလို့ သူချစ်တဲ့ မိန်းကလေးဆီ သွားပေးပြီး အားပေးစကား ပြောပေးတာပါ။ ကျွန်တော် ဝတ်ဆံညိုကို တကယ်တော့ လာတွေ့စရာအကြောင်း၊ အားပေးနေစရာအကြောင်း ဘာမှမရှိပါဘူး၊ အားလုံးဟာ အိမ်ခန့်အတွက် စဉ်းစားပြီး လိုက်လျောပေးနေတာပါ။ ကျွန်တော့်စိတ်ရင်း အမှန်အတိုင်း ဝန်ခံရရင် ဝတ်ဆံညိုလိုပုံစံ မိန်းကလေးမျိုးနဲ့ ခပ်ဝေးဝေးမှာပဲ နေချင်ပါတယ်"

ဟူ၍ ပြောခဲ့လျှင် ဝတ်ဆံညိုသည် နာနာကျင်ကျင် ရယ်မောခဲ့ပါသည်။ ပြီးတော့ ဉာဏကို ...

"ရှင့်လောက် မိုက်မဲပြီး ကိုယ့်ကိုယ်ကိုယ်ထက် သူများကို ပိုဦးစားပေးတတ်တဲ့လူကို ဝတ်ဆံ တစ်သက်လုံး အမှတ်





တရ ဖြစ်နေမယ်၊ ဘာကြောင့်လဲဆိုတော့ မုန်းလွန်းလို့ အမှတ်တရ ဖြစ်နေမှာ။ ကိုယ့်စိတ်ကိုယ် လိမ်ညာတတ်တဲ့ ရှင့်ကို သိပ်မုန်းလွန်းလို့ မုန်းပြီး အမှတ်တရ ဖြစ်နေမှာ"

ဉာဏသည် ထိုနေ့ကစပြီး ဝတ်ဆံညိုထံမှ အဆက်အသွယ်တွေ လုံးဝမရခဲ့သောအခါ နေမထိ ထိုင်မသာ လွမ်းခဲ့ရသော ရက်တွေလည်း မနည်း။ အချစ်ဆိုတာ သိပ်ထူးဆန်းမှန်း အဲဒီကျမှပဲ သိခဲ့ရတာ။ ကိုယ် လုံးဝကြည့်မရ၊ ကိုယ်နဲ့ စရိုက်မတူ၊ တစ်စက်မှ အထင်မကြီးခဲ့သော မိန်းကလေးကို သူ နင့်နင့်နဲနဲ ချစ်သွားပြီဖြစ်ကြောင်း အဲဒီရက်တွေကျမှပဲ သူ့နှလုံးသားသူ မြင်လာခဲ့တာ။

ဘာပဲဖြစ်ဖြစ် အိမ်ခန့်ကိုသာ ဦးစားပေးချင်၊ အိမ်ခန့် စိတ်ချမ်းသာတာပဲ မြင်ချင်၊ အိမ်ခန့် ဖြစ်ချင်တာတွေ အကုန်ဖြစ်စေချင်ခဲ့သော သူ့ရဲ့ အိမ်ခန့်အပေါ် ခင်မင်တွယ်တာစိတ်ကြောင့်သာ ဝတ်ဆံညို အပေါ် နင့်နင့်နဲနဲ ချစ်မိသည်ကို ကျိတ်မှိတ်မျို သိပ်ခဲ့ရတာ ဖြစ်ပါသည်။

"မင်းလို သူငယ်ချင်းကောင်းကို အဆုံးရှုံးမခံနိုင်ဘူး။ ချစ်သူကိုပဲ အဆုံးရှုံးခံမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သူ့ရဲ့ခံယူချက်အတိုင်း ဖြစ်အောင် ကြိုးစားမှုသိပ်ပြီး ဖြတ်သန်းခဲ့ရတဲ့ ကာလတွေ။ ဝတ်ဆံညိုကို ဖျတ်ခနဲ သတိရမယ်ကြံတိုင်း ကျောင်းစာတွေထဲပဲ စိတ်ကိုနှစ်ပစ်လိုက်ခဲ့ရတဲ့ ရက်တွေ။ နည်းမှ မနည်းခဲ့တာပဲ။ သိပ်ချစ်ခဲ့ရပါတယ် ဝတ်ဆံညိုရယ်။

အကြောင်းစုံကို မိုးအိမ်ခန့် ကြားသိလိုက်ရချိန်တွင် ...

"ဖြစ်ရလေ ဉာဏရာ ..."

ဟူ၍သာ သူ့အချစ်ဆုံး သူငယ်ချင်းအတွက် တသသ ပြောနေမိတော့လေသည်။





၁၈

"ဝတ်ဆံညို ညှိသည်လာတယ်"

ဝတ်ဆံညိုသည် ဒီရလွှန်း၍ ခေါင်းမူးပြီး ဒရင်း(မ)ဘက်(ဒ်)ပေါ်တွင် စောင်းစောင်းခွေခွေလေး လှဲနေစဉ် ဘယ်က ပြောသည်မသိသော အသံတစ်သံကြောင့် မျက်လုံးတွေ မှိတ်ထားသည်ကို မဖွင့်ချင်၊ ဖွင့်ချင်နှင့် ဖွင့်ရသည်။

မေမေ့ကို သင်္ဂြိုဟ်စက်ထဲ ထည့်လိုက်သောအချိန်မှာ မူးမေ့လဲသွားသော ဝတ်ဆံညိုဟာ အိမ်ကို ဘယ်လိုဘယ်ပုံ ပြန်ရောက်လာမှန်းပင် မသိ။ ဘယ်သူတွေက ဒရင်း(မ)ဘက်(ဒ်)ပေါ် လာတင်ထားသည်ပင် မသိ။ သတိရတော့ ဆွေမျိုးတစ်ယောက်က သံပရာရည်တစ်ခွက် လာတိုက်တာလည်း ကုန်အောင် မသောက်နိုင်။ တစ်ငုံသောက်ပြီး သောပြန်ချ၊ လူလည်းပြန်ခွေပြီး မှိန်းနေမိတာ။ မေမေ့ကို တစ်နေ့ ဆုံးရှုံးရမှန်း သိပြီးမှ

www.burmeseclassic.com



တကယ်ဆုံးရှုံးလိုက်ရတော့ ဝတ်ဆံညို တကယ်ပဲ ရင်မဆိုင်နိုင်ပြန်ပါ။ ရင်ထဲမှာဟာလျက် လောကကြီးကို မုန်းတီးနေမိသည်။ အိမ်မှာတော့ ဧည့်သည်တွေ၊ ဆွေမျိုးတွေ ခြေချင်းလိမ်နေသည်မို့ သူတို့ဟာသူတို့ ဧည့်ခံထားပါရက် ဝတ်ဆံညိုအတွက် ဘယ်သီးသန့်ဧည့်သည် ရောက်လာလို့ လာသတင်းပို့ရသလဲ။ ဝတ်ဆံညိုရဲ့ သူငယ်ချင်းတွေလည်း အိမ်အကုန်ပြန်သွားကြပြီ။ ညနေမှ တစ်ခေါက်ထပ်လာမည်လို့ ပြောသွားခဲ့ကြတာမို့ပါ။

"ဝတ်ဆံညို"

ထိုသို့ ခပ်တိုးတိုး ကပ်ခေါ်လိုက်သံသည် မဖွင့်ချင်ဖွင့်ချင် ဖွင့်လိုက်သော ဝတ်ဆံညိုရဲ့ မျက်ဝန်းအိမ်တွေကို ရုတ်တရက် ချက်ချင်း အတင်းဆွဲဖွင့်လိုက်သလိုပင်။

အို ...။ ဝတ်ဆံညိုကို ကရုဏာသက်သော မျက်ဝန်းတစ်စုံဖြင့် ငုံ့ကြည့်နေခဲ့သည့် သူ့မျက်ဝန်းတွေသာ ဒီလောကထဲမှာ ရှိမနေဘူးဆိုရင် ဝတ်ဆံညို အသက်ရှင်ဖို့တောင် မလွယ်ဘူး ထင်ပါရဲ့။

"ကို ... ကိုညာဏ ... ကိုညာဏ လာတယ်နော်"

"ကျွန်တော် ဒီနေ့မှ သိတယ်။ အချိန်လွန်မှ သိတာပေါ့၊ အိမ်ကိုပဲ တန်းလာလိုက်တာပါ"





"မေမေ မရှိတော့ဘူး"

"အားမငယ်ပါနဲ့ ဝတ်ဆံညိုရယ်၊ ကျွန်တော် ဝတ်ဆံညို့အနားမှာ အမြဲရှိနေပါ့မယ်"

"ဘယ်သူ့အတွက်ကြောင့် ရှိနေပေးမှာလဲဟင်"

"ဘယ်သူ့အတွက်ကြောင့်မှ မဟုတ်ပါဘူး၊ ကိုယ့်အတွက် မင်း ရှိနေဖို့ပဲ လိုတယ်လေ။ ဝတ်ဆံညို ဆိုတဲ့ သံယောဇဉ်လေး ရှိနေဖို့လိုလို့ ကိုယ် မင်းအနားမှာ အမြဲနေတော့မယ်ဆိုတဲ့အကြောင်း လာပြောတာပါ"

"တကယ် ပြောနေတာလား ကိုညာဏရယ်"

"တကယ် ပြောတာပါ၊ ကိုယ် ဒီတစ်ခါ ဘာအကြောင်းကြောင့်မှ ညာပြောစရာ မရှိတော့ဘူး။ ရင်ထဲမှာရှိတဲ့ အချစ်ကိုတော့ ကိုယ် ညာမှမညာတတ်တာ"

ဝတ်ဆံညိုသည် အရာအားလုံးကို ဆုံးရှုံးနေရပြီ ထင်ပြီးမှ ယခုတစ်ဖန် ပြန်လည်၍ ပိုင်ဆိုင်ခွင့် ရလိုက်သော တစ်စုံတစ်ရာအတွက် ကြည်နူးရခြင်း တစ်ဝက်ဖြင့် ထပ်၍ မျက်ရည်ကျ ရတော့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



(အချစ်ကိုတော့ မညာခဲ့ဖူးပါ)

... ဟူသော စကားလေး တစ်ခွန်းဖြင့် ...
ချစ်ရသူကို နှစ်သိမ့်အားပေးနိုင်သောအခါ
နှလုံးသားသည် အခုမှပဲ အသက်ဝင်လာသကဲ့သို့
နွေးထွေးလှိုက်လှဲစွာ ခုန်လာခဲ့ပါတော့သည်။



ရှင်မိုး
**(ဆေးတက္ကသိုလ်)**
20th December
Tuesday
2005.

BURMESE CLASSIC .com

www.burmeseclassic.com